
www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုရှည်

သီသီသာသာသိုသိုသိပ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



# ပုံနှိပ်မှတ်တမ်း


တ်ဝေသူ - ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (မြဲ-၁၀၀၉၈)
(ရွှေခြည်သို့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

နှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဧပြီလ။

ုပ်ရေ - ၅၀၀ အုပ်

န်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၀၉၄

၈၉၅-၀၃
ချစ်မျှားရှင် .
သိသိသာသာသိုသိုသိပ်သိပ်/ချစ်မျှားရှင်၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၄။
(၁၆၀)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ
(၁) သိသိသာသာသိုသိုသိပ်သိပ်


ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ပုံမှန်ဆိုလျှင် ည(၈)နာရီမှ တံခါးဖွင့်လေ့ရှိသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဒီနေ့တော့ ည(၇)နာရီသာ ရှိသေးသော်လည်း စည်ကားနေသည်။ တစ်ရပ်ကွက်လုံးတွင် စကားအများဆုံးဟု အများကကောင်းချီးပေး သတ်မှတ်ထားခြင်းခံရသည့် ကောင်းထက်ဇော်တို့ အုပ်စုတစ်စုလုံး ရုံးထဲရောက်နေသည်မို့လည်း ဆူညံပွက်လောရိုက်နေသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးဝင်လာပြီး နေရာယူထိုင်မှ အတန်အသင့် တိတ်သွားကြသည်။ သို့သော်လည်း ကောင်းထက်ဇော်ကတော့ သူ့နှုတ်ခမ်းပါးလေပေါ်က အသံကျယ်သည့် ရှောင်စိုးဦးနှင့် ငြင်း၍ကောင်းတုန်းပင်။

"ကဲ ... အားလုံးတိတ်ကြစမ်း၊ ငါဘယ်လို စကားပြောရမလဲ"

"မြန်မာလိုပြောတာပဲ ကောင်းပါတယ်အုပ်မှူး။ ကျွန်တော်တို့အားလုံးလည်း မြန်မာလိုပဲ ကျွမ်းကျွမ်းကျင်ကျင် နားလည်ကြပါတယ်"

ချက်ချင်း တုံ့ပြန်သည့် မျက်နှာသေနှင့်ကောင်းထက်ဇော်ကြောင့် အုပ်ချုပ်ရေးမှူး ခဏတာကြောင်သွားသည်။ ကျန်လူအားလုံး ပြုံးစိစိဖြစ်ကုန်ကြသည်။ သို့သော်လည်း အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးက ...

"ငါ စကားပြောမလို့ မင်းကိုတိတ်ခိုင်းတာကွ၊ ဟိုကောင်အောင်ခိုင်ဦးလည်း အတူတူပဲ၊ စကားများတဲ့နေရာ လေကျယ်တဲ့နေရာ မင်းတို့ကောင်တူမှတူ၊ လော်ကီဖင်တတ်ထားတဲ့အတိုင်းပဲ ... "

www.burmeseclassic.com



အောင်စိုးဦးတစ်ယောက် မသိမသာ ဖင်လေးလက်နှင့်ပိတ်မိသွားတော့သည်။ ကောင်းထက်ဇော်ကတော့ ...

"ဟုတ် ... အုပ်မှူး ... "

"လာပြန်ပြီ ... ဘာအုပ်မှူးလဲ ... "

"ဗြော် ... ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်တဲ့ ဦးကို လေးစားသမှုနဲ့နာမည်မခေါ်ဘဲ ဂုဏ်ပုဒ်ကိုခေါ်တဲ့သဘောပါ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးလို့ခေါ်ရင် လေကြောရှည်တယ်ဖြစ်မှာစိုးလို့ အတိုကောက်အနေနဲ့ အုပ်မှူးလို့ခေါ်လိုက်တာပါ"

အောင်စိုးဦးကလည်း ဝင်ရောက်ထောက်ခံသည်။

"ဟုတ်ပါတယ်ခင်ဗျ ... ဟိုလေ ... အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ထွေ/အုပ်လို့ ခေါ်သလိုမျိုးပေါ့ခင်ဗျာ"

"တော်စမ်း ... ရပ်ကွက်ထိပ်မှာစကားများလို့ ရုံးရောက်တာတောင်ကြာဖန်လှျာကြောက ရှည်ချင်ကြသေးတယ်"

ဦးဝင်းလွင်ဦး လေသံမာလာသဖြင့် နှစ်ယောက်လုံး ဇက်ပုသွားရသည်။ ခဏကြာမှ အုပ်ချုပ်ရေးမှူးက ...

"ကဲ ... ဘယ်လိုကစပြီး ဘာတွေဖြစ်ကြတာလဲဆိုတာ မင်းအရင်ပြောစမ်း"

ဦးဝင်းလွင်ဦးက ကောင်းထက်ဇော်ကို လက်ညှိုးထိုး၍ပြောလိုက်သဖြင့် ကောင်းထက်ဇော်က ဒီတစ်ကြိမ်တော့ တိုတိုတုတ်တုတ်ပင်။

"ဖျာလိပ်က စတာပါ"

ဦးဝင်းလွင် မျက်မှောင်ကျုတ်သွားသည်။ ကျန်အုပ်စုက တစ်ယောက်တစ်ပေါက် ဝင်ရှင်းပြကြသည်။

"ဖျာလိပ်နတ်ကို ပြောတာပါ"

"နတ်ဝင်သည်က ခေါ်ပေးတာပါ"

"မမြစိမ်းအကြောင်းတောင် ပါသေးတယ်"

ရာအိမ်မှူးက ခေါင်းရှုပ်လာဟန်ဖြင့် ...

"တစ်ယောက်ပြီးမှ တစ်ယောက်ပြောကွာ"

ထိုအခါမှ ကောင်းထက်ဇော်ကဖြစ်ကြောင်းကုန်စင်ကို ရှည်ရှည်ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ရှင်းပြသည်။ သို့သော်လည်း လူကြီးများက ဒီတစ်ခါ စိတ်ရှည် လက်ရှည် နားထောင်ပေးကြသည်။ သည်းခံ၍နားမထောင်လည်း တစ်ယောက် တစ်ပေါက်နှင့်မို့ ဇာတ်ရှည်လည်းရန် မလွယ်၍ပင်။ နောက်ဆုံးတွင် ဆယ်အိမ်မှူး ကိုထွန်းဝင်းက အရင်ဆုံးသဘောပေါက်သွားကာ ...

"ဘာမဟုတ်တာလေးနဲ့ ရေးကြီးခွင်ကျယ်ထဖြစ်နေကြတယ်၊ ဘယ်လို ကောင်တွေလဲကွ ... ရပ်ကွက်ကိုလည်း နည်းနည်းပါးပါး အားနာကြပါဦး"

"အစ်ကိုကြီးကလဲ ... ရပ်ကွက်ထဲမှာ ကျွန်တော်တို့ငြင်းတာမှ မဟုတ်တာ၊ လက်ဖက်ရည်ဆိုင်မှာ ငြင်းတဲ့ဟာပဲဟာ ... "

"အတူတူပဲပေါ့ကွ၊ လက်ဖက်ရည်ဆိုင်ဆိုတာကလည်း ရပ်ကွက်ထိပ် မှာပဲလေ"

"ကျွန်တော်တို့ငြင်းတာ ဟိုတလောက အစ်ကိုကြီးတို့လင်မယား စကားများတာလောက် အခြေအနေ မဆိုးပါဘူး"

မျိုးဇော်စကားကြောင့် ဆယ်အိမ်မှူး ထွန်းဝင်းခမျာ မျက်နှာကြီး နီမြန်းကာ ဘာထပ်ပြောရမှန်းမသိ ဖြစ်သွားရှာသည်။ ထိုအခါမှ ရာအိမ်မှူး က ...

"မင်းတို့လွန်တာက လွန်တာပဲကွ ... ဟိုမှာဝင်တဲ့နတ်က ထွက် သွားလို့ နတ်ပြည်ပြန်ရောက်ပြီး နပ်နေလောက်ပြီ၊ မင်းတို့က ငြင်းလို့ကောင်း တုန်း။ ပြီးတော့ ... ဘာနတ်ဝင်တာလဲ၊ သူများရှူးတိုင်း လိုက်ရှူးနေတာ ကောင်းသလား၊ ဟင် ... ပြောစမ်းပါဦးကွ ... မင်းတို့ကောင်းသလားဆို တာ"

ကောင်းထက်ဇော်ကွာ မရဲတရဲဟန်နှင့် ရာအိမ်မှူးကို ပြောလိုက်သည်။

"သူများရှူးတိုင်း လိုက်ရှူးတယ်လို့တော့ မပြောပါနဲ့ဗျာ"

"ငါက မဟုတ်တာပြောလို့လား။ မင်းတို့ကိုယ့်ဘာသာ ပြန်စဉ်းစား ကြည့်လေ၊ မဟုတ်ကဟုတ်ကတွေ ပူးနိုင်းတဲ့ အပျိုကြီးဝေမာခင်တို့လည်း ရှူး တာပဲ၊ အဲဒီမဟုတ်ကဟုတ်ကကို သွားချောင်းတဲ့ မင်းတို့ကောင်တွေလည်း ရှူးတာ ပဲ၊ အဲဒီမဟုတ်ကဟုတ်ကအကြောင်းကို ပြန်ပြောပြီး ဝိုင်းငြင်းတဲ့ကောင်တွေ လည်း ရှူးတာပဲ ... မင်းတို့အားလုံး အဓိပ္ပာယ်မရှိတဲ့အလုပ်တွေလုပ်တော့ ရှူးတာမဟုတ်လို့ ဘာတွေလဲ"

"အပျိုကြီးဝေမာခင်တို့အဖွဲ့ထဲမှာ ဦးလေးမိန်းမလဲပါတယ်လေ၊ အဲဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဘာဆက်ပြောမလဲ"

ကောင်းထက်ဇော်စကားကို အောင်စိုးဦးကလည်း ထောက်ခံသည်။

"အဲဒါဆို ဦးလေးလည်း အရှုံးမလင်ဖြစ် ... ဖြစ် ..."

ရာဇဝင်မှူးမျက်လုံးကြီး ပြူးထွက်လာသဖြင့် အောင်စိုးဦးစကားအဆုံး မသတ်နိုင်ဖြစ်သွားသည်။ အကျဉ်းအကြပ်အနေအထားကို အုပ်ချုပ်ရေးမှူးက ဝင်ထိန်းသည်။

"မင်းတို့လူများကို ဘာမှလက်ညှိုးပြန်မထိုးနေကြနဲ့ ကောင်းထက်ဇော်နဲ့ပြောင်းလာတာ မကြာသေးတဲ့ နေမင်းခန့် ... မင်းတို့နှစ်ယောက် သူများခြံထဲခိုးဝင်တာ ပိုင်နက်ကျူးလွန်မှုဖြစ်နိုင်တယ် ... ဒါကို သိရဲ့လား"

ကောင်းထက်ဇော်က မျက်နှာသေလေးဖြင့် ...

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ရေထမ်းတဲ့ ဗိုက်ပူပြောလို့ ဗဟုသုတ တစ်မျိုးတိုးလည်း မနည်းဘူးဆိုတဲ့သဘောနဲ့ သွားကြည့်မိတာပါ"

"အောင်မာ ... မာ ... ဗဟုသုတတဲ့၊ အန္တရာယ်ကိုမမြင်ဘူး၊ ဘာမဟုတ်တဲ့ ဗဟုသုတကျတော့ သွားကြည့်တယ် ... မင်းအကြောင်းမသိရင် ခက်မယ် ကောင်းထက်ဇော် ... ဗဟုသုတလိုချင်တဲ့ကောင်က ရပ်ကွက်စာကြည့်တိုက်ကိုတော့ တစ်ခါမှ စာလာဖတ်တာ မတွေ့ရဘူး"

"ကျွန်တော်က လက်တွေ့ဗဟုသုတကိုမှ ဝါသနာထုံသူပါ"

"ကဲ ... ဒါဆို ... မင်းအခုသွားချောင်းကြည့်တော့ ဘာဗဟုသုတ ရလဲ ... ငါတို့ကိုလည်း မျှဝေစမ်းပါဦး"

"ဖျာလိပ်ကြီးက သူ့အလိုလိုလည်း လှုပ်နိုင်တယ်ဆိုတာကို လက်တွေ့မြင်ရသိရပါတယ် ... အဲဒါ တကယ်ဂမ္ဘီရ ဗဟုသုတကြီးပါ"

"တော်ကွာ ... တော် ... ဒီမှာဟေ့ ကောင်းထက်ဇော် နောက်တစ်ခါ ဒီလိုမျိုး ဗရုတ်လိုက်ကျလို့ကတော့ မင်းကို ခပ်စပ်စပ်လေးဆုံးမပြီးသာ မှတ် ... မင်းတင်မဟုတ်ဘူး အားလုံးကိုပြောတာနော် ... ကြားကြရဲ့လား"

"ဟုတ်ကဲ့ပါ ..."

သံကြောင်လေးတွေနှင့် လောင်သလိုလို ပြောင်သလိုလို ညောင်နာနာ သံပြိုင်ဖြေကြသည်။

တစ်ချိန်လုံးအိပ်ငိုက်နေပြီး နောက်ဆုံးစကားကို ကြားလိုက်သည့် ဗိုးသားက ပြူးတူးပြာတာ မတ်တတ်ထရပ်ကာ လက်ပိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဆရာမ ..."

အားလုံးဝိုင်းဟားကြပြီး အုပ်ချုပ်ရေးမှူးက မျက်တောင့်နီနှင့်ကြည့်နေသည်ကို သတိထားမိမှ ကုပ်ကုပ်လေး ပြန်ထိုင်သည်။

"အေး ... ပြီးတော့ မှတ်ထားကြဦး၊ နောက်တစ်ခါ ဖျာလိပ်မကလို့ တစ်ရပ်ကွက်လုံး လျှောင်လှုပ်နေပါစေ မင်းတို့ဝင်မပါနဲ့ ... လိုက်ချောင်းတာတို့၊ ဝင်ပါတာတို့ ငြင်းခုံတာတို့ ကြားလို့ကတော့ တို့လူကြီးတွေအဆိုးမဆိုနဲ့၊ အားလုံး သိတယ်နော် ..."

"ဟုတ်ကဲ့"

"သိပါပြီ"

"ဟုတ်"

ဒီတစ်ကြိမ်တော့ ...

တစ်ယောက်တစ်မျိုး သံစုံထွက်လာကြသည်။

"ဒီတစ်ခါတော့ ပြန်လွှတ်လိုက်မယ် ... နောက်တစ်ခါဆို မလွှယ်ဘူးမှတ်"

အောင်စိုးဦးက အုပ်ချုပ်ရေးမှူးအား ...

"ရပ်ကွက်ထဲမှာ လျှောင်လှုပ်ရင်တောင် ကျွန်တော်တို့ ဝင်မပါရဘူးပေါ့နော် ... ဦး ..."

"အေး ... ဟုတ်တယ်"

"ကျွန်တော် သဘောပေါက်ပါပြီ"

"ပေါက်ရင်ပြီးတာပဲ ... သဘောမပေါက်မှာစိုးလို့ အာပေါက်အောင် ရှင်းပြနေရတာ"

"ဟုတ်ကဲ့ ... ဩော် ... ဒါနဲ့ ဦးရဲ့သမီးကြီး ရေ့အပတ်ထဲမှာ ခေါ်လာဆောင်တော့မှာနော်၊ ကုမ္ပဏီတစ်ခုက မန်နေဂျာနဲ့ဆိုလား ... အဲဒါအဟဲ ... ဟိုလေ ..."

အုပ်ချုပ်ရေးမှူးက မျက်မှောင်ကုပ်ပြီး ကြည့်နေရာ ...

"ကျွန် ... ကျွန်တော် သဘောပေါက်ပါတယ် ဦး ..."

မျက်မှောင်ကုပ်ရာမှ မျက်နှာနီသည့်အဆင့်သို့ ပြောင်းသွားပြီ ...

"ဟော့ကောင် အောင်စိုးဦး ... မင်း ... လူကြီးကို ဒီစကားပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာအမှားပြောမိလို့လဲ အုပ်မှူးရယ် ..."

"ငါ့သမီး မင်္ဂလာဆောင်တာရယ်၊ သဘောပေါက်တာရယ်နဲ့ လျှောင်လှုပ်တာကိုဆက်စပ်ပြီး မင်းငါ့ကို နှိပ်ကွပ်ချင်တာ မဟုတ်လား"

"ဟာ ... မှားမယ် အုပ်မှူး ... ကျွန်တော် သဘောပေါက်တာက အဲဒီမင်္ဂလာဆောင်မှာ ကျွန်တော်တို့လူငယ်တွေ ခဲဖိုးတောင်းကြဖို့ သဘောပေါက်တာကိုပြောတာပါ ... မင်္ဂလာပွဲမှာ အလုပ်လည်းကူမယ်၊ အဝလည်းတီးမယ်လို့ ကျွန်တော်တို့အုပ်စု အခုကတည်းက အားခဲထားကြတာပါ ... အဲဒါ"

အုပ်ချုပ်ရေးမှူးက အနည်းငယ် မာန်လျှော့ဟန်ဖြင့် ...

"ဟင်း ... ခွီးတဲ့မှ လက်ဖွဲ့မယ်တော့မစဉ်းစားဘူး ... နွားတင်ရေချ သောက်ကြစားကြဖို့ ခဲဖိုးတောင်းကြဖို့လောက် အားခဲနေကြတယ်၊ ခဲဖိုးတော့မရဘူး၊ မင်းတို့အတွက် လောက်စာလုံးမိုးရွာပေးမယ် ... လာတောင်းရဲ တဲ့ကောင် တောင်းကြည့် ..."

အားလုံး ကြောင်သံကြားရသော ကြွက်များကဲ့သို့ နားရွက်ပင်မလှုပ်ဝံ့ဘဲ ငြိမ်နေလိုက်ကြသည်။ အုပ်ချုပ်ရေးမှူးက ...

"မင်းတို့ကို ပြောချင်တာကတော့ ဒါပဲ ... ကဲ ... အားလုံးပြန်နိုင်ပြီ"

ရုံးခန်းထဲမှ အပိုးကျိုးဟန်ဖြင့် အဖွဲ့လိုက် ကုပ်ကုပ်လေးတွေထွက်လာကြသည်။

နေမင်းခန့်တစ်ယောက် ဒီရပ်ကွက်ကိုပြောင်းလာပြီး လူငယ်အုပ်စုနှင့်တွဲမိရာမှ ရုံးထဲခေါ်အကြိမ်းခံရခြင်းဖြစ်သည်။

တကယ်တော့ ...

ဒီပြဿနာကို အစဖော်သူမှာ ကောင်းထက်ဖော်လား၊ ရေထမ်းသည့် ဒိုက်ပူလား မသေချာ။ မရေရာဘဲ ပါလေရာစပ်စုချင်သည့် သူညာဥ်ကိုသာ အပြစ်တင်ရတော့မည် ဖြစ်သည်။

ယခုကဲ့သို့ ရုံးရောက်ရသည့် ပြဿနာအစ ပထမပိုင်းမှာ ... ။

❀

www.burmeseclassic.com

## အခန်း (၂)

ရပ်ကွက်လေးသည် မြို့ပြ၏ ဆင်ခြေဖုံး မကျတကျနေရာတွင် တည်ရှိပြီး လူလတ်တန်းစားများ စုဝေးနေထိုင်ရာ သီးသန့်ကမ္ဘာလေးတစ်ခုလို ဖြစ်နေသည်။ ထိုသီးသန့်ကမ္ဘာရပ်ကွက်လေးသို့ နေမင်းခန့် ပြောင်းလာကာစက ဘယ်လိုမှ မပျော်မွေ့နိုင် ဖြစ်ခဲ့သည်။

သင်းကွဲငှက်နှင့်တူသော သူ့ဘဝ၏ အထီးကျန်ဆန်မှုကို လူမှုရေးစိတ်ထားပြည့်ဝသော ရပ်ကွက်သူ ရပ်ကွက်သားတို့က မသိမသာ နည်းလမ်းအသွယ်သွယ်ဖြင့် သန့်စင်ပေးခဲ့ကြလေသည်။

လူငယ်အချင်းချင်း ခင်မင်ရသော အပေါင်းအသင်းများစွာ ရလာသည်။ လူကြီးနှင့်လူငယ် အပြန်အလှန် နားလည်ရင်းနှီးခြင်းများစွာလည်း ဖြစ်တည်လာခဲ့သည်။

သူသည် အရပ်တစ်ပါးမှ အိမ်ခန်းငှားနေရန် ပြောင်းရွှေ့လာခဲ့သူဖြစ်သော်လည်း အားလုံးက သူတို့ရပ်ကွက်ငယ်မွေး ချက်မြှုပ်ပမာ သဘောထားကာ ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြရာ သူကိုယ်တိုင် ရပ်ကွက်လေးနဲ့တစ်သားတည်း ပျော်ဝင်သွားသည်။ သို့ဖြင့် ... တဖြည်းဖြည်း ပျော်ပိုက်လာခဲ့သည်။

အထူးသဖြင့် သူနေထိုင်ရာလမ်းလေးထဲရှိ မျက်နှာချင်းဆိုင် အိမ်ခြေလေးဆယ်မှ မိသားစုလေးဆယ်မှာ သူနှင့်တစ်သားတည်း ကျွမ်းဝင်မိကြသည်။ ထိုမိသားစုများ၏ အသိုက်အမြုံလေးများ၏အကြောင်းကို မကြည့်ရသည်းမြင်

www.burmeseclassic.com



...ည်သိ ခွင့်လည်းကြားနေသည်မို့ သူ့အတွက်တော့ စပ်စုနေရန်မပင်မသိ။

သူကိုယ်တိုင် လူငယ်တစ်ယောက်မို့ ပထမဆုံးမိတ်ဖွဲ့မိကြသည်မှာ လူငယ်အဖွဲ့ဖြစ်သည်။ သူတို့(၁)လမ်းနှင့် (၂)လမ်းပေါင်းလျက် မွှာရုံတစ်ခုသာတည်ဆောက်ထားသည်မို့ ထိုစွမ်းလောင်းမွှာရုံကို အကြောင်းပြုပြီး လူငယ်များ နှစ်လမ်းပေါင်း စုမိကြသည်။ သို့သော်လည်း ... အရင်းနှီးဆုံး ပေါင်းဖော်မိကြသည်မှာ သူနှင့်ကောင်းထက်ဇော် အပါအဝင်(၉)ယောက်ခန့်သာ ဖြစ်သည်။ ကျန်လူငယ်များမှာတော့ အလျဉ်းသင့်သလို မွှာရုံကိစ္စ၊ သာရေး နာရေးကိစ္စနှင့် လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ဆုံမိကြသည်။

နေ့လည်ခင်းတစ်ခုတွင် လမ်းထိပ်လက်ဖက်ရည်ဆိုင်လေးထဲ နေမင်းခန့်တစ်ယောက်တည်း ထိုင်နေစဉ် ကောင်းထက်ဇော် ရောက်လာသည်။ ကောင်းထက်ဇော်က နေမင်းခန့်ထိုင်နေရာ စားပွဲသို့ တန်းတန်းမတ်မတ်မလာ။ တစ်စုံတစ်ယောက်ကို ရှာနေဟန်ဖြင့် တစ်ဆိုင်လုံးကို ဝေ့ဝဲကြည့်နေသည်။

ပြီးမှ ...

"ကိုနေ ... တစ်ပွေတည်း လာငေါင်နေတာလား"

"အင်း ... နေ့လည်ဖက် ပျင်းနေတာနဲ့ ကော်ဖီလာသောက်တာ၊ လာထိုင်လေ ... ဘာသောက်မလဲ၊ ငါတိုက်မှာပါကွ"

ကောင်းထက်ဇော်က ခုံပုတစ်လုံးဆွဲထိုင်ရင်း ဘေးဘီကို မျက်လုံးကစားကာ ...

"မသောက်တော့ပါဘူးဗျာ ... ကျွန်တော် မျိုးဇော်နဲ့စိုးလွင်ငြိမ်းကို လာရှာတာဗျ၊ ဒီကောင်တွေ နေ့လည်ဘက်ဆို ဒီဆိုင်မှာရှိတတ်လို့ ခုဘယ်ပျောက်နေလဲမသိဘူး ... ကိုနေ မမြင်မိဘူးလား"

"ငါလာကတည်းက ခုချိန်ထိတော့ မမြင်မိပါဘူး။ အရေးကြီးကိစ္စရှိလို့လား ... "

"အရေးကြီးတယ်လို့ပြောလို့လည်းရတယ်၊ မကြီးဘူးပြောလည်းဖြစ်တယ်၊ ဒါပေမဲ့ ... ခုတော့ ကိစ္စမရှိတော့ပါဘူး ... ကိုနေနဲ့ တွေ့ပြီပဲ"

နေမင်းခန့် မျက်လုံးအနည်းငယ် ပြူးသွားသည်။

"ဟိုနှစ်ကောင်ကိုရှာတာနဲ့ ငါနဲ့ဘယ်လိုပတ်သက်သွားပြန်ပြီလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်ဇော်က စိတ်အေးအေးထားဖို့ လက်ကာပြရင်း ...

"ကျွန်တော်နဲ့အဖော် ခဏလိုက်ခဲ့ရုံပါပဲ ... အားတယ်မဟုတ်လား"

"ဘယ်ကိုသွားမှာမို့လဲ"

"ရပ်ကွက်ထဲတင်ပါ၊ စိတ်ဝင်စားဖို့ကောင်းတာမြင်ရမယ်ဗျာ၊ ဘယ်လိုလဲ ... "

"ဘာများလဲ ... "

"လေမတိုက်ဘဲ သစ်ပင်လှုပ်တာကို ကိုနေ မြင်ဖူးလား"

"လေမတိုက်ပေမယ့်လဲ ဘေးပယောဂတစ်ခုခုကြောင့် လှုပ်နိုင်တာပေါ့ကွ"

ကောင်းထက်ဇော်က ဟာန်လုပ်အပြုံးကို ပီပီပြင်ပြင်ပြုံးရင်း ခေါင်းခါပြသည်။ အဲဒီလောက် အနေအထားနဲ့ သူဒီလိုမျိုး ပြောပါ့မလားဟု ဆိုလိုချင်သလားမသိ။

"နောက်ပြောင်ပြောနေတာမဟုတ်ဘူး၊ တကယ်ပြောတာ ... စိတ်ပါရင် ဗီဒီယိုရိုက်ပြီး သက်သေနဲ့တကွ ဂျာနယ်ထဲထည့်ရင်တောင်ရတယ်"

"နေပါဦး ... ဘယ်အိမ်နားက ဘယ်သစ်ပင်က ဘယ်လိုလှုပ်တာလဲ၊ သစ်ပင်ပေါ်ကို လူတက်ပုန်းပြီး လှုပ်ပြတာလား ... လှုပ်နိုင်တဲ့သစ်ကိုင်းကို ကြိုးနဲ့ချည်ပြီး အဝေးကဆွဲလှုပ်ပြတာမျိုးလား"

"နိုး ... နိုးပါ ... ကိုနေပြောသလိုမျိုး တစ်ခုမှမဟုတ်ဘူး၊ တကယ်လှုပ်တာ ... မယုံရင် လိုက်ကြည့်လိုက်၊ ယုံအောင်ပြောရရင် လက်တွေ့မပါတော့ အာပေါက်တာပဲ အဖတ်တင်မယ်၊ မျက်မြင်ကိုယ်တွေ့သိရအောင် အဲဒီကိုသွားမယ် ... လာ ... အချိန်မရှိဘူး"

နေမင်းခန့်လည်း ကမန်းကတန်းငွေရှင်းပြီး ကောင်းထက်ဇော်နောက်ကို ထလိုက်လာသည်။ ကောင်းထက်ဇော်ဆိုသည်မှာ ကဗျာဆရာယောင်ယောင် စာရေးဆရာယောင်ယောင်မို့ လွတ်သွားတာလားဟုတွေးရင်း ကောင်းထက်ဇော် မျက်နှာကို တစ်လမ်းလုံး သတိထားလေ့လာရသေးသည်။

"ကျွန်တော်လည်း သေသေချာချာမမြင်ရသေးဘူး၊ ရေထမ်းတဲ့ ဗိုက်မို့ ပြောလို့သိရတာ ... လာဗျာ ... လမ်းကြားထဲကဖြတ်ပြီး နောက်ဖေးလမ်း ကြားထဲက ပတ်သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့အိမ်မှာလဲ ... "

"အပျိုကြီးဝတုတ်မတို့အိမ်မှာ"

"ဩော် ... စာရေးကြီးအိမ်နဲ့ဆို နှစ်အိမ်ကျော်က သံကောက်ကွက် ဆေးပြောသုတ်ထားတဲ့အိမ်လား"

"ဟုတ်တယ် ... ဟိုရောက်ရင် အသံမထွက်နဲ့ ဘာမှလည်းမကြောက်နဲ့ ကျွန်တော်ရှိတယ် ... အပျိုကြီးတွေအဖွဲ့ကတော့ ဘယ်သူမှ သူတို့အိမ်ထဲ အဝင်ခံမှာမဟုတ်ဘူး ... အလစ်ဝင်ရမှာပဲ"

"ဟာ ... ဘယ်လိုကြီးလဲ"

"ကျွန်တော်တို့ကြည့်ချင်တာက သူ့အိမ်ထဲမှာဗျ"

"ဒါဆို သူတို့မသိအောင် ငါတို့က ခိုးကြောင်ခိုးဝှက် ချောင်းကြည့်ရမှာလား၊ မဖြစ်ဘူးထင်တယ်နော် ... တော်ကြာ ... သူ့အိမ်ထဲက သစ်ပင် တို့ ငါတို့ကချောင်းတာ၊ ဟိုဟာချောင်းတယ်ထင်ပြီး ကျိုင်ရှာရင်ဒုက္ခ ... ဖြစ် ပါ့မလားဟ ... "

"စိတ်မပူပါနဲ့ဗျ ... ကျွန်တော်ပါပါတယ်၊ ကျွန်တော် ရှင်းတတ်ပါ တယ်"

"နေပါဦး ... သစ်ပင်ကိုခြံရှေ့၊ ခြံဘေး၊ ခြံနောက်တွေမှာပဲ စိုက် တတ်ကြပါတယ်၊ ဘယ်သူက အိမ်ထဲမှာစိုက်လို့လဲ၊ ဩော် ... သိပြီ၊ အလှ စိုက်အိုးထဲက အပင်က လှပတာမဟုတ်လား"

"လာစမ်းပါဗျာ ... တကယ်မြင်ရတော့သိမှာပေါ့"

သွားလိုရာ အိမ်၏ ခြံစည်းရိုးနောက်တည့်တည့်ကို ရောက်လာသည်။ ခြံတံခါးကို အသာတွန်းဖွင့်ရုံနှင့် ပွင့်သွားသည်။

"ဗိုက်ပူ ရေထမ်းထည့်နေလို့ ခြံတံခါး ဖွင့်ထားတာလေ"

ကောင်းထက်ဇော်ကရှင်းပြပြောရင်း သူ့ကို အသံတိတ်လိုက်လာရန် အမူအယာပြသည်။ နေမင်းခန့်လည်း ရောက်မှတော့မထူးပါဘူးသော သဘောဖြင့် ထောက်ပြားခြေလှမ်း နင်းပြီး ရှေ့မှလျှောက်နေသည့် ကောင်းထက်ဇော်ကို အတုယူကာ နောက်မှခြေသံလုံလုံနှင့်လိုက်သည်။

အပျိုကြီးအိမ်မှာ သစ်သားနှစ်ထပ်အိမ်ဖြစ်သည်။ ခြံစည်းရိုးကို သွပ် ပြားနှင့်ကာထားသောကြောင့် ဘေးအိမ်များမှ သူတို့ကိုမမြင်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုတ် ... ဒီဘက်ကိုလာ၊ ဒီထမင်းစားခန်းဘေးက အပျိုကြီးအိပ်ခန်းဗျ၊ အဲဒီထဲမှာ မိန်းမတွေ လေးငါးခြောက်ယောက်ရှိတယ်၊ တစ်ခုတော့ သတိထား ... ယောင်လို့တောင် ချောင်းမဆိုးမိစေနဲ့နော်"

ကောင်းထက်ဇော်က လေသံလေးဖြင့်ရှင်းပြပြီး အိမ်နံရံနှင့်ခြံစည်းရိုးကြား အသံမမြည်အောင် ဘေးတိုက်အသာအယာတိုးဝင်သွားသည်။ သူလည်းအတုယူလိုက်ဝင်ရသည်။

ကောင်းထက်ဇော်တစ်ယောက် အိမ်နံရံကို မျက်နှာအပ်ပြီး ချောင်းကြည့်ပေါက်ကို အသည်းအသန်လိုက်ရှာနေသည်။ ခဏကြာ သံရိုက်ထားသောနေရာမှ ပျဉ်ကွဲကြောင်းရာလေးကိုတွေ့ပြီး ထိုနေရာမှ အထဲကိုချောင်းကြည့်သည်။ အတန်ကြာမှ ...

"ကိုနေ လာကြည့် ... ဒီအပေါက်ကနေ အကုန်မြင်ရတယ်"

အပေါက်နားကိုနေရာရွှေ့ပြီး သူချောင်းကြည့်လိုက်သည်။ အခန်းထဲတွင် မှောင်နေသော်လည်း စကားပြောသံ၊ တိုးတိုးကြိတ် ရယ်သံများအတိုင်းသားကြားနေရသည်။ အမှောင်ထဲကို ကြည့်ရသဖြင့် ဘာမှတော့ မမြင်ရ။

ကောင်းထက်ဇော်က အနားကပ်ပြီး လေသံနှင့် ...

"မြင်လား ... "

"အရမ်းမှောင်နေလို့ထင်တယ် ဘာမှမမြင်ရဘူး ... "

"မျက်လုံးဘေးနှစ်ဖက်ကို လက်နဲ့အုပ်ကာပြီး ခုန ကျွန်တော်လုပ်သလိုလုပ်ပြီးကြည့်လေ ... မျက်လုံးကို ခဏမှိတ်ထားလိုက်၊ ပြီးမှ တဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့် ... "

ကောင်းထက်ဇော်ပြောသည့်အတိုင်း ကြိုးစားအာရုံစိုက်ကြည့်မှ အခန်းတွင်းမြင်ကွင်းကို တရေးရေးမြင်လာရသည်။

ဖျာလိပ်ကြီး ... လှုပ်နေသော ဖျာလိပ်ကြီး ...

ဘယ်သူမှ မထိမတို့ မကိုင်တွယ်ဘဲနှင့် သူ့အလိုလိုလှုပ်ရမ်းနေသော ဖျာလိပ်ကြီး။

ထိုဖျာလိပ်ကြီးတွင် ပန်းကုံးများဝေနေအောင် ပန်ပေးထားသည်။ လူ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပုံ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်းတို့ကို မြေဖြူဖြင့်ရေးဆွဲပုံဖော်ထားသည်။ နှုတ်ခမ်းနေရာတွင် နှုတ်ခမ်းနီ ဆိုးပေးထားသည်။

"အမေ မအောင်ဖြူရယ် ... ဟောဒီက သမီးတော်ကြီးက နှစ်ကိုယ်စုံမက်ကြင်ရာဖက်ဟောင်းကို အကြောင်းအမှန် သိချင်ပြန်တာကြောင့် အချစ်တော်ပွားပြီး မြေကြားပေးပါဦး အမေရယ် ... သမီးမေးတာမှန်ရင် ညာသို့ယိမ်းပါ၊ မှားရင် ဘယ်သို့တိမ်းပါ၊ အမေစိမ်းရင်စိမ်း၊ အမေဖြူရင်ဖြူ သဘောတူမျှ ကြည်ဖြူကြမယ့် သမီးတွေပါ ဂရုဏာတရားရှေးရှုလို့ မနှေးယခုအမြန် မှန်ရာကိုပြ ကြည့်ရှုပါရစေအမေ ..."

နတ်ကတော်ထင်ရသူတစ်ယောက်၏ နတ်ပင့်စကားကို ကြားနေကြရသည်။ ဖျာလိပ်ကြီးမှာ အသာငြိမ်နေသည်။ နတ်ကတော်က အပျိုကြီးကိုလှည့်မေးသည်။

"ကဲ ... မဝေအလှည့်၊ မဝေက တနင်္လာသမီးနော်"

"ဟုတ်ကဲ့ အစ်မ ..."

"မဝေနဲ့ ကြိုက်နေတဲ့သူက နိုင်ငံခြားသင်္ဘောသားနော်၊ သူနဲ့အိမ်ထောင်ရဖို့ သင့်မသင့် အရင်မေးမယ်နော် ..."

အပျိုကြီးက ခေါင်းညိတ်ပြသည်။ နတ်ကတော်က ဖျာလိပ်ကြီးဘက်လှည့်ပြီး ...

"တနင်္လာသမီးနဲ့ ညှိငံနေသူဟာ စနေသားဖြစ်ပါတယ်အမေ၊ ရေငံတစ်ရိုးအပိုင်စိုးပါတဲ့ အဘိုးရဲ့အပိုင်စားနယ်ပယ်မှာ ကုန်သွယ်ရေကြောင်းသင်္ဘောမောင်းနေ ... အဲ ... ကန်တော့ အမေရေ ... နဘေတွေ အံချော်ကုန်လို့ပါ ... ဒီလိုပါ စီးပွားရှာသွား သင်္ဘောသားလေးဖြစ်ပါတယ်၊ နေ့နံ့အရေးထက် အမေ့ထံမှပေးလာမယ့် အဖြေကိုသာမျှော်ကိုးပါတယ်အမေ ... မှန်ရာကိုယိမ်း၍ မှားရာကိုတိမ်းပြတော်မူပါ"

ဖျာလိပ်ကြီးလှုပ်လာသည်။ ပြီး ... ညာဘက်ကိုယိမ်းထိုးပြသည်။

"မဝေရေ ညာဘက်တော့ ... အမှန်ပြတာနော် အမှန် ... မဝေကံကောင်းပါ့တော်"



www.burmeseclassic.com

www.burmeseclassic.com



စကားတွတ်တိုး ဝေဖန်သံများ တီးတိုး တီးတိုးထွက်လာသည်။ ထိုစဉ်မှာပင် ... ကောင်းထက်ဇော်မှာလည်း ...

"နှာခေါင်း ... ယား ... ယ ... ထိန်းမရ ... ဟတ် ... ဟ ဟတ်ချိုး ... "

နေမင်းခန့် လန့်ဖျတ်သွားတော့သည်။ အိမ်ထဲမှာလည်း ဝရုန်းသုန်းကားဖြစ်ကုန်သည်။

"လူ ... လူ ... အပြင်မှာလူ၊ ဘယ်သူလဲဟဲ့ ... အို ... ဒုက္ခပါပဲ၊ အပြင်မှာ လူချောင်းနေတာ ဖြစ်လိမ့်မယ်"

"အပြင်က ဘယ်သူလဲဟေ့ ... "

အခြေအနေကတော့ မကောင်းပြီ။

ကောင်းထက်ဇော်က သူ့ကိုလက်ကုပ်ပြီး တစ်ချိုးတည်း ခြံနောက်ဘက်သို့ လစ်သွားသည်။ နေမင်းခန့်လည်း ဘာမှထွေထွေထူးထူး မစဉ်းစားနိုင်အား။ ဘေးတိုက်တွေ ကန့်လန့်တွေ အတည့်တွေ မရွေးချယ်နိုင်ဘဲ အိမ်နှင့်ခြံစည်းရိုးကြား လျှောက်လမ်းကျဉ်းလေးကို အတိုးအဝှိုက်ပေါင်းများစွာနှင့် နောက်ဘက်ခြံပေါက်ရောက်အောင် ပြေးရတော့သည်။

ခြံပေါက်ဝတည့်တည့်ရောက်မှ ရေထမ်းနှင့်ဝင်လာသော ဗိုက်ပူနှင့်တည့်တည့်တိုးပြီး ရှင်းမထိ၊ ရှောင်မရ ဖြစ်တော့သည်။

ဗိုက်ပူကလည်း ရေထမ်းအလေးနှင့်မို့ နောက်မဆုတ်သာ၊ သူကလည်း အိမ်ထဲမှ ဝုန်းဒိုင်းကြိအသံများကြောင့် နောက်မဆုတ်ဝံ့။ ဗိုက်ပူ ရေထမ်းကလည်း ခြံဝတွင် ကွက်တိပိတ်နေပြီမို့ နှစ်ယောက်သား ခေတ္တတန့်သွားကြသည်။ သို့သော်လည်း ...

"ဟဲ့ ... ခြံနောက်ဘက်ကိုပြေးတဲ့အသံတွေကြားတယ်၊ အိမ်နောက်တံခါးဖွင့်ပါဟဲ့"

ထိုအသံက နေမင်းခန့်ဖင်ကို သံချွန်နှင့်တို့လိုက်သလို ဆတ်ခနဲ တွန်းသွားစေသည်။ ထို့အပြင် အန္တရာယ်အနံ့အသက်ကိုလည်း ပြင်းပြင်းပြပြ ခံစားနေရပြီဖြစ်ရာ ... ခွင့်လွှတ်ပါတော့ ကိုဗိုက်ပူရေဟု စိတ်ထဲမှသာ ခေါင်းတိုးရှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ...

ရေထမ်းနှင့်တကွ ဗိုက်ပူကို အတင်းဝင်တိုးတိုက်ပြီး ခုန်ပျံကျော်လွှားကာ အသားကုန် ပြေးရလေတော့သည်။

နောက်တွင် အော်ဟာစ်ညည်းညူကျန်နေခဲ့သည့် ဗိုက်ပူကို လှည့်မကြည့်အား ... ဗိုက်ပူရေပုံးများမှ စိုလာသည့် ပုဆိုးကိုမကာ နောက်ဖေးလမ်းကြားအတွင်း တစ်ဆင့် မိမိအိမ်ရှိရာသို့ သုတ်ခြေတင်ရတော့သည်သာ။

ဤအဖြစ်မှာ နောက်ဆက်တွဲရုံးမှာ ရှင်းရမည့် ပြဿနာအရင်းအမြစ် ပထမပိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

"မင်းဟာလေ ... မဖြစ်နိုင်တာတွေလျှောက်မဖြန့်ဝေချင်စမ်းပါနဲ့ကွာ ... မိုးလုံးပြည့် မုသာဝါဒတွေ ဖြစ်ကုန်တော့မယ်"

တစ်ဝိုင်းလုံးတွင် အငြင်းသန်ဆုံးသော နေမျိုးနှင့်ဝေမျိုး ညီအစ်ကိုက စ၍ ဆန့်ကျင်ဘက် ငြင်းခုံမှုကို အသက်သွင်းသည်။

"အေးလေ ... ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ ဖျာလိပ်ဆိုတဲ့သက်မဲ့အရာက သက်ရှိလို လူ့စကားကိုနားလည်ပြီး လူ့အလိုအတိုင်း လှုပ်တယ်ဆိုတော့ စကား ကားတယ်လို့ပြောရင်လည်း ခံချင်မှာမဟုတ်ဘူး ... မင်းဟာကသိပ်ကို အိုဗာဖြစ်လွန်းနေပြီနော်"

ကောင်းထက်ဇော်က ပြန်လည်ချေပရန် စကားလုံးရှာမရဟန်နှင့် ခေါင်းကုတ်ရင်း အကူအညီရလိုရငြား နေမင်းခန့်ကို လှမ်းကြည့်သည်။ နေဝင်းထွန်းက ဘူမိဗေဒနှင့်ကျောင်းပြီးထားသူမို့ မြေလွှာကြော ပြတ်ရွေ့တုန်ခါမှုအကြောင်း တရား၏ သက်ရောက်မှုနှင့်ပတ်သက်မှု ရှိမရှိကို တွေးတောနေသည်။

ကျန်လူအားလုံးလည်း နှာခေါင်းပွတ်သူပွတ်၊ မေးပွတ်သူပွတ်နှင့် စဉ်းစားသုံးသပ်နေကြသည်။

အောင်စိုးဦးက စဉ်းစဉ်းစားစားဟန်ဖြင့် ချောင်းတစ်ချက်ဟန့်ပြီး...

"ဒီကိစ္စက ဖြစ်လည်းဖြစ်နိုင်တယ်၊ မဖြစ်လည်း မဖြစ်နိုင်ဘူးလို့ပြော ရမယ်ထင်တယ် ... အဲဒီဖျာလိပ်နတ်အကြောင်းကို လူကြီးတွေပြောနေကြား


www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်၊ ဒါပေမဲ့ ... ခက်တာက လက်တွေ့မမြင်ဖူးဘူး"

"မင်းစကားက ဟိုမရောက်ဒီမရောက်နဲ့ မင်းကို မနုသီဟာလို့ အဖြေ နှစ်ခုပေးနိုင်းတာမဟုတ်ဘူး။ ရက်စ်အော်နီး တစ်လုံးပဲ ဖြေခိုင်းနေတာ"

"ငါသိပါတယ် နေဝင်းထွန်းရာ ... ဒီမှာခေါင်းသုံးပြီး မင်းတို့လို ကောင်တွေ နားလည်အောင် တစ်ဆင့်ချင်း ရှင်းပြမလို့ အင်ထရိုဝင်နေတာ၊ မင်းပြောသလို လာမယ်လေ၊ သုံးမိနစ်ပဲစောင့် ... အဲ ... နေစမ်းပါဦး။ မင်းကရော ဖျာလိပ်နတ်ရှိတယ်ဆိုတာ ယုံလား ... ဖျာလိပ်လှုပ်တာကိုရော ယုံလား"

"ငါတို့ကတော့ ယုံပြီးသားပဲ ... မင်းတို့ ဗဟုသုတနည်းလို့မသိတာ ဖျာလိပ်နတ် ဇာတ်လမ်းတောင်ရှိသေးတာပဲ"

"ငါတို့ကတော့ လုံးဝပဲ နေဝင်းထွန်း၊ မင်းသက်သေပြနိုင်ရင်တော့ တစ်မျိုးပေါ့ ... တစ်ခုတော့ရှိတယ်နော်၊ မင်းဆွဲတဲ့ ပန်းချီကားတွေလို နိမိတ်ပုံတွေ၊ သင်္ကေတတွေ၊ အစ်ဇင်တွေနဲ့ ပြရင်တော့ ယုံမှာမဟုတ်ဘူး"

"မင်းမယုံရင် အပျိုကြီးကိုသွားမေးပါလား နေမျိုးရ ... "

"မမေးရဲလို့ပေါ့ကွ၊ ကောင်းထက်ဇော်တို့ သွားချောင်းကြည့်တာကို မမိလိုက်လို့တောင် အပျိုကြီး ဒေါ်ဒီးနေတာ၊ ခုလေးတင် အဲဒီအိမ်ရှေ့က ငါဖြတ်လာတော့ ဒေါ်ပွကြီး အော်ကျယ်ဟစ်ကျယ်ပြောနေကြတာ ကြားခဲ့သေးတယ်၊ ခုချိန်မှာ ချောင်းကြည့်တဲ့ကောင်ကိုမိလို့ကတော့ အပျိုကြီးတို့အဖွဲ့ ဝိုင်းထုတာနဲ့ ဂျုပုဖြစ်မှာ ဝိုင်းဖြတာနဲ့ ပျောပြသွားမှာ"

စိုးလွင်ငြိမ်းကတော့ ...

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့ နေမျိုး ... မင်းတို့မယုံရင် မင်းတို့ဘာသာ နတ်ကတော်ခေါ်ပြီး ပူးခိုင်းကြည့်ပါလား"

ဝေမျိုးက ပြုံးတူးပြာတာ ဝင်ပြောသည်။

"နတ်ကတော်ခေါ်ပြီး ပူးခိုင်းစရာလားကွ ... ရွှံစရာကြီး၊ နတ်ကတော် ဆိုတာ အခြောက်တွေချည်းပဲကိုး ... "

ဝေမျိုး၏အမူအရာနှင့်အသံကြောင့် အားလုံးပြုံးစိစိ ဖြစ်ရသေးသည်။

အောင်စိုးဦးက လေသံနှင့်အမူအရာကို ဆရာကြီးအထာမှ မပြောင်းမျှ မလျှော့သောဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဟာလေ ... ဘာမှလည်းနားမလည်ကြပဲ ဝင်ပြောမြန်ပြီ အဲဒီဖျာလိပ်နတ်က ယောကျ်ားဆိုသိပ်မုန်းတာ၊ မိန်းမတွေပဲခေါ်လို့ ပူးလို့ရတယ်တဲ့၊ ခေါ်ပူးတဲ့အုပ်စုထဲမှာ ယောကျ်ားတစ်ယောက်လောက်ရှိရင်တောင် ဝင်မပူးတော့ဘူးတဲ့ကွ"

"လသားအရွယ် ငွေး တန်းလန်းလေးဆိုရင်ကောကွာ"

"ဘယ်အရွယ်မှ မရဘူး၊ အဖိုရှိရင် ဘယ်ဖိုမှလက်မခံဘူး ... ဖိုပါတဲ့ ပန်းထိမ်ဖို၊ ပန်းဘဲဖိုတွေမှာတောင် ခေါ်ပူးလို့မရဘူးလို့ တချို့က အယူသည်းကြသေးတယ်"

ထိုအချိန်မှာ မျိုးဇော်ကတစ်မျိုး ထကြောင်သည်။ သူ့ရင်ဘတ်ကို လက်နှင့်ဖိထားရင်း ...

"ဖိုဆိုရင် ဆင်ဖိုနီတောင် လက်မခံဘူးတဲ့လား။ စိမ်းလိုက်တာ ... စိမ်းလွန်းလိုက်တာ မစိမ်းပင်ကြီးရယ် ... ဟင်း ... မမြစိမ်း ... ဘယ်အတွက်ကြောင့်ရယ်၊ ဒီအသားအဖကို ပစ်ခွာသွားရက်တယ် ... ဟယ်"

မျိုးဇော်က ငိုချင်းချဟန်ဖြင့်ပြောရင်း ကောင်းထက်ဇော်ကို ဖက်ကာ ခေါင်းတိုးဝှေ့ပြောလိုက်သည်။ ကောင်းထက်ဇော် တွန့်သွားပြီး ...

"ဟာ ... ဟေ့ကောင် ... မင်းရဲ့ နတ်စိမ်းဇာတ်လမ်းမှာ ငါ့ကို ဆွဲမထည့်နဲ့၊ ဒီမှာ ကြက်သီးတောင်ထလာပြီ"

"နတ်စိမ်းမဟုတ်ပါဘူး မြစိမ်းပါကွာ"

"အတူတူပဲပေါ့ကွာ ... "

"ဒါဆို ... မင်းရဲ့ဖျာလိပ်နတ်က နတ်ကျက်လား"

"အေး ... အာ ... ဒါတော့ ငါဘယ်သိမလဲကွ၊ မင်းကြီးတော် နတ်ကတော် မာမီစိန်ကို မေးပါလား"

ဝေမျိုးက စိတ်မရှည်နိုင်ဘဲ ဝင်ကောတော့သည်။

"ဘာတွေလဲကွာ ... ဝိုင်းထိုင်မိကြရင် မင်းတို့က သီးသန့်လိုင်းတစ်လိုင်းထွက်ချင်ပြီ၊ ဒီမှာ ဖျာလိပ်နတ်အကြောင်းကိုရှင်းနေတာ မပြတ်သေးဘူး၊ မမြစိမ်းက လိုင်းပူးချင်နေသေးတယ်"

ကောင်းထက်ဇော်က အားလုံးကို လစ်လျူရှုလိုက်ပြီး နေမင်းခန့်ကို အသာလက်ကုတ်ကာ တီးတိုးလေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ ... ဒီကောင်တွေက မျက်လှည့်ပညာနဲ့ လေယာဉ်ပျံတစ်စီးလုံးပျောက်ပြတာတို့ လေပေါ်မှာ လမ်းလျှောက်ပြတာတို့ အကြောင်းပြောရင်ရှုးသွားမလားတောင် မသိဘူးနော် ... ဒီလောက်ဗဟုသုတနည်းတဲ့ကောင်တွေကို ကျွန်တော်တို့က စွန့်စွန့်စားစား သည်းထိတ်ရင်ဖို အသည်းအသန်ပြေးလွှားခံစားရပြီးမှ ရလာတဲ့အသိမျှဝေမိတာ မှားပြီနဲ့တူတယ် ... မတန်လိုက်တာနော်"

ထိုစကားကို ကျန်တဲ့ကောင်တွေကြားလျှင် အသားကုန်ပေါက်ကွဲကြမှာမို့ နေမင်းခန့်က ဘာမှစကားမပြန်ဘဲ မချိုပြုံးလေးသာ ပြုံးပြလိုက်သည်။

ဒါကိုမြင်ဖြစ်အောင် မြင်လိုက်သေးသည့် နေမျိုးက ...

"ဟေ့ကောင် ကောင်းထက်ဇော် ... ကိုနေ့ကို မင်းစကားမှန်ကြောင်းထောက်ခံနိုင်းမနေနဲ့ ... စကားပြောတိုင်း လေပေါင်မြင့်တတ်တဲ့ မင်းကို ဒီတစ်ခါတော့ အပီအပြင်ကို ဆုံးမပဲ့ပြင်ပေးရတော့မယ်။ ဘယ်လိုလဲ ... မင်းပြောသလို ဟုတ်မဟုတ်သိရအောင် အာလူးပူရိုရောင်းတဲ့ ရွှေမှုန်ရတီညိုနဲ့အိမ်ဖွဲစား ရှမ်းရှမ်းဝေတို့ကို ဖျာလိပ်နတ်ပင့်နိုင်းပြီး တို့ချောင်းကြည့်ကြမယ်လေပြီးရင် လောင်းမလား ... မင်းပြောသလို ဖျာလိပ်နတ်ဝင်ပြီးလှုပ်ရင် မင်းနိုင်တယ်၊ မလှုပ်ရင် မင်းအရှုံး ... ဘယ်လိုလဲ ... "

"ဖျာလိပ်နတ်က ကုလားလိုပင့်လို့မရဘူး။ ပွဲစားစကားနဲ့လည်း ပင့်လို့မဝင်ဘူး။ မင်း ပင့်နိုင်းချင်ရင် အပျိုကြီးမဝေ မဟုတ်တောင် သူတို့အဖွဲ့ထဲမှာပါတဲ့ မမျိုးမျိုးတို့ ဒေါ်အိတုန်တို့ကို ပင့်နိုင်း၊ သူတို့က ပင့်ပေးမယ်ဆိုရင် ငါလောင်းမယ်ကွာ"

"ဒါက မင်းစကားကပ်တာပဲ ကောင်းထက်ဇော်၊ မမျိုးမျိုးတို့က ပင့်ပေးပါ့မလားဟ ... ငါနဲ့မှမတည့်တာ၊ မဖြစ်နိုင်တာကိုပြောပြီး ကပ်ဖဲ့လုပ်နေတယ် မင်းလေကျယ်တာကို ကျယ်မိပါတယ်လို့ ဝန်ခံလိုက်စမ်းပါကွ"

"ဘာလို့ဝန်ခံရမှာလဲကွ ... မင်းက ဟုတ်တာကိုမဟုတ်တာဖြစ်အောင် ကုပ်ကပ်ငြင်းနေတာကို ... သက်သေပြဖို့ဆိုတော့လဲ ရပ်ကွက်ထဲမှာ တည့်တဲ့ မိန်းမဆိုတာ မရှိတော့ပြန်ဘူး။ ရှိတဲ့မိန်းမကျတော့လည်း အာဝဇ္ဇန်းသည် ရွှေမှုန်ရတီညိုတဲ့ ... ပရိယာယ်ကာပရာချိုဆို တော်သေး ... ပေးပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းမခံချင်အောင်မပြောနဲ့၊ လူယုံတောင်မဖြီးနိုင်တိုင်း ငါ့စကားနွားရ ... အဲ ... နွားစကားငါရ ပြောလို့မရဘူးကွ"

"ဟော့ကောင် နေမျိုး ... ငါစိတ်တိုလာရင် ရေနွေးခွက်နဲ့ကောက်တီးထည့်လိုက်မယ်နော် ... မင်းမယုံရင် ကိုနေ့ကို မေးကြည့်ပါလား"

"ဟုတ်လား ကိုနေ ... "

"ဟုတ်တော့ ဟုတ်တယ်ကွ"

ပဋိပက္ခ ဖြစ်မှာစိုး၍သာ သူဝင်ပြောလိုက်ရသည်။ သူ့စကားအပေါ် နေမျိုးနှင့်ဝေမျိုးတို့အဖွဲ့က ဘဝင်မကျမှန်း သိသာသည်။ ယခုတော့ လက်ဖက်ရည်ဆိုင်ထဲတွင် ယုံသူနှင့်မယုံသူ နှစ်စုကွဲသွားသည်။

ကောင်းထက်ဖော်၊ နေဝင်းထွန်းနှင့် စိုးလွင်ငြိမ်းတို့က တစ်ဖက်၊ နေဇင်းခန့်နှင့်အောင်စိုးဦးတို့က ကြားနေ။ တစ်ဖက်နှင့်တစ်ဖက် အလျှော့မပေးစတမ်း အပြန်အလှန် ပြောဆိုငြင်းခုန်ကြသည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က မကြာခဏ လာလာတားရသည်။ တခြားစားသုံးသူများကို အားနာမှုဖြင့် တိုးတိုးပြောဆိုဆွေးနွေးကြရန် လာပြောသည်။ မရ။

ခဏသာ ငြိမ်ပြီးပြန်ငြင်းကြ၊ ပြန်ဆူကြပြန်သည်။ ဤသို့ဖြင့် ဆိုင်ပိုင်ရှင်က ရာအိမ်မှူး၏ လက်ကိုင်ဖုန်းမှတစ်ဆင့် လှမ်းတိုင်လိုက်တော့သည်။

ရပ်ကွက်လူကြီးများရောက်လာသည်အထိ သူတို့တစ်ဖွဲ့လုံးမှာ အနိုင်မခံ အငြင်းသန်နေကြဆဲ။ ရာအိမ်မှူးက ထပေါက်လိုက်မှ အသံတိတ်သွားကြသည်။ ထိုလူကြီးအလစ်မှာပင် တစ်ဖက်က အံကြိတ်ပြသည်။ ကျန်တစ်ဖက်က လက်သီးဆုပ်ပြသည်။ ဒါကို ဆယ်အိမ်မှူး ကိုထွန်းဝင်းက မြင်သွားသည်။

ဤသို့ဖြင့် နောက်ဆုံးအချိန်ထိ အလျှော့မပေးလိုသည့် သူတို့တစ်ဖွဲ့လုံးကို ရပ်ကွက်ရုံးသို့ခေါ်သွားခြင်း ခံလိုက်ရသည်။ နှစ်ဖက်ငြင်းသူများရောကြားနေသူနှစ်ဦးပါ အမြဲလိုလို မခွဲတတ်ခွဲတွဲ တစ်ဖွဲ့တည်းမို့ နေမင်းခန့်ပါ ကန့်လန့် ကန့်လန့် ရုံးသို့ပါပြီး ... ။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

ရပ်ကွက်ရုံးသို့ခေါ်ပြီး အကြိမ်းခံရသည့်ကိစ္စမှာ မကောင်းခဲ့သည်ချည်း မဟုတ်ပါ။ ကောင်းသည့်အကွက်လည်း ရှိခဲ့သည်။ အကြောင်းမှာ ... ဤရပ်ကွက်ထဲ၌ 'အိစက်မွန်' ဆိုသော အိအိစက်စက်လေးနှင့် မဟာဆန်ချောမော လှပသည့် မိန်းကလေးတစ်ဦး ရှက်ပုန်းသီးပမာ ရှိနေသေးကြောင်း ကောင်းစွာ သိခွင့်ရလိုက်ခြင်းကြောင့် ဖြစ်သည်။

နေမင်းခန့်ငှားနေသည့်အိမ်မှာ နှစ်ထပ်တိုက်လေးတစ်လုံးဖြစ်ပြီး အပေါ်ထပ်တွင် အိမ်ရှင် အဘိုးကြီး အဘွားကြီး လင်မယားနှစ်ဦးသာနေသည်။ အောက်ထပ်တစ်ထပ်လုံး သူတစ်ယောက်တည်း နေခွင့်ရသည်။

အိမ်ရှင်အဘိုးကြီးနှင့်အဘွားကြီးမှာ အသက်ခြောက်ဆယ်ကျော်သာ ရှိကြပြီး မျက်စိမှုန်သလို နားလည်း မကောင်းကြ။

မအောင်မြင်သေးသော အဆိုသမား သူ့ထံသို့ ဂီတလောကမှ အတီး သမားနှင့်သီချင်းရေးဆရာတို့ မကြာခဏ လာစတည်းချကြသည်။ ရပ်ကွက်ထဲ မှ သူငယ်ချင်းများလည်း လာလည်ကြသည်။ နေရသည်မှာ လွတ်လပ်ကျယ်ဝန်း သည်မို့ သူ၏ ယာယီရိပ်မြုံတွင် လာပျော်မွေ့နေကြသည်။

လူစုံလျှင် ဂစ်တာတီးပြီး သီချင်းဆိုကြသည်။ သူတို့ကလည်း အလိုက် သိစွာ လူကြီးများ အနားယူချိန်ကို မထိခိုက်စေရန် သတိထားကြသည်။ လူကြီး များကလည်း ပင်ကိုယ်သဘောကောင်းကြသူများဖြစ်၍ လူငယ်တွေ လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းစွာနေကြခြင်းကို နားလည်ခွင့်လွှတ်ပေးကြသည်။

အိမ်နီးချင်းများမှာလည်း အားလုံးနှင့်ခင်မင်နေပြီမို့ သူတို့ကို အမြင်မဆိုးကြ။

မမျှော်လင့်သော နေ့တစ်နေ့ ...

အိမ်ရှေ့ဝရံတာလေးတွင် သူနှင့်မျိုးဇော်တို့ ဂစ်တာထွက်တီးနေမိကြသည်။ သူ ရေးစပ်ထားသောသီချင်းတစ်ပုဒ်အား ကြိုးစားပမ်းစား သံစဉ်ရှာတီးနေခြင်း ဖြစ်သည်။

"ရှလေ ယဉ်လေလေး လာပြီ ကိုနေ ..."

မျိုးဇော်စကားကြောင့် သူ့အကြည့်လမ်းပေါ် ရောက်သွားမိသည်။

လမ်းအတိုင်း တစ်လှမ်းချင်းလျှောက်လှမ်းသွားနေသော အလှတရား၏ ဖမ်းစားမှုကြောင့် အရာအားလုံးအပေါ် သတိကင်းလွတ်ကာ ဂစ်တာပိုက်လျှက် ငုတ်တုတ်မေ့နေတော့သည်။

ပေါင်လယ်ကျော် အိဖြောင့်စင်းသည့်ဆံပင်၊ ဝင်းဝါစိုပြည်သည့်အသားငါးပေလေးလက်မခန့် အရပ်အမောင်းနှင့် လိုက်ဖက်စွာ ပြည့်တင်းသည့်ခန္ဓာအချိုးအစားတို့က မြင်ရသူကို စွဲစေသည်။ သို့သော်လည်း ... အမြင်မရိုင်း။ တင့်တယ်စေမြဲသာ။

သူ လမ်းထဲကိုရောက်သည်မှာ လေးလနီးပါးမို့ ရပ်ကွက်ထဲမှ လူတော်တော်များများကို မျက်မှန်းတန်းမိပြီးဖြစ်သည်။ သူမကိုတော့ ယခုအကြိမ်နှင့်မှ နှစ်ကြိမ်သာ ခပ်လှမ်းလှမ်းမှ မြင်တွေ့ခွင့်ရသည်။ ပထမတစ်ကြိမ် မြင်ခွင့်ရစဉ်က ယခုလောက်ပင် အချိန်ယူကြည့်ခွင့်မရခဲ့။ ရပ်ကွက်ရုံး၌ ခေါ်အကြိမ်းခံပြီးပြန်လာစဉ် ဦးဝင်းလွင်ဦး၏ အိမ်ခြံဝင်းအတွင်းတွင် လျှပ်တပြက် မြင်ခွင့်ရခဲ့ရခြင်းသာ ဖြစ်သည်။

"သူ ဘယ်သူလဲ မျိုးဇော် ... တခြားရပ်ကွက်ကလား"

"ဒီရပ်ကွက်ထဲက ဒီလမ်းထဲကပဲလေ ... ကိုနေ မသိဘူးလား"

"တကယ်ကို မသိတာဟ"

"ကောင်းထက်ဇော်တို့ နေဝင်းထွန်းတို့ မပြောဘူးလား"

"မပြောပြဘူး ... တော်တော်စိတ်ကောင်းမရှိတဲ့ကောင်တွေကွာ။ ဒါမျိုးကျတော့ လျှို့ဝှက်ထားတယ်၊ ရွှေမှုန်ရတီညိုကျတော့ အိမ်အရောက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး မိတ်ဆက်ပေးတယ်''

''ဟိုးထားကိုနေ ... ခင်ဗျားပြောတာ နည်းနည်းအိုဗာဖြစ်သွားပြီထင်တယ်၊ ကိုယ့်ဘက်က အပိုင်တွက်ထားသလို ဖြစ်နေပါလားဗျ''

မျိုးဇော်ကို သူစကားမပြန်နိုင်။ ယောဂီဝတ်စုံလေးနှင့် ဣန္ဒြေရရလျှောက်လှမ်းသွားနေသော အလှနတ်သမီးလေး မြင်ကွင်းမှ ပျောက်ကွယ်သွားမှာစိုးသည့်စိတ်ဖြင့် မြင်နိုင်ရခွင့်ရှိသမျှ လိုက်ငေးကြည့်နေမိသည်။

''သူတို့ ဘုန်းကြီးကျောင်းက ပြန်လာတာဖြစ်မယ်၊ ဒါဆို ... ဒီနေ့ဥပုသ်နေ့ပေါ့ ... ''

''ဟွန်း ... ခုမှပဲသိတော့တယ်ပေါ့၊ ဥပုသ်သယ်နော် ... သတိကပ်ပါဦး ကျောင်းဒကာရယ်''

''ငါက သန့်သန့်လေးခံစားတာပါကွာ၊ ဘာဝနာတွေးတွေးပြီးကြည့်တာ မင်းတို့လို တဏှာတွေးတွေးပြီး မကြည့်ဘူး''

''ဖြစ်သွားရပြန်ပြီ ... ခုနတုန်းကတော့ အငမ်းမရ''

''အင်း ... မင်းတို့နဲ့တွဲမိမှပဲ ဥပုသ်နေ့တောင် ဘယ်နေ့မှန်းသတိမထားမိတော့ဘူး ... နောက်ဆို မှတ်မှတ်ရရ သတိထားဦးမှ ... ''

''ဥပုသ်နေ့မှာ ဥပုသ်သယ်ကို ငမ်းကြောထဖို့ သတိထားမှာမဟုတ်လား၊ မလုပ်နဲ့ ... အဲဒီရှုတိုင်းယဉ်လေးမှာ ရှော့တ်အကြီးကြီးရှိတယ်''

''ဘာ ... သူ့နာမည်က ရှုတိုင်းယဉ်တဲ့လား''

''ဟား ... ဟား ... ကိုနေကလည်း ရှုလေ ယဉ်လေမို့ ကျွန်တော်က နာမည်ပေးထားတာပါဗျ၊ ချစ်စနိုးနဲ့ပေါ့ ... သူ့နာမည်က အိစက်မွန်ပါ''

''နာမည်သိရလို့ ကျေးဇူးတင်တယ်ကွာ ... ဒါပေမဲ့ ... မင်းခုနစကားထဲက ချစ်စနိုးဆိုတာကြီးတော့ ကျေးဇူးပြုပြီး ထည့်မပြောစေချင်ဘူး။ ငါ့ရင်ကို ထိသွားစေလို့ ... ''

''လာလာသေးတယ် ကိုနေရာ ... မြွေမကြောက်၊ ကင်းမကြောက် ဂေါ်ဇီလာ မကြောက်''

''ချစ်ခြင်းမေတ္တာဆိုတာ နူးညံ့သိမ်မွေ့ပါတယ်ကွာ၊ ဒါပေမဲ့ ... အကြောက်တရားကိုတော့ လွှမ်းမိုးနိုင်တယ်''

''အလကားပြောတာ မဟုတ်ဘူးဗျ၊ အဲဒီအိစက်မွန်ဆိုတာ ဂေါ်ဇီလာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်တဲ့ပန်းဗျ ... သိရဲ့လား"

"ယက္ခ ဂုမ္ဘာန်စောင့်တဲ့ ပန်းပဲကြားဖူးပါတယ်ကွာ"

"အခုဟာက အဲဒီဘီလူးတွေထက်ပိုကြီးတဲ့ ဂေါ်ဇီလာမှ ဂေါ်ဇီလာ အစစ် ... အဲဒီ အိစက်မွန်ရဲ့အဖေက ဘယ်သူလဲသိလား၊ ရပ်ကွက်လူကြီး ဦးဝင်းလွင်ဦးဗျ ... သူလေးနဲ့ပတ်သက်ရင် ဝေးဝေးကပဲ ရင်ခုန်ပါဗျာ၊ စိတ်ကူးယဉ်ကမ္ဘာထဲတောင် အလည်မခေါ်မိရင် အကောင်းဆုံးပဲ ... ယောင်ပြီးတော့ သွားကြောင်မိလို့ကတော့ ဂေါ်ဇီလာလက်စောင်း ဘယ်လောက်ထက်လဲ မြည်းကြည့်သွားရပါလိမ့်မယ်ဗျာ ... ကင်းကင်းရှင်းရှင်းနေစမ်းပါ"

"အဲဒီလောက်တောင်ပဲလားဟ"

"ရပ်ကွက်ထဲက ကောင်တွေမေးကြည့်ပါလား။ ဒီလောက် ရင်ခုန်စရာကောင်းတဲ့ အိစက်မွန်လေးကို ဘယ်သူမပတ်သက်ချင်ဘဲ ရှိမှာလဲ၊ သူ့အဖေအကြောင်းကို ကောင်းကောင်းသိတော့ ယောင်လို့တောင် အိမ်ရှေ့ဘယ်သူမှ မဝံ့ ရဲဘူး"

"အိစက်မွန်လေးက တော်တော်တော့ရင်ခုန်ဖို့ ကောင်းတာနော်"

"ဟင်း ဟင်း ... ရင်ခုန်ပြီးရင် ရင်တုန်သွားစေရမယ်"

"ရင်ခုန်ခြင်းနဲ့အတူ အဲဒီရင်တုန်တဲ့အရသာပါ တစ်ခါတည်းရောသမမွှေ ခံစားပြစ်လိုက်မယ်ကွာ"

"ပြောရင်းဆိုရင်းနဲ့ကို ရောဂါက တရိပ်ရိပ်မြင့်တက်လာပါလားနော်"

မျိုးဇော်က ခပ်ချဉ်ချဉ်နှင့် ရွဲ့ပြောသည်ကို မသိဟန်ဆောင်လိုက်ပြီး လက်ထဲမှ ဂစ်တာကိုဘေးသို့ချထားလိုက်သည်။ စီးကရက်တစ်လိပ် မီးညှိဖွာပြီး နံရံကို ကျောမှီကာ ရှေ့တည့်တည့်ကို ငေးနေလိုက်သည်။

"အဲဒါက ဘယ်လိုဖြစ်သွားရပြန်တာလဲ"

"ငါ့ရဲ့ခံစားချက်မှန်သမျှ ခုနကပဲ သူလေးကသိမ်းနှုတ်ယူသွားပြီ၊ ငါ့မှာ ဗလာပဲကျန်နေခဲ့တော့တယ်၊ ငါ့မှာဂီတသံစဉ်တွေ မရှိတော့ဘူး ... သီချင်းစာသားတွေကလည်း သူလေးရဲ့ထံပါးမှာ၊ ဂီတတီးခတ်ခြင်းဆိုတာကတော့ တစ်ဘဝခြားသွားပြီလားတောင် မသိပါဘူးကွာ"

"ပြမိတာ ကျွန်တော်မျိုးကြီးရဲ့အမှား ဖြစ်ပါပေါ့လားဗျာ"

"မင်းမပြခင်ကတည်းက ငါမြင်ခဲ့ဖူးပြီးပြီ၊ ဒါပေမဲ့ ... ဘယ်သူမှန်း



www.burmeseclassic.com

www.burmeseclassic.com



သာ မသိတာ''

"ဘယ်တုန်းကလဲ"

"ငါတို့အုပ်စုရုံးမှာ ခေါ်အကြိမ်းခံရပြီးပြန်လာတဲ့နေ့က၊ ဒါပေမဲ့ ခုလို ရင်ထဲအထိ ခံစားကြည့်လို့မရခဲ့ဘူး ... တကယ့်လျှပ်တပြက်လေးမြင်ရတာ"

"ဆေးနဲ့ဖိချမှပဲ ရောဂါကကြွလာတော့တယ်ဆိုတာ ဒါမျိုးနဲ့တူတယ်"

"ဒါနဲ့နေပါဦး ... အိစက်မွန်ကိုယ်တိုင်ကလည်း သူ့အဖေလို ခပ်ဆိုးဆိုးထဲကပဲလား"

"နိုးပါဗျာ ... သူက တကယ့်အေးအေးလေး၊ အိမ်ထဲကအိမ်ပြင်တောင် သိပ်ထွက်ခွင့်ရှိရှာတာမဟုတ်ဘူး။ ထွက်ရင်လည်း သူ့အဖေ စိတ်ချရတဲ့အဖော်နဲ့မှ သူ့အဖေကလည်း လက်ပေါက်စိပ်သလားမမေးနဲ့ သမီးတွေကို သူ့သဘောကျ စိတ်ကြိုက်ရှာတွေ့မှ ပေးစားမှာတဲ့၊ နောက်သုံးရက်လောက်ဆို သူ့သမီးကြီး ကေသီဦးရဲ့ မင်္ဂလာဆောင်လေ၊ သူ့အဖေကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားတဲ့ သမက်လောင်းနဲ့ပေါ့ ... "

နေမင်းခန့် ဘာမှပြန်မပြောတော့ဘဲ ခဏတာ ငြိမ်သွားသည်။ ထို့နောက် ... စီးကရက်ကို ထိုးခြေလိုက်ပြီး ဂစ်တာကို ပြန်ကောက်ကိုင်သည်။ ပြီး ... လက်ကွက်စမ်းကာ သံစဉ်ရှာနေတော့သည်။

"အဲဒါ ဘယ်လိုဖြစ်သွားရတာလဲ ကိုနေရ ... ပြောနေရင်းတန်းလန်းနဲ့"

"ပြောမယ့်သာပြောနေတာပါ မျိုးဇော်ရာ ... ငါ့ဘဝရဲ့ ရည်ရွယ်ချက်တွေက ငါ့နှလုံးသားကို ရင်ခုန်ခွင့်၊ လှုပ်ရှားခွင့်မပေးသေးပါဘူး။ ခုချိန်မှာ ငါရင်ခုန်ရမယ့်အရာတွေက သီချင်းတွေနဲ့သံစဉ်တွေပဲ"

"အဲဒီလိုဖြေတတ်၊ နေတတ်ရင် အကောင်းဆုံးပေါ့ဗျာ၊ ကျွန်တော်တို့လို ဘဝတွေအတွက် ကိုယ်ရင်ခုန်သင့်တဲ့အရာ ဘာလဲဆိုတာ ကိုယ့်ဘာသာကိုယ် သိနေပြီးသားပဲ ... "

ခက်တော့ခက်သည်။ အိစက်မွန်က တော်တော်ရင်ခုန်ဖို့ကောင်းနေသည်။ အိမ်ရှေ့မှ ဖြတ်လျှောက်သွားစဉ်ခဏတော့ မြင်ရသည်ကိုပင် ယခုအိုင်ရင်ခုန်နှုန်းတို့ ပရမ်းပတာ ဖြစ်ချင်နေသေးသည်။ အသိတရား ချုပ်ငြိမ်းပိုင်ထိန်းသော်လည်း မနိုင်နင်းချင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် တွေ့မြင်နိုင်ခွင့်၊ ဆုံနိုင်ခွင့်ကို မျှော်လင့်နေချင်သေးသည်။ မျှော်လင့်ခွင့်က မရေရာသကဲ့သို့ ဆုံနိုင်ခွင့်မှာလည်း မှုန်ဝါးဝါးသာမို့ ညှို့ငင်ခံရခြင်းမှ လွတ်မြောက်ခွင့်ပြုပါ အိစက်မွန်ဟူသော အော်ဟစ်ပြစ်လိုက်ချင်တော့သည်။

သူ့ဘက်ကသာ ရှေ့တိုးနောက်ငင် ဘယ်ရွှေ့ ညာရွှေ့ စိတ်ထဲတွင် ထုပ်စည်းတိုးတမ်း ကစားနေသော်လည်း အိစက်မွန်ကတော့ နေမင်းခန့်ဆိုသည့် ငတိတစ်ယောက် ဒီကမ္ဘာလောက၊ ဒီမြို့ ဒီရပ်ကွက်၊ ဒီလမ်းထဲတွင် ရှိနေသည်။ သူမနှင့်ပတ်သက်သမျှကို အရှူးထနေသည်တို့ကို သတိထားမိမည်။ သိတောင် သိမည်မထင်။ သို့သော်လည်း ...

ရင်ခုန်နှုန်းတို့ ထပ်တူညီမျှသည့်အချိန် ညီမျှသင့်သည့်အချိန်တွင်တော့ သူနှင့်အိစက်မွန်တို့ ဆုံကိုဆုံတွေ့ရဦးမည်ဟု ကံကြမ္မာကို မယုံမရဲ မျှော်လင့်နေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

တကယ်တော့ ... နေမင်းခန့်တစ်ယောက် အိစက်မွန်ကို မသိမယ့်သာမသိတာ သူနေထိုင်သည့် အိမ်နှင့်အိစက်မွန်တို့အိမ်မှာ ကြားထဲတွင် ခြောက်အိမ်သာခြားသည့် တစ်လမ်းတည်းသားများဖြစ်သည်။

သူလမ်းထိပ်ထွက်တိုင်း အိစက်မွန်တို့အိမ်ရှေ့မှ ဖြတ်ရသည်။ ယခင်က ထိုအိမ်တွင် အိစက်မွန်ရှိမှန်းမသိ၍ ဖြတ်သိဖြတ်သာပေမယ့် ယခုတော့ ထိုအိမ်ရှေ့ရောက်တိုင်း မသိမသာရော၊ သိသိသာသာပါ ခိုးကြည့်တတ်သည်မှာ အကျင့်တစ်ခုပမာ ဖြစ်လာသည်။ သို့သော်လည်း ...

အိစက်မွန်ကို ဖျတ်ခနဲတွေ့လိုက်ရရုံ၊ လှပ်ခနဲ ရင်ခုန်လိုက်ရရုံလေးမျှပင် အကြိမ်နှစ်ဆယ်ကြည့်မှ တစ်ကြိမ်လောက်သာ ကြုံကြိုက်ခွင့်ရသည်။

အိစက်မွန်မှာ သိုသိပ်နိုင်လွန်းသူ။ မိဘနှစ်ပါး၏တင်းကျပ်သော ဖိနှိပ်မှုအောက်တွင် အသားကျရှင်သန်နေနိုင်သူမှန်း သိသာစေတော့သည်။ ရပ်ကွက်တွင်းမှ လူငယ်များ ပြောစကားမဟုတ်၊ မိမိကိုယ်တိုင် မြင်တွေ့နေရပြီဖြစ်သည်။

အိစက်မွန်၏အစ်မ ကေသီဦး မင်္ဂလာဆောင်သောနေ့တွင် ရပ်ကွက်တွင်းမှ လူငယ်များနှင့်ဝိုင်းကူလုပ်ရင်း အိစက်မွန်ကို လိုက်ရှာကြည့်မိသည်။

မင်္ဂလာပွဲစသည့်အချိန်မှပင် တွေ့ရသည်။ လူအများအတွင်းတွင် လင်းခနဲပေါ်လွင်စေသော အလှမို့ တွေ့လွယ်မြင်လွယ်သည်။ ရှင်းလင်းစွာ မြင်ခွင့်ရသော်လည်း လူတွေမသိအောင် ခိုးငေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လူကြီး၏ သမီးငယ်ဖြစ်သည့် သူမအလှကို လူအများက လည်း ငေးမောချီးကျူးကြသည်။ မြန်မာဆန်ဆန် ချောမောပြေပြစ်လှပသည့် သူမကို အကောင်းမြင်ဝေဖန်ကြသည်မို့ နေမင်းခန့်လည်း ရောယောင်ကာ သူမ အလှကို ခံစားခွင့်ရနေသည်။ သို့သော်လည်း ...

အလွန်အကျူး အချိန်ကြာမြင့်စွာ ငေးနေမိသည်မို့ မျိုးဇော်တို့အဖွဲ့ သူ့အနားသို့ ရောက်လာကြသည်။

"ကိုနေ ... ဒီထောင့်စားပွဲကနေ ထတာမတွေ့ပါလား၊ ကျွန်တော် က ငုတ်တုတ်မေ့နေပြီမှတ်လို့ လာခဲ့တာ"

မျိုးဇော်က နေမင်းခန့်မျက်စိအကြည့် အာရုံကျရာနေရာသို့ မသိမသာ လှမ်းကြည့်ရင်း စသည်။ ထို့နောက် နားနားကပ်ကာ လေသံတိုးတိုးနှင့် ...

"သူ့အလှကို အနီးကပ်ခံစားလို့ရမယ့် ခွင့်ဖန်ပေးမယ်၊ လိုက်ခဲ့"

သူ ပုဆိုးပြင်ဝတ်ပြီး ထလိုက်သွားသည်။ မျိုးဇော်က သူမလက်ထဲသို့ ရေခဲမုန့်နှစ်ပွဲ ထိုးထည့်ပေးရင်း ...

"ညွှန်ခံအဖွဲ့ယောင်ဆောင်လိုက်၊ အိစက်မွန် အမေကြီးလှမ်းရှိုးနေ တယ်"

သူလည်း အလိုက်သင့်ပင် ညွှန်ခံမှုကိုအကြောင်းပြုပြီး စားပွဲဝိုင်းများကို ဖဲ့ကာပိုက်ကာ၊ လူတွေကို ရှောင်ကာတိမ်းကာဖြင့် အိစက်မွန်ရပ်စကားပြော နေသည့် စားပွဲသို့ရောက်အောင် သွားခဲ့သည်။ သူမအဖေ ရိပ်မိမှာလည်း စိုးရ သေးသဖြင့် ပတ်ဝန်းကျင်ကိုလည်း ဝေ့ဝဲ Checking ဝင်ရသေးသည်။

အိစက်မွန်အနားတွင်ရပ်လိုက်ပြီး လက်ထဲမှ ရေခဲမုန့်ခွက်ကို စားပွဲ တွင် ဒံပေါက်သုံးဆောင်နေသည့် အန်တီကြီးဘေးတွင် ချပေးလိုက်သည်။ အိစက် မွန်နှင့်သူ၏အကွာအဝေးမှာ တစ်တောင်ခန့်သာ။ သူ ခိုးကြည့်လိုက်သည်။

အနီးကပ်ကြည့်မှ ထင်သည်ထက်ပို၍ လှပနေသည်ကိုတွေ့ရသည်။ ဖြူဥနေသော ပါးပြင်ပေါက်တွင် မိတ်ကပ်ပြေပြေလေး တင်ထားသည်။ အိစက် မွန်ထံပါးမှ ကိုယ်သင်းရနံ့ကိုပင် ရနေရာ ရင်မှာစွဲနေအောင်ပင် ခံစားလိုက်ရ သည်။ သူမ၏ အသံမှာ မင်္ဂလာပွဲလာပရိသတ်အားလုံးထက် ပို၍ချိုလွင်နေ သလိုလို။

သူ အငေးလွန်သွား၍လားမသိ။ အိစက်မွန်က မထင်မှတ်ဘဲ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ ငေးရင်းတန်းလန်းကို အတိအကျ လှမ်းမိခဲ့လိုက်ရသည်။

အိစက်မွန် မျက်နှာပေါ် ရှက်ရိပ်ပြေပြေလေး ဖြတ်သန်းသွားသည်။ သူလည်း ရှက်ရှက်နှင့် ရေခဲမုန့်ခွက်အလွတ်များ ကောက်သိမ်းလိုက်သည်။ ထိုအချိန်တွင် သူကိုယ်ပေါ်သို့ ဖျတ်ခနဲ flesh gun လက်သွားသည်ကို ခံစားလိုက်ရသည်။ မော့ကြည့်လိုက်ရာ လက်ကိုင်ဖုန်းနှင့်သူ့ကို ဓါတ်ပုံရိုက်နေသော မျိုးဇော် မျက်နှာကို စပ်ဖြီးဖြီး တွေ့လိုက်သည်။ ပတ်ဝန်းကျင်မှ သတိထားမိသွားနိုင်သည်မို့ နီးစပ်ရာခွက်များ အမြန်ယူပြီး ထိုနေရာမှ လစ်ထွက်ရန် ပြင်လိုက်ရတော့သည်။

"သားခွက်ကုန်တေးဘူးဂျ"

ကလေးတစ်ယောက်က သူလှမ်းဆွဲယူလိုက်သော ရေခဲမုန့်ခွက်ကို အတင်းပြန်ဆွဲရင်း ပြောလိုက်ခြင်းဖြစ်သည်။ ထိုနေရာမှ ရှောင်ပြေးချင်ပါမှ ပတ်ဝန်းကျင်က ပိုသတိထားမိချင်စရာ ဖြစ်သွားသည်။ ရှက်ရမ်းရမ်းပြီး မကုန်သေးသည့် ကလေးမုန့်ခွက်ကိုမှ ဆွဲယူမိသည့် သူ့အမှားက မဟာပြဿနာအမှား။

ထို့ကြောင့်ပင် အိစက်မွန်က သူ့ကိုပို၍ သတိထားမိသွားတော့သည်။

စားပွဲတစ်ဝိုင်းလုံးရှိ လူအားလုံးကလည်း သူနှင့်ကလေးကို အားလုံးဝိုင်းကြည့်မိသွားကြသည်။ ထိုကလေးကို သူအမြန်ပင် လူကြီးမင်းတစ်ယောက်ပမာ သဘောထားကာ အနူးအညွတ် တောင်းပန်လိုက်ရသည်။

ထူးဆန်းသည်။

အိစက်မွန် အကြည့်လေးတစ်ချက်မှာ ...

သူ ကမ္ဘာပျက်သလို ဖြစ်သွားခဲ့ရတာ ...

တွေးမိတိုင်းပင် ရယ်ချင်စရာ။

လမ်းထဲတွင် နေမင်းခန့်နှင့် မခင်မင်သော အိမ်သုံးအိမ်လောက် ရှိသည်။ ထိုသုံးအိမ်မှာ ကျန်အိမ်များနှင့် မကြာခဏ ဘုဘောက်ကျနေတတ်သော အိမ်များဖြစ်သည်။

ရပ်ကွက်ထဲမှ မိသားစုသိုက်မြိုက်လေးများမှာ သူတို့တနှင့်သူတို့ သူခ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြသနာနှင့် သူတို့အစဉ်အလာအတိုင်း ရှန်းကန်လှုပ်ရှားနေကြသည်။ ပြောင်းရွှေ့ရောက်ရှိလာသည့် သူသည်လည်း အလိုက်သင့်စီးမျောလှုပ်ရှားတတ် နေခဲ့ပြီဖြစ်သည်။

အိစက်မွန်၏အဖေ ဦးဝင်းလွင်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမို့လား မသိ။ တစ်လမ်းလုံးက ခင်မင်လေးစားနေကြရသည်။ ဦးဝင်းလွင်ဦးကလည်း တစ်ရပ်ကွက်လုံး၏ သာရေးနာရေးကို ဒိုင်ခံဆောင်ရွက်ပေးသည်။ သူ့နေအိမ်မှာ ခပ်အေးအေးသမား အနေအထိုင်သိုသိပ်သည်။ ဦးဝင်းလွင် ထားရာနေ စေရာ သွားရသည်။

သူတို့သမီး အိစက်မွန်မှာလည်း ဖခင်ဆန္ဒအတိုင်းပင် နေထိုင်သည်။ ဇနီးနှင့်သမီးမှာ ရပ်ကွက်ထဲမှလူများနှင့် မေးထူးခေါ်ပြောရှိသော်လည်း သိပ် အရောတဝင် မရှိလှ။ ဦးဝင်းလွင်ပုံစံ ချပေးထားဟန်ရှိသည်။

ဖယားရှုပ်တတ်သော လူများကို အိမ်အဝင်အထွက်မခံ၊ တော်တော် ရင်းနှီးပြီး အမျိုးမကင်းသူများသာ ဝင်ထွက်ခြင်းရှိစေသည်။ ရပ်ကွက်ထဲမှ လူကြီးလူငယ်မှန်သမျှ ဆောင်ရွက်စရာကိစ္စရှိလျှင် ရုံးတွင်သာ လာရောက် ဆောင်ရွက်ကြစေသည်။

ဦးဝင်းလွင်ဦးက ရှင်းသည်။

သူ့အိမ်ဝတွင် စာကပ်ထားသည်။ စာတွင်ရေးထားသည်မှာ ...

"ရပ်ကွက်ကိစ္စနှင့် ရုံးကိစ္စများအတွက် ရုံးသို့လာခဲ့ရန်၊ အိမ်၌ဆောင် ရွက်ပေးမည် မဟုတ်ပါ ... "တဲ့။

အကြောင်းအမျိုးမျိုးပြကာ လာကြမည့် စိုးလွင်ငြိမ်းတို့လိုကောင်တွေ သူ့သမီးကို လာရစ်မှာစိုးသောကြောင့် ဖြစ်နိုင်လေသည်။

ဤလမ်းထဲမှ ကောင်းထက်ဇော်တို့အုပ်စုက နာမည်ပြောင်များပေး ထားရာ အချို့လူများဆို နာမည်ပြောင်ရခဲ့ခြင်းအကြောင်းကိုလည်း သိခွင့်ရလာ သည်။ ဥပမာ ...

အောင်စိုးဦးတို့အိမ်နှင့်ကပ်လျက်အိမ်မှ ဦးချစ်ရေး၏ နာမည်မှန်မှာ ဦးမျိုးအောင်။ နာမည်ကသာ ဦးမျိုးအောင်ဆိုသော်လည်း သူတို့လင်မယားတွင် အသက်ငါးဆယ်ကျော်သည်အထိ သားသမီးအဖတ်မတင်။ သို့သော်လည်း ထို အသက်အရွယ်အထိ သူတို့လင်မယားမှာ အချစ်သည်းကြဆဲ၊ ခွဲခွာ၍ကြဆဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိမ်ချင်းကပ်နေသည့် အောင်စိုးဦးမှာ ဦးမျိုးအောင် သူ့မိန်းမကို လှမ်းလှမ်းခေါ်သံကြားကြားနေရသည်မှာ ...

"အချစ်ရေး ရေ" ဟူ၍သာ။

အချစ်လေးဟု ခေါ်ခြင်းဖြစ်ဟန်တူသော်လည်း ရှေ့သွားကျိုးနေသဖြင့် အောင်စိုးဦးနားထဲတွင် အချစ်ရေးဟု ကြားခြင်းဖြစ်ပေမည်။ သို့သော်လည်း အောင်စိုးဦးကတော့ ဦးမျိုးအောင်အတွက် နာမည်ပြောင်သတ်မှတ်ခဲ့ပြီဖြစ်သည်။

ဦးချစ်ရေး ... ဟု။

ဦးချစ်ရေးအိမ်နှင့် နှစ်အိမ်ကျော်တွင်နေသော လူငယ်အုပ်စုအမည်ပြောင်းပေးထားသည့် 'သမီးခြောက်ယောက် ဒေါ်ဖင်ကောက်' ၏နာမည်ရင်းမှာ ဒေါ်နွဲ့လေးဖြစ်သည်။ သူတို့လင်မယားမှာ သမီးသုံးယောက် ဆက်တိုက်မွေးနေသဖြင့် သားယောကျ်ားလေး အရမ်းလိုချင်ခဲ့သည်။ သို့သော်လည်း ... သမီးသာ ခြောက်ယောက်မြောက်သွားသည်။ သားမလာသဖြင့် ကြောက်လန့်ပြီး ဘရိတ်လုပ်ပြစ်လိုက်ရသည်။ ဒေါ်နွဲ့လေး၏ ယောကျ်ားကတော့ သမီးတွေများကြောင်းပြောလျှင် ပြန်ဖြေရှင်းပြလေ့ရှိသည်မှာ ...

"အဲဒီမိန်းမကြောင့်ပေါ့ဗျာ ... ကျုပ်လည်း သားလေးတစ်ယောက် လောက်များမွေးနိုး ... မွေးနိုးနဲ့ ကြိုးစားလိုက်ရတာ၊ သမီးတွေများသွားတာပဲ အဖတ်တင်တယ်လေ ... အဟီး"

သူမကိုယ်လုံးကို International စလင်းဘော်ဒီဟု တင်စားပြောလေ့ရှိသည့် ဒေါ်ဂျနီဖာကိုတော့ သူတို့အုပ်စုက သူမသဘောကျပင် စလင်းဘော်ဒီဟု နာမည်ပြောင်ပေးလိုက်ကြသည်။

ဂျနီဖာဆိုတော့ တစ်ချိန်က မြန်မာ့အားကစားလောကတွင် သံလုံးပစ်၊ သံပြားပစ် ချန်ပီယံဖြစ်ခဲ့သော ဒေါ်ဂျနဖာတင်လေးကို သတိရမိကြမည်ထင်ပါသည်။ ထိုအားကစားမယ်၏ ဘော်ဒီ Structure ကိုလည်း တွေးမိကြမည်ထင်ပါသည်။ ယခု နေမင်းခန့်တို့လမ်းထဲမှ ဒေါ်ဂျနီဖာ၏ ဘော်ဒီကိုလည်း 'ထိုကဲ့သို့ပင် တွေးပါက ... ဟုတ်ကဲ့ ... မှားပါလိမ့်မည်။

ဝါးခြမ်းပြားဘော်ဒီဟုဆိုပါက လွန်ကြူးမည်ဖြစ်သဖြင့် အသင့်အတင့်လည်း ပြေပြစ်မှုရှိပေရကား ကျူရိုးဘော်ဒီဟု သတ်မှတ်ပါက လွန်မည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ယောက်ျားနှင့် မကြာခဏ ရန်ဖြစ်တတ်ပြီး၊ အိမ်ပေါ်မှဆင်းသွားတတ်ကာ မကြာမီ အိမ်ကိုပြန်ရောက်ရောက်လာတတ်ပါသည်။ မကြာခဏ ရန်ဖြစ်ပြန်ချစ်နေတတ်သည့် သူမယောက်ျား၏ အမည်မှာတော့ ဦးတုတ်ကြီးဟု ခေါ်ကြပါသည်။

ရပ်ကွက်သူ ရပ်ကွက်သားများ၏ ဘဝအထွေထွေကို သူပို၍သိမြင်လာစေနိုင်ခြင်းမှာ အိစက်မွန်နှင့်များစွာ ဆက်နွှယ်နေပါသည်။

အထူးသဖြင့် ...

အိစက်မွန်၏အနီးသို့ သူပို၍ ပို၍ချဉ်းကပ်သွားလေ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၏ စိတ်ဓာတ်အကောင်းအဆိုးကို ပို၍ ပို၍ သိလာရလေဖြစ်လာခဲ့သည်။ ထိုထက်ပို၍ သူသိနေသည်မှာ ...

ဤရပ်ကွက်ထဲမှ လူငယ်သူငယ်ချင်းအားလုံးကို သူခင်တွယ်သည်။

ရပ်ကွက်လေးကို ချစ်သည်။ ထို့အတူ ...

အိစက်မွန်ကိုလည်း မြတ်နိုးစွာရင်ခုန်သည်။ သို့သော်လည်း ...

အိစက်မွန်ဆိုသည်မှာ နေမင်းခန့်၏ လက်ရှိအခြေအနေအတွက်တော့ ဆွတ်ချူရန် ခက်ခဲလွန်းသည့် ပင်မြင့်စံပန်းတစ်ပွင့်ပမာသာ။

❀

ရပ်ကွက်လေး၏ အာရုံဦးတွင် အလွန်ကြည်နူးစရာကောင်းသော မြင်ကွင်းတစ်ခုရှိသည်။ ထိုမြင်ကွင်းမှာ ...

ရပ်ကွက်ထိပ်တွင် ဆောက်လုပ်ထားသော ဓမ္မာရုံ။

ထိုဓမ္မာရုံ၏ဘေးတွင် ကပ်ဆောက်ထားသော ဆွမ်းလောင်းရုံလေး။

ထိုရုံလေးရှေ့ရှိ အာရုံဆွမ်းလောင်းလှူပွဲမှ လှုပ်ရှားတက်ကြွပုံရိပ်များပင် ဖြစ်ပါသည်။

နှစ်ပတ်လည်လောင်းလှူကြသည်။ ရပ်ကွက်ထဲရှိ လူကြီးများက ဦးဆောင်ပြီး လူငယ်များ၏ လှုပ်ရှားတက်ကြွလုပ်အားဖြင့် တစ်ပတ်စီခါ အာရုံအလှူခံ ရပ်ကွက်ထဲ လှည့်လည်ကောက်ခံကြသည်။ လိုအပ်ပါက တခြား နီးစပ်ရာ ရပ်ကွက်များသို့လည်း လှည့်လည်အလှူခံကြရသည်။ ရလာသည့်



www.burmeseclassic.com

www.burmeseclassic.com



အလှူငွေကို ဆွမ်းဆန်နှင့်ဆွမ်းဟင်းရုံများဝယ်၍ ဆွမ်းလောင်းရုံမှပင် ချက်ပြုတ်ကာ အာရုံဆွမ်းလောင်းလှူကြခြင်း ဖြစ်သည်။

အာရုံဆွမ်းလောင်းလှူသည့်အလှည့်မှာ နှစ်အိမ်တစ်တွဲ စနစ်ဖြစ်သည်။ မအားလပ်သောအိမ်များက လူငယ်များကို အကူအညီတောင်းကာ ဆွမ်းချက်ဆွမ်းလောင်းလှူခြင်းတို့ကို လုပ်ကြသည်။ အားလပ်သောအိမ်များက ကိုယ်တိုင်ကိုယ်ကျ လာရောက်ချက်ပြုတ်လောင်းလှူကြပြီး အများကောင်းမှုကို (အသံချဲ့စက်ကြီးဖြင့်)သာဓု အနုမောဒနာ ခေါ်ဆိုပေးသည်။

မည်သည့်အိမ်ပင် အလှည့်ကျသည်ဖြစ်စေ ဦးဆောင်လူကြီးအချို့နှင့် ရပ်ကွက်လူငယ်အချို့ကတော့ ပါဝင်ကူညီကြမြဲဖြစ်သည်။ ကောင်းထက်ဇော်နှင့် အောင်စိုးဦးတို့မှာ အမာခံရပ်ကွက်လူငယ်များမို့။ ထို့ပြင် ... ပါလေရာများပီပီ ဆွမ်းလောင်းသည့်နေ့တိုင်းတွင် ပါဝင်၍ လုပ်အားကုသိုလ်ယူကြသည်ချည်း ဖြစ်သည်။ ထို့ကြောင့် ... သူတို့အုပ်စုနှင့်တစ်တွဲတွဲဖြစ်နေသည့် နေမင်းခန့်လည်း ရပ်ကွက်ဆွမ်းချက်ရုံတွင် ပုံမှန်ပါဝင်လှုပ်ရှားသူ ဖြစ်ရပြန်သည်။

ဤသို့ဖြင့် ဆွမ်းလောင်းမည့်အကြိုည ဆယ်နာရီကျော်မှစတင်ကာ လူငယ်များနှင့် စည်ကားနေတတ်သည်။ ဝါတွင်းဆွမ်းပတ်များတွင်မူ သံဃာလည်းများကာ ချက်ပြုတ်လောင်းလှူသူ လူကြီးလူငယ်များနှင့် ပိုမိုမြိုင်ဆိုင်နေလေ့ရှိသည်။

တစ်နေ့တွင် ...

"ကိုနေ ... ဒီနေ့ည ကျွန်တော်တို့ ဆွမ်းလှည့်ကျတယ်ဗျာ၊ ခင်ဗျားလိုက်ခဲ့မလား။ ဂစ်တာခေါက်ချင်ရင်လည်း ရတယ်၊ မနက်ဆွမ်းလောင်းပြီးရင်တော့ စုပုံကျွန်ရိတ်လို့ရတယ် ... ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့ဗျာ၊ လိုက်ခဲ့ပါလား ..."

"မင်းနဲ့ဘယ်သူတွေ အတွဲကျလဲ ကောင်းထက်ဇော်"

"နေမျိုးတို့အိမ်နဲ့ကျတယ် ... ဒါပေမဲ့ အောင်စိုးဦးတို့ မျိုးဇော်တို့လည်း လာကြလိမ့်မယ် ... လူစုံပါတယ်၊ ကျွန်တော်တို့အုပ်စုအားလုံး စုံလိမ့်မယ် ... ဘူပိတ်နေတဲ့ရက်မို့ ဘယ်မှလစ်စရာ မရှိဘူးလေ"

"ဒါဆိုလိုက်မယ် ... ဒါပေမဲ့ ... ဂစ်တာယူခဲ့လို့ ဖြစ်ပါ့မလား။ ဓမ္မာရုံနားက ခေါ်ခြောက်စောင်းတို့က နဂိုကတည်းက အမြင်မကြည်ဘူး၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



နား လာဆွည့်နေပါတယ်ဆိုပြီး ရပ်ကွက်လူကြီးကို သွားချွန်နေရင် ဒုက္ခ"

"အဲဒါဆိုလဲ အဲဒီမှာမတီးဘူးပေါ့ဗျာ ... လမ်းမတစ်ဖက်ခြမ်းကူး လိုက်ရင် လမ်းထိပ်အုတ်ခုံရှိတယ်၊ အဲဒီမှာ ရှင်းနေတာပဲ ... အုတ်ခုံနဲ့နီးတာ နှင်းဆီခြံပဲရှိတယ်၊ အဲဒီခြံမှာ အဘိုးကြီး အဘွားကြီး လင်မယားပဲရှိတယ်၊ သူတို့က နားလေးတဲ့အပြင် သူတို့တိုက်ကလုံတော့ ခင်ဗျားလိပ်ခေါင်းထွက် အောင် ကုန်းအော်တောင် ကြားကြမှာမဟုတ်ဘူး ... အဲဒီအုတ်ခုံမှာ ခင်ဗျား ရဲ့ရင်တွင်းဖြစ်တွေကို အပြတ်ဟစ်ကြွေးလို့ရတယ် ... ကြွေစရာရှိတာလည်း အပြတ်ကြွေပြလို့ရတယ်၊ လာစမ်းပါ ကိုနေရာ ... တစ်ယောက်တည်း အိမ် ထဲမှာ ငေါင်နေတာ ပျင်းစရာကြီး ..."

"အင်း ... မင်းခေါ်လို့သာလိုက်ရတယ် မျက်ခုံးကတော့ ခပ်လှုပ် လှုပ်ပဲ"

"ဘာမှလှုပ်မနေနဲ့ ... ခင်ဗျားကိုမပြောချင်လို့၊ အဟီး ... တကယ်တော့ ဒီနေ့ ဆွမ်းလောင်းအလှည့်ကျတာ ခင်ဗျားယောက္ခမလောင်းကြီး ဗျ"

"ဟင် ... ဘာကွ၊ ဘယ် ... ဘယ်သူ့ကိုပြောတာ ..."

"အုပ်မှူးလေဗျာ ... ခင်ဗျားပဲ အိစက်မွန်ကို ..."

နေမင်းခန့် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်ထိုင်နေရာမှ ခုန်ထပြီး ကောင်းထက်ဇော် အာပြဲကို အရင်ပိတ်ရသည်။

"ဟော့ကောင် ... ရှူး ... တိုးတိုးလုပ်ပါကွာ၊ တော်ကြာ ပတ်ဝန်း ကျင်ကကြားပြီး တို့မိးရှို့မီး သွားလုပ်နေလို့ ဘာမှမဘာရသေးဘဲနဲ့ ပြေးပေါက် မှားနေပါ့မယ်"

"ဟာဗျာ ... အသည်းနှလုံးရဲ့ ခံစားချက်ကို သူ့အဖေက အုပ်မှူး ဖြစ်တာနဲ့ပဲလိုက်တားဆီးပြီး ဒေါ်ိးလို့ရမလားဗျ ... သူ့သမီး ဇော်ကားမော် ကားလုပ်တာ မဟုတ်ဘူးလေ၊ မေတ္တာထားတာပဲ၊ နူးညံ့အေးမြတဲ့ ခံစားချက် ကို ပူလောင်မှုတွေနဲ့ ဝင်စွက်ဖက်လို့ရမလားဗျ၊ ကိုနေက ... မျိုးဇော်ပြော သလိုပဲ သနှိသနှိလေးနေပြီး တိတ်တိတ်လေးကြွေနေတာကို သူဘာလုပ်လို့ရမှာ လဲ ..."

"မျိုးဇော်ဆိုတဲ့ကောင်ကတော့ကွာ အော်ကြက်လုပ်လိုက်ပြီ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ရဘဲနဲ့ အသံကြောင့် ဖားသေဖြစ်တော့မှာပဲ ... သူ့အဖေမျက်မှန်ကျိုးရှင် ဒီရုံကွက်ထဲက ငါလွှင့်နေပါဦးမယ်ကွာ ... မလုပ်ပါနဲ့၊ မင်းရဲ့ရွှတ်သီးကြီးတိုလည်း ပိတ်လိုက်တော့ ... ပိတ်ပြီး ဆွမ်းချက်ရုံကိုကြွတော့၊ ဂစ်တာယူပြီး ငါလိုက်ခဲ့မယ်"

"အတူတူသွားမယ်လေ"

"အေး ... ဟိုရောက်ရင်လည်း ဘယ်သူပဲပွဲတောင်းတောင်း ဆွမ်းချက်ရုံမှာတော့ ငါလုံးဝမတီးဘူး။ ဒေါ်ခြောက်စောင်း မချွန်ရင်လည်း လက်ဖက်ရည်ဆိုင်ရှင် ဦးသန့်ဇော်ထွဋ်က သွားတို့မှာပဲ၊ လူကြီးတွေဆူရင် မင်းတို့က အကြောင်းမဟုတ်ဘူး ရပ်ကွက်သားချင်း ... ငါက မတူဘူး၊ ညှိသည်လေ"

"ဟုတ်ပါပြီဗျာ ... ဒါပေမဲ့ ကြုံတုန်းတစ်ခုတော့ ပြောရဦးမယ်နော်၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က သူ့ဘာသာ တစ်ရပ်ကွက်လုံးကို ကျွေးမွေးပြုစုပြီး ဦးသန့်ဇော်ထွဋ်လို့ ဘယ်လိုပဲနာမည်ပြောင်းပြောင်း ကျွန်တော်တို့အတွက်ကတော့ အစဉ်အမြဲ ပေတူးနေတဲ့ ဦးစိန်ချိုးဖူးပဲ ... မှတ်ထားဦးနော်"

"ဟုတ်ပါပြီကွာ ... ဟုတ်ပါပြီ"

စကားနည်းရန်စဲ ဟုတ်ပေးလိုက်ရသည်။

သူ ဂစ်တာဝင်ယူပြီး ကောင်းထက်ဇော်နှင့် လိုက်လာခဲ့သည်။ အိစက်မွန်တို့အိမ်ရှေ့ရောက်သောအခါ ကောင်းထက်ဇော်က ...

"တစ်ပုဒ်လောက် ဟစ်လိုက်ရအောင်လေ"

"မလုပ်ပါနဲ့ကွာ ... တကယ့်နေရာကြီးမှာ"

"အများသူငါ သွားလာတဲ့လမ်းပေါ်မှာပဲဗျာ၊ ကိစ္စမရှိလောက်ပါဘူး"

"တော်ကွာ ... တော် ... "

ကောင်းထက်ဇော်ကို ခပ်တိုးတိုးကြိတ်ငေါက်ပြီး အပေါ်ထပ်တွင် မီးလင်းနေသည့် နှစ်ထပ်အိမ်ကြီးဆီ လှမ်းကြည့်လိုက်သည်။ ခုချိန်တွင် တိတ်တိတ်လေးကြိတ်၍ မြတ်နိုးရသူ အိစက်မွန် ဘာလုပ်နေမလဲတွေးကာ ငေးမိသည်။ အချိန်စောသေးသဖြင့် အိပ်လိမ့်ဦးမည်မထင်။ တီဗွီထိုင်ကြည့်နေမလား။ မဂ္ဂဇင်း ဝတ္ထုတို တစ်ခုခုဖတ်နေလေမလား ကြံဖန်အတွေးပွားနေသည်။

"ကျွန်တော့်ကိုတော့ တော်နိုင်းပြီး ကိုနေ့မျက်လုံးတွေက အိစက်မွန်တို့အိမ်အပေါ်ထပ်မှာ နေခဲ့တယ်၊ ရှေ့ကိုလည်း ကြည့်လျှောက်ဦး၊ ခလုတ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးသည်''

သူ ကောင်းထက်ဇော်ကို အရှက်ပြေ 'အဟီး' လုပ်လိုက်ရသည်။

''အိစက်မွှန်အခန်းက မီးလင်းနေတယ်ဗျ''

''ဘယ်အခန်းလဲ ကောင်းထက်ဇော် ... ''

''ခြေရင်းဘက်ကျတဲ့ အနောက်ဘက်က အခန်းလေ''

''မင်းက သိလှချည်လား''

''သိဆို ငယ်ငယ်တုန်းက သူတို့ခြံထဲမှာရှိတဲ့ မချစ်စု သရက်ပင်ကို တက်ခိုးစားခဲ့ဖူးတယ်လေ ... အဲဒါကို ဇော်မက သူ့အခန်းထဲက လှမ်းမြင်ပြီး အော်တိုင်လို့ သူ့အဖေ ကြိမ်လုံးနဲ့လိုက်သုတ်တာ ... အသည်းအသန်ပြေးလိုက်ရတယ်၊ အဲဒီကတည်းက ဒင်းကို မကျေနပ်တာ၊ နှပ်ချေးမ ... ''

သူ ရယ်လိုက်မိသည်။ ကောင်းထက်ဇော်က ဆက်ပြောပြန်သည်။

''အဲဒီတုန်းက အိစက်မွှန် ဘာလုပ်နေတယ်ဆိုတာ သရက်ပင်ပေါ်က ကျွန်တော် လှမ်းမြင်ရတယ်ဗျ''

''ဟင် ... ဟော့ကောင် ဘာလုပ်နေတာတွေ့လို့လဲ ... ''

ပတ်ဝန်းကျင်တွင် လူမရှိဘူးအထင်နှင့် လွတ်လွတ်လပ်လပ် နေထိုင်သည်ကို ဒီငချောင်းကောင်နှင့် တည့်တည့်တိုးမိလေသလားမသိ။ ကောင်းထက်ဇော်က ရယ်ပြီး ...

''အဟီး ... မပြောချင်တော့ပါဘူးဗျာ''

သူ ပို၍ စိုးရိမ်သွားသည်။

''မင်း ဘာတွေ့ခဲ့လို့လဲ ... ပြောပါကွ''

''ကိုနေကလည်း အသည်းအသန်နဲ့ ဖွတ်ကြီး ... ထိတ်လန့်ခံစား မနေပါနဲ့ဗျ၊ ကိုနေ တွေးသလောက်အခြေအနေ မဆိုးပါဘူး၊ အဲဒီတုန်းက ကျွန်တော်တို့က ဆယ်နှစ် ဆယ့်တစ်နှစ်အရွယ် ကလေးသာသာပါ''

ထိုအခါမှ သူသက်ပြင်းကို တိတ်တိတ် ကြိတ်ချလိုက်ရသည်။

''ဘာလုပ်နေလို့လဲ''

''အဟင်း ... အခုမှပဲ ကိုနေ အသံက သံမှန်ပြန်ရောက်တော့တယ်။ နှပ်ချေးခွာနေတာပါဗျ''

ကောင်းထက်ဇော်က တခွီးခွီးနှင့် ဆက်ရယ်နေသည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အသေကား ပြောတာပါဗျာ၊ အဲဒီတုန်းက သူ့လက်သည်းညှပ်နေတာ ကျွန်တော်ညှပ်ပြီး ပြတင်းပေါက်မှာလာလှွင့်ပစ်တော့ ကျွန်တော့်ကိုမြင်သွားတယ် ကျွန်တော်လည်း သူ့ကိုစချင်တာနဲ့ သရဲလို ဖြဲပြလိုက်မိတယ်"

"အဲဒါကြောင့် သူ့အဖေကို အော်တိုင်တာဖြစ်မှာပေါ့"

"အစစ်ပေါ့ဗျာ"

"ကျွန်တော် အပင်ပေါ်က အသည်းအသန်ဆင်းပြေးရတော့ ပုဆိုးက သစ်ကိုင်းတစ်ကိုင်းမှာ ငြိနေလို့ ဒုက္ခရောက်ခဲ့ရသေးတယ်၊ အမြန်ဖြုတ်ပြီး အချိန်ရှိတော့တာနဲ့ လူတစ်ရပ်ကျော်ကျော် အမြင့်က ခုန်ချရတော့တာ၊ အောက်ကိုရောက်တော့ လူတခြား ပုဆိုးတခြား၊ နောက်ပြီး ... ခွေးကျကျတော့ မြေကြီးပေါ်ရောက်ပြီး ရုတ်တရက် ပြန်မထနိုင်ဘူး"

"ဟော ... "

"စိတ်ပူပြန်ပြီလား ... ကျွန်တော်က အဲဒီအရွယ်ကတည်းက အတွင်းခံဘောင်းဘီ ဝတ်ပါတယ်ဗျ"

"တော်သေးတာပေါ့ကွာ"

"တော်မနေနဲ့ ... အဲဒီတုန်းက နုပ်ချိုးမကာ တအီးအီးနဲ့မထနိုင်ဘဲ ရှာနေတဲ့ ကျွန်တော့်ကို အိမ်ပေါ်ကလှမ်းကြည့်ပြီး တခစ်ခစ်နဲ့ရယ်နေတာ ခုချိန်ထိ တွေးရင် ဒေါသထွက်တယ်"

"နောက်တော့ကော ... "

"သူ့အဖေ အိမ်နောက်ဘက်ထွက်တဲ့ တံခါးဖွင့်သံလည်းကြားရော ရှာနေတာတွေပျောက်ပြီး ချက်ချင်း ငေါက်ခနဲ ထထိုင်ပြီးတော့ နောက်ဖေးလမ်းကြား ခြံတံခါးကို အသားကုန်ပြေးရတာပေါ့၊ ဒါတောင် ကျောမှာကြိမ်ဖျားတစ်ချက်စာ မိသွားသေးတယ်"

"တစ်ခါတည်း မှတ်ရောပေါ့ ... "

"ဒါပေါ့ ... အဲဒီသရက်ပင်ကို စိတ်ကူးထဲမှာတောင် မတက်တော့ဘူး၊ အဲ ... ကြီးလာမှပဲ သူတို့ခြံထဲက ဘူးစင်မှာ ဘူးသီးဝင်ခူးတာ"

"အင်း ... မင်းဟာလေ ... "

"အဟီး ... အပျော်ပါဗျာ"

စကားတပြောပြောနှင့် လျှောက်ခဲ့ကြရာ ဆွမ်းလောင်းချိုလေးနားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ မီးရောင်အောက်မှစားပွဲတွင် အားကျိုးမာန်တက်နှင့်ကန်စွန်း ရွက်သင်နေသော မျိုးဇော်ကို တွေ့ရသည်။ အောင်စိုးဦးက မီးဖိုကို နေရာချနေ သည်။ နေမျိုးတို့ညီအစ်ကို စာရင်းစာရွက်တစ်ရွက်ကို ခေါင်းချင်းဆိုင်ကြည့်ကာ ငြင်းခုန်နေကြသည်။

အားလုံးကိုမြင်နေရပြီး လူက ဆွမ်းလောင်းရုံရောက်နေသော်လည်း နေမင်းခန့်စိတ်က အိစက်မွှန်တို့ အိမ်တံခါးဝတွင် ကျန်ရစ်ခဲ့သည်။

အတွေးထဲတွင် သူက သရက်ပင်ပေါ်ရောက်ပြီး အိစက်မွှန်အခန်းကို ချောင်းကြည့်ဖို့ ကြိုးစားနေသည်။ အခန်းထဲမှာ ဘာမှမမြင်။

မမြင်ဆို လက်တွေ့ရောက်ပြီး ကြည့်ရသည်မှမဟုတ်သည်ဘဲ။ စိတ်ကူး နှင့်သာ ရော်ရမ်းမှန်းဆခွင့်ရှိသည့်ဘဝမို့။

ရင်မောရပါသည် အိစက်မွှန်။

မင်းနဲ့ပတ်သက်ရင် ဆံနွယ်လေးတစ်မျှင်လောက်ကိုလည်း ကိုယ်ထိခွင့် ရပါရစေဟု ... ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ကိုကြီးကောင်းထက်ဇော် ... ဦးက ဒီညဆွမ်းလောင်းမယ့်ကုန်ကျ စာရင်း ပေးလိုက်ပါတဲ့"

ဒေါ်ဖင်ကောက်၏သမီးငယ်နှစ်ယောက် ရောက်လာပြီး ကောင်းထက်ဇော်ကိုပြောလိုက်ခြင်းဖြစ်သည်။ ကောင်းထက်ဇော်က မွေ့ရာရုံအတွင်းသို့ လှမ်းကြည့်လိုက်ပြီး ...

"ဒီမှာကိုကြီး လက်မအားဘူး၊ စာရင်းက နေမျိုးတို့ ညီအစ်ကိုတွက်နေတာ၊ မွေ့ရာရုံထဲကိုဝင်သွားပြီး ညီမလေးကိုယ်တိုင် သွားတောင်းလိုက်၊ နေစမ်းပါဦး ... အရင်ကဘိုးတော်ကိုယ်တိုင် လာယူနေကျမဟုတ်လား။ ဘာလို့ နင်တို့ကို လွှတ်လိုက်ရတာလဲ၊ ပြီးတော့ ... ဟိုးနောက်မှာရပ်နေတာ အိစက်မွန် မဟုတ်လား"

"ဒီနေ့ ဦးက ဒူးနာနေလို့တဲ့ လမ်းမလျှောက်နိုင်ဘူး ... ကြီးမေက တုပ်ကွေးမိနေတယ်၊ အဲဒါကြောင့် မမမွန်နဲ့ သမီးတို့ကိုအဖော်ထည့်လိုက်တာ"

"အိစက်မွန်ကိုယ်တိုင် လာမယူဘူးလား"

"ဦးက အပြင်မှာစောင့်ယူဖို့ပဲမှာလိုက်တာ ... သမီးတို့ပဲဝင်ယူသွားလိုက်မယ်၊ ဒါပဲနော် ကိုကြီးကောင်းထက်ဇော် ... ဘူးကျ၀နေနဲ့ဦး။ စိတ်ချပါရစေ"

"ကျစရာလားဟဲ့ ... ကိုယ့်လမ်းသားချင်းပဲ စောင့်ရှောက်ရမယ့်ဟာ၊

www.burmeseclassic.com



စိတ်ချလက်ချ မွှောရုံထဲဝင်ပြီး စာရင်းသွားယူကြ''

ညီအစ်မနှစ်ယောက်က ကောင်းထက်ဇော်နှင့်အတူ နေမင်းခန့်ကိုပါ တစ်ချက်ဖွေကြည့်ကာ လက်ချင်းတွဲ၍ မွှောရုံဘက်လျှောက်သွားကြသည်။ သူတို့ သွားသွားချင်း ...

''ကိုနေ ... အိစက်မွန်နဲ့ မိတ်မဆက်ချင်ဘူးလား။ ဒီအခွင့်အရေး က တစ်နှစ်မှာတစ်ခါရဖို့တောင် မလွယ်ဘူးနော်''

ဟုတ်မှန်ကြောင်း သူလည်းတွေးမိသည်။ သို့သော် ... သူရင်ထဲတွင် မငြိမ်။ စကားပြောနေစဉ် တစ်ယောက်ယောက်မြင်သွားမှာစိုးသည်။ မဝံ့မရဲနှင့် အမှောင်တွင်း လှမ်းကြည့်မိသောအခါ ကျောလေးပေးပြီး ရပ်နေသော အိစက် မွန်၏ မွန်ဝါးဝါးကောက်ကြောင်းအလှကို မြင်တွေ့ရသည်။

''လာဗျာ ... ခင်ဗျား ကျွန်တော့်ကို တစ်သက်လုံးကျေးဇူးတင်နေရ အောင် ဒီတစ်ခုတော့ စွန့်စားပြီး ကူညီပေးမယ်''

ကောင်းထက်ဇော်က သူ့လက်ကိုအတင်းဆွဲကာ အိစက်မွန်အနားသို့ ခေါ်သွားသည်။

''အိစက်မွန်''

သူမကိုယ်လုံးလေး ဆတ်ခနဲတုန်သွားပြီး လှည့်ကြည့်သည်။ ကောင်း ထက်ဇော်ကို မြင်ရာ မကြည်လင်ဟန်နှင့် ကြည့်နေသည်။ ကောင်းထက်ဇော်က ဂရုမစိုက်ဘဲ ...

''သူ ဘယ်သူလဲသိလား ...''

သူ့ဘက်ကို အမြင်မရှင်းဟန်နှင့် အိစက်မွန်က လှမ်းကြည့်သည်။

''သူ့နာမည်က ကိုနေမင်းခန့်တဲ့၊ ဂစ်တာတီးကောင်းတယ်ဟာ ... သီချင်းဆိုလည်း တော်တယ်လေ''

အိစက်မွန်၏ မျက်နှာပေါ်တွင် အလှပဆုံးသော နှင်းဆီရောင်စုံများ တစ်ပြိုင်နက် ပွင့်လာသကဲ့သို့ မြင်လိုက်ရသည်။ သူမ သူ့ကိုသတိထားမိခဲ့သည်။ မှတ်မိပြီပေါ့။

သို့သော် ...

အိစက်မွန်က ခေါင်းခါပြသည်။

''ဟိုဘက်လမ်းထိပ် စတိတ်ရှိုးပွဲတုန်းက သူ့ဂစ်တာတီးပြီး သီချင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သေးတယ်လေ၊ နင်သွားကြည့်တယ် မဟုတ်လား ... အဲဒီတုန်းက ကိုနေ ဆုငွေတွေ တထောကြီးရခဲ့သေးတာ"

အိစက်မွှန်က ဘာမှပြန်မပြော ငြိမ်သက်မြဲ။ သွားပြီ ... အရှက်ဟက် တက်ကွဲပြီ။ ကောင်းထက်ဇော်ကိုသာ စိတ်ထဲမှ ကြိတ်ဆဲလိုက်မိသည်။ ထိုအခိုက် အိစက်မွှန် မျက်နှာအနည်းငယ် အရောင်ပြောင်းသွားပြီး ပြုံးယောင်ယောင်ပါ ဖြစ်လာကာ ...

"သူ့ကို တစ်ခါတွေ့ဖူးပါတယ်၊ မမရဲ့မင်္ဂလာဆောင်မှာလေ"

နားဝင်ချိုအေးစွာ ကြားလိုက်ရသည်။ အိစက်မွှန်၏ တုန့်ပြန်စကား ဖြစ်သည်၊ သို့သော်လည်း ...

"ကလေးတစ်ယောက်နဲ့ မုန့်ခွက်လုနေတာလေ"

သူမ၏နောက်ဆက်တွဲစကားကြောင့် သူချက်ချင်း အငွေ့ပျံပျောက် ကွယ်ချင်စိတ် ပေါက်သွားသည်။ ထိုနေ့က အဖြစ်အပျက်ကို သူဟန်းဖုန်းဖြင့် ပင် မျိုးဇော်က အစအဆုံး မှတ်တမ်းတင်ပေးထားသဖြင့် သူ အရှက်ကွဲခဲ့ရ သမျှကို ကောင်းထက်ဇော်ပါ သိထားခဲ့သည်။

သူမက သူ့ကို မှတ်မိပါသည်။ သို့သော် ... သူမဆက်စပ်မှတ်မိသည့် အဖြစ်အပျက်အကြောင်းက သူ့အတွက် ပူစပ်ပူလောင် ဖြစ်စရာမို့ ... ။

ဒါကိုလည်း ကောင်းထက်ဇော်ကပင် ဝင်ထိန်းသည်။

"ဩော် ... အေး ... ဟုတ်တယ်လေ၊ အဲဒီတုန်းက ကိုနေလည်း ငါတို့ရပ်ကွက်လူငယ်တွေနဲ့အတူ ဝိုင်းကူလုပ်အားပေးခဲ့တာပေါ့။ သူက အခုတို့ လမ်းထဲမှာပဲ အိမ်ငှားနေတာလေ ... ဟိုဘက်လမ်းထိပ်က အဘချိန်တို့အိမ် မှာပေါ့၊ နင် မသိဘူးလား ... "

"ဟင့်အင်း ... "

"ညံ့ပါ့ဟာ ... တို့လမ်းထဲမှာ မကြာခင်ပေါက်မယ့် အဆိုတော်သစ် တစ်ယောက်ရောက်နေတာ တစ်ရပ်ကွက်လုံးသိတယ်၊ နင် ဂီတနဲ့ပတ်သက်တဲ့ မဂ္ဂဇင်းတွေ မဖတ်ဘူးလား။ သူ့အကြောင်း အင်တာဗျူးတွေပါတယ်"

"ဖတ်တယ် ... အင်တာဗျူးတော့ သတိမထားမိဘူး"

"ကောင်းရောဟာ ... ကဲပါ ... ခုတစ်လမ်းတည်းသား၊ တစ်ရပ် ကွက်သားချင်းဖြစ်နေတုန်း နင့်ကို မိတ်ဆက်ပေးထားတာ၊ အောင်တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံကျော် အဆိုတော်ဖြစ်သွားရင် သူနဲ့ခဏလေး စကားပြောခွင့်ရဖို့တောင် လွယ်တော့မှာ မဟုတ်ဘူး"

"အဲလောက်တောင်ပဲလား"

"ဒါပေါ့ဟဲ့ ... နင်တို့နှစ်ယောက်စကားပြောလိုက်ဦး၊ ငါဆွမ်းဟင်း တွေချက်ဖို့ လုပ်ရဦးမယ်၊ သွားမယ် သိလား ... အိစက်မွန်က သဘောကောင်း ပြီး ခင်တတ်ပါတယ်လို့ ငါပြောထားတာနော်"

ပြောပြီး ကောင်းထက်ဇော်က ဆွမ်းချက်ရုံထဲ ပြန်ဝင်သွားသည်။ လမ်းမီးရောင်အားနည်းသည့်ဘက်ခြမ်းတွင် နှစ်ယောက်တည်းရပ်၍ ကျန်နေခဲ့ သည်။ ဘေးဘီဝေ့ဝဲကြည့်မိရာ လမ်းသွားလမ်းလာ ရှင်းနိုက်မှ တော်တော့သည်။

"ကျွန်တော် အခုလိုမိတ်ဆက်စကားပြောမိလို့ အိစက်မွန် အနှောက် အယှက်မဖြစ်ပါဘူးနော်"

"ဖြစ်တော့ မဖြစ်ပါဘူး ... ဒါပေမဲ့ ... မိချောတို့ပြန်လာတာနဲ့ တိုးရင် တစ်မျိုးထင်မှာစိုးတာပါ"

"စိတ်မပူပါနဲ့ သူတို့မလာခင် ကျွန်တော် ဒီနားကထွက်သွားပေးပါ့မယ်"

"ဟိုလေ ... နင်တာတော့မဟုတ်ပါဘူး။ အကြောင်းတစ်ခုခုကြောင့် အိမ်ကသိသွားမှာလည်း စိုးလို့ပါ"

သူမမျက်နှာလေးပေါ်တွင် စိုးရိမ်ထိတ်လန့်နေဟန် အထင်းသားပေါ် နေသည်မှ သနားလာသည်။ ထို့ပြင် ... နောက်တစ်ကြိမ် ဤကဲ့သို့ဆုံနိုင်ခွင့် မှာလည်း ရှားပါးသည့်မို့ ... ။

"ဒါဆို ... အရေးကြီးဆုံးမေးခွန်း တစ်ခုကိုပဲ မေးပါတော့မယ်၊ အဲဒါပြီးရင် သွားပါ့မယ်"

"မေးလေ ..."

"ရိုင်းတယ်လို့တော့ မထင်ပါနဲ့၊ အချိန်ရှားပါးလို့ တည့်ပဲမေးပါရစေ အိစက်မွန်မှာ စိတ်ဝင်စားရမယ့်သူ ရှိနေပြီလား"

အိစက်မွန်၏ အံ့သြမှုက မျက်ဝန်းများတွင် အစပြုသည်။

ပြီးမှ နှုတ်ခမ်းဖျားဆီ ကူးစက်သွားပြီး ... ခဏအကြာတွင် [illegible] မျက်နှာထားသို့ ချိန်းလိုက်သည်။ ထို့နောက် ... နေမင်းခန့်ကို တစ်[illegible]သော မျက်လွှာလှန်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမေးခွန်းမျိုးမေးတာ မစောလွန်းဘူးလား"

"ကျွန်တော်ကတော့ အိစက်မွှန်ကိုသိနေတာကြာပါပြီ၊ ပြီးတော့ ဒီလိုမေးလို့ရမယ့် အခွင့်အရေးမျိုးက နောက်တစ်ကြိမ်ဆိုတာ ဘယ်ကာလမှာမှ ရလာမယ်မှန်း မသိလို့ပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်မဘာက်ကတော့ အခုမှသိရရုံပဲ ရှိသေးတယ်လို့ သဘောပေါက်ထားတာပါ"

ပြောရင်း မမှာရုံဘက်သို့ လှမ်းကြည့်သည်။ သူ့အတွက်လည်း အချိန် အရမ်းနည်းနေပြီမို့ ...

"အဲလိုလူမျိုး ရှိမရှိလေးပဲ ဖြေခဲ့ပါလားဗျာ"

အိစက်မွှန်က စိတ်အိုက်ဟန်မျက်နှာပေးနှင့် သူ့ကိုတစ်ချက်ကြည့် ကာ ...

"ကျွန်မမှာ အဖြေမရှိဘူး ... ဟိုမှာ မိချောတို့ပြန်ထွက်လာပြီထင် တယ်"

အဖြေက ဘာကိုဆိုလိုမှန်းမသိ။ ပြန်လှည့်ထွက်ရန်ပြင်နေသည့် မိချော တို့ညီအစ်မနှစ်ဦးကို သူလည်း မြင်သဖြင့် ...

"နောင် အခွင့်ကြုံမှမေးတော့မယ် ... ကျွန်တော့်ကို ခွင့်ပြုဦး"

အိစက်မွှန်က ခေါင်းညိတ်ပြသည်။ သူမ မျက်လုံးများကပြန်ရန်လှည့် ပြီးမှ နေမျိုးတို့နှင့် စကားပြန်လှည့်ပြောနေသည့် မိချောတို့ညီအစ်မနှစ်ဦးထံမှ မခွာ။

နေမင်းခန့်ကတော့ ဆွမ်းချက်ရုံထဲရှိ ကောင်းထက်ဇော်အနီး ရောက် သည်အထိ နှလုံးတုန် ရင်ခုန်ပြင်းရှရှအရသာကို ခံစားနေရဆဲ။ အိစက်မွှန်ကို ပြန်လှည့်ကြည့်မိရာ နဂိုအတိုင်း ကျောပေးရပ်နေမြဲ တွေ့ရသည်။

မိချောတို့ရောက်လာပြီး အိစက်မွှန်နှင့်အတူ ထွက်သွားကြသောအခါ မှ ကောင်းထက်ဇော်က ...

"အခြေအနေ"

"ငါ့ရဲ့ကျေးဇူးရှင်ဟာ မင်းပဲ ကောင်းထက်ဇော် ... ဒါကြောင့် ၂၀၁၄ ခုနှစ်ထဲ မရောက်ခင် အဝတိုက်မယ်"

ကောင်းထက်ဇော်က မျက်နှာကို ခပ်မော်မော်ထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ကောင်းထက်ဇော်ဆင်တဲ့ခွင်တွေ ဘယ်လိုမိုက်တယ် ဆိုတာ သဘောပေါက်ပြီနော်၊ ဒါ ... အပျင်းပြေထုတ်တဲ့ အကြံဉာဏ်တွေပဲ ရှိသေးတယ်၊ မကြာမီ ... လာမည် ... မျှော်ဆိုတဲ့ အမှန်အကန်တွေ အများ ကြီးရှိသေးတယ် ... ဒီတော့ ... ကိုနေ အဝတိုက်မယ့်အချိန်ဇယားကို ရှေ့ နည်းနည်းတိုးပေးလိုက် ..."

"ဘယ်တော့လဲ"

"မနက်ဖြန်ဆိုရင် အဆင်အပြေဆုံးပဲ"

"အဲဒီလောက် မမြန်နဲ့လေ ..."

"မမြန်ရင် ကျန်နေခဲ့မယ်နော်၊ စိတ်ကူးမမှားနဲ့ ... ကဲ ... တိုက် မှာလား ... တိုက်မှာလား"

"တိုက်မှာလား မတိုက်ဘူးလားလို့ မေးရမှာလေ"

"နိုးပါ ... ဒါက အပိုင်ခွင်၊ တိုက်ကိုတိုက်ရမှာ"

"အေးပါကွာ ... ဒါဆိုရင် တိုက်ရမှာပေါ့"

စိတ်လျှော့သံနှင့်ပြောနေသည့် နေမင်းခန့်ကို ကောင်းထက်ဇော်က ပျော်ရွှင်မြူးတူးဟန်အပြည့်နှင့် ကြည့်နေသည်။

"ဒါဆို ဘယ်ဘီယာစတောရှင်ကို ဂိုးမှာလဲ"

နေမင်းခန့်က ရုတ်တရက် အံ့သြသွားဟန်နှင့် ပြန်ကြည့်လိုက်သည်။ ပြီးမှ ...

"ဟ ... ဘယ့်စတောရှင်ကို ဂိုးရမှာလဲ၊ မလိုဘူးလေ ... ငါမင်းကို အဝတိုက်မှာက ရုပ်ရှင်ရုံရှေ့မှာ ကတောက် ... ကတောက်နဲ့ ခွက်ခေါက်ပြီး ရောင်းနေတဲ့ ရေခဲရေကွ"

ကောင်းထက်ဇော်တစ်ယောက် အကောင်းကြီးကနေ ရုတ်တရက် နတ် ဝင်ပူးသလိုလို လေငန်းဖမ်းသလိုလို ... ဝက်ရူးပြန်သလိုလို ဖြစ်သွားရှာတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက နေမင်းခန့်တို့အုပ်စု တစ်ညလုံး ဂစ်တာတီး သီချင်းဆိုကြသည်။ မနက်ခင်း အာရုံဆွမ်းလောင်းချိန်တိုင်အောင်ပင်။ နေမင်းခန့်ကတော့ အိပ်မရသည့်အတူတူ ဂစ်တာလေးကိုပိုက်ပြီး အိစက်မွန်အကြောင်း တွေးနေလိုက်သည်။

အိစက်မွန်နှင့်ခဏတာလေး အတူနေခဲ့ရရုံနှင့် သူမ သင်းပျံ့သည့် ကိုယ်သင်းနံ့က ခုချိန်ထိ သူ့အနီးဝန်းကျင်တွင် ဝေ့ဝဲနေဆဲဖြစ်သည်။ မည်သည့်လေပြေလေညှင်းကမှ သယ်ဆောင်မသွားဘဲ သူ့အတွက် ညှာတာစာနာတတ်ကြသည်ဟု ခံစားမိတော့သည်။

ထို့ပြင် ခဏတာ စကားလေးအနည်းငယ်ပြောခွင့်ရရုံနှင့် အတိုင်းအဆမဲ့ ပရမ်းပတာ ခုန်ချင်သည့်ရင် ... ခုတိုင်အောင် မငြိမ်ချင်သေး။

ထို့ကြောင့်ပင် ချစ်ခြင်းဖွဲ့တေးများစွာကို မရပ်မနား သီဆိုခဲ့မိသည်။ သူမ မျက်ကွယ်တွင် မမောနိုင် မပန်းနိုင် ရင်ဖွင့်ခံစားမိသည်။ သူမ ကြားနိုင်မည်မဟုတ်သော်လည်း သူ့ဝန်းကျင်တွင် ထင်ဟပ်ဆဲ သူမပုံရိပ်များပျော်ဝင်နစ်သိမ့်စေဖို့အတွက် ဖျော်ဖြေခွင့်ရသည်ဆိုလျှင်ပင် သူ ကျေနပ်တတ်နေခဲ့ပြီ ဖြစ်သည်။

ဘာလိုလို့နှင့်သူမသည် သူ့အတွက် ကြယ်စင်နတ်သမီး စမ်းရေစီးသံမွှေးရနံ့သင်းထုံ ချစ်ခြင်းနိမိတ်ပုံဘဝ ခဏအတွင်းပင် အစစ်အမှန်ရောက်နေခဲ့ပြီမို့။

ညဦးကတွေ့ဆုံခြင်း ညလယ်မှာမျှော်လင့်ခြင်း တမ်းတခြင်းနှင့်သည် ကိုယ့်စိတ်ကိုယ်ပြန်ဆန်းစစ်ခြင်းမှတစ်ဆင့် သူမအပေါ် သူ့ချစ်ခြင်းကို သတိထားမိသွားသည်။ မိုးသောက်ပိုင်းမှာတော့ လွှမ်းပိုင်ခွင့်မရှိသေးသော်လည်း အလွမ်းနုနုက သူ့ရင်ကို စိုးမိုးလာခဲ့သည်။

အချစ်မှာ အချိန်ကာလ ကန့်သတ်မှုရှိပါသလား ...
အချစ်မှာ အနေနီးဝေး အထားအသို သက်ရောက်သလား ...
အချစ်မှာ အနိမ့်အမြင့်ရဲ့ တုန့်ပြန်မှုရှိသလား ...
အချစ်မှာ ငွေကြေးပကာသနက ချယ်လှယ်မှုရှိသလား ...
ထိုအရာတွေရဲ့ အဆုံးမှာမှ ...
အနိုင်အရှုံးကို သတ်မှတ်ဦးမှာလား ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

အာရုဏ်ဦးတွင် ဆွမ်းခံကြွလာသော သံဃာတော်တသီတစ်တန်းကြီးကို ဖူးမျှော်ဆွမ်းလောင်းလှူခွင့်ရ၍ ကြည်နူးပီတိဖြစ်ရသည်။ ဒီမနက်တော့ ဆွမ်းလောင်းအလှည့်ကျသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုယ်တိုင် သူ့မဟေသီနှင့် အတူလာရောက်၍ ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလောင်းလှူ ကုသိုလ်ယူသည်။ သူတို့သမီး အိစက်မွှန်ကိုတော့ မခေါ်လာခဲ့ပါ။

လူငယ်အုပ်စုကတော့ ဆွမ်းလောင်းလှူနိုင်ရေး ကူညီစီစဉ်ပေးကြသည်။ တက်ညီလက်ညီ ကုသိုလ်ယူနေကြသည်မှာ ရပ်ကွက်တွင်းမှ ပြောင်အုပ်စု မွှေအုပ်စုမှ ဟုတ်ပါရဲ့လားဟု သံသယပွားရလောက်သည်။ အားလုံးပင် ကြွရွ ရရ လှုပ်ရှားနေကြသည်။

အားလုံး ဆွမ်းလောင်းလှူမှု ပြီးစီးချိန်တွင် ဦးဝင်းလွင်ဦးက ...

"ကဲ ... ဒီတစ်ပတ်လည်း အဆင်ပြေပြေ ပြီးသွားပြန်ပြီဟေ့၊ မင်းတို့ လူငယ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်ကွာ၊ ဘယ်လိုလဲ ... ည က အိပ်ကြရရဲ့လား"

"ဒီလိုပါပဲ ... တစ်ယောက်တစ်လှည့်စီတော့ မှေးရပါတယ်"

ဦးဝင်းလွင်ဦး မဟေသီက ...

"မင်းတို့လည်း ပင်ပန်းကြပါတယ်ကွယ် ... ကိုဝင်းလွင်ဦး ကလေးတွေကို လက်ဖက်ရည်ဘိုး ထုတ်ပေးလိုက်ပါဦး၊ ဆိုင်မှာ သွားစားသောက်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



စေ ... ပြီးမှ ဒီမှာ ကျန်တာတွေရှင်းပေါ့ ... ''

''ရပါတယ်ကွ ... မင်းဘာသိလို့လဲ၊ ပြီးရင် ဒီကောင်တွေက ဒီက ဆွမ်းကျန်ဟင်းကျန်တွေ စားကြမှာ ... လက်ဖက်ရည်ဘိုး မလိုပါဘူး၊ ဟုတ်တယ် မဟုတ်လားဟေ့ ... လာလာ မိန်းမ ပြန်မယ် ... ''

သူ့မိန်းမကို ရှင်းပြရင်း လူငယ်အုပ်စုကိုပါ သက်သေယူလှည့်ပြောကာ သူ့မိန်းမလက်ဆွဲလို့ အုပ်မှူး ကော့ပက် ကော့ပက်နှင့်ပြန်သွားသည်။

သူတို့အုပ်စုမှာသာ စားရသောက်ရတော့မလိုလိုနှင့် ပါးစပ်လေးတွေ ဟောင်းလောင်းဟကာ ကျန်ခဲ့ကြသည်။ အုပ်မှူးကို မေတ္တာပို့နေသည်မှာ သိသာ သည့် မျိုးဇော်က နေမင်းခန့်နှင့် ကောင်းထက်ဇော် ကြားသာရုံ။

''တောက် ... အမေ့အလိုသာဆို ငါတို့စားရမှာကွာ၊ တော်တော်ကပ် စေးနှဲတဲ့အုပ်မှူး''

''အောင်မာ ... အမေတဲ့ ... မင်းတော့ ကိုနေ ဗျင်းတော့မှာပဲ''

''အမေအရွယ်မို့ အမေခေါ်တာပဲ၊ စောစောစီးစီး မင်္ဂလာရှိပါတယ်ကွ၊ မဟုတ်ဘူးလား ကိုနေ ... ''

နေမင်းခန့်က မျိုးဇော်နှင့်ကောင်းထက်ဇော်တို့၏ အချီအချစကားကို မကြားယောင်ဆောင်ပြီး အားလုံးကြားသာအောင် ဖော်ပြောလိုက်သည်။

''လာကြပါကွာ ... ငါဒကာခံပါ့မယ်၊ အိုးခွက်တွေ ဆေးကြောပြီး ရင် လက်ဖက်ရည်ဆိုင် ချီတက်စို့ ... ''

ဒါတောင် မျိုးဇော်က အလွတ်မပေး။

''တော်သေးတာပေါ့ကွာ၊ ကိုယ်စားတာဝန်ယူပေးမယ့်သူပေါ်လာလို့ ယောက္ခမကိုယ်စားလို့ သဘောထားလည်း ရတာပေါ့ဗျာ''

''ဟေ့ကောင် ... မင်းအပေါက်ကိုပိတ်တော့၊ ဟိုကောင်တွေအုပ်စု အထာပေါက်ကုန်မယ်''

ကောင်းထက်ဇော်က မျိုးဇော်ကို ကြိတ်ဟောက်ရင်း ...

''ဒီလိုလုပ်ကိုနေ ... အားလုံးလည်း ဗိုက်ပြည့်အောင် ကိုနေလည်း ငွေအကုန်သက်သာအောင် ကျွန်တော်တို့အားလုံး ဆွမ်းကျန်ဟင်းကျန်ကို အရင် စားကြမယ်၊ ပြီးမှ ... လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်နှပ်မယ်၊ အိုကေ ... ''

www.burmeseclassic.com



ထို့နောက် အိုးခွက်ပန်းကန်များကို အမြန်တိုက်ချွတ်ဆေးကြောကြသည်။ ပြီးလျှင် ... ဆွမ်းကျန်ဟင်းကျန်များကို လင်ဗန်းနှစ်ချပ်တွင်ခွဲ၍ စုပုံထည့်ကာ ရှေးက ဒေါင်းလန်းကြီးများသဖွယ် လက်ရေတစ်ပြင်တည်း ဝိုင်းဖွဲ့လုယက်စားကြသည်။

"မျိုးဇော် လက်ဆေးခဲ့ရဲ့လား။ လင်ဗန်းထဲမှာ ဝိုင်းဖွဲ့စားရတာ မင်းလက်ညစ်ပတ်ရင် မစားနဲ့နော်"

"ဆေးပါတယ်ကွ ... ဒီမှာ ကြည့်ပါလား"

မျိုးဇော်က လက်ဝါးဖြန့်ပြီး လှည့်ပြရာ ...

"ဟော ... ဒီမှာကြည့်ပါလား၊ မင်းလက်ခုံမှာ အိုးမဲတွေ"

"အဟီး ... ဆေးတော့ဆေးတာပဲကွ၊ မပြောင်ဘူးဖြစ်သွားတယ်၊ လက်ခုံပဲကိစ္စမရှိပါဘူးကွာ ... မင်းတို့က စားနေကြပြီလေ၊ ကြာနေရင် ငါ ငတ်သွားမှာပေါ့၊ ဒါကြောင့် ... "

"ကဲ ... ဆက်စားကြပါတော့ကွာ၊ ဒီထမင်းနဲ့ဟင်းတွေကလည်း အဲဒီအိုးမဲပေတဲ့အိုးထဲက ထွက်လာတာပါပဲ"

နေမင်းခန့်စကားအဆုံးတွင် ဘာမှဆက်မပြောကြတော့ဘဲ ထမင်းကုန်းလွေးကြသည်။

"နောက်တစ်ခါကျရင် လက်နဲ့မစားဘဲ ဇွန်းနဲ့စားကြပေါ့ကွာ၊ ကျန်းမာရေးအတွက်လည်းကောင်းတာပေါ့"

ထိုစကားကိုတော့ ကောင်းထက်ဇော်က လက်မခံ။

"ငါတော့ မဖြစ်ဘူးကိုနေ ... ကျွန်တော်တို့လူငယ်အဖွဲ့ရဲ့စည်းလုံးညီညွတ်ရေး ပျက်သွားမှာပေါ့၊ သီချင်းတောင်ရှိသေးတယ်လေ ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်၊ လက်ရေတစ်ပြင်စီး၊ ရှေးကထက်ပိုချစ်ကြတယ် ဆိုတာ ခုလိုကျွန်တော်တို့ စုစားကြလို့ ပိုချစ်ကြတာ"

"ဟုတ်တယ် ... မင်းတို့သိပ်ချစ်ကြတယ်လေ၊ ရပ်ကွက်ရုံးမှာခေါ် အကြိမ်းခံရတဲ့အထိ ငြင်းကြကိုက်ကြတာ"

"အဲဒါက လွတ်လပ်စွာသဘောကွဲလွဲကြတာလေ၊ အချစ်မပျက်ကြပါဘူး"

"ဘာပဲဖြစ်ဖြစ် အခုစားပြီးလို့ လက်ဖက်ရည်ဆိုင်ရောက်ရင် ဝေဟင်ဟော်



www.burmeseclassic.com

www.burmeseclassic.com



ရည်အပြင် စီးကရက်လေးပါပါမယ်ဆိုရင် ကိုနေ့ကို ပိုပိုချစ်ကြဦးမှာ''

ဝေမျိုး၏ အပိတ်စကားကြောင့် အားလုံးဝိုင်းဟားလိုက်ကြသည်။

ထို့နောက် အားလုံး အခန်းကအစ သန့်ရှင်းရေးလုပ်ကာ သော့ခတ်၍ လက်ဖက်ရည်ဆိုင်သို့ ချီတက်ကြတော့သည်။ မျိုးဇော်က သော့ခတ်ရင်း လှမ်းအော်သည်။

''ဟေ့ကောင်တွေ ... (၃)လိမ်းထိပ်ကဆိုင်ကို သွားကြ၊ ဒီအချိန်ဆို ဦးစိန်ချိုမှူးက သူ့မိန်းမနဲ့ဖက်အိပ်လို့ကောင်းတုန်း၊ မိုးစင်စင်လင်းမှ သူ့ဆိုင်ကဖွင့်မှာ''

မျိုးဇော်က ရပ်စောင့်နေသည့် နေမင်းခန့်အနီးသို့ အမြန်လိုက်လာကာ ...

''ဒကာခံတာ ကျေးဇူးပဲ ကိုနေ ... နောက်တစ်ကြိမ် အုပ်မှူးရွေးပွဲမှာလည်း ခင်ဗျားယောက္ခမလောင်းကြီးပဲ ဖြစ်ရအောင် ကျွန်တော်တို့အုပ်စုမဲဝိုင်းပေးမယ်''

''အဲဒီအတွက် မဟုတ်ဘူးကွ၊ မင်း ဒီလိုပြောနေရင် ငါမလိုက်တော့ဘူးကွာ''

''မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားမကြိုက်ရင် မပြောတော့ဘူး၊ ခင်ဗျားစဉ်းစားကြည့်လေ၊ ကျွန်တော်တို့လမ်းမှ အနေခက်တာဗျ၊ ကြည့်လေ ... ကျွန်တော်တို့လမ်းထဲမှာ ဆယ်အိမ်မှူးလည်းရှိတယ်၊ ရာအိမ်မှူးလည်းရှိတယ်၊ ပြီးတော့ တစ်ရပ်ကွက်လုံးရဲ့ အုပ်ချုပ်ရေးမှူးကလည်း ကျွန်တော်တို့လမ်းထဲမှာပဲနေတယ် ဘယ်လိုချောင်တော့မလဲ ... ဟို(၄)လမ်းက ဆွမ်းလောင်းရုံဆိုရင် ဝေယျာဝစ္စလုပ်တဲ့လူတွေကို တစ်နေ့စရိတ် ဘယ်လောက်ဆိုပြီး ရှင်းပေးတာ၊ ခုလိုဆာလောင်ရင် သွားစားလို့ရတာပေါ့၊ ညကပဲကြည့်လေ ... ချဉ်ပေါင်ရွက်တစ်စီးဘိုးကအစ ခင်ဗျားယောက္ခမလောင်း ... အဲ ... ဦးဝင်းလွင်ကိုပြရတာ၊ မကျပ်ဘူးလား''

''မင်းတို့ကို စည်းနဲ့ကမ်းနဲ့ လုပ်တတ်ကိုင်တတ် သုံးစွဲတတ်အောင် လေ့ကျင့်ပေးနေတာ ဖြစ်မှာပေါ့ကွာ''

ရှေ့ရောက်နေသည့် စိုးလွင်ငြိမ်းက ...

''ကိုနေတို့ နှစ်ယောက် မြန်မြန်လာလေဗျာ၊ ဘယ်ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဖို့ တွက်ထိုးနေကြတာလဲ"

"လာနေပါပြီဟ ... သေဘပိတ်ရသေးလို့ပါ၊ ဘာလဲ ... မင်းကခုမှ ကိုနေ့ကို မျက်စိအောက်က အပျောက်မခံနိုင် ဖြစ်နေပြီလား"

"အေး ... ဒီနေ့အဖို့တော့ ကိုနေ လုံးဝပျောက်ကျန်နေခဲ့လို့ မဖြစ်ဘူးကွ ... ငါတို့အိတ်ထဲမှာ တစ်ယောက်မှ ပိုက်ဆံမပါဘူး"

"ဟော့ကောင် ... စောစောစီးစီးကြွားမနေနဲ့၊ မင်းယောက္ခမလောင်း ဒေါ်ခြောက်စောင်းကြားသွားဦးမယ်"

စိုးလွင်ငြိမ်း ဇက်ပုပြီး ခပ်ကုပ်ကုပ်လေး လစ်သွားသည်။

"မနက်စောစောစီးစီးပေမယ့် ငါလည်းမနေနိုင်လို့ မင်းကိုမေးရဦးမယ် မျိုးဇော်"

"ဘာလဲ ... အိစက်မွန်မှာ ရည်းစားရှိ မရှိ မေးမလို့မဟုတ်လား"

"ဟ ... မြန်လှချည်လား၊ ဘယ်အချိန်က မင်းနားထဲကိုရောက်သွားတာလဲ၊ ကောင်းထက်ဇော်ကိုတော့ ဖျားတယ်ကွာ"

"ဒီလိုပဲပေါ့ ... ကိုနေကလည်း ဟာသပဲဗျာ၊ ကောင်မလေးကို တွေ့တွေ့ချင်း ဘာတွေသွားမေးမှန်း မသိဘူး"

"မင်းတို့ပဲ တွေ့ဖို့အခွင့်အရေးက အရမ်းရှားပါးတယ်ဆိုကွ၊ ဒါကြောင့် ခွင်သင့်တုန်းလေး သွက်သွက်လက်လက် လှုပ်ရှားလိုက်တာ"

"ဒါတော့ ဒါပေါ့ဗျာ ... တဲ့တိုးကြီးကစ်လိုက်တော့ ဟိုကရှက်သွားမှာပေါ့"

"ဒါကြောင့် သူပြန်မဖြေတာ ဖြစ်မယ်"

"ဖြေစရာကို မလိုပါဘူးဗျာ၊ ကျွန်တော်တို့ပြောတာသာ ယုံလိုက်စမ်းပါ၊ သူ့မှာ ဘာရည်းစားမှမရှိဘူး။ သူ့အဖေက အိမ်ပေါက်ဝက စောင့်နေတာ၊ ယင်ကောင်တောင်မှ အဖိုလား အမလား စစ်မေးသေးတာ ... အမဆိုမှဝင်၊ အဖိုဆိုရင် ခပ်ဝေးဝေးကိုကိုးပဲ ... "

"သူကိုး ၅ တိုင်ဖြေတော့ ပိုနိုင်မာတာပေါ့ကွာ"

"ကဲပါဗျာ ... ကိုနေဘာသာပဲရင်းနေတာကို ရှုပ်အောင်လုပ်တော့ လောလောဆယ် မြန်မြန်လျှောက်၊ ဟိုကောင်တွေ ဆိုင်ရောက်လို့ လက်ဖက်ရည် တောင်သောက်ပြီးလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ... မင်းကို ငါမေးချင်တာ အဲဒါမဟုတ်ဘူးကွ"

"ဘာလဲ ... "

"အိစက်မွန်နဲ့ ဘယ်လိုအချိန်နေရာမျိုးမှာ နောက်တစ်ကြိမ် တွေ့ခွင့်ရနိုင်မလဲဆိုတာ မင်းခန့်မှန်းပေးနိုင်မလား"

"ခန့်မှန်းပေးနိုင်ပါတယ်၊ ဒါပေမဲ့ ... အန္တရာယ်ကင်းမကင်းကတော့ အခြေအနေကြည့်ပြီး ဆုံးဖြတ်ရဦးမှာ၊ ကိုနေကလည်း ရောဂါတက်ချင်တော့လည်း ချက်ချင်းပဲ ... ခုရေတွင်းတူး ခုရေကြည်သောက်ချင်နေတယ်"

"အခုကျောက်တွင်းတူးပြီး အခုကျောက်အောင် လော်ပန်ဖြစ်ချင်တာကွ"

"ကိုနေကတော့ တကယ်ပဲ ... မနိုင်ဘူး ... လာ ... လက်ဖက်ရည်ဆိုင်ရောက်မှ ဆက်ပြောမယ်"

"ခဏနေပါဦးဟ ... အိစက်မွန်သွားတတ်လာတတ်တဲ့နေရာတွေကို မင်းသိသလောက်ပြောပြစမ်းပါ ... ဘယ်အချိန် ဘယ်နေရာကိုသွားတတ်တယ် ဆိုတာကအစ မင်းသိမှာပါ"

"ရတယ် ... အဲဒါမျိုးကတော့ လေးငါးဆယ်ခုလောက်တောင် ပြောနိုင်သေးတယ်၊ အဲ ... သူ့ရဲ့အက်စ်ကော့တွေကို ရှင်းဖို့ပဲ ကိုနေ့ဘာသာစဉ်းစား"

"အခု ပြောပြပါဟ ... လက်ဖက်ရည်ဆိုင်ထဲရောက်သွားရင် ဟိုကောင်တွေ အုပ်စုနဲ့ ဖွပြီးသားဖြစ်သွားမှာ"

"အဲဒီတော့လည်း ဖွဘုတ်ပေါ် တင်လိုက်သလို သဘောထားပေါ့ဗျာ၊ စိတ်မပူနဲ့ ဘောစားပွဲမှာသီးသန့်ထိုင်ပြီး တိုးတိုးပြောမယ်၊ ဟဲဟဲ ... ကိုနေ့ဘက်က သိတတ်ရင်သာ ... "

"ခွေးကောင် ... အခု လက်ဖက်ရည်တိုက်ပြီလေ"

"ကျွန်တော်က သူများတကာနဲ့ မတူဘူးလေ၊ သီးသန့်စားပွဲမှာ ရှယ်အကျိုးဆောင်ရမှာဆိုတော့ မများပါဘူးဗျ၊ ပဲနံပြားတစ်ပွဲလောက်တည်းပါ"

နေမင်းခန့်က ရှုံ့မဲ့ပြီး ငြီးတွားလိုက်သည်။

"ဟင်း ... မုန့်ဆီကြော်က ဘယ်နားနေမှန်းမသိသေးဘူး ပိုက်ဆံအိတ်က ခါးပိုက်နှိုက်ခံနေရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဝေဒ်ချီးကျူလွန်းလို့သာ နှိုက်ရတာပါဗျာ၊ ကိုနေက မြွေပွေးခါးပိုက် ပိုက်မိချင်ပိုက်မိထားမှာ"

"ဘယ်မြွေပွေးကို ပြောတာလဲ"

"အိစက်မွှန်အဖေ အုပ်မှူးလေ"

ဓမ္မာရုံဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည့် စုပေါင်းဘုံကထိန်ပွဲအတွက် လမ်းသူလမ်းသားများကို အစည်းအဝေးခေါ်သည်။ တစ်အိမ်တစ်ယောက် မတက်မနေရ၊ ရပ်ကွက်အုပ်မှူးအမိန့်။ အစည်းအဝေးအချိန် ညရှစ်နာရီ၊ နေရာက ဓမ္မာရုံ။

နေမင်းခန့် ငှားနေသောအိမ်မှ အိမ်ရှင်ဘိုးတော်နှင့်ဘွားတော်တို့မှာ အတက်အဆင်း သိပ်မလှုပ်လို၍ တော်ရုံကိစ္စနှင့်အောက်မဆင်းကြ။ ထို့ပြင် နားကလည်း လေးကြသည်။ ထို့ကြောင့် အစည်းအဝေးတက်ရန်တာဝန်မှာ သူမှတစ်ပါး မရှိ။

ဓမ္မာရုံရှေ့သို့ နေမင်းခန့်ရောက်သည့်အချိန်တွင် ဓမ္မာရုံရှေ့၌ ကလေး ပေါင်းစုံ ကစားနည်းပေါင်းစုံနှင့် စည်ကားနေသည်။

ညရှစ်နာရီခွဲခန့်တွင် အစည်းအဝေးကို ဦးဆောင်ကျင်းပမည့် ရပ်ကွက် လူကြီးမင်းများ ကြွရောက်လာကြသည်။ ထိုအချိန်၌ ဓမ္မာရုံထဲတွင် အစည်းအဝေး တက်ရောက်လာသူများမှာ ဌေးမင်းခန့်အပါအဝင် လူကြီးလေးယောက်သာရှိသည်။ သူတို့ကိုကြည့်ပြီး အုပ်မှူး မျက်နှာမကောင်းတော့။

"ဟော့ ဆယ်အိမ်မှူး ... ဘယ်လိုလဲ ဒီအချိန်ထိ ဘယ်သူမှမလာ ကြသေးဘူးလား"

အုပ်ချုပ်ရေးမှူး၏ ဘဝင်မကျသံကို ဆယ်အိမ်မှူးကိုထွန်းဝင်းက ခေါင်း တချင်းချင်းကုတ်ရင်း ...

"အားလုံး ရောက်နေကြပါပြီဆရာ၊ ရောက်ကြောင်းလည်း လက်မှတ် ထိုးပြီးပါပြီ ... "

"ဒါဆို ဘယ်မှာလဲ လူတွေက ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ကစားနေကြတယ်လေ၊ အဲဒီကလေးတွေက တစ်အိမ်တစ်ယောက် မတက်မနေရဆိုလို့ လူကြီးတွေကိုယ်စား လက်မှတ်မျိုးစုံထိုးပြီး လာတက်ကြတာပါပဲ ... ဒါဆို ကျွန်တော် ကလေးတွေ အထဲခေါ်လိုက်ရမလား"

ဦးဝင်းလွင်ဦး ရှုံ့ရှုံ့ရဲ့ရဲ့ ဖြစ်သွားသည်။

"တောက် ... ဒီခွေးသား ဆယ်အိမ်မှူးနဲ့တော့နော် ... ဓမ္မာရုံထဲမှီလို့ ငါမဆဲချင်လို့၊ ဟင်း ... ဟိုဆယ်အိမ်မှူး နောက်တစ်ယောက် အေးမင်းရော ... "

ဆယ်အိမ်မှူး ထွန်းဝင်းက "ဟွန်း မဆဲချင်ဘူးတဲ့၊ ဆဲပြီးပြီကိုများ" ဟု မကျေမချမ်း ပွစိပွစိ ရေရွတ်နေသည်။

"ရောက်ပါပြီ ... အဲ ... ရှိပါတယ် သူကြီးမင်း ... အယ် အုပ်ချုပ်ရေးမှူးကြီး ... "

"ဟေ့ကောင် ... ငါ့ကို သူကြီးလို့မခေါ်ဖို့ ပြောထားတာမေ့ပြန်မလား၊ ဘယ်လိုလဲ ဒဏ်တတ်လိုက်ရမလား"

"မလုပ်ပါနဲ့ သ ... အုပ်မှူး၊ အဲ ... အုပ်ချုပ်ရေးမှူး၊ ကျွန်တော်က တိုတိုတုတ်တုတ် ခေါ်ချင်မိလို့ပါ၊ နောက် မဖြစ်စေရပါဘူး"

"ဟင်း ... ကြည့်လုပ် ... သတိထား၊ ခုမှ မင်းပျာပျာ ပျာပျာနဲ့ ဓမ္မာရုံထဲဝင်လာတာ ငါတွေ့တယ်နော် ... ခု ... မင်းတို့ဆယ်အိမ်မှူး နှစ်ယောက်တစ်ယောက်ကို တစ်လမ်းစီသွား၊ တစ်အိမ်ချင်းလိုက်ပြော ... ဒီကလေးတွေနဲ့ အလုပ်မဖြစ်ဘူး၊ လူကြီးတွေ လာခဲ့ကြပါလို့ ငါရပ်ကွက်အုပ်ချုပ်ရေးမှူး အမိန့်လို့ ... ကြားလား ... "

"ဟုတ် ... သူကြီး ... "

ဆယ်အိမ်မှူးနှစ်ယောက်က 'ဆလု' မရိုက်သော်လည်း မတ်ရပ်သတိအနေအထားဖြင့် သံပြိုင်အသံပြင်းပြင်းရွတ်ဆိုကြကာ ဓမ္မာရုံထဲမှ မပြေးရုံတမယ် အမြန်ထွက်ခွာသွားကြသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးကတော့ အနည်းငယ်ပါးပြဲခွင့်ရလိုက်သဖြင့် ကျေနပ်သွားလေသလားမသိ၊ ဂုဏ်ယူပြုံးကြီး ပြုံးကာ မနေမင်းခန့်တို့အုပ်စုဘက် လှည့်ကြည့်သည်။ ကျုပ်ရဲ့ဘုန်းကြောင့် ဆယ်အိမ်မှူးနှစ်ယောက် ဒုန်းစိုင်းပြေးကြတာ တွေ့တယ်မဟုတ်လားဟု ဆိုလိုချင်ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း ...

သူ့ဆယ်အိမ်မှူးနှစ်ယောက်၏ နောက်ဆုံးစကားကို ကြားလိုက်မိဟန် မတူ။ ကြားလိုက်လျှင် ဒေါပွကာ ခုန်ထဦးမည်။

နေမင်းခန့်က မျိုးဖော်တို့အခေါ် အုပ်မှူးဦးဝင်းလွင်ဦးကို အသားညို မောင်းမောင်းနှင့် နှုတ်ခမ်းမွှေးကားကားကြီးနှင့် တောရွာမှသူကြီးမင်းစတိုင်လ် စိတ်ကူးပုံဖော်ကြည့်မိသည်။

ထိုအခါ ဦးဝင်းလွင်ဦးမှာ စွပ်ကျယ်လက်စက အောက်ခံပေါ်တွင် ပင်နီဖျင်ကြမ်းတိုက်ပုံကို ရင်ဘတ်ဟဝတ်ထားပေမည်၊ အောက်ပိုင်းတွင် ပုဆိုး အနက်ကွက်တုံးကြီးကြီးနှင့် ခြေထောက်တွင်တော့ ဖိနပ်မပါ။ သျှောင်တစောင်း ကို ဖျင်ကြမ်းတဘက်ခေါင်းပေါင်းနှင့် သူ့တပည့် ဆယ်အိမ်မှူးကိုထွန်းဝင်းက သူ့နှလုံးပြူးကြီးကို ထမ်းလျှက်၊ ကိုအေးမင်းက သူ့အဆောင်အယောင်ငွေဓားကို ပိုက်လျှက် သုံးယောက်သား ခန့်ခန့်ကြီး တွေရပ်နေလိမ့်မည်။

ထိုအခါ သူကြီးဦးဝင်းလွင်ဦး၏ အိမ်မှာလည်း ငါးပင်ပတ်လည် ခြေ တန်ရှည်ကျွန်းအိမ်ကြီးဖြစ်ကာ၊ အိမ်အောက်ထပ်တွင် ခြောက်ပေါက်၊ ရှစ်ပေါက် ထိပ်တုံးများက မကြာခဏ ပြဿနာရှာတတ်သည့် သူ့အပါအဝင် မျိုးဖော်တို့ အုပ်စုကို မျက်စပစ်နေပေလိမ့်မည်။

သို့ဆိုလျှင် အိစက်မွန်မှာလည်း သူကြီးသမီးဖြစ်နေတော့မည်။ သူကြီး အိမ်ကို အလုပ်ကူလုပ်ပေးသလိုလိုနှင့် ကြံဖန်အကြောင်းရှာလာနေသည့် သူ့ကို သူကြီးသမီး အိစက်မွန်က အိမ်ပေါ်ထပ်လှေကားထိပ်မှ တိတ်တခိုးချောင်း အကြည့်တွင် သူကလည်း ခိုးကြောင်ခိုးဝှက် ငေးကြည့်မိ ... ။

"အဟမ်း ... အဟမ်း ..."

ဦးဝင်းလွင်ဦး၏ ချောင်းဟန့်သံပြင်းပြင်းကြောင့် လက်ရှိဘဝကို နေမင်း ခန့် ပြန်ရောက်ရသည့်အချိန်တွင် သူ့ဘေးတွင် အစည်းအဝေးတက်သူ လူစုံ တက်စုံရောက်နေပြီဖြစ်သည်မို့ သူ့အတွေးတွင် တော်တော်ခရီးလွန်နေပြီမှန်း သတိရမိသွားသည်။

ဦးဝင်းလွင်ဦးသာ အဟမ်းမကြမ်းလျှင် ခုလောက်ဆို နေမင်းခန့် အတွေးကမ္ဘာ၌ သူနှင့်အိစက်မွန်ဘဝ တော်တော်ကြည်နူးစရာကောင်းနေပြီ တော့မည်။ ပွတူးတူးလေးတွေတောင် ပွားစည်းနေတော့မည်။ သူ့အတွေးတွင်


www.burmeseclassic.com

www.burmeseclassic.com



သူကြီးမင်း ဦးဝင်းလွင်ဦးက တအားသဘောကောင်းလှသည်လေ။ သို့သော် ယခု အုပ်မှူး ဦးဝင်းလွင်ဦးကတော့ ...

အစည်းအဝေးသို့ လူကြီးများကိုယ်တိုင် မလာရောက်သဖြင့် သူဒေါသ ဖြစ်ရသမျှ အဟမ်း ကျယ်ကျယ်များကြားညှပ်လျှက် ဆက်တိုက်သွန်ချနေပါ တော့သည်။ ညကိုးနာရီသာ ကျော်သွားသည် မူရင်းအစည်းအဝေးကဏ္ဍကို မရောက်သေး။ လူကြီးကိုယ်စား ကလေးတွေလွှတ်လိုက်သည့်ကိစ္စကို ပြော၍ မဆုံး၊ ဆူ၍မဝသေးပေ။

ရာအိမ်မှူးက ကထိန်အစည်းအဝေးကို စဖို့ အကြိမ်ကြိမ်သတိပေးပါမှ အုပ်ချုပ်ရေးမှူးမင်းက အဟမ်း ... အဟမ်းဟု အစပြန်ဖွင့်ကာ လေသံကို ကီးချိန်းသည်။

"ဒီကနေ့ အစည်းဝေးခေါ်ရတဲ့ ကိစ္စကတော့ စုပေါင်းဘုံကထိန်ပွဲ ကျင်းပဖို့အတွက်ပဲ၊ အဟမ်း ... အဲဒီတော့ အဟမ်း ... ခင်ဗျားတို့ ကျွန်တော်တို့အနေနဲ့ အဟမ်း ... ဘာလုပ်ရမလဲဆိုတော့ ... အဟမ်း အဟမ်း ... အလှူငွေထည့်ရမယ်ပေါ့ဗျာ၊ အဟမ်း ... ဆိုတော့ကာ ..."

ထိုနေရာအရောက်တွင် ထုံးစံအတိုင်း ဒေါ်ခြောက်စောင်းကဏ္ဍ စတင် သည်။

"ထည့်ရမယ် ... အမ်မလေး ... ထည့်ရတာလည်း များနေပြီ၊ ဒါကြောင့် ကျွန်မနာမည် 'ကလျာနုတ္တွင်' ကို 'မထည့်' လို့တောင် ပြောင်းရတော့မယ် ဟင်း ... "

ဆယ်အိမ်မှူး ကိုထွန်းဝင်း အသံစာစာ စာစာချက်ချင်း ထွက်လာ သည်။ တရုတ်သိုင်းကားကို သတိရစရာပင်။

"အတင့်ရဲလှချည့်လား ... လူကြီးစကားပြောနေတယ်လေ"

ဒေါ်စလင်းဘော်ဒီက တစ်မျိုး။

"ဒါတော့ တစ်ရပ်ကွက်လုံးထည့်နေရတာပဲ၊ ရပ်နဲ့ရွာနဲ့နေတာ ထည့် သင့်တာထည့်ရမှာပေါ့"

"ကဲပါဗျာ ... ခင်ဗျားတို့က ကျုပ်လောက်မထည့်ရပါဘူး။ ရပ်ကွက် ထဲမှာ ကျုပ်အများဆုံး ထည့်နေရတာပါ၊ ကျုပ်ပြောဖို့လည်း ထားပါဦး ... ခု ဒီအစည်းအဝေးမှာဆိုလည်း ခင်ဗျားတို့ကိုထိုင်စောင့်နေရတဲ့ လူကြီးတွေကို ကျုပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စပွန်ဆာလုပ်ပြီး လက်ဖက်ရည်နဲ့စီးကရက်နဲ့ ရေနွေးကြမ်းနဲ့ ဧည့်ခံထားရတာ"

"ခင်ဗျား အဲလိုမပြောပါနဲ့ ဦးစိန်ချီးဗူး၊ ဒါ အကြောင်းတိုက်ဆိုင်သွားလို့ရပါ ... လိုအပ်မယ်ဆိုရင် ဟောဒီ ဘုတ် ... ဘုတ် ... ချင်ဝါးတို့က လူကြီးတွေတင်မက အစည်းအဝေးတက်ရောက်လာသူအားလုံးကိုတောင် လက်ဖက်ရည်နဲ့ ဒါနပြုလိုက်ချင်တာပါ"

သူ့ရင်ဘတ်ကြီးကိုပုတ်ကာ ပြောသည့် ကုန်စုံဆိုင်ပိုင်ရှင် ဦးချင်ဝါး အမူအရာကြောင့် အားလုံးပြုံးကြသည်။ လက်ဖက်ရည် အလကားသောက်ရမည်မို့လည်း တစ်ယောက်တစ်ပေါက် သူ့ဘက်ကို ထောက်ခံကြသည်။ ကာလေးမင်းများကပါ သဘောတကျ လက်ခုပ်တီးကြသည်။

ဤသို့ဖြင့် တစ်ယောက်တစ်ပေါက် ဆယ်ယောက်ဆယ်ပေါက်ဖြစ်ကာ အလုအယက် ငြင်းနေကြတော့ရာ ...

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦး၏ အဟမ်းသံ ပြင်းပြင်းထွက်လာမှပဲ ငြိမ်သွားကြတော့သည်။

"တော်ပြီဟေ့ ... တော်ပြီ၊ ခုနက ငါပြောရတာများလို့မောပြီး ငြိမ်နားထောင်နေတာ အကောင်းအောက်မေ့နေကြတယ်၊ ရပ်ကွက်သူ ရပ်ကွက်သားအချင်းချင်း စည်းလုံးချစ်ခင်ကြမယ်မရှိဘူး၊ အလကားနေရင်း တစ်ယောက်နဲ့တစ်ယောက် အနိုင်ယူဖို့ ဘက်ပြိုင်ဖို့နဲ့ စကားများနေကြတယ်၊ ငြိနေကြတယ်ဟင်း ... ငါသိပ်မပြောချင်ဘူးနော် ... ဆက်ပြောရရင် ညဆယ့်နှစ်နာရီထိုးသွားလိမ့်မယ်၊ ဒီတော့ အစည်းအဝေးကိစ္စကို ဆက်မယ် အဟမ်း ... "

"မပြောချင်ဘူးသာ့ပြောတယ်၊ သူတစ်ယောက်တည်းပြောတာ စီဒီတစ်ချပ်စာရှိပြီ"

အောင်စိုးဦးက တီးတိုးပြောပြီး သုတ်ခနဲ ထသွားကာ ဦးဝင်းလွင်ဦးကို တစ်စုံတစ်ရာ သွားပေးသည်။

"ဟေ့ကောင် ... ဒါဘာလဲ"

"ဦးပြောနေရင်းနဲ့ ချောင်းအရမ်းဆိုးနေသလားလို့ ... ဒါကြောင့် ရှေ့မဆက်နိုင်ဘဲ အချိန်တွေကုန်နေတယ်လေ၊ အဲဒါ ... ကွမ်းရွက်ခြောက်ဆေးလေး ပြေးဝယ် ... ဝယ်ပြီး ... "

အုပ်မှူးမျက်နှာ တဖြည်းဖြည်း တင်းမာလာပြီး အရှေ့လည်ချောင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



လာပြီမို့ အောင်စိုးဦးခမျှာ စကားကိုအဆုံးမသတ်နိုင်ရှာ။ တဖြည်းဖြည်း အသံတိုးတိုးဝင်သွားရသည်။

"နှင့်မေ ... ငါမွှာရုံထဲမှာမို့ မဆဲချင်ဘူးနော်၊ ဘယ်လိုကောင်မျိုးလဲမသိဘူး။ စကားဆက်ဖို့ လည်ချောင်းရှင်းတာကွ ... နားလည်ရဲ့လား၊ ရှော့မင်းဟာမင်းပဲ လာပြန်ယူ၊ မင်းပဲပြန်မျို"

အောင်စိုးဦးက ကုပ်ကုပ်လေး လာပြန်ထိုင်ရင်း တီးတိုးရေရွတ်သေးသည်။

"နားလည်သားပဲ ... ဟန်လုပ်ပြီး ချောင်းဟန့်နေတာ အသိသာကြီး၊ ဒါကြောင့် ... ရွှဲပြီးဝယ်ပေးတာ"

ကြားဖြစ်အောင်ကြားသည့် အပျိုလေးတစ်အုပ်က ကြိတ်ရယ်ကြသည်။ ထရှင်နေသည့် ကောင်မလေးအုပ်စုကို ဒေါ်ခြောက်စောင်းက မျက်စောင်းလှည့်ထိုးသည်။ မျိုးဇော်တို့အဖေက သူ့အနီးရှိ လူတစ်ဦးနှင့်စီးပွားရေးကိစ္စ တီးတိုးကြိတ်ဆွေးနွေးနေကြသည်။

အပျိုကြီးဝေမာခင်တို့အုပ်စုက ထိုင်ရတာကြာရှည်၍ ကျောတောင့်ရင်တောင့်ဖြစ်လာဟန်နှင့် ကိုယ်ကို ဟိုဘက်ဒီဘက် မသိမသာ လှည့်ရင်း၊ တဝါးဝါးသမ်းကာ လမ်းမဘက်ကို လှည့်ကြည့် လှည့်ကြည့်နှင့်အိမ် ပြန်ချင်ကြောင်း အသံတိတ်ဆန္ဒဖော်ထုတ်နေကြသည်။

ကျန်လူများမှာလည်း တိုးတိုး တိုးတိုးနှင့် နီးစပ်ရာ ထိုင်သူချင်း တွတ်ထိုးနေကြသည့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကတော့ စည်းဝေးပွဲ၏ အကြောင်းရင်းကို အာဘောင်အာရင်းသန်သန်ဖြင့် အားပါးတရ ပွားနေတော့သည်။

သေချာသည်မှာ ချောင်းလုံးဝ မဟန့်တော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

စည်းဝေးပွဲပြီး၍ အိမ်ပြန်ကြရသောအခါ ည ဆယ်နာရီခွဲလေပြီ။

နေမင်းခန့် အိမ်ပြန်ရောက်သောအခါ အိမ်ရှင်အဘက သူ့ကိုအပေါ် ထပ်သို့ခေါ်၍ အစည်းအဝေးပွဲကိစ္စ ရှင်းပြခိုင်းသည်။ နားလေးသည့် အဘကို တစ်မျိုး၊ အပြန်အပြန်အလှန်လှန် လှည့်ပတ်မေးတတ်သည့် အမေကြီးကိုတစ်မျိုး၊ အားစိုက်ရှင်းပြလိုက်ရရာ သူ့အခန်း ပြန်ရောက်တော့ ဆယ့်တစ်နာရီ ကျော်နေသည်။

သိပ်မအိပ်ချင်သေးသဖြင့် သူသီချင်းသွင်းရန် စုထားသောငွေများကို ပြန်ရေတွက်ကြည့်မိသည်။ ထိုငွေများရရန် သူအလုပ်ပေါင်းစုံ လုပ်ခဲ့ရသည်။ ယခု ကျန်းမာရေးကြောင့် အလုပ်နားပြီး ထိုင်စားနေသည်မှာကြာပြီ။ ငွေထုပ် လည်း တဖြည်းဖြည်း ကျုံ့လာပြီမို့ သူအလုပ်ပြန်လုပ်မှ ဖြစ်တော့မည်။ သူငယ် ချင်းတစ်ယောက်က သူ့တက်စီကို ညပိုင်းမောင်းရန် ပြောထားသည်။ နေ့ဘက် လုပ်မည်ဆိုပါက ဝတ်စားရှိုးပြရသော ဖက်ရှင်ရှော့ပ်တစ်ခုတွင် ပြောဆိုထားပြီး ဖြစ်သဖြင့် စိတ်ဝင်စားပါက ဝင်လုပ်ရုံပင်။

ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန် အလုပ်ကိစ္စအတွက် သူမြို့ထဲထွက်ရ မည်။ ယနေ့ညတွင် အနားယူထားမှဖြစ်မည်။ သို့သော်လည်း ...

သူမြတ်နိုးသော ဂစ်တာကိုကောက်ကိုင်လိုက်သည်နှင့် သီချင်းဆိုချင် လာသည်။ ပြီး ... သူမြတ်နိုးသော အိစက်မွန်အကြောင်း တွေးမိလိုက်ပြန်

www.burmeseclassic.com


ကာ အိစက်မွန်ကို အရိပ်အယောင်သော်မှ တွေ့ခွင့်ရပါက တွေ့မြင်ချင်လာသည်။

အတွေးနှင့်အတူ ဂစ်တာကို စတင်တီးခတ်လိုက်စဉ်မှာပင် အိမ်ထဲသို့ ကောင်းထက်ဖော် ဝင်လာသည်။

"ဒီည အပြင်ထွက်မတီးဘူးလား ကိုနေ ... "

"ဒီညတော့ နားဦးမလားလို့"

"နားလို့မရဘူး ... ဟိုမှာအားလုံးစောင့်နေကြတယ်၊ ဒီည အစီစဉ် ရှိတယ်ဗျ"

"ဘာအစီစဉ်လဲ ... "

"ကာလသားချက် ချက်စားကြမယ်လေ၊ ကြက်ကရပြီ၊ ဘူးသီးပဲလို တော့တယ် ... အဲဒါကလည်း ပြဿနာမရှိပါဘူး၊ ဦးဝင်းလွင်သီးအိမ်နောက် က ဘူးစင်မှာ ဘူးသီးတွေအလျှံပယ်ပဲ ... ဝင်မဖို့ပဲ လိုတာ"

"လုပ်ပြန်ပြီ ... ပြဿနာကို မီးထွန်းရှာပြန်ပြီ၊ ငါတော့မပါဘူးနော်၊ အေးဆေးပဲ နေပါရစေကွာ"

"ဘာလဲ ... ငါကညည့်သည်၊ ဖြစ်လာရင် ငါပဲခံရမှာ၊ ဘာညာနဲ့ဆို ညည်း ညည်းတော့မှာမဟုတ်လား၊ ဒီမှာ ... ကောင်းထက်ဖော်တစ်ယောက် လုံးပါပါတယ်ဗျ၊ ဘာမှမဖြစ်ရအောင် အဝင်အထွက်ကအစ စီစဉ်ထားပြီးသား၊ ကျွန်တော် အာမခံပါတယ်၊ လိုက်ဖြစ်အောင် လိုက်ခဲ့စမ်းပါ"

"မဖြစ်ဘူး ... မဖြစ်ဘူး..ခုတောင် မျက်ခုံးတွေလှုပ်လာပြီ၊ ငါလိုက် လို့ မဖြစ်ပါဘူးကွာ၊ ဝေးဝေးနေပါရစေ ... "

"ကျွတ် ... ခက်တာပဲဗျာ. ဒီလူတော့ ... ကဲ ... အိစက်မွန်ကို ကိုနေ မတွေ့ချင်ဘူးလား"

"ဟင် ... "

တစ်ခွန်းတည်းနှင့် နေမင်းခန့် စိတ်ဝင်စားလာပြီဆိုသည်ကို သတိထား မိသွားသည့် ကောင်းထက်ဖော်က မချိမခန့် ပြုံးလိုက်သည်။

"အိစက်မွန်အခန်းကို သရက်ပင်ပေါ်က တက်ချောင်းကြည့်ရင် အတိုင်း သားမြင်ရတယ်၊ ပြတင်းပေါက်မှာ သံပန်းရှိတော့ ပူအိုက်တာနဲ့ အမြဲလိုလို ဖွင့်ထားတတ်တယ်၊ ကျွန်တော် ဘူးသီးခူးနေတုန်းမှာ ကိုနေက အပင်ပေါ်တက် ပြီး ကိုနေမြင်ချင်နေတဲ့ဆန္ဒကို ခံစားနေရုံပဲ၊ ပြီး ... အဲဒီခြံထဲမှာ ဘယ်ခွေး


www.burmeseclassic.com

www.burmeseclassic.com



မှလည်းမရှိဘူး''

သူ ခဏငြိမ်စဉ်းစားနေသေးသည်။ လိုက်ကလည်း လိုက်ချင်သည်။ သူက ဘူးသီးကိုစိတ်ဝင်စားသည်မဟုတ်။ ကောင်းထက်ဇော်ပြောသကဲ့သို့ ခံစားချင်တာဖြစ်သည်။ သို့သော် ...

''မလိုက်ချင်တော့ပါဘူးကွာ၊ မိသွားရင် မင်းတို့အုပ်မှူးအကြောင်းလည်း သိရက်သားနဲ့ နောက်ပြီး ... အဲဒီလူက သူ့ဘူးသီးပျောက်တာကို ငြိမ်ခံနေမယ်ထင်လား၊ မနက်ကျရင် မင်းတို့ဘူးသီးခိုးမှု ပေါ်မှာပဲ''

''အောင်မယ်လေး ... သူ့ဘူးစင်မှာ ဘူးသီးကအများကြီး၊ အလုံးရေထားတာမှ မဟုတ်တာ၊ ဒီတိုင်းဝယ်သူရှိရင် ခူးရောင်းနေတာ၊ နှစ်လုံးလောက်လျော့လို့တော့ ဘယ်လိုမှ မသိနိုင်ဘူး''

''ငါသရက်ပင်ပေါ်တက်နေတုန်း မင်းငယ်ငယ်က မင်းကိုမိသလိုမျိုး မိသွားရင် ဘယ့်နှယ့်လုပ်မလဲ''

''ကျွန်တော့်တုန်းက နေ့ဘက်ကြီးလေ၊ ခုက ညဘက် ... ကိုနေ့ကို ပြူးပြဲကြည့်လို့တောင် မမြင်စေရဘူး''

အိစက်မွှန်ကို သူအရမ်းတွေ့ချင်ပါသည်။ ယခုလေးတင် တွေးမိနေသေးသည်။ သူမအဖေ မျက်နှာကြီး မြင်ယောင်မိပြန်တော့ တွန့်သွားရပြန်သည်။

''လိုက်မှာသာလိုက်ခဲ့စမ်းပါ ကိုနေရာ၊ အခွင့်အရေးဆိုတာ နှစ်ခါပြန်မလာဘူးနော် ... နောက်မှ တွေ့ချင်လွန်းလို့ပါဆိုပြီး ကျွန်တော့်ကို အပူလာကပ်ရင်တော့ ဆောရီးပါရှာလွဲလို့ ဘာမှမရနိုင်ဘူးနော်''

''ငါ ... ငါက စဉ်းစားနေတာကွ ... ''

''ကြာပါတယ်ဗျာ ... စဉ်းစားမနေနဲ့ လာ ... သွားမယ်''

နောက်ဆုံးတော့လည်း တွေ့ချင်စိတ်ကို မလွန်ဆန်နိုင်ဖြစ်ကာ ကောင်းထက်ဇော် ဆွဲခေါ်ရာ ရင်တထိတ်ထိတ်နဲ့ လိုက်လာခဲ့မိသည်သာ။

''ဟိုကောင်တွေထဲက တစ်ယောက်လောက် အဖော်ခေါ်ခဲ့ရင် မကောင်းဘူးလား''

''အဲဒီကောင်တွေက နှုတ်လုံတာမဟုတ်ဘူး။ ဒီကိစ္စမျိုးက လူနည်းလေကောင်းလေပဲလေဗျာ၊ ခင်ဗျား အိမ်နောက်ကနေ နောက်ဖေးလမ်းကြားကိုဝင်ရအောင်''

www.burmeseclassic.com



လမ်းကြားထဲတွင် တချို့အိမ်များမှ နောက်ဘက်တွင် မီးထွန်းထားသဖြင့် မှုန်ဝါးဝါးမြင်နေရသည်။

"အိစက်မွန်တို့ အိမ်နောက်ဘက်မှာ မီးထွန်းထားလား"

"အိမ်နောက်ဘက် ထွက်ပေါက်နားမှာပဲ တစ်လုံးထွန်းထားတာ၊ သိပ်မလင်းပါဘူး။ ဘူးစင်အောက်ဝင်မယ့် ကျွန်တော်ပဲ သတိထားရမှာ"

အိစက်မွန်တို့ အိမ်နောက်ဘက်တည့်တည့်သို့ ရောက်လာသည်။ အုတ်တိုင်နှင့်သံဇကာ စည်းရိုးကို အခိုင်အခန့် ပိတ်ထားသည်။ မီးဖိုဆောင်ဘက်မှ မီးမှုင့်အလင်းက ဘူးစင်ဘက်ဖြာကျနေသည်ကို မြင်ရသည်။ ကောင်းထက်ဇော်က အိမ်ဘက်ကို တစ်ချက်အကဲခတ်ပြီး သံဇကာစည်းရိုးကို ကုပ်ကပ်တက်ကာ တစ်ဘက်သို့ ခုန်ချလိုက်သည်။ နေမင်းခန့်က လေသံလေးဖြင့် ...

"ရှုတ် ... မင်းလို စည်းရိုးကို ငါမတက်တတ်ဘူး"

"ဒါဆို ခဏလေးစောင့်၊ ခြံစည်းရိုးတံခါးကို ဂျက်ဖြုတ်ပေးမယ်"

ကောင်းထက်ဇော် ဖွင့်ပေးသည့်တံခါးမှတစ်ဆင့် ခြံထဲအသာလှမ်းဝင်လိုက်သည်။ သူများခြံထဲသို့ အချိန်မတော် ခိုးဝင်မိပြီဆိုသည့်အသိက ဖျတ်ခနဲဝင်လာသဖြင့် ချက်ချင်း ရင်ခုန်သံ တဒိုင်းဒိုင်း ဖြစ်သွားသည်။

ထို့ကြောင့် ...

"ဖြစ် ... ဖြစ်ပါ့မလားကွာ၊ မိသွားရင် အရှက်တွေအကြီးအကျယ်ကွဲမှာ"

တုန်တုန်ယင်ယင်ဖြင့် ခပ်တိုးတိုးကြိတ်ပြောသည်ကို ကောင်းထက်ဇော်က တံတောင်နှင့်တွက်ခြင်းဖြင့်သာ တုန့်ပြန်ပြီး ဘူးစင်အောက်သို့ အသာငုံ့ဝင်သွားသည်။

သူပါ ဘူးစင်အောက်လိုက်ဝင်သွားပြီး ဘူးသီးရွေးနေသော ကောင်းထက်ဇော်ကို ...

"ငါ ဘာလုပ်ရမှာလဲ"

"ဟိုအိမ်ဘေးမှာ သရက်ပင်တွေ့လား၊ အဲဒီအပင်ပေါ်တက်လိုက်၊ ဟိုမှာ မီးလင်းနေတဲ့အခန်းက အိစက်မွန်အခန်းပဲ၊ သရက်ပင်အပေါ်ခွဆုံနဲ့အံကိုက်ပဲ ... သစ်ပင်တော့ တက်တတ်ပါတယ်နော်"

"အဲဒီလောက်တော့ ဖြစ်ပါတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ ပြန်ဆင်းလာချင်ရင် သရက်ရွက်လေးငါးရွက်လောက် ခြွေချလိုက် ... အောက်ကအခြေအနေ ရှင်းမရှင်းကြည့်ပြီးမှ ကျွန်တော် လက်ယပ်ပြမယ်၊ အဲဒီကျမှ ဆင်းခဲ့နော် ... ကဲ ... သွားတော့၊ အချိန်သိပ်မရှိဘူး"

သုံးလှမ်းခန့်လှမ်းပြီးမှ သူပြန်လှည့်လာပြန်သည်။

"သရက်ပင်ဆိုတာ ခါချဉ်အုံရှိတတ်တယ်ကွ ... ခါချဉ်ကိုက်ရင်တော့ ငါနေနိုင်မှာမဟုတ်ဘူး၊ အောက်ကိုပြန်ပြုတ်ကျမှာ"

"အချစ်အတွက်ပဲဗျာ ... ကြိတ်မှိတ်သည်းခံလိုက်ပေါ့ ... အဟီး"

"ဟော့ကောင် ... အသံပြုကြီးနဲ့ဟီမနေနဲ့ လူသိမယ်၊ မထူးပါဘူးကွာ ဘူးသီးသာခူးတော့ ... ပြီးရင်ပြန်ထွက်ကြမယ်၊ ငါစိတ်သိပ်မလုံတော့ဘူး"

"စိတ်မပူပါနဲ့ဗျ၊ ခင်ဗျားကိုနောက်နေတာပါ ... ခါချဉ်အတွက် ကျွန်တော်စီစဉ်လာခဲ့ပါတယ်၊ ဒီမှာ ... ရော့ ... ပြာထုပ်၊ ခါချဉ်တွေလာနိုင်တဲ့သစ်ကိုင်းတွေကို ပြာနဲ့ပက်တားလိုက်၊ မလာတော့ဘူး ... ခါချဉ်ကိုက်ရင်လည်း ပြာနဲ့ပွတ်လိုက် အေးဆေးပဲ ... "

သူ ပြာထုပ်ကိုလှမ်းယူပြီး ဂျင်းဘောင်းဘီခါးပတ်ကွင်းတွင် ချိတ်ထားလိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ကို အရိပ်အခြေကြည့်ပြီး သရက်ပင်ခြေရင်းကို ပြေးကပ်လိုက်သည်။ ပြီး ... သတိကြီးစွာထားကာ သရက်ပင်ပေါ် တက်လိုက်သည်။ အိမ်တစ်ထပ်စာခန့်အမြင့်တွင် တွေ့ရသည့် သစ်ပင်ခွဆုံတွင် နေရာယူလိုက်သည်။ ထိုနေရာနှင့်တံခါးဖွင့်ထားသည့် အိစက်မွှန်အခန်းပြတင်းပေါက်မှာ ကွက်တိဖြစ်နေသည်။

အိမ်နောက်ဘက်တွင် ထွန်းထားသည့် မီးရောင်က သူထိုင်နေရာ သစ်ပင်ပေါ်အထိမရောက်။ ထို့ကြောင့် ... ကောင်းထက်ဇော် ပြောသကဲ့သို့ သူထိုင်နေရာ ဝန်းကျင်ကို မီးဖိုပြာများ ပက်ဖြန်းကာ အကာအကွယ်ယူလိုက်သည်။ ခုတော့ ... အန္တရာယ်ကင်းကင်းဖြင့် ဖွင့်ထားသည့် ပြတင်းမှတစ်ဆင့် ချစ်ရသူကို ရှုစားတော့မည်။ သူထိုင်နေရာနှင့် ပြတင်းတံခါးမှာ လက်တစ်လှမ်းစာသာ ကွာသည့်ပုံ့ အခန်းထဲကို ရှင်းလင်းစွာ မြင်နေရသည်။

အခန်းထဲတွင် အိစက်မွှန်မရှိ။ အခန်းလေးမှာ အပျိုစင်အခန်းပီပီ သန့်ရှင်းသပ်ရပ်နေသည်။ သူငေးနေစဉ် အခန်းဝင်ထွက်တံခါးမှ ခန်းစည်းလေး ဆတ်ခနဲ လှုပ်ရှားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံကေသာဖားလျားကြီး ဝေ့ဝေ့ဝဲဝဲနှင့် အိစက်မွန်လှမ်းဝင်လာသည်။ လက်ထဲတွင် ကော်ဖီခွက်နှင့်ဝတ္ထုတစ်အုပ်နှင့်။ ကော်ဖီခွက်ကို ခုတင်ဘေးရှိ စားပွဲပေါ်တင်ကာ လူက ခုတင်ပေါ်တွင်ထိုင်သည်။ ပြီးနောက် ... စာအုပ်လေး ထပ်လိုက်၊ ကော်ဖီလေးသောက်လိုက်နှင့် ငြိမ့်နေသည်။

နေမင်းခန့်မှာတော့ ဆံကေသာ အုံ့ခဲခဲကြီးကြားမှ နုဖတ်ဝင်းစိုနေသည့် မျက်နှာလေးကို ငေးမောရင်း မချင့်မရဲစိတ်တွေ ရှုန်းကြွလာနေသည်။

ရွှေလေ ယဉ်လေ ပြစ်မျိုးမဲ့မထင် အလှမို့ ရှုမဝ၊ ငေးမဝ ဖြစ်နေမိရာ ခါချဉ်များ၊ သူ့ကိုယ်ပေါ် နယ်ချဲ့ကျူးကျော်လာသည်ကိုပင် သတိမထားမိနိုင်။ အကိုက်ခံရမှ အသိဝင်ကာ ပြာဖြင့် ကပျာကယာ ပွတ်ရသည်။ ခါချဉ်များနှင့် သူ့အလုပ်ရှုပ်နေစဉ် အောက်ဖက်မှ လှုပ်ရှားသံကို ကြားလိုက်ရသည်။

အိစက်မွန်တို့အိမ်တွင် အိမ်သာကို မီးဖိုဆောင်နှင့်မတွဲထား။ ခြံဝင်း ထောင့်တွင် ကပ်ဆောက်ထားသည်။ လှုပ်ရှားသံမှာ မီးဖိုဆောင်တံခါးကို ဖွင့် ထွက်လာသည့် အိစက်မွန်အမေထံမှ ပေါ်လာခြင်းဖြစ်သည်။ အိမ်သာသို့ အပေါ့ အပါးသွားရန် ထွက်လာခြင်းဖြစ်သည်။

ကောင်းထက်ဇော်ထံ လှမ်းငုံ့ကြည့်လိုက်ရာ ဘူးစင်ပင်ခြေတွင်ကပ်ပြီး ဝပ်နေသည်ကိုတွေ့ရသည်။ ရှုးထားပြီးသည့် ဘူးသီးနှစ်လုံးကို အနားသို့ဆွဲသွင်း ချိန်ရလိုက်ဟန်မတူ။ ထိုဘူးသီးနှစ်လုံးမှာ သူနှင့်လက်တစ်ကမ်းအကွာ မြေပြင် ပေါ်တွင် ထီးတည်းကြီး တုံးလုံးပက်လက်မို့ ပေါ်တင်မြင်နေရသည်။

အိစက်မွန်အမေက အိမ်သာဘက်သို့ မသွားဘဲ၊ သယ်လာသော ရေပုံး ထဲမှ ရေနှင့်ဘူးပင်ခြေရင်းကို လောင်းချသည်။ ထို့ကြောင့် ဘူးပင်ခြေတစ်ဘက် ခြမ်းတွင်ဝပ်နေသော ကောင်းထက်ဇော်မှာဆက်၍ ပုန်းမနေသာတော့ဘဲ ပုဆိုး ခြုံကာ နောက်ဘက်ခြံတံခါးဆီ ကမူးရှူးထိုး ထပြေးသည်။ ထိုအခါမှ သူ့ကို သတိထားမိသွားသည့် အဒေါ်ကြီးက ...

"အမလေး ... သရဲ ... သရဲ ... ဟုတ်ပါဘူး၊ သူခိုး ... သူခိုး ကိုဝင်းလွင်ရေ သူခိုးတော့ ... လာကြပါဦးတော် ... သူခိုး"

ခြံတံခါးဖွင့်ပြီး နောက်ဖေးလမ်းကြားအတိုင်း တစ်ချိုးတည်း လစ်သွား ရသော ကောင်းထက်ဇော်ကိုကြည့်ကာ သစ်ပင်ပေါ်က နေမင်းခန့်တစ်ယောက် ကြက်သီးတဖြန်းဖြန်းထပြီး ကြောက်သေး တမြန်းမြန်းထွက်ကျသွားတော့

www.burmeseclassic.com



သည်။

လက်ထဲတွင် တုတ်ကြီးတစ်ချောင်းကိုင်လျက် ဦးဝင်းလွင်ဦး အိမ်ထဲမှ ပြေးထွက်လာသည်။ ဘေးအိမ်များမှလည်း လက်နက်ကိုယ်စီစွဲကာ တံခါးများ ဝုန်းဒိုင်းဖွင့်လျက် ပြေးထွက်လာကြသည်။

"ဘယ်မှာလဲဟေ့ သူခိုး ... "

"ပြေးပြီ ... နောက်ဘက်ခြံတံခါးဖွင့်ပြီး ပြေးတာ"

"တောက် ... လူကြားလို့မကောင်းကွာ၊ ရာရာစစ ငါလိုလူကြီးအိမ်မှ သူခိုးဝင်ရတယ်လို့ ... ဒီသူခိုး မိလို့ကတော့ကွာ ထိပ်တုံး ... အဲ ... ဟုတ်ပေါင် ... တစ်စစီအရေခွဲဆုတ် ... အယ် ... ဒါလည်းမဖြစ်သေး။ ရဲစခန်း အပ်ပစ်ရမယ်"

အရေးထဲမှာ သူခိုးကို နှိပ်ကွပ်ဖို့အရေး ပုဒ်မတတ်မရသေး ဖြစ်နေသည်။ အုပ်ချုပ်ရေးမှူးကို သစ်ပင်ပေါ်မှ အတိုင်းသားကြားနေရသည့် နေမင်းခန့် အသံထွက်ရယ်ချင်သွားသဖြင့် အတင်းဘရိတ် အုပ်လိုက်ရသည်။ ထိုအဖြစ်ကြောင့်ပင် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းပြေးလမ်းကို အေးအေးဆေးဆေး ရသွားရှာမည့် ကောင်းထက်ဇော်အတွက် ဝမ်းသာမိသည်။

"ဦးဝင်းလွင် ... ဘာဖြစ်တာလဲ"

"သူခိုးဝင်လို့ဟေ့"

"ပြေးပြီလား ... ဘယ်ဘက်ကိုပြေးလဲ"

"နောက်ဖေးလမ်းကြားအတိုင်း ပြေးတာပဲ ... မင်းတို့လိုက်နှင့်ကြစမ်းကွာ၊ မီးမဓာတ်မီးယူစမ်း ... ငါလည်းလိုက်ခဲ့မယ်"

"လိုက်မယ်ဟေ့ ... လိုက်ကြ ... လိုက်ဟေ့ ... သူခိုးတွေ့ရင် ရှေ့က ဖမ်းထားကြပါဟေ့"

ရုတ်ရုတ်သဲသဲနှင့် အော်သူကအော်၊ ဟစ်သူကဟစ်၊ လက်နက်တပြင်ပြင်နှင့် နောက်ဖေးလမ်းကြားအတိုင်း ပြေးထွက်သွားကြသည်။ နောက်မှရောက်လာသည့် အိမ်နီးချင်းသုံးယောက်က ...

"ဦးဝင်းလွင် ... ကျုပ်တို့က ရှေ့ဘက်ကပိုင်းပတ်ဖမ်းရင်ကောင်းမယ်ထင်တယ်"

"အေး ... သူခိုးက ခုမှဝင်လာကာစပဲကွ၊ အိမ်ထဲဝင်ဖို့ ဝတ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



နေတာဖြစ်မယ် ... ငါတို့မအိပ်သေးလို့ စောင့်နေတာလားမသိဘူး"

"ဟုတ်တယ်လေဗျာ ... ကျွန်တော်တို့ဘေးအိမ်တွေလည်း ဘယ်သူမှမအိပ်ကြသေးဘူး"

"ဟုတ်ပ ... ကျွန်တော်တို့အိမ်မှာလည်း အားလုံးတီဗွီကြည့်နေကြတုန်း"

"အဲဒါပြောတာပေါ့ကွ ... ငါ့မိန်းမအပြင်ထွက်လာတာနဲ့ တိုးပြီးလက်ဗလာနဲ့ ပြန်ပြေးရတာဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ်ဗျာ ... ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်လုံးအိမ်ကိုများ လာဝင်ခိုးရဲရသေးတယ်လို့ မိရင်တော့ ကောင်းကောင်းဆုံးမပေးရမယ်ဗျ"

"ဟုတ်တယ် ... ဒါတော့ ဟုတ်တယ်ဗျ"

"နေကြဦးကွ ... လက်လွန်ခြေလွန်တော့ လုပ်လို့မဖြစ်ဘူး။ ဥပဒေအတိုင်းဖြစ်အောင်တော့ စီရင်ရလိမ့်မယ်"

တစ်ယောက်တစ်ပေါက် ဝေဖန်ဆွေးနွေးကြသည်မှာ မဆုံးနိုင်တော့။ သစ်ပင်ပေါ်မှာငြိမ်ပြီး နားထောင်နေသည့် နေမင်းခန့်တစ်ယောက် ကိုယ့်ဒုက္ခကိုယ်မေ့ပြီး ပြုံးချင်ချင်ဖြစ်လာသည်။ ကြည့်လေ ... သူခိုးဖမ်းမည့်လူများကဆွေးနွေးနေကြသည်မှာ သူခိုးကောင်းထက်ဖော်တစ်ယောက် အိမ်ထဲရောက်၍အိပ်ရာထဲတွင် နပ်နေလောက်ပြီ။ သူတို့က ဟန်ရေးပြင်၍ကောင်းတုန်း ထိုအဖြစ်ကို အိစက်မွန်အမေကလည်း သတိထားမိသွားသည်။

"ဒီမှာ ကိုဝင်းလွင် ... တော်တို့ဒီည သူခိုးနောက်လိုက်ဖြစ်ကြဦးမှာလား"

"ဪ ... အေး ... တို့ကရှေ့ဘက်ကပတ်လိုက်ကြမှာလေ၊ ကဲမိန်းမ ... နောက်ဖေးတံခါးကို ဂျက်ပြန်ချပြီးသော့ခတ်၊ ပြီးရင် ရှေ့တံခါးလာပိတ်၊ ဟာ ... မင်းတစ်ယောက်တည်း မဖြစ်ပါဘူးကွာ၊ သန်းအောင် ... မင်းနေခဲ့ပြီး ခြံတံခါးလုံအောင် ပိတ်ပေးလိုက်ကွာ"

"ဟုတ်ကဲ့ ဦးလေး ... "

"သမီးရော ... သမီး အိမ်ပေါ်မှာလား"

သစ်ပင်ပေါ်မှ နေမင်းခန့် လှမ်းကြည့်လိုက်တော့ အခန်းထဲတွင် အိ



www.burmeseclassic.com

www.burmeseclassic.com



စက်မှုန်မရှိတော့ အော်သံဟစ်သံများကြောင့် အိမ်အောက်သို့ ပြေးဆင်းသွားဟန် တူသည်။

"သမီး မီးဖိုထဲမှာရှိတယ် ဖေဖေ ... မေမေ လန့်သွားတာ ပြေသွားအောင် သံပုရာရည်တိုက်မလို့ ဖျော်နေတယ်"

"အေး ... အေး ... ဟုတ်ပြီ၊ ငါတို့လည်း အိမ်ရှေ့တံခါးက ထွက်စို့"

ထိုအချိန်တွင်မှ အောက်တွင် ဖြစ်ပျက်သမျှကို လိုက်ငေး၊ လိုက်တွေး လိုက်ဟားချင်ခဲ့သမျှ ကိုယ့်ကိုယ်ကိုယ် စိုးရိမ်ရကောင်းမှန်း သိလာသည်။ ပြန်ဆင်းပြေး၍လည်း မဖြစ်တော့။ ကိုသန်းအောင်က နောက်ဘက်ခြံစည်းရိုးတံခါးကိုဂျက်ထိုးပြီး သော့ပါခတ်နေသည်။ အိမ်ရှေ့ဘက်တွင်လည်း အိမ်နီးချင်းတွေ စုပြုံရောက်နေလောက်ပြီ။ ထိုရှေ့ဘက်လမ်းကြောင်းကလည်း ဘယ်လိုမှမဖြစ်နိုင်တော့။

သူ့ဘဝ၏ အကျဉ်းကျပ်ဆုံး ဒုက္ခများထဲတွင် တစ်ဒုက္ခအဖြစ် စာရင်းဝင်သွားနိုင်သည့် အခြေအနေကို ရောက်လာနေသည်။

စိတ်ထဲတွင်တော့ ကောင်းထက်ဇော်ကိုသာကြိတ်ပြီး ကျိန်ဆဲနေမိသည်။ ကောင်းထက်ဇော်ခမျာလည်း တည့်တည့်ကြီး ရုတ်တရက် ဝင်တိုးလာသည့် ဒုက္ခအိုးကြီးကြောင့် အမြန်လစ်ပြေးသွားရခြင်းမို့ အပြစ်ဆိုရမှာ ခပ်ခက်ခက် ဖြစ်နေသည်။

သူ့ဘဝတော့ ဒီသစ်ပင်ပေါ်တွင် ရေစုန်မျောလေပြီ။ တစ်ညလုံး ငုတ်တုတ်ဖြစ်တော့မည်။ သစ်ပင်ပေါ်တွင် မျောက်လိုထိုင်ပြီး ဇီးကွက်လို မှိုင်နေတော့မည်။ သူတာဝန်ယူပါသည်ဟု အကြိမ်ကြိမ် အထပ်ထပ် အာမခံကာ ခေါ်လာသည့် ကောင်းထက်ဇော်ကတော့ လွတ်ရာကျွတ်ရာ အရပ်တွင် ကောင်းကောင်းနှပ်နေလောက်ပြီ။

ဒီတစ်ကြိမ်တွင်တော့ သူ့ဘဝက ငရုတ်သီးနှင့်ပေါင်း၍ အတောင်းခံရသည့် ကြက်သွန်မဟုတ်တော့။ အထောင်းခံရနိုင်ခြေများမှန်း သိသိကြီးနှင့် ဆပ်စလူးခါပြီး အတင်းလာအတောင်းခံသလိုဖြစ်သည်။ အစပထမတော့ ဇာတ်ခုံ တန်းငြင်းဆန်နေခဲ့ပြီးမှ အိစက်မှုန်ကို တွေ့မြင်ခွင့်၊ ငေးမောခွင့် ... မပိုလေး နှင့် မြူဆွယ်လိုက်သည်နှင့် ကောင်းထက်ဇော်၏နောက် ကောက်ကောက်ပါအောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မိသည်။

ညမှောင်မှောင်အောက်တွင် နောက်ဖေးလမ်းကြားမှ မြွေမကြောက်၊ ကင်းမကြောက် သရက်ပင်ပေါ်မှ ခါချဉ်မကြောက်၊ ချစ်ရသူ အနီးအပါး စွန့်စွန့်စားစားရောက်ခဲ့ရသော်လည်း ယခုထပ်ရောက်ရပြန်သည်က ဒုက္ခသာဖြစ်နေသည်။ သို့သော်လည်း ...

ချစ်သူကို သူမ၏ချစ်စဖွယ် လှုပ်ရှားဟန်လေးများကို အတန်ကြာ ရှုမြင်ခွင့် ငေးမောခံစားခွင့်လေးရခဲ့သည်မို့ ဒီညအဖို့ တန်ပါသည်ဟု တွေးတော မိကာ စိတ်သက်သာရာရပြန်သည်။ ထိုမြင်ကွင်းဟောင်းလေးကိုပင် ပြန်လည် စိတ်ကူးပုံဖော်ကာ ပိတ်ကို စားမြုံ့ပြန်ရင်း သစ်ပင် ပင်စည်ကိုမှီလျက် ခဏတောင် အိပ်ပျော်သွားလေသည်လားမသိ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

နေမင်းခန့် ဖျတ်ခနဲ အသိဝင်လာချိန်တွင် လက်မှနာရီကို ကြည့်မိရာ ဆယ့်နှစ်နာရီခွဲနေပြီ။ သူ တစ်နာရီခန့် အသိပျောက်သွားသည်။ သစ်ပင်ပေါ်မှ ပြုတ်မကျသည်မှာ ကံကောင်း၏။ ခွဆုံကောင်းကောင်းဆိုသော်လည်း မိမိအိပ်ရာ အမှတ်နှင့် လိမ့်လိုက်မိပါက မတွေးဝံ့စရာ။ ဆယ်ပေကျော်ကျော် အမြင့်ရှိလေသည်။

အိစက်မွှန်အခန်းကို လှမ်းကြည့်မိရာ စာပြန်ဖတ်နေသည်ကို တွေ့ရသည်။ သူခိုးဖမ်းမမိ၍ ပြန်လာသည့် အဖွဲ့များလည်း ကိုယ့်အိမ်ကိုယ်ပြန်အိပ်နေကြပြီထင်သည်။ စကားမပြောသံ၊ လှုသံ လုံးဝတိတ်ဆိတ်နေသည်။ ထိုအခိုက် ဦးဝင်းလွင်ဦး အိမ်နောက်ဘက်သို့ထွက်လာပြီး အိမ်သာသို့သွားသည်။ ထို့နောက် ခြံထဲလှည့်ပတ်စစ်ဆေးစဉ်*သူမိန်းမပါထွက်လာပြီး အိမ်သာသို့ သွားသည်။ သူတို့နှစ်ယောက်ပြန်ဆုံစဉ် ...

"ကိုဝင်းလွင် နောက်ဘက်ခြံတံခါး ပြန်စစ်ပြီးပြီလား"

"စစ်ပြီးပါပြီကွာ ... တစ်ခြံလုံးရော၊ စတိုခန်းပတ်ဝန်းကျင်ပါ စစ်ပြီးပြီ၊ ဒီညတော့ အဲဒီသူခိုး ပြန်မလာပ်တော့ပါဘူး၊ လာ ... အထဲဝင် အိပ်ကြစို့ ..."

နောက်တစ်နာရီခန့်အကြာတွင် တစ်ရပ်ကွက်လုံးသာမက ဦးဝင်းလွင်တို့ တစ်အိမ်လုံးပါ လုံးဝတိတ်သွားသည်။ လှုသံ လှုသံ ချွေးသံကအစ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မကြားရတော့။ ဦးဝင်းလွင် ခြံထဲလှည့်ကြည့်နေစဉ် ဘူးစင်အောက်မှ ကောင်းထက်ဇော် ခူးပြီးချထားသည့် ဘူးသီးနှစ်လုံးကို မတွေ့သွားခဲ့သည်မှာ အထူးကံကောင်းသည်။ တွေ့ခဲ့ပါက အရစ်ရှည်ပြီး တစ်ညလုံးမအိပ်ဘဲ ဘူးစင်အောက်ထိုင်စောင့်နေလျှင် သူပါ ဒုက္ခရောက်မည်။ သစ်ပင်ပေါ်မှ လှုပ်တောင်လှုပ်ရဲမည်မဟုတ်။

ယခုလည်း ခြံပြင်သို့ ရောက်ရေး ဘယ်လိုကြံရမှန်း မသိသေး။ သူကလည်း ခြံစည်းရိုးကို ကျော်ထွက်တတ်သည်မဟုတ်။ အကြံထုတ်ရင်း အိစက်မွှန်အခန်းကို ပြန်ငေးမိသည်။ ညနှစ်နာရီနီးပါးအထိ သူမ စာဖတ်နေဆဲဖြစ်သည်။

သူ ကြည့်နေစဉ်မှာပင် စာအုပ်ဖတ်၍ ပြီးသွားဟန်တူသည့် စာအုပ်ကိုစားပွဲပေါ်လှမ်းတင်ကာ ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် စန့်စန့်ရန်ရန်တစ်ချက် အားရပါးရ သမ်းဝေလေသည်။ မမျှော်လင့်ဘဲ တွေ့မြင်ခွင့်ရသည့်ရှိုက်ဖိုကြီးငယ်ကောက်ကြောင်းအသွယ်သွယ်ကြောင့် နေမင်းခန့် ရင်ခုန်သံများကသောင်းကနင်း ဖြစ်ကုန်သည်။

ထိုအခိုက် အိပ်ရာပေါ်မှ အိစက်မွှန် ထလာပြီး မှန်တင်ခုံရှေ့တွင်ရပ်သည်။ ဆံပင်များကို စုစည်းသိမ်းချည်လိုက်ပြီး တစ်ပတ်သျှိုထုံးလိုက်သည်။ ပြီးနောက် မှန်ရှေ့မှမခွာသေးဘဲ မျက်နှာအမူအရာ အမျိုးမျိုးလုပ်ကာ မင်းသမီးများ အိုက်တင်လေ့ကျင့်သကဲ့သို့ အမျိုးမျိုးပဲ ပေးနေသည်။ မေးလေးထောက်လိုက်၊ ရင်လေးမောက်လိုက်၊ ပြုံးလိုက်၊ ရယ်လိုက်၊ မဲ့လိုက်၊ ပြူးကြည့်လိုက်မှေးကြည့်လိုက်။

ပြီးမှ ကျေနပ်အားရသွားဟန်နှင့် လှည့်ထွက်သွားကာ ဗီရိုတံခါးဖွင့်၍ညဝတ်ဂါဝန်ကို ထုတ်ယူသည်။ ပြီးလျှင် ... အပေါ်အင်္ကျီကို ကြယ်သီးဖြုတ်၍ ချွတ်ချလိုက်ရာ နေမင်းခန့်ထံမှ ဂလုခနဲ ကိုယ့်တံတွေးမြည်သံ ကိုယ်ပြန်လန့်လောက်အောင် ကျယ်လောင်စွာ ထွက်ပေါ်လာသည့်အချိန်တွင် ဖျတ်ခနဲ မီးပျက်သွားတော့သည်။

အိစက်မွှန် အခန်းတွင် မှောင်ကျသွားတော့သည်။ နှစ်မိနစ်ခန့်အကြာတွင် မီးပြန်လာသည်။ အိစက်မွှန် ကိုယ်ပေါ်တွင် ညဝတ်ဂါဝန်ကြီးကို လုံ့လယ်ဝတ်ဆင်ထားပြီးဖြစ်နေသည်။ ချွတ်လိုက်သည့်ထမိန်နှင့်အင်္ကျီကို အဝတ်လှမ်းစင်တွင် သေသေသပ်သပ် ဖြန့်လှမ်းသည်။ ပြီးနောက် ကိုယ်လုံးပေါ်မှန်ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြန်သည်။

မှန်ရှေ့တွင် စင်ဒရဲလား မင်းသမီးလေးလို ဂါဝန်ကြီး ဝဲခနဲ ဝဲခနဲ ဖြစ်သွားအောင် ခန္ဓာကိုယ်ကို တစ်ပတ်ပြီးတစ်ပတ်လှည့်နေသည်။ သူမကတော့ ညဉ့်နက်ချိန်မို့ သူမကို စောင့်ကြည့်နေသူတစ်ဦးမှ ရှိလိမ့်မည်မဟုတ် အထင်ဖြင့် လွတ်လပ်စွာ လှုပ်ရှားနေခြင်း ဖြစ်ပေမည်။

နေမင်းခန့်ကတော့ စိတ်မထိန်းနိုင်ဘဲ ခွိခနဲ ရယ်လိုက်မိသံ ကျယ်လောင်သွားသည်။ အိစက်မွန် သတိထားမိပြီး ဆတ်ခနဲ ပြတင်းဘက်ကိုလှည့်ကြည့်သည်။ သူပင်စည်ကို ပိုမိုတိုးကပ်ပြီး သစ်ရွက်အချို့နှင့်ကွယ်ရန် ကြိုးစားရသည်။

အိစက်မွန်က ပြတင်းပေါက်နားသို့လျှောက်လာပြီး အပြင်ကိုလှမ်းကြည့်သည်။ သရက်ပင်ကိုလည်းကြည့်သည်။ နေမင်းခန့်ထိုင်နေသည့်နေရာမှာ အမှောင်ရိပ်ကျနေသဖြင့် မြင်နိုင်လိမ့်မည်ဟုမထင်။ သို့သော်လည်း ... သူ့ရင်တွင် စိုးရိမ်စိတ်နှင့် တဒိုင်းဒိုင်းခုန်သွားသည်။

အိစက်မွန်က သူ့ကိုမမျှော်လင့်ဘဲမြင်သွားပြီး ရုတ်တရက် အလန့်တကြားထအော်လိုက်မှဖြင့် သစ်ပင်ပေါ်မှ သူ့ဘဝ ကွိခနဲ အမိခံရဖို့သာရှိတော့သည်။ အပင်ပေါ်မှလည်း ဖတ်ခနဲ ခုန်မချရဲ၊ ခြံစည်းရိုးကိုလည်း ခုန်ပျံကျော်လွှား မပြေးတတ်။ အိစက်မွန်က ခဏရပ်ကြည့်ပြီး ပြန်လှည့်သွား၍သာ တော်တော့သည်။

သို့သော် ... သူ လျှပ်တပြက် အကြံရသွားသည်။

သော့မရှိလျှင် ခြံထဲမှအပြင်ကိုထွက်မရ။ မနက်မိုးလင်းအထိ ပိတ်မိပြီး သော့ဖွင့်ချိန်ထွက်လျှင်လည်း လူတွေအားလုံး သူ့ကိုတွေ့သွားလျှင် ပြဿနာပေါင်းစုံနှင့် ရှင်းမထိဖြစ်တော့မည်။ အခြေက အိစက်မွန်ထံတွင်သွားတွေ့သည်။ ထို့ကြောင့် ... သူစွန့်စားရန် ဆုံးဖြတ်လိုက်ပြီး အသံပြုလိုက်သည်။

"ရွှတ် ... ရွှတ် ... "

သူ့အသံ ထင်ထင်ရှားရှားကြောင့် ပြတင်းပေါက်နားသို့ အိစက်မွန် ပြန်ကပ်လာသည်။

"မလန့်ပါနဲ့ အိစက်မွန်၊ ကျွန်တော် ကောင်းထက်ဇော် သူငယ်ချင်း နေမင်းခန့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အိစက်မွန်က နားစွင့်နေရာမှ သရက်ပင်ကို ရှုးရှုးစိုက်စိုက်ကြည့်သည်။ သူက ပင်စည်မှခွာပြီး ကွယ်နေသည့်သရက်ရွက်အချို့ကို ဖယ်လိုက်မှ သူ့ကိုမြင်ကာ ...

"ဟင် ... ရှင် ... ဒါ ဘာလာလုပ်နေတာလဲ"

"ဟို ... ဒီလိုပါ ... အဟီး ... မရှက်တော့ပါဘူး၊ အားလုံးဖွင့်ပြောရတော့မှာပါပဲ ... လမ်းထိပ်ကဆွမ်းလောင်းရုံမှာ လူငယ်တွေ ကာလသားချက် ချက်စားဖို့ ဘူးသီးလိုတာနဲ့ ကောင်းထက်ဖော်က ဘူးသီးလာခိုးခူးတာ၊ ကျွန်တော်ကတော့ အဖော်အဖြစ်နဲ့ လိုက်လာရင်းနဲ့ အိစက်မွန်ကို တွေ့ချင်မြင်ချင်လွန်းလို့ စိတ်မထိန်းနိုင်လွန်းလို့ ခုလို ... အဟဲ ... သစ်ပင်ပေါ်ရောက်ရတာ၊ ကောင်းထက်ဖော်ကတော့ ဘူးစင်အောက်မှာ အိစက်မွန်အမေနဲ့ တည့်တည့်တိုးပြီး ထွက်ပြေးသွားပြီ ... ကျွန်တော်သာ ဒီအပင်ပေါ်မှာ ပိတ်မိနေခဲ့တာ"

"ဩော် ... ခုနက သူခိုး ... သူခိုးဆိုတာ ရှင်တို့အဖွဲ့ကိုး"

"ဟုတ်ပါတယ် ... "

"ရှင်တို့အရမ်းဆိုးတာပဲ ... ကျွန်မ မေမေ တော်တော်လန့်သွားတာ၊ ဘူးသီးစားချင်ရင် ဖေဖေ့ကို လာပြောလည်းရရဲ့သားနဲ့ ... "

"ဦးကိုလန့်လို့ပါ၊ နောက်ပြီး ... ခိုးစားရတဲ့အသီးက ပိုချိုတယ်ဆိုလို့ပါ၊ အိစက်မွန်အမေအတွက်တော့ မမျှော်လင့်ဘဲ တည့်တည့်တိုးရတာပါ၊ အဲဒီအတွက် အနူးအညွတ် တောင်းပန်ပါတယ် ... အဟဲ ... "

"ဘာအဟဲလဲ ... မပြောလိုက်ချင်ဘူး၊ ကြံဖန်အမှုပေွတဲ့လူတွေ၊ မနက်ကျရင် ဖေဖေနဲ့ တိုင်မှကိုဖြစ်မယ် ... ဒါမှ မှတ်ကြမှာ"

"မလုပ်ပါနဲ့ဗျာ ... မတိုင်ပါနဲ့ ... နောက်မလုပ်တော့ပါဘူး၊ တကယ်ပြောတာပါ"

"ဟင်း ... သိပ်ခက်တာပဲ၊ ဘယ်လိုလူတွေမှန်းမသိဘူး။ ကိုယ်ပျော်ဖို့ပဲတွေးကြတယ်၊ ညတုန်းကသာ ရှင်တို့ကိုမိရင် ရပ်ကွက်က အမှုကြီးတင်မှာလိမ့်မယ်၊ အပျော်ပဲဖြစ်ဖြစ် အတည်ပဲဖြစ်ဖြစ် နောက် ... ဒါမျိုးမလုပ်နဲ့တော့၊ ဒါ ... နောက်ဆုံးပဲနော်"

လူကြီး သူမလေးက ပြည့်တွန်တောက်တီး ဆိုဆုံးမနေသည်ကို နေမင်း



www.burmeseclassic.com

www.burmeseclassic.com



ခန့် နာခံနေရသေးသည်။

"ဟုတ်ကဲ့ပါ ... ဒါနဲ့ ဦးတို့အိပ်သွားပြီလား"

"အိပ်တာကြာပြီ၊ ရှင်တို့သူခိုးတွေကို လိုက်ရှာရလို့လေ မောမောနဲ့ အိပ်မောကျနေရောပေါ့ ... "

"ကျွန်တော်တို့ကို နားလည်ပေးတာ ကျေးဇူးပါပဲဗျာ၊ နားလည်လက်စ နဲ့ တစ်ခုလောက် ကူညီပေးပါဦး ... နောက်ဖေးခြံတံခါးက သော့ခတ်ထားတော့ ကျွန်တော် ပြန်မထွက်တတ်ဘူး ဖြစ်နေတယ်"

"ဝင်တုန်းက ဘယ်လိုဝင်လဲ"

"ကောင်းထက်ဖော်က ခြံစည်းရိုးကိုကျော်ဝင်တာ ပြီးမှ ကျွန်တော့်ကို တံခါးဖွင့်ပေးတာ"

"အင်း ... ဖေဖေ့အမိန့်နဲ့ သော့ခတ်ထားတဲ့ တံခါးကိုဖွင့်ပေးရမှာ ဆိုတော့ ... "

"လုပ်ပါဗျာ ... သစ်ပင်ပေါ်မှာ တစ်ညလုံး ငုတ်တုတ်ထိုင်နေရတာ ခြင်တွေကိုက်လို့ ဘုတွေ ဖိန့်တွေ ပြွတ်သိပ်နေပြီ၊ နောက်ပြီး ... ညောင်းက လည်းညောင်း၊ ရေကလည်းငတ် ... ဗိုက်ကလည်းဆာ ... "

"အောင်မာ ... ရှင့်ကို ဘယ်သူက အဲဒီသစ်ပင်ပေါ်တက်နိုင်းလို့လဲ"

"ဘယ်သူမှတော့ မတက်ခိုင်းဘူးပေါ့ဗျာ၊ ခုနပြောသလိုပဲ အိစက်မွှန် မျက်နှာလေးကို ခဏလေးပဲဖြစ်ဖြစ် မြင်တွေ့ခွင့်ရဖို့ စွန့်စွန့်စားစား တက်မိတာ ပါ"

အိစက်မွှန်က နေမင်းခန့်ကို မျက်စောင်းပြေပြေလေးထိုးရင်း ...

"သူကိုယ်သူ စွန့်စားသူ မဟာသူရဲကောင်းကြီးကျနေတာပဲ ... အဲဒါဆို ... စွန့်ဝံ့တဲ့ မဟာသူရဲကောင်းကြီးရှင့်၊ စောင့်လက်စနဲ့ အဲဒီသစ်ပင် ပေါ်မှာပဲ ဆက်လက်စောင့်စားပါဦး"

ပြောပြောဆိုဆို အိစက်မွှန်က သူ့မအခန်းထဲမှ လှစ်ခနဲ ပြေးထွက် သွားသည်။ ရှည်ရှည်ဝေးဝေး လျှောက်လဲချက်ပေးမိမှပဲ ဒီနေ့ညတော့ အိပ်ရ နှင့်ဝေးရပြီ ထင်ပါရဲ့။

ခဏကြာမှ ပြတင်းပေါက်နားသို့ အိစက်မွှန် ပြန်ရောက်လာသည်။ လက်နှစ်ဖက်တွင် ပစ္စည်းတစ်ချို့ ဆွဲကိုင်လျက်။



www.burmeseclassic.com

www.burmeseclassic.com



အိစက်မွှန်က ပလတ်စတစ်အိတ်တစ်လုံးတွင် ရေသန့်ဗူးအသေးတစ်ဗူး။ ကိတ်မုန့်အိတ်နှင့် နောက်ဖက်တံခါးသော့တို့ကိုရောထည့်ပြီး တစ်လံခန့်ဝါးလုံးတစ်ခုထိပ်တွင် စုချည်ကာ သံပန်းကြားမှတစ်ဆင့် နေမင်းခန့်ထံ လှမ်းပေးသည်။

"ဘယ်လိုလဲ ... ကျွန်မထွက်သွားတော့ ငါ့ကိုပြစ်ထားခဲ့ပြီလို့ တွေးတယ်မဟုတ်လား။ မေတ္တာပါပို့ရင် ပို့နေဦးမှာ"

"အဟီး ... မပြစ်မှားဝံ့ပါဘူးဗျာ၊ တကယ့်ရှားရှားပါးပါးရတဲ့ ကျေးဇူးရှင်ကို"

"အဲဒီမှာ အိမ်မှာရှိတဲ့ ကိတ်မုန့်ပဲယူလာတယ်၊ ကိတ်မုန့်စား၊ ရေသောက် ... ပြီးရင် အောက်ဆင်းပြီး အဲဒီမှာပါတဲ့ သော့နဲ့ခြံတံခါးဖွင့်ပြီး မြန်မြန် ခိုးတော့ ... "

"တံခါးသော့ကို ဘယ်လိုပြန်ပေးရမလဲ"

"သော့တန်းလန်းနဲ့ သော့ဂလောက်ကို ခြံတံခါးမှာ ချိတ်ထားခဲ့လိုက်၊ မနက်စောစောမှ ကျွန်မ ပြန်ခတ်ထားလိုက်မယ်"

"ဒီသရက်ပင်ပေါ် တစ်ခေါက်ပြန်တက်ပြီး သော့လာပြန်ပေးမယ်လေ၊ ဒါမှ နောက်တစ်ခေါက် ထပ်တွေ့ခွင့်ရအောင်"

သူမက မျက်စောင်းထပ်ထိုးရင်း ...

"ကျွန်မပြောသလိုပဲ လုပ်ပါဆို ... မရစ်နဲ့နော် ... ခုနကတော့ ဆာလို့ဆို၊ ကဲ ... မြန်မြန်စား၊ မြန်မြန်သောက်ပါတော့"

နေမင်းခန့်က ကိတ်မုန့်ကို ပလုပ်ပလောင်းဝါးရင်း ရေနှင့်မျှောချသည်။ အိစက်မွှန်မျက်နှာကို ငေးမောခြင်းကိုလည်း မပျက်စေရ။

"အင်း ... ကျွေးတဲ့လူက စေတနာကောင်းလို့လားမသိဘူး၊ စားလို့ကောင်း၊ သောက်လို့ကောင်းလိုက်တာ၊ ကျွေးတဲ့လူ နောက်ဘဝမှာ ဒီထက်ချော၊ ဒီထက်လှ၊ ဒီထက်ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်နေပါစေဗျာ"

အိစက်မွှန်က အပြုံးချိုချိုလေးနှင့် လှမ်းကြည့်နေရင်းမှ ...

"ကဲပါ ... နောက်မှ ဆုမွန်ခြွေ၊ လောလောဆယ် ပြန်ဖို့ပြင်၊ ညဉ့်နက်လှပြီ"

"ဟုတ်သားပဲ ... အိစက်မွှန် အိပ်ချင်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... နောက် ဒါမျိုးဘယ်တော့မှ မလုပ်ပါဘူးလို့ ကတိပေးတယ်နော်"

"အိုင် ပရောမစ်စ်ပါ"

နေမင်းခန့် ပြန်ဖို့ပြင်စဉ် ...

"ဖြည်းဖြည်းလည်း ဆင်းဦးနော် ... တော်ကြာ ပြုရွဲကျန်ဦးမယ်"

"ဗျာ ... "

"ဘာဗျာလဲ ... ကြည့်ဆင်းလို့ပြောတာ၊ အသားတွေ မှန်းပြဲကျန်မှာစိုးလို့ စေတနာနဲ့ပြောတာ ဘာမှန်းလဲမသိဘူး"

"ဟုတ်ကဲ့ပါဗျာ ... ဒါနဲ့ ... မဆင်းခင်လေး စကားနည်းနည်းလောက်ပြောခဲ့ချင်သေးတယ်"

"ဘာပြောမှာလဲ"

"အိစက်မွှန် ဘာလို့အရမ်းလှနေတာလဲ"

"အယ် ... ဘာတွေလာမေးနေတာလဲ၊ ပြန်ခွင့်ရတုန်း အေးအေးပြန်တာမဟုတ်ဘူး၊ ခုနေ ... ဖေဖေနိုးလာရင် ဒုက္ခရောက်မှာနော်၊ ဖေဖေက တရေးနိုးထတတ်တယ်"

"ကျွန်တော်က အိစက်မွှန်ကိုမြင်ချင်၊ တွေ့ချင်စိတ်လေးတစ်ခုတည်းအတွက် အဲဒီဒုက္ခဆိုတာကြီးကို ဒိခြီထဲအထိ လာရှာတဲ့သူပါ"

အိစက်မွှန်က ဘာမှပြန်မပြောဘဲ သူ့ကိုတွေတွေလေးတစ်ချက်ကြည့်ကာ ပြတင်းပေါက်တံခါးကို ပိတ်ရန်ပြင်သည်။

"အား ... "

သူ့ထံမှ ခပ်အုပ်အုပ်အော်သံကြောင့် အိစက်မွှန် လက်တွန့်သွားသည်။

"ဘာဖြစ်တာလဲ"

"ဘာကောင်ကိုက်တာလဲမသိဘူး ... နာလိုက်တာ"

"မြန်မြန်ဆင်းတော့လေ"

"ကျွန်ုပ်ဟော်ပြောတဲ့စကားကို အိစက်မွှန် နားထောင်မပေးမချင်း မဆင်းဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

အမှန်တော့ သနားတတ်သည့် မိန်းကလေးတွေ၏စိတ်၊ အတွေးသဖြင့် သနားအောင်ပြောသဖြင့် မုန့်ကျွေးရေတိုက်လုပ်သော အိစက်မွှန်၏ နှလုံးကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့်စိတ်ကို နေမင်းခန့် သိမြင်ပြီး အကျပ်ကိုင်နေခြင်းဖြစ်သည်။

"ဘယ်လိုလူကြီးမှန်းလဲ မသိဘူး ... စိတ်ညစ်လိုက်တာနော်"

"အား ... "

"လုပ်ပြန်ပြီ ... အဲဒီမှာသေလိုက်တော့လို့ပြောရင် မကောင်းရှိရော့မယ် ... အလကားနေရင်း ကိုယ့်ဒုက္ခကိုယ်ရှာပြီးတော့ ... ကဲ ... ဆင်းမှာသာဆင်းတော်မူပါတော့၊ ရှင့်ကိုပြောရတာနဲ့ပဲ ဘေးအိမ်တွေ သိကုန်တော့မယ်"

"ကျွန်တော့်စကားကို နားထောင်ပေးမှ ဆင်းပါ့မယ်ဆို"

"ရှင်နော် ... အကျပ်မကိုင်နဲ့ ... အော်လိုက်ရမလား"

"အော်လေ ... ဒီအပေါ်ကို မင်းဘာတက်လုပ်တာလဲလို့ လူတွေကမေးရင် ရည်းစားနဲ့ချိန်းတွေ့နေတာလို့ ဖြေလိုက်မှာပေါ့"

"ယုံပါလိမ့်မယ် အားကြီး ... "

"သူတို့ယုံအောင် သက်သေပြစရာရှိတယ်လေ ... ဒီမှာ"

သူ့လက်ထဲမှ ခြိတ်ခါးသော့ကို သူမမြင်သာအောင် မြှောက်ပြလိုက်သည်။ အိစက်မွှန်က နှုတ်ခမ်းကိုက်ပြီး မျက်စောင်းထိုးသည်။

"ခုနကပြောတော့ ကျေးဇူးရှင်ဆို ... ခုတော့ ကျွန်မစေတနာကို စော်ကားလိုက်တာပေါ့"

"မဟုတ်ပါဘူး ... ကျွန်တော်က အိစက်မွှန်ကိုကြည့်ရင်း မြင်ရင်းနဲ့ စိတ်ထဲမှ ထိန်းချုပ်လို့မရနိုင်တော့အောင် ... ဟို ... ဟိုလေ ... "

"ရှင် ... ဘာပြောတာလဲ"

"ရည်းစားစကားပါ"

နေမင်းခန့်၏ တုန့်ပြန်စကားကဲ့သို့ပင် အိစက်မွှန်၏တုန့်ပြန်လှုပ်ရှားမှုကလည်း သွက်လက်သည်။ ဆတ်ခနဲ တံခါးပိတ်ရန် ပြင်သည်။

သို့သော် ...

"ကျွန်တော့်ကိုချစ်ရင် တံခါးပိတ်ပြပါ"

အိစက်မွှန် တံခါးမပိတ်ဖြစ်တော့။ တမင် လုပ်ယူထားသည့် စူးရှသော မျက်နှာပေးဖြင့် ခါးကလေးထောက်ကာ ရင်ချီ၍ ပြန်ကြည့်နေသည်။ ထိုအမူအရာက သူ့ရင်ကို မရိုးမရွ ဖြစ်သွားစေသော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုချစ်ရင် ခါးထောက်ပြပါ"

အိစက်မွှန် ခါးမထောက်တော့ လက်နှစ်ဖက်ကိုဘေးသို့ချပြီး ...

"ရှင် အဲဒီလောက်ဆိုးတတ်မှန်းသိရင် ဘာမှမကူညီခဲ့ပါဘူး"

"ကျွန်တော့်ကိုချစ်ရင် ပြုံးစမ်းပါ"

အိစက်မွှန် ငြိမ်နေသည်။ မျက်နှာကတော့ ပြုံးချင်ချင် ဖြစ်နေသည်။

"ကျွန်တော့်ကိုချစ်ရင် ... ကျွန်တော့်ကိုပြန်မချစ်နဲ့"

အိစက်မွှန် မသိမသာ ပြုံးသည်။ ထိုမှ ပီပီပြင်ပြင်ပြုံးသည်။ ထိုမှတစ်ဆင့် ရယ်ချလိုက်လေသည်။ နေမင်းခန့်ပါ ရောနှောရယ်မောရင်း ...

"မင်းကို ကိုယ် ... သိပ် ... သိပ်ချစ်တယ်ဆိုတာ ဘယ်တော့မှ မမေ့လိုက်ပါနဲ့အိစက်မွှန် ... အခု ကိုယ်သွားတော့မယ်၊ ပြီးမှ ... အိပ်မက်ထဲမှာပြန်ဆုံကြမယ် ... ဘိုင် ... "

သူပြောရင်း လက်နှင့်ပါဖော့ရှမ်းနှုတ်ဆက်ကာ သစ်ပင်ပေါ်မှ စတင်ဆင်းလိုက်သည်။ အိစက်မွှန်က ရယ်ရှိန်သပ်ရင်း သူ့ကိုအပြုံးလဲ့လဲ့နှင့်ကြည့်နေသည်။

သရက်ပင်ပေါ်မှ သူသတိထား၍ ဆင်းလိုက်သည်။ လက်တွေ ခြေတွေက သစ်ပင်ကိုကုပ်တွယ်ဆင်းနေသော်လည်း မျက်စိအကြည့်ကို အိစက်မွှန်ထံမှ မခွာ။ ကြာလျှင် ခက်တော့မည်ကို အိစက်မွှန် တွေးမိဟန်တူသည်။ သူ့ကို လက်ပြပြီး ပြတင်းတံခါးကို ပိတ်လိုက်တော့သည်။

ချက်ချင်းပင် သူ့ရင်ထဲ ဟာလာဟင်းလင်းဖြစ်သွားသလို ခံစားလိုက်ရသည်။ လွန်ခဲ့သည့် မိနစ်ပိုင်းလေးကမှ မြင်ကွင်းနှင့်အတူ ခွဲခွာခဲ့ရသောချစ်သူကို ယခုပင် လွမ်းချင်ချင်ဖြစ်လာသည်။ အလွမ်းသံသရာ မရှည် မရင့်မီ အတွေးစကိုဖြတ်ကာ သစ်ပင်အောက်ကို အမြန်ရောက်စေလိုက်သည်။

မြေပြင်ပေါ်အရောက်တွင် ပင်စည်ဘေးကပ်ကာ ပတ်ဝန်းကျင်ကို ဇွဲအကဲခတ်လိုက်သည်။ အားလုံးရှင်းလင်းတိတ်ဆိတ်နေသည်ကို မြင်ရမှ ဘူးစင်နားကို ပြေးကပ်ပြီး ကောင်းထက်ဖော်ခူးပြီး ချထားခဲ့သည့် ဘူးသီးနှစ်လုံးကို ကောက်မလိုက်သည်။

ထို့နောက် ခြံတံခါးနားကို ခြေသံမထွက်စေဘဲ သွက်သွက်လက်လက် ပြေးကပ်လိုက်သည်။ သော့ဖွင့်ပြီး အပြင်ထွက်ကာ သော့တန်းလန်းနှင့် သော့



www.burmeseclassic.com

www.burmeseclassic.com



ဂလောက်ကို တံခါးတွင် ပြန်ချိန်ထားလိုက်ပြီး လူက အပြင်ထွက်ကာ တံခါးကို ပြန်စေ့ထားလိုက်သည်။ ပြီးလျှင် ...

နောက်ဖေးလမ်းကြား မှောင်ရိပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ဘေးဘီကိုလည်း မလွတ်တမ်း လေ့လာကာ ခြေသံလုံလုံနှင့်လျှောက်ရင်း အတွေးထဲတွင် ကောင်းထက်ဇော်နှင့်တွေ့လျှင် သူက အလျှင်ဦးအောင် ခေါ်လိုက်ဦးမည်။

"ကျေးဇူးရှင်" ... ဟု။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

ဆွမ်းလောင်းရိုက်ခါးကို အသာတွန်းဖွင့်ပြီး အထဲသို့ တိတ်တိတ်ဆိတ်ဆိတ် လှမ်းဝင်လိုက်သည့် နေမင်းခန့်ကို မြင်မြင်ချင်း ...

ကောင်းထက်ဇော်တို့တစ်ဖွဲ့လုံး ကြက်သေသေသွားကြသည်။

ပြီးမှ ... မျိုးဇော်က ဦးဆုံး ထခုန်အော်ဟစ်ကြွေးဆိုသည်။ ကျန်သည့် တစ်ဖွဲ့လုံးလည်း အော်ဟစ်ကြွေးဆိုကြသည်မှာ ဆူညံသွားတော့သည်။

ထို့ကြောင့် ...

"ဂျူး ... တိုးတိုးပြောကောင်တွေ ... သိပ်ညည့်နက်နေပြီ၊ ဘေးအိမ်တွေက လာတုပ်နေဦးမယ်"

မျိုးဇော်က ရယ်ရွှင်မြူးသံဖြင့် ...

"ကျွန်တော်တို့ သိပ်ပျော်သွားလို့ပါဗျာ"

"ကိုနေကို ကျွန်တော်တို့အားလုံး အရမ်းစိတ်ပူနေကြတာ၊ အဟားခင်ဗျားက ဘူးသီးနှစ်လုံးတောင် မ,လာနိုင်သေးတယ် ... ဘယ်လိုဖြစ်ပြီး ပြန်လာနိုင်တာလဲ"

အောင်စိုးဦးစကားအဆုံးတွင် ကောင်းထက်ဇော်ကလည်း သူ့ကိုလှ ဖက်ရင်း ...

"ကျွန်တော်လည်း ဘယ်လိုမှ ရှောင်မလွတ်တော့လို့ ကိုယ်ကိုလွှတ်ချွန်း ခဲ့ရတာပါဗျာ ... ဒုက္ခတောထဲမှာ တစ်ယောက်တည်းထားခဲ့တာသိလို့ မထင်ပါ

www.burmeseclassic.com



နဲ့"

"ဘာကွ ... မင်းပဲအကြိမ်ကြိမ်အခါခါ ငါပြင်းသမျှကို ဖွတ်အာမခံပြီး ခေါ်သွားခဲ့တာလေ"

"ဟုတ်ပါတယ်ဗျာ ... ကျွန်တော်လည်း ဘယ်လိုမှကို ပြင်ဆင်ချိန်မရလိုက်လို့ပါ ... လျှပ်တပြက်အတွင်း အားလုံးဖြစ်သွားတာ ကိုနေအမြင်ပဲ"

နေမင်းခန့်က မျက်နှာမာမာတင်းတင်းနှင့် ဆက်ဆံသမျှ ကောင်းထက်ဇော် မျက်နှာလေး ငယ်နေရှာသည်။ တစ်ဖွဲ့လုံးလည်း ငြိမ်တိတ်သွားကြသည်။

"ငါပြောခဲ့ပါတယ် ... မင်းတို့ကနယ်ခံ၊ ကိစ္စမရှိဘူး ... ငါက တစိမ်း၊ အရေးအကြောင်းမှာ ပြေးပေါက်မှားရင် ချောင်ကြိုချောင်ကြား လွတ်လမ်းကိုလည်း မရှာတတ်ဘူးလို့ ... "

"ဟုတ်ပါတယ်ဗျာ"

"နောက်ပြီး ... ငါပြေးပေါက်ပိတ်တဲ့အချိန်မှာ လမ်းမသိရင် လိုက်စရာအကောင်ကလည်း မရှိတော့ဘူးလေ ... ကိုယ်လွတ်ရုန်းပြေးသွားပြီ"

ပြောပြီး ပြုံးဖြီးဖြီးလုပ်နေသည့် နေမင်းခန့်မျက်နှာကိုကြည့်ရင်း စကားကို အရင်ဆုံးသဘောပေါက်သူမှာ နေဝင်းထွန်းဖြစ်သည်။

"အဟီး ... ဒါဆို ကိုနေပြောတဲ့ အကောင်လေးက ကောင်းထက်ဇော်ပေါ့ ... အဲဒါဆို ကောင်းထက်ဇော်က ဘာဖြစ်သွားမလဲ"

"လမ်းမသိရင် လိုက်ရတဲ့အကောင်ပေါ့ကွ ... ဟား ဟား ဟား"

ထိုအခါ နေမင်းခန့် စနေမှန်းသိပြီး အားလုံးဝိုင်းရယ်ကြသည်။ နေမင်းခန့်ကလည်း ကောင်းထက်ဇော် ပခုံးကို ပြန်ဖက်လိုက်ပြီး ...

"ငါနောက်တာပါကွာ ... တကယ်တော့ ... မင်းက ငါ့ကျေးဇူးရှင်ပါ"

တစ်အုပ်စုလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သူ့စကားကို အဓိပ္ပာယ် ရှာဖွေနေကြသည်။

"ငါတို့ကသာ စိတ်ပူနေတာ ... သူက အူမြူးပြီးပြန်လာတယ်ဟ ဘာလဲ ... "

မျိုးဇော်စကားကို စိုးလွင်ငြိမ်းက လမ်းကြောင်းလွှဲသည်။

"အဲဒါထက် အရေးကြီးတာက ကြက်သားဟင်းက ချက်ပြီးတာကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဒီဘူးသီးနှစ်လုံးက အပိုဖြစ်နေပြီ ... ဒီမှာထားလို့တော့ မဖြစ်ဘူး။ အုပ်မှူးတွေ့ရင် ရိပ်မိသွားလိမ့်မယ်"

"စိတ်မပူပါနဲ့ကွာ ... ငါပဲ အိမ်ယူသွားလိုက်ပါ့မယ်၊ ဒီဘူးသီးလေးတွေကလည်း ငါ့ရဲ့အမှတ်တရ ကျေးဇူးရှင်တွေပဲကွ"

မျိုးဇော်က သူ့ကိုလှမ်းကြည့်နေရာမှ သူ့ခေါင်းကို ကိုင်တွယ်စမ်းသပ်တာ မြူးပြရှာနေသည်။

"ဘာလဲကွ ... ဘာရှာတာလဲ"

"ဩော် ... အုပ်မှူး တီးထည့်လိုက်တာလက်လွန်ပြီး ဂေါက်သွားပြီမှတ်လို့ ... "

"ပြောစမ်းပါဦး ... အခုဘယ်လိုပြန်လွတ်လာတာလဲဆိုတာ"

"ဒီလိုပဲ လွတ်လာတာပေါ့ကွာ"

"ကောင်းထက်ဇော်ကတော့ ဒီမှာ မှိုင်မပျက်ပြန်ဝင်နေလိုက်လို့ ဘယ်သူမှ သံသယမဝင်သွားဘူး။ သူခိုးလိုက်တဲ့လူတွေကို ဟိုဘက်ရပ်ကွက်ထဲကို ညွှန်ပေးလိုက်တယ် ... အုပ်မှူးက အသားကုန်ဒေါပွနေတာ"

"တော်သေးတာပေါ့ဗျာ ... ကိုနေပြန်ရောက်လာလို့၊ နို့မို့ ကိုနေတစ်ယောက်ပဲမိတာနဲ့ ကျွန်တော်တို့တစ်အုပ်လုံး အမှုတွဲထဲပါမှာ၊ ဒီမှာကြက်သားဟင်းအိုးကြီးကလည်း တန်းလန်းလေ ... အဟီး ... "

အားလုံးတစ်ယောက်တစ်ပေါက်အဆုံးတွင် နေဝင်းထွန်းက ...

"ဘူးသီးကို အိမ်သယ်မယ်ဆိုလဲ အမြန်သယ်သွားတော့၊ လေးနာရီလောက်ဆိုရင် ဦးချစ်ရေး ရောက်ချင်ရောက်လာမှာ"

ကောင်းထက်ဇော်က ပိနန်အိတ်ခွံတစ်လုံးထဲ ဘူးသီးနှစ်လုံးစုထည့်ပြီး ...

"ငါ လိုက်ပို့လိုက်မယ်"

အားလုံးကိုနှုတ်ဆက်ပြီး သူနှင့်ကောင်းထက်ဇော်တို့ ပြန်လာခဲ့ကြသည်။ အိစက်မွန်တို့အိမ်ရှေ့အရောက်တွင် ...

"ဒီအချိန်လောက်ဆို ဘိုးတော်ကြီးကောင်းကောင်း ခလောနေလောက်ပြီ ... "

"ဟုတ်တယ် ကိုနေ ... အိမ်နီးချင်းတွေလည်း ညှိနှိုင်းလိုက်ရသို့



www.burmeseclassic.com

www.burmeseclassic.com



မောမောနဲ့ကောင်းကောင်းကျိုးနေကြလောက်ပြီ ... ဘယ်လိုလဲ ... နောက်တစ်ကြော့လောက် ခွေကြည့်ချင်သေးလား''

''တော်ပါတော့ကွာ ... အိစက်မွှန်လည်း အိပ်မောကျနေလောက်ပြီ အိပ်ပါစေတော့ကွာ ... အိပ်ရေးပျက်သွားရှာပါ့မယ် မသွားတော့ပါဘူး''

ပြောရင်းနှင့်သူ အိစက်မွှန်ကို သတိရသွားပြန်သည်။ ဘယ်တက်ရင်အုံဆီမှ နွေးရှရှလေး ခံစားလိုက်ရသည်။ သူမနှင့်ထိတွေ့ခွင့် မရခဲ့သော်ငြား ရင်ခုန်နွေးထွေးမှုတို့ အပီအပြင်ရခဲ့သည်မှာ လွန်ခဲ့သော နာရီပိုင်းကမို့ ထိုရသများမပျက်ပြယ်ရအောင် အပြန်ပြန်အထပ်ထပ် တွေးနေချင်မိသည်။ တွေးရင်းနှင့်ပင် သူ့အိမ်ရှေ့ရောက်လာသည်။

အိမ်ရှေ့ခုံတန်းတွင် ခဏထိုင်မိလျှင် ထိုင်မိချင်း ...

''ဘယ်လိုလဲ ကိုနေ ... ထူးထူးခြားခြား ရင်ခုန်စရာလေးတစ်ခုခု ကြုံခဲ့တယ် မဟုတ်လား ... လင်းစမ်းပါဦး''

''နည်းနည်းပါးပါးပါကွာ''

သူက ခပ်ဖော့ဖော့ပြောသော်လည်း အပိုင်သိထားဟန်ဖြင့် ကောင်းထက်ဇော်က မလျှော့တော့။

''စောစောက လူများနေလို့ ဖွတ်မမေးတာ၊ သိချင်လွန်းလို့ တမင်ပြန်လိုက်ခဲ့တာနော်၊ ပြောကိုပြောမှဖြစ်မယ် ကိုနေ ... ''

နေမင်းခန့်က ခေါင်းတစ်ချက်ကုတ်၊ ဖက်ပိုးတစ်ချက်ဖွတ်လိုက်ပြီး ကောင်းထက်ဇော် ထွက်ပြေးသည်မှစ၍ သူခံစားရသမျှပါမကျန် ခရေစေ့တွင်းကျ ရှင်းပြလိုက်သည်။

ကောင်းထက်ဇော်က အံ့ဩလိုက်၊ ရယ်မောလိုက်၊ ငြိမ်သွားလိုက်နှင့် စိတ်ဝင်တစား နားထောင်နေပြီး သူ့စကားဆုံးလျှင် ...

''ပိုင်တယ်ဗျာ သိပ်ကိုလှသွားတဲ့ခွင်ပဲ ... သေသေချာချာအကွက်ချ စီစဉ်ထားရင်တောင် ဒီခွင်မျိုးကဖြစ်လာဖို့ မလွယ်ဘူး၊ ကိုနေကလည်း မလွယ်ဘူး။ လျှော့တွက်လို့မရဘူးဆိုတဲ့လူမျိုး၊ အခွင့်အရေးမပေါ်နဲ့ ပေါ်တာနဲ့ မိမိရရ အသုံးချလိုက်တာချည်းပဲ ... အိစက်မွှန်နဲ့နှစ်ခါပဲ တွေ့ခွင့်ရသေးတယ်၊ အခါနှစ်ဆယ်လောက် တွေ့ခွင့်ရတဲ့ အခြေအနေမျိုး ဖန်တီးပစ်လိုက်နိုင်တယ်၊ တော်ပါတယ်ဗျာ ... ချီးကျူးပါတယ်၊ ကိုနေရဲ့ အဲဒီလိုထူးခြားတဲ့ပါရမီ ထူးချွန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အရည်ချင်းကြောင့် သိပ်မကြာတဲ့အချိန်မှာပဲ နီးရမှာသေချာတယ်၊ တစ်ခုတော့ ရှိတယ် ... နီးမှာက အိစက်မွှန်နဲ့လား ... သူ့အဖေ အုပ်မှူးရဲ့ဖနောင့်နဲ့ လား ... အဲဒါတော့ သိပ်မသေချာလှဘူး"

"တော် ... ဟိတ်ကောင် ... ဘော်လီဘော နည်းပြလုပ်မနေနဲ့ ဆင့်လိုက်၊ ထောင်လိုက်၊ ရိုက်ချလိုက်နဲ့ ငါလည်း မင်းကို နားရင်းတီးလိုက်မိ တော့မယ်"

ကောင်းထက်ဇော်က ကြိတ်ရယ်နေသည်။

နေမင်းခန့်က ဆောင်းဦးပေါက်မို့ နှင်းမှုန်မှုန်ဝေ့ဝဲကျနေသည့် လမ်း တစ်လျှောက် လှမ်းမျှော်ကြည့်သည်။ ဒီရပ်ကွက်လမ်းသွယ်လေးကလည်း လှပ နေသည်ပဲ။ အိပ်စက်ခြင်းဖြင့် မကုန်လွန်ဖြစ်ရက်အောင်ပင် နှင်းမှုန်တို့ဖြင့် အားဖြည့်ကာ လှပနေသည်မို့ ...

သူ ဘူးသီးနှစ်လုံးကို အိမ်ထဲသွားထားလိုက်ပြီး ဂစ်တာယူ၍ပြန်ထွက် လာသည်။ ကောင်းထက်ဇော်က ပြုံးကြည့်ကာ ...

"ဒီအချိန်မှ ဘယ်မှာဂစ်တာသွားခေါက်ဦးမလို့လဲ"

"အိစက်မွှန်တို့ အိမ်ရှေ့မှာ ... "

"ဗျာ ... "

ကောင်းထက်ဇော်၏ 'ဗျာ'မှာ အဖျားပါတုန်ခါပြီး ထိတ်လန့်ဟန် အထင်းသားပေါ်နေသည်။

"ဝါး ... ရာဇဝင်ဥတုကြောင့်လားမသိဘူး၊ ချက်ချင်းကို အိပ်ချင်လာ တယ်ဗျာ၊ သွားတော့မယ်နော် ... "

နေမင်းခန့်က လက်တစ်ဖက်နှင့် လှမ်းဆွဲထားရင်း ...

"မင်း အဖော်ခေါ်တုန်းကတော့ ဒုက္ခတောမှန်း သိသိကြီးနဲ့ ငါလိုက် ပေးထားတာနော်၊ ပူပူနွေးနွေးကြီးရှိသေးတယ် ... မေ့သွားပြီလားကွ"

"ဒါတော့ သည်းခံပါဗျာ ... ခုချိန်မှာ အုပ်မှူးဒေါသက နဂါးမျက် စောင်းလို အကြောင်းမရှေးတော့မယ့်အချိန်ဖြစ်နေတာ၊ ဒီအချိန်မှာ နည်းနည်း လေး မှားတာနဲ့ ပုဒ်ထီးပုဒ်မတွေ တစ်သီတစ်တန်းကြီး ရသွားမှာ"

"ငါ ... အိပ်လို့မရဘူး ကောင်းထက်ဇော်ရာ ... ရင်ထဲမှာဆော် နေတယ်၊ ရင်ခုန်ပြီးပျော်နေတာ၊ ငါတော့ အိစက်မွှန်ရဲ့ ပြူတင်းဝခံလိုက်ချင်ပြီ

www.burmeseclassic.com



ဒါတောင် လက်တစ်ကမ်းအကွာကမို့နော် ... ထိတွေ့ခွင့်သာရခဲ့ရင် ခုနေ ငါ့ တစ်ကိုယ်လုံး ဓါတ်လိုက်ခံရသလိုတုန်နေမှာ"

လူပျိုပေါက်စလို ဖလန်း ဖလန်းထနေသည့် နေမင်းခန့်ကိုကြည့်ပြီး ကောင်းထက်ဇော်က ပြုံးသည်။ ပြီးမှ ...

"တစ်ခုတော့ရှိတယ်နော် ကိုနေ ... ခင်ဗျား ကျွန်တော့်ကို စိတ်မဆိုးဘူးဆိုရင် ညီအစ်ကိုရင်းအမှတ်နဲ့ တစ်ခုလောက်ပြောချင်တယ်"

"ပြောကြည့်လေ ..."

ကောင်းထက်ဇော်က ပြောသင့် မပြောသင့် ချိန်ဆနေသေးဟန်တူသည်။ ရုတ်တရက် ထုတ်မပြောသေး။ ပြီးမှ ...

"ကိုယ်ရွေးတဲ့ပန်းက လက်လှမ်းမမီမှ ကောင်းမယ်လို့ထင်တယ်"

သူ ဆတ်ခနဲ ကောင်းထက်ဇော်ကိုကြည့်လိုက်သည်။ မျက်နှာပေါ်တွင် သူ့အပေါ် အမှန်တကယ် စာနာသည်ဟု ခံစားမိမှ သူ့ဒေါသ ပြေကျသွားသည်။

"လူ့အဆင့်အတန်းဆိုတာ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတာ၊ ရာထူးဘွဲ့ထူး ဂုဏ်ထူးတွေရတာ၊ ဘွဲ့တွေဒီဂရီတွေရတာလောက်နဲ့ တိုင်းတာလို့ မရပါဘူးကွာ၊ ငါလိုလူက အဲဒီလိုပြောတော့ ကိုယ့်ဘက်ကိုယ်ယက်တယ်လို့ မင်းထင်မှာပေါ့ ... ဥပမာကွာ ... သူခိုးတားပြတစ်ယောက် မတရားတဲ့နည်းနဲ့စီးပွားရှာတဲ့လူတစ်ယောက်ဟာ သုံးမကုန် ဖြုန်းမကုန် ချမ်းသာနေတာနဲ့ အဲဒီလူ့အဆင့်အတန်းမြင့်တယ်လို့ ပြောလို့ရမလား၊ တကယ်တော့ ... လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာတရားနဲ့ အတတ်ပညာကို လေ့လာသင်ယူနိုင်မှု၊ ဝေဖန်ပိုင်းခြားအသုံးချတတ်မှုကသာ အဆင့်အတန်းကို ပြဋ္ဌာန်းသင့်တယ်လို့ထင်တယ်၊ အကျယ်ချဲ့ရရင်တော့ ပြောစရာအများကြီးပေါ့ကွာ"

"ဟုတ်ပါပြီဗျာ ... ကျွန်တော်က စိတ်ပူလို့ပြောမိတာပါ၊ ခုလိုပတ်ဝန်းကျင်လောက သဘာဝကြီးက သာယာနေတဲ့နေရာ ... ခင်ဗျားရင်ထဲမှာလည်း သာယာနေတဲ့အချိန်မှာ ကြည်နူးစရာစကား ပေါ့ပေါ့ပါးပါးလေးတွေပဲ ပြောကြရအောင်"

"ဒါပဲပေါ့ကွာ ... မင်းအနေနဲ့လည်း ကိုယ့်မှာကိုယ်ကျင့်သိက္ခာနဲ့ ပြည့်စုံနေတယ်ဆိုရင် အဆင့်အတန်း စံဝင်နေပြီလို့ မှတ်ထားလိုက်ပေါ့"

"ဒါဆို ... ဒီညပဲ ဘူးသီးခိုးမှုနဲ့တစ်ပါးသီလ ကျိုးပေါက်သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအနေနဲ့ ဝယ်စားမယ်ဆိုလည်း ဝယ်စားနိုင်တဲ့အဆင့်ပဲကွာ၊ ခုဟာက အပျော်လုပ်တာပဲ ... နောက်ပြီး ငါယူလာတာက အမှတ်တရထား ချင်လို့ပါ၊ ဒီအပေါ်မှာ မင်းလိပ်ပြာမသန့်ရင်လည်း သွားပြန်ပေးလိုက်ရအောင် လေ"

"မလုပ်ပါနဲ့ဗျာ ... မပေးရဲပါဘူး၊ အဲဒီဘိုးတော်က ဘူးသီးပြန်ရလို့ နားလည်ခွင့်လွှတ်မှာမဟုတ်ဘူး၊ ပိုပြီး ဆူပူကြိမ်းမောင်းမှာ"

"ကဲ ... ဒါဆို မင်းကို ငါမေးမယ်၊ ပိုင်ရှင်က ခွင့်လွှတ်ကြည်ဖြူရင် သူခိုးအရာမြောက်နိုင်သလား"

"ဘယ်မြောက်မှာလဲဗျ"

"ဒါဆိုရင် မင်းလိပ်ပြာသန့်လိုက်တော့ ... အိစက်မွှန်ကိုယ်တိုင် လိုလိုလားလား ခွင့်ပြုလိုက်တဲ့အတွက် ... "

နေမင်းခန့် စကားအဆုံးတွင် ကောင်းထက်ဇော်ကငြိမ်ပြီး စဉ်းစားနေ သည်။ ပြီးမှ ...

"ကျွန်တော်ထင်တယ် ... ကိုနေ ... "

"ဘာထင်ပြန်ပြီလဲ"

"အိစက်မွှန် စိတ်ထဲမှာ ကိုနေရှိနေတာ သေချာတယ်"

"ဩော် ... ခုမှပဲ သဘောပေါက်ရသလားကွာ၊ မင်းပြောတဲ့အခြေ အနေက လောင်း ... လောင်းအကိုးမှာ ကျွန်ခဲ့ပြီ၊ မင်းရဲ့အတွေးအခေါ်တွေ ငါနဲ့အတူ အမိလိုက်နိုင်ရှအောင် ... အင်း ... မင်းခေါင်းကို ရွှာသာကြီးပို့ပြီး ရှော့ခ်ရိုက်ပေးရမလားမသိ"

ကောင်းထက်ဇော်က သူ့လက်မောင်းကို ဖွဖွပိတ်ထိုးရင်း ...

"အောင်မာ ... ခင်ဗျားက ခုတော့ ပြောအားရှိပြီပေါ့လေ"

"ငါ့ရဲ့အရည်အချင်းကို မင်းလည်းလက်တွေ့သိရတာ ပူပူနွေးနွေးလေး ပဲရှိသေးတယ်ကောင်းထက်ဇော်ရာ ... ရှေ့ဆက် မင်းစောင့်ကြည့်လိုက်ဦး ဘယ်လိုအကွက်လှလှပပလေးတွေ ငါရွှေ့ပြသွားဦးမလဲဆိုတာ ... "

ဇာကြမ္မာဆိုတာ လူ့ရဲ့ကြိုးပမ်းအားထုတ်မှုမပါဘဲ မတောက်ပနိုင်တာမို့



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ရပ်ကွက်စုပေါင်းဘုံကထိန်ပွဲတော်ကြီး ကျင်းပရန် နီးကပ်လာသည်။ ရပ်ကွက်ဆွမ်းလောင်းရုံရှေ့တွင် အောင်စိုးဦးတို့အဖွဲ့ အိုးစည်ဗိုင်းတိုက်နေသံ တစ်ရပ်ကွက်လုံးကို လွှမ်းခြုံလာမှုကြောင့် ထိုသို့ နီးကပ်လာမှန်းသိရခြင်း ဖြစ်သည်။

လမ်းထိပ်မော်ရှေ့တွင် ယာယီအလှူခံမဏ္ဍပ်ဆောက်၍ ဖြတ်သွားဖြတ်လာ ခုနစ်ရက်သားသမီးများထံမှ အလှူငွေများကောက်ခံသည်။ ဝတ်ရွတ်အဖွဲ့မှ မိန်းမပျိုလေးများက ငွေဖလားကိုယ်စီနှင့် မဏ္ဍပ်ရှေ့တွင် အလှည့်ကျအလှူခံပေးကြသည်။ မိုက်ကိုင်ကာ အာဘောင်အာရင်းသန်သန်နှင့် လှူချင်တန်းချင်အောင် ဒိုင်ခံဆော်သြရသူမှာ အပေါကောင်း အပြောကောင်း ဦးချစ်ရေးပင်ဖြစ်သည်။

အိစက်မွန်လည်း မော်ရုံဝတ်ရွတ်အဖွဲ့ဝင်မို့ အလှည့်ကျသည့်နေ့တွင် လမ်းထိပ်၌ အလှူခံရသည်။ အနားပြားဝိုင်းကြီးသည့် ထန်းလျက်ဦးထုပ်ဆောင်းထားသော်လည်း နေပူသည့်အခါ ချွေးတစိုစိုနှင့်။ သူမကို တစ်သျှူးနှင့်ဖွဖွတို့ကာ ယုယချင်သော်လည်း အလှူခံမဏ္ဍပ်၌ သူမအမေတစ်လှည့်၊ သူမအဖေတစ်လှည့် မလစ်ဟင်းရအောင် စောင့်ကြပ်နေကြသည်မို့ ခပ်လှမ်းလှမ်း ဦးနှိုင်းဆိုးဆိုင်ရှေ့၌ လက်ဖက်ရည်ဆိုင်မှပင် မျှော်ငေးရသည်။ ထိုခပ်လှမ်းလှမ်းမှပင် အချိန်ပြည့် မျှော်ငေးနိုင်သည်မဟုတ်။ သူမအဖေ မစောင့်သည့်အချိန် မနေ့ကလက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ချိန်တစ်ချိန်နှင့် ညနေလက်ဖက်ရည်ချိန်တစ်ချိန်တွင်သာ။ ကျန်အချိန်သွား ထိုင်လျှင် သူ့မအဖေကြီး ခေါက်ပေါက်သွားရမှာစိုးရသည်။ သူ့မအဖေက သူ့မ အမေထက်ပို၍ လျှင်သည်။

ထို့ပြင် ကထိန်အလှူပွဲမတိုင်မီ (၃)ရက်တွင် ညစဥ့် မမှာရုံ၌ ဝတ်ရွတ် ဆို ရွတ်ကြသည်။ ထိုနေရာကိုတော့ အိစက်မွန် ညစဥ့်လာသည်။ သို့သော်လည်း ထုံးစံအတိုင်း သူ့မအမေက ညစဥ့်ပါလာပြီး သူ့မအဖေကတော့ ရံဖန်ရံခါ။

ထိုရက်ပိုင်းတွင် မမှာရုံ၌ ညစဥ့် လူငယ်အုပ်စု စုရုံးကြရသည်။ မမှာရုံ ကို အလှဆင်မီးထွန်းခြင်း။ ပဒေသာပင်သီးခြင်း။ ပဒေသာပင် စောင့်အိပ်ခြင်းတို့ ကို တပျော်တပါး စုပေါင်းတာဝန်ယူကြသည်။ လူကြီးများလည်း ရောက်လာကာ ရေနွေးကြမ်းဝိုင်းဖွဲ့ကြသည်။ လက်ဖက်သုပ်၊ ချင်းသုပ် အလှူရှင်မှာ ကုန်စုံဆိုင် ပိုင်ရှင် ဦးချင်ဝါးဖြစ်သည်။ ရေနွေးကြမ်း ဒိုင်ခံဖြည့်ပေးသူကတော့ လက်ဖက် ရည်ဆိုင်ရှင် ဦးစိန်ချိုးဖူးပေါ့။

ထို့ကြောင့်ပင် နေမင်းခန့်လည်း မမှာရုံသို့ ညစဥ့်လာခွင့်ရသလို ယောဂီ ဝတ်စုံလေးနှင့် ကျက်သရေရှိရှိလေး လှပနေသော ချစ်ရသူ အိစက်မွန်ကို တစ်ဝကြီး ငေးမောကြည့်ခွင့်ရနေသည်။ တစ်နေ့ ... မျက်လွှာလေးချကာ ဣန္ဒြေရရလေး ရွတ်ဖတ်နေသော အိစက်မွန်အလှတွင် ဝင်စား၍ကောင်းနေဆဲ။

"ဟေ့ကောင် ... ဘာလုပ်နေတာလဲ"

သွားပြီ။ နေမင်းခန့်၏သာယာနေသော ကမ္ဘာလေးမှာ ရာအိမ်မှူး ဦးချစ်ရှေးကြီးကြောင့် လုံးဝပျက်စီးသွားပေပြီ။ သူက မမှာရုံရှေ့ သံပန်းများမှ တစ်ဆင့် အထဲသို့ လှမ်းငေးနေခိုက်ဖြစ်သည်။

"အထဲကိုကြည့်နေတာပါ ဦးလေးရ ... "

"အထဲက ဘယ်သူ့ကိုကြည့်နေတာလဲ၊ မင်းနော် ... သူများတွေ ကောင်းမှုလုပ်နေတဲ့အချိန်မှာ ဘာဗရုတ်ကျချင်နေတာလဲ"

"ဟာ ... ဦးလေးကတော့လုပ်ပြီ၊ ကျွန်တော်က ကျွန်တော်ကိုယ်တိုင် ဓါဝင်လှူဒါန်းပြီး ကိုယ်တိုင်ပါဝင်သီးထားတဲ့ ကျွန်တော်တို့လမ်းရဲ့ ပဒေသာပင် ကြီး ဟီးထနေတာကို လှမ်းကြည့်ပြီး ဝမ်းသာပီတိဖြစ်နေတာပါ"

ရှေ့မြင်ကွင်းအတွင်းရှိ ပဒေသာပင်ကယ်သဖြင့် ဦးချစ်ရှေးကြီး [illegible] ပျက်ပြယ်ကာ ဆက်စွပ်စွဲရခက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီည ဆွမ်းလှည့်တာယ်သူမို့လို့ ဒီနားရောက်နေရတာလဲ၊ ပဒေသာပင်စောင့်အိပ်ဖို့ဆိုရင်လည်း စောပါသေးတယ်"

"အောင်အောင်တို့အလှည့်ပါ၊ ကျွန်တော်တို့အဖွဲ့ကို ဝိုင်းကူဖို့ပြောထားလို့ ရောက်နေတာပါ၊ ခုချိန်ထိ မျိုးဇော်တို့ မရောက်လာသေးလို့ စိတ်မရှည်နိုင်ရတဲ့အထဲ ဦးလေးကလည်း တစ်မျိုးဗျာ"

သူကပင် ပြန်၍ပေါက်စားလုပ်လိုက်သဖြင့် ဦးချစ်ရေးလေသံကျိုးချိန်းသွားသည်။

"ဩော် ... အေး ... မနက် ဘာလောင်းမှာတဲ့လဲ"

"ဘဲသားနဲ့ ဘူးသီးတဲ့"

"ဘူးသီးဆိုလို့ ပြောရဦးမယ်ကွ၊ ဟိုတလောက လူကြီးဦးဝင်းလွင်ဦးအိမ်က ဘူးသီးပျောက်တာ မင်းတို့အုပ်စုလက်ချက်မဟုတ်လား"

"ဦးလေးကလည်း လုပ်ပြန်ပြီ စွပ်စွပ်စွဲစွဲဗျာ၊ ဦးလေးကို ဘယ်သူပြောလို့လဲ ..."

"ဟိုတလောက လူကြီးကိုယ်တိုင် အောင်စိုးဦးတို့ကိုခေါ်မေးသေးတယ်၊ တို့ကတော့ တကယ်သူခိုးမှတ်လို့ လိုက်လိုက်ရတာကွာ ... ဟိုဘက်ရပ်ကွက်တောင်ရောက်လို့ တော်တော်မောသွားတာ၊ ငါကတော့ မင်းတို့လို့ပဲထင်တယ်၊ အဲဒီညက မင်းတို့အုပ်စု ကာလသားဟင်းချက်စားကြတယ်လို့လဲ သတင်းသန့်သန့်ရတယ်"

"ဦးလေး ဦးချစ်ရေးနဲ့တော့ ခက်နေပါပြီပါဗျာ၊ ဦးလေးရဲ့အကြားတွေအမြင်တွေ ထွေနေပြီနဲ့တူတယ် ... ကျွန်တော် အမေရိကန်ဖွဲ့ရှင်းကို လိုက်ပို့ပေးရင်းနဲ့ မလှမ်းမကမ်းက နားကျပ် (Hearing Aid) ပါ ဝယ်ပေးမှနဲ့တူတယ်"

"ဘာကွ ... မင်းက ငါ့ကိုပင်းနေပြီ၊ ကန်းနေပြီလို့ ဆိုချင်တာလား"

"အဲဒီလိုသဘောမျိုးလည်း မဟုတ်ပါဘူး ဦးလေးရယ်၊ ဦးလေးကအသက်လည်း ငါးဆယ်ကျော်လောက်ရှိပြီဆိုတော့ ... "

"ဘာဖြစ်လဲကွ ... ငါ့ဘာသာငါးဆယ်ကျော်တာ ဘာဖြစ်လဲ ... ဘာဖြစ်လဲ"

သူ့အညာကို သွားထိမိသည်မို့ ဦးချစ်ရေး ပေါက်ကွဲလေပြီ၊ မျက်နှာမှာ နီရဲတင်းမာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ကျွန်တော်ပြောချင်တာက ဦးလေးက ငါးဆယ်ကျော် ဆိုပေမယ့် လူကမထင်ရလောက်အောင် နုသေးတာလို့ နောက်ပြီး ... "

ဦးချစ်ရေးက မျက်လုံးကြီးပြူးကြည့်နေရာမှ မျက်နှာကြောအနည်းငယ် လျော့လာသည်။

"ဦးလေးရဲ့ အမြင်အကြားအာရုံတွေ ထွေပြားနေတယ်ဆိုတာကလည်း နည်းနည်းလေး မဆိုစလောက်လေး မှုန်ဝါးဝါးဖြစ်နေတာကို ပြောတာပါ။ ဒါပေမဲ့ ဘယ်လိုပဲကြည့်ကြည့် ဘယ်အချိန်ပဲကြည့်ကြည့် ဦးလေးက နုပြီးသား၊ ခန့်ပြီး သား ... အဲဒါကြောင့်လေ ... "

ဦးချစ်ရေး မျက်နှာပေါ်မှ တည်တင်းမာမှုများပျောက်ကွယ်သလောက် ရှိနေပြီ။

"ကျွန်တော် ဒီရပ်ကွက်ကို ရောက်ကာစက ဦးလေးကိုမြင်တော့ အဲဒီ အစ်ကိုကြီးနာမည် ဘယ်သူလဲလို့ ဟိုကောင်တွေကိုမေးမိလို့ သူတို့ဟားတာခံရ သေးတယ် သိလား ... အဟုတ်ပြောတာ ဦးလေးရ ... ဟား ဟား"

"ဟား ... ဟား ... မင်းကတော့ တကယ့်ကောင်ကွာ"

ဦးချစ်ရေးတစ်ယောက် တင်းမာမှုများပြေပျောက်ပြီး ရောယောင်ရယ် မောကာ နေမင်းခန့် ပခုံးကိုပင် ဖွဖွလှမ်းထိုးလိုက်သေးသည်။ ထိုအခါမှ ဘူးသီး ခိုးမှုလည်းမေ့သွားတော့သည်။ နို့မို့ ဆားပုလင်းဦးချစ်ရေး ဆက်လုပ်နေလျှင် မမျှော်လင့်ဘဲ စကားများပြီး အမှုပေါ်သွားနိုင်သည်။

ထိုအချိန်မှာပင် နေမင်းခန့်အတွက် ကယ်တင်ရှင်ရောက်လာသည်။ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဖြစ်သည်။

"ဟာ ... ဆရာရယ် ... ဆရာ့ကိုလိုက်ရှာနေတာ၊ ဟိုတစ်နေ့က ဆရာ့ကို ကျွန်တော်ပြောထားတဲ့ကိစ္စလေ၊ ကျွန်တော့်ဆိုင်က အဲဒီကြွေးယူထား တဲ့ လူနာမည်စာရင်းကို ဘောတင်လိုက်တော့မယ်နော်၊ ဆရာ့အားကိုးနဲ့မို့ ကျွန်တော်တင်ရဲတာပါ၊ အဲဒါကြောင့် ... ဆရာ့ကို အရင်လာတိုင်တည်တာပါ"

ဦးချစ်ရေး ရင်ဘတ်မဆိုစလောက်လေး မောက်သွားသည်။ လိုအပ် လာပြီမို့ ရာဇဝိမ်မှူးပါဝါကို အသင့်အတင့် သုံးပေးရတော့မည်လေ။

"အေး ... ဟုတ်ပြီ၊ မနက်ဖြန်မှာ ဘောတင်ကြော်ငြာလိုက်တော့ ဒါမှရှက်ပြီး လာပေးကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းခန့် အသာလစ်ထွက်လာပြီး လမ်းထဲတွင် ကောင်းထက်ဇော်တို့အဖွဲ့ကို လိုက်ရှာသည်။ တစ်ယောက်ကိုမှ အရိပ်အယောင်မတွေ့ရ။ သို့နှင့်သူအာရုံကျရာ မမှာရုံဘေးသို့ပင် အမြန်ပြန်လစ်လာခဲ့သည်။ ထိုနေရာတွင်မှ အိစက်မွန်၏ အရိပ်အယောင်ကို ရှုမြင်ခွင့်ရပေမည်။

အိစက်မွန်ရှိသောအရပ်မှ သူတစ်ဖဝါးမှမခွာလို၊ မရွှေ့လို။

အိစက်မွန်နှင့်ပတ်သက်လျှင် သူခိုးကျင့် သူခိုးကြံဟုပဲဆိုဆို၊ အကြိမ်ကြိမ်အခါခါ ကြံဖန်ခဲ့ရသည်။

မင်းဟာ ခိုးကြည့်ခံစားခွင့်သာရှိပြီး ခိုးယူခံစားခွင့်မရှိတဲ့ လမင်းလေးပဲလား အိစက်မွန်။

⁂

ဘုံကထိန် လှည့်လည်သောနေ့ ...

သူများရပ်ကွက်များထက် သာလွန်စေ၍ ရပ်ကွက်တွင်းရှိ လူကုန်ပါဝင်ကြရသည်။ အဘိုးကြီး အဘွားကြီးများသာ ကျီးစောင့်ကြက်နှင့်ကျန်ခဲ့သည်။ ရပ်ကွက်လူကြီး ဦးဝင်းလွင်ဦး၏ အစီအမံပင် ဖြစ်သည်။

လူပျိုလေးများက ပဒေသာပင်များ ထမ်းကြသည်၊ အပျိုလေးများက ငွေပဒေသာပင်များ ကိုင်ကြရသည်။

ဒေါ်ဖင်ကောက်မှာ ငွေပဒေသာပင်ကိုင်သော သမီးများကို မိတ်ကပ်ပြေးဖို့ပေးလိုက်၊ ထီးဆောင်းပေးလိုက်၊ ရေတိုက်လိုက်နှင့် အပျိုထိန်းကြီးကြပ်ရေးတာဝန်ကျသည်။

အိုးစည်ဗိုင်း၊ ဒိုးပတ်ဗိုင်း၊ ရှမ်းအိုးစည်နှင့်ခါးသိုင်းအဖွဲ့နှင့်အတူနှစ်ကိုယ့်တစ်စိတ်အက ဦးရွှေရိုး၊ ဒေါ်မိုးအကအဖွဲ့များ ဖျော်ဖြေရေးအနေနှင့်ပါသည်။

အိစက်မွန်နှင့်ဒေါ်စလင်းဘော်ဒီတို့ တာဝန်ကျသောနေရာမှာ အလှူပြင်ဖျော်ဖြေရေးကားပေါ်ရှိ ကပြဖျော်ဖြေနေသော ရပ်ကွက်ထဲမှ ကလေးများကိုမိတ်ကပ်လိမ်း၊ အဝတ်အစားဆင်ယင်ပေးရန်၊ ရေတိုက်၊ မုန့်ကျွေး၊ ထိန်းသိမ်းပေးရန်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းခန့်ကို အိုးစည်ဝိုင်းတွင် တာဝန်ပေးထားသော်လည်း ဝါးလက်ခုပ်ကြီးတီးရန် သူ့တာဝန်ကို ဝါသနာရှင်အခြားသူတစ်ဦးအား အစားထိုးထားပြီး ကိုယ်တိုင်က ဖျော်ဖြေရေးကားနားတွင် ခွာမရဖြစ်နေသည်။ အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးနှင့် ရာအိမ်မှူး ဦးချစ်ရေးတို့မှာ ကထိန်လှည့်လည်ပွဲတစ်ခုလုံးကို ထိန်းသိမ်းနေရသဖြင့် လှည့်ပတ်ပြေးလွှားနေရရာ ဖျော်ဖြေကားတစ်စီးတည်းကို အထူးဂရုမပြုနိုင်။ နေမင်းခန့်အတွက် ခွင်တည့်နေတော့သည်။

ထိပ်ဆုံးမှ ဦးဆောင်သူ အဘဦးချိန်မှာ မကြာခဏ လမ်းကြောင်းလွဲနေ၍ မကြာခဏ ပြန်ပြန်ကွေ့နေရသည်။ ဘယ်ချိုးမည်ပြောလျှင် ညာချိုးပြီး ညာသွားမည်ပြောလျှင် ဘယ်လမ်းကိုဝင်သည်။ အုပ်မှူးမှာ အဘဦးချိန်ကို အတော်ပင် စိတ်ပိန်နေတော့သည်။

ကိုယ့်ထက်ကြီးသော လူကြီးမို့ မဆူမငေါက်ရဲ၊ အဘဦးချိန်က နားလေးပြီး အလွဲတွေကြား၍ အမှားတွေသွားနေသော်လည်း သူမှားသည်ကိုတော့ ဝန်မခံ။ သူ့ကို နားလေးသည်ဟုပြောလျှင်လည်း မကြိုက်။

ဖျော်ဖြေရေးကားပေါ်တွင် ဒေါ်စလင်းဘော်ဒီက ပညာကုန်လက်ဆင့်ကမ်းအမွေပေးထားသော ရပ်ကွက်တွင်းမှ ဘုစုခရုအုပ်စုမှာ အစွမ်းကုန်၊ ကဲအဲ ... ကပြအသုံးတော်ခံနေကြသည်။

ကားပေါ်တွင် တီးခတ်နေသော တီးဝိုင်းအဖွဲ့အပါအဝင် ဤဖျော်ဖြေရေးကားတစ်စီးလုံးအတွက် ကုန်ကျစရိတ်ကို ဦးချင်ဝါးတစ်ဦးတည်းက စွန့်ကြဲပေးထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ... ကားဦးထိပ်တွင် ထိုင်လျှက်ကလေးများကသည်ကို ရွှေသွားများပေါ်သည်အထိ တပြုံးပြုံး ပီတိတဝေဝေဖြင့် မိန့်မိန့်ကြီး မြင်တွေ့ရသည်။ ဖျော်ဖြေရေးကား အလှူရှင်မှန်းသိသာလှသည်။

ဦးချင်ဝါးက ဘာတာဝန်မှမယူ။ သို့သော်လည်း အလွန်အလုပ်များဟန်ဆောင်ကာ ပါလေရာလုပ်နေသည်။ ကားဦးပိုင်းမှထကာ ကားနောက်ပိုင်းတွင် အနောင်စာလုပ်နေသော အပျိုကြီးဝေမာခင်တို့ အုပ်စုထံလျှောက်လာပြီး မလိုအပ်ဘဲ ဆရာလာလုပ်သည်။ ညွှန်ကြားသည်။ ဒေါ်စလင်းဘော်ဒီအား ကလေးအချို့ကို မိတ်ကပ်ဖို့ပေးရန် ပြောသည်။ ခေါင်းပေါင်းစောင်းနေသည့် ကလေးတစ်ဦးကို ပြန်တည့်ပေးသည်။ ဤသို့ဖြင့် ဦးချင်ဝါးတစ်ယောက် အလုပ်များနေချိန်တွင် နောက်တစ်ခန်းကပြရန် ကလေးများ ပြင်ဆင်ကြသည်။

---

www.burmeseclassic.com



ဦးချင်ဝါးလည်း ကားထိပ်ပိုင်းသို့ ပြန်လျှောက်သည်။ သီချင်းဆိုမည့် ကလေးက မိုက်ခရိုဖုန်းကိုဆွဲယူလိုက် ဦးချင်ဝါးကလည်း ထိုမိုက်ကြိုးကို အနီးမှ ဖြတ်သွားလိုက် ... မိုက်ကြိုးနှင့်ငြိပြီး ဦးချင်ဝါးခြေတစ်ဖက် မြှောက်နေတော့သည်။ စောစောကတည်းက ကားပေါ်တွင် ယောက်ယက်ခတ်နေသည့် ဦးချင်ဝါးကို ယခုတစ်ဖန် ခြေတစ်ဖက် မြှောက်လျက် ကားအလယ်တွင်ရပ်နေသည်ကို တွေ့ရပြန်ရာ ပရိသတ်အဖို့ တော်တော်မျက်စိနောက်သွားတော့သည်။

သီချင်းဆိုသည့် ကလေးက ပရိသတ်ကို အားပါးတရ ဖျော်ဖြေရန် ရှေ့ကိုအတိုးတွင် မိုက်ကြိုးက ဦးချင်ဝါး ခြေထောက်နှင့်ငြိနေ၍ ဆွဲမရဖြစ်နေသည်။ စိတ်မရှည်သည့်ကလေးက နောက်ကိုလှည့်မကြည့်ဘဲ အတင်းဆွဲရာ မိုက်ကြိုးကြောင့် ခြေတစ်ပေါင်ကျိုးဖြစ်နေရရှာသော ဦးချင်ဝါးမှာ ကပြသည့်စင် အလယ်တွင် ဘိုင်းခနဲ လဲကျတော့သည်။

စောစောက မျက်စိနောက်နေသည့် ပရိသတ်မှာ ယခုမှပင် ထိန်းမရ သိမ်းမရ ပွဲကျသွားတော့သည်။

ဖျော်ဖြေရေးစင်ပေါ်တွင် အခြေအနေ ရှုပ်ထွေးနေခိုက် စင်အောက်ရှိ ကားအောက်ပိုင်းထဲသို့ နေမင်းခန့် လုစ်ခနဲ လှမ်းဝင်လိုက်သည်။

"ရှုတ် ... "

လှည့်ကြည့်ပြီး အိစက်မွှန်မျက်လုံးလေး ဝိုင်းသွားသည်။

"ဟင် ... ရှင် ... ဘယ်လိုလုပ်ပြီး ကားပေါ်ကို ရောက်လာရပြန်တာလဲ"

ကားအောက်ခန်းမှာ နားနေခန်းဖြစ်သည်။ ဒေါ်စလင်းဘော်ဒီမှာ ကလေးများကို ထိန်းပေးရန် ကားပေါ်ရောက်နေခြင်းဖြစ်သည်။

"အိစက်မွှန်ရှိနေတဲ့နေရာမှာ ကိုယ်အမြဲရှိနေရမယ်လေ၊ ဒါ ... အထူးအခန်းမှမဟုတ်တာ၊ ဘာကြောင့် မျက်လုံးပြူးသွားရတာလဲ"

"ပြူးတာပေါ့ ... တော်ကြာ အန်တီပြန်ဝင်လာလို့မြင်သွားရင် ရှုပ်ကုန်မှာ၊ ဖေဖေ့နားကိုပေါက်အောင်ပို့လိုက်ရင် ပိုဆိုးမှာ၊ အဲဒီကျရင် ကျွန်မပဲ ဒုက္ခရောက်မှာ ... ရှင်ပြန်ဆင်းပါ၊ ကျွန်မ တောင်းတောင်းပန်ပန်နဲ့ ပြောနေတာပါ၊ လိုက်လျှောပေးပါနော်"

"အတင်းမနှင်ပါနဲ့ကွာ ... ကိုယ်သွားမှာပါ၊ ဒါပေမဲ့ ... အိစက်မွှန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကိုယ်က ချစ်သူတွေဆိုတာ အိစက်မွှန် အသိအမှတ်ပြုပေးရလိမ့်မယ်"

"အို ... အစိမ့်ဟွာယ်မရှိတာ၊ ရှင်နဲ့ကျွန်မက ဘာမှဖြစ်ကြသေးတာမှ မဟုတ်တာ"

"မငြင်းပါနဲ့ အိစက်မွှန်ရာ၊ ကိုယ်တကယ်မခံစားနိုင်တော့လို့ပါ၊ ကိုယ့်ကိုအဖြေပေးလိုက်ပါတော့ ... နောက်တစ်ခါ ဒီလိုဆုံခွင့်ရဖို့ ခက်ခဲလွန်းလို့ပါ"

"ဟင့်အင်း ... မဖြစ်ပါဘူး၊ ကျွန်မ မပြောတတ်ဘူး"

"မပြောတတ်ရင် ခေါင်းညိတ်ပြ"

"ခေါင်းလည်း မညိတ်ပြတတ်ဘူး"

"အဲဒါဆိုရင် ပြုံးပြ ... "

"ပြုံးလည်းမပြတတ်ဘူး၊ စိတ်ညစ်လိုက်တာနော်"

အိစက်မွှန်မျက်နှာလေး ကြည့်ရသည်မှာ အမှန်တကယ်စိတ်အိုက်နေပုံရသည်။ ထို့ကြောင့် ... နေမင်းခန့်က အိစက်မွှန်လက်လေးကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။ အိစက်မွှန်က အတင်းပြန်ရုန်းနေသည်။

"အိစက်မွှန် မလုပ်ပြတတ်ရင် ကိုယ်လုပ်ပြမယ်၊ ဒီမှာကြည့် ... "

ပြောပြီး ... အိစက်မွှန်၏ လက်ခုံနုနုလေးပေါ်တွင် အနမ်းတစ်ပွင့်ကို လျှပ်တပြက်ခြွေချပေးလိုက်သည်။

အိစက်မွှန်ကိုယ်လေး ဆတ်ခနဲ တုန်သွားပြီး ...

"အို ... အဲလိုမျိုးမလုပ်နဲ့လေ ... မွှန် မကြိုက်ဘူးနော်"

"ချစ်ရလွန်းလို့ စိတ်မထိန်းနိုင်လွန်းလို့ပါ မွှန်လေးရယ် ... စိတ်မဆိုးနဲ့နော်"

အိစက်မွှန်က နှုတ်ခမ်းလေးစူပြီး မူနွဲ့သည်။

"ဆိုးတယ် ... တကယ်စိတ်ဆိုးတယ်"

"စိတ်ဆိုးရင် ကိုယ့်ကိုမချစ်ရင် မကြိုက်ရင် ကိုယ့်ပါးကို ရိုက်လိုက်ပေါ့၊ ကိုယ့်ဘက်ကတော့ ကိုယ့်ရဲ့ချစ်ဦးသူအဖြစ် မင်းကိုယ်ပေါ်မှာ တံဆိပ်ခတ်နှိပ်ပေးလိုက်ပြီ ... တကယ်လို့ ကိုယ့်ကိုချစ်ရင် အခုလိုပဲ အတင်းခေါင်းငုံ့နေ"

အိစက်နွယ်က ခေါင်းပြန်မော့ရင်း ...

"အံမယ် ... သွား ... လူတတ်ကြီး၊ ဘယ်လိုမှ မလွှတ်အောင် အားလုံးတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တဲ့သူ့အတွက် ... သိပ်ချစ်တတ်သူရဲ့ဆရာမလိုပဲ ရင်တွင်း ခံစားချက်ကြောင့် အလိုလိုတတ်မြောက်လာတဲ့ ပညာတစ်ရပ်ဖြစ်မှာပေါ့ကွ"

အိစက်မွှန်က အပြုံးနုနုဖြင့် မျက်စောင်းဝင့်ရင်း ...

"အပိုစကားတွေ ပွားနေတာ"

"ဒါဆို ... ကိုယ်အဖြေရပြီနော်"

"မသိဘူး"

"ဒါဆို နောက်ထပ်တံဆိပ်တစ်ခုထပ်ပြီး ခတ်နှိပ်ပေးလိုက်မှာနော်"

"အို ... မလုပ်နဲ့နော် ... မလုပ်ပါနဲ့တော့"

အိစက်မွှန် ငိုမဲ့မဲ့လေးဖြစ်လာသဖြင့် သူမလက်ကိုလွှတ်ပေးလိုက်သည်။ ယခုမှ အပြုံးလဲ့လဲ့လေး ပြုံးလာနိုင်ပြီး ...

"ကြက်သီးမွေးညှင်းတောင် ထတယ်"

"ဟုတ်လား ... အဲဒါ ကိုယ့်ကိုချစ်လို့ဆိုတဲ့ အဓိပ္ပာယ်ပေါ့ မွှန်လေး ရယ် ... "

"သွားပါ ... ဘာဆိုင်လို့လဲ၊ ကြောက်လို့ရှင့် ကြောက်လို့ ... "

"ဘယ်သူ့ကို ကြောက်တာလဲ"

"ဘယ်သူ့ကိုကြောက်ရမှာလဲ ... ရှင့်ကို ... ပေါဒီရှင်ကြီးကို ကြောက်တာ"

"ဒါကလွယ်ပါတယ် ... ကြောက်တတ်ရင် မျက်လုံးလေးသာ မှိတ် ထားလိုက် ... "

"အောင်မာ ... သူနိုင်းတိုင်းလုပ်စရာလား။ မယုံချင်စရာလူကြီးကို"

"ဒါဆို ... မွှန်လေးနိုင်းတာ ကိုယ်လုပ်မယ်လေ"

"တကယ်လား ... ဒါဆို ခုကားပေါ်က မြန်မြန်ဆင်းသွားတော့"

"ဘာလို့ အတင်းနှင်နေရတာလဲကွာ"

"ကားအောက်ပိုင်းမို့ နည်းနည်းမှောင်နေတယ်ဆိုပေမယ့် အန်တီဝင် လာရင် တွေ့သွားမှာ၊ သူလာနေတာလည်းကြာပြီ၊ ပြန်ပါတော့ကွာ ... မွှန့်ကို ချစ်ရင် မွှန့်စကားကို နားထောင်နော်"

"အင်းလေ ... ချစ်လွန်းတော့လည်း စိတ်ကျဉ်းကျပ်အောင်မလုပ် ရက်တော့ပါဘူး။ သွားတော့မယ် ... ခုလို ကိုယ်တို့နှစ်ယောက်ရဲ့ ဖြင်ကွင်းကို



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမလောင်းကြီး ဦးဝင်းလွင် မြင်သွားရင် ဘယ်လိုဖြစ်သွားမလဲမသိဘူး နော်"

အိစက်မွန်ကလည်း အပြုံးချိုချိုလေးနှင့် ...

"အပေါ်ကစင်ပေါ်မှာ ကနေတဲ့ကလေးတွေနဲ့အပြိုင် ခုန်ပေါက်အော်ဟစ်နေမယ်ထင်တယ်"

ချစ်ခြင်းနယ်လွန်ဘဝမှာလည်း ဒီလိုအပြုံးအပျော်များနှင့်သာ ဆက်လက်လျှောက်လှမ်းပါရစေချစ်သူ။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

မြို့ထဲမှ တေးသံသွင်းတစ်ခုတွင် နေမင်းခန့် အလုပ်ရသည်။ အလုပ်က တော့ အစုံလုပ်ရသည်။ စီဒီရောင်းရသည်။ လက်ရွေးစင်သီချင်းများ လာအပ် လျှင် စီဒီရွေးရသည်။ အသံသွင်းခန်းထဲဝင်ပြီး အသံသွင်းရသည်။ စရိတ်ငြိမ်း ခန့်ထားသည်မို့ ရသောလခမှာ သူ့စုဆောင်းရန်သာ။

ထူးခြားသည်မှာ တေးသံသွင်းလောကထဲ အောင်တိုမစ်တစ်ရောက်ရှိ သွားခြင်းဖြစ်သည်။

တေးသံသွင်းပိုင်ရှင်မှာ တေးစီးရီး ထုတ်လုပ်သူလည်းဖြစ်သူမို့ ထုတ် လုပ်သမျှ တေးစီးရီးများအတွက် နေမင်းခန့်လည်းပါဝင်အလုပ်ရှုပ်ရသည်။ တီးဝိုင်းရက်ချိန်းယူခြင်း၊ စတူဒီယို ရက်ချိန်းခြင်းမှအစ အသံသွင်းနေစဉ် စား သောက်စရာ စီစဉ်ခြင်း စသည့် တောက်တိုမယ်ရအလုပ်များအလယ်၊ စီဒီ အကြမ်းထုတ်ခြင်း ဝေါလ်ရှို၊ ကြော်ငြာရိုက်ခြင်း၊ ကြော်ငြာဘုတ်ထောင်ခြင်း၊ စီဒီအချောထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း အဆုံး စပ်စပ်စပ်စပ် ပါဝင်ရသည်။ ထို့ကြောင့်လည်း ...

စီးရီးတစ်ခုအောင်မြင်စွာ ထုတ်လုပ်နိုင်ရေးအတွက် အခြေခံလိုအပ် ချက်မှအစ နှံ့နှံ့စပ်စပ်သိရှိသွားတော့သည်။ ဆက်နွှယ်ရာလောကသား တော် တော်များများနှင့်လည်း ရင်းနှီးသွားသည်။

ကံအားလျော်စွာပင် ဆိုင်မန်နေဂျာနှင့် အလုပ်သမားများ ဇပ်တူထိုး



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်ထဲမှ ထီဆုကြီးတစ်ဆုပေါက်သည်။ သူ့အတွက် ဝေစုရငွေထဲမှ အချို့အဝက်ကို ဘုရားလှူသည်။ ရပ်ကွက်ထဲမှ ဆွမ်းတစ်ပတ်စာ တာဝန်ယူ၍ ကျွေးလှူသည်။ မုန့်ပုံး(၂၀)ဝယ်၍ ရပ်ကွက်ထဲမှ လူကြီးသူမများနှင့် ခင်မင်ရင်းနှီးရာအိမ်များကို ဝေငှသည်။ တန်ဆောင်တိုင်အကြိုကာလမို့ လူကြီးသူမများကို ကန်တော့သကဲ့သို့ ဖြစ်သွားသည်။ ထီဆုငွေအများစုကိုတော့ စီးရီးထုတ်ရန် စုထားသော စုငွေထဲထည့်လိုက်သည်။

အိမ်ပိုင်ရှင်အဘဦးချိန်တို့ လင်မယားကို အိမ်ပေါ်ထပ်တက်ပြီး ဦးဆုံးကန်တော့သည်။

"အေးကွယ် ... သာဓု ... သာဓု ... သာဓု နောင်လည်း လှူနိုင်တန်းနိုင်ပါစေ၊ သွားလေရာ လာလေရာ ခလုတ်မထိ၊ ဆူးမငြိဘဲ လိုရာဆန္ဒပြည့်ဝပါစေကွယ်"

အဘ ဆုပေးပြီးသည်အထိ အဘွားက ဘာအတွက် သူတို့ရောက်လာကြမှန်း မရှင်းလင်းသေး။

"အဘိုးကြီး ... ဒီကလေးတွေက ဘာအတွက် လာကန်တော့ကြတာတဲ့လဲ"

"ခုလာကန်တော့တာ အောက်ထပ်က မောင်နေမင်းခန့်လေကွယ်။ ထီပေါက်လို့ လာကန်တော့တာတဲ့"

အဘွားသင်က အော်မေးသည်ကို အဘိုးချိန်က ပြန်အော်ပြောခြင်းဖြစ်သည်။ သို့သော် ...

"တော်ကလဲ အရမ်းမအော်ပါနဲ့ ... ကျုပ်ကြားပါတယ်၊ သူတို့ထီးပျောက်တာ ကျုပ်တို့ကို လာကန်တော့တာနဲ့ ပြန်ရမှာမို့လို့လား"

နေမင်းခန့်နှင့် မျိုးဇော်တို့ ပြုံးစိစိဖြစ်ကြရသည်။ အဘိုးချိန်က သူကနားမလေး ... အဘွားသင်သာ နားလေးလေဟန်ဖြင့် ...

"ဟာ ... ဒီအဘွားကြီး၊ နားပင်းကိုးကားနဲ့ ဘယ်ကထီးပျောက်ရမှာလဲ၊ ထီပေါက်တာဗျ ... ထီပေါက်တာ၊ အဲဒါသာကြည့်ကြတော့ကွာ၊ အော်ပြောရင်လည်း မကြိုက်ဘူး ... ပြီးတော့ သူပဲကြားချင်ရာကြားသေးတာအပေါး ... ပေါး ..."

သူ့ရယ်နေတုန်း မျိုးဇော်က လက်ကုပ်သည်။ ပြီး ... လှေကားကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စပစ်ပြသည်။ ထို့ကြောင့် ...

"သွားဦးမယ် အဘ ... ကျန်တဲ့အိမ်တွေ လိုက်ကန်တော့လိုက်ဦးမယ်"

"အေး ... အေး ... ဘုန်းကြီးသက်ရှည်ကြပါစေကွယ်"

အောက်ထပ်ရောက်ရောက်ချင်း ...

"ကိုနေ ... မုန့်တစ်ပုံးမြန်မြန်ယူ အုပ်မှူး အိမ်ကိုဂိုးမယ်၊ ကျွန်တော် ဒီကိုလာတုန်းက အုပ်မှူးအပြင်ထွက်သွားတာမြင်တယ်၊ သူအိမ်ပြန်မရောက်ခင် သူ့အိမ်ကိုသွားချင်လို့ စကားမြန်မြန်ဖြတ်ခိုင်းတာ"

"သူပြန်မရောက်ခင် သူ့အိမ်သွားတော့ ငါတို့က ဘယ်သူ့ကိုကန်တော့ရမှာလဲ မျိုးဇော်ရ ..."

"အပဲ့ ကိုနေရာ ... ကျွန်တော့်သဘောအတိုင်းဆို စောစောကတည်းက အုပ်မှူးအိမ်ရောက်နေပြီ၊ ကိုနေက အဘချိန်တို့ကို ဦးဆုံးကန်တော့ချင်တယ်ဆိုလို့ ... ဒီမှာ ... ကျွန်တော်ပြောပြမယ်၊ အုပ်မှူး မရှိတဲ့အချိန်မှာ သူ့အိမ်သွားမှသူ့သမီးကို အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ရှိုးခွင့်ရမှာပေါ့၊ ကျွန်တော်တို့ဝင်သွား ... အိစက်မွန်ဖြစ်ဖြစ် သူ့အမေကြီးဖြစ်ဖြစ် ထွက်တွေ့၊ အိစက်မွန် အရင်ထွက်လာရင် အိုကေပြီပေါ့ဗျာ၊ အဲဒီအချိန်မှာ ကိုနေရဲ့ ရှိုးကို ကျွန်တော်တို့လေ့လာရမှာပေါ့၊ သူ့အမေကြီး အရင်ထွက်လာရင် ကျွန်တော်တို့လာရင်းကိစ္စကိုပြောပြီး အချိန်ဆွဲ၊ အဲဒီအချိန်မှာ အိစက်မွန်က ထွက်လာ ... ဒါမှမဟုတ်လည်း ထွက်လာအောင် ကျွန်တော်နဲ့ကောင်းထက်ဇော်က စကားခေါ်ရမှာပေါ့ ..."

ယခုမှ အိမ်ထဲဝင်လာပြီး အနီးတွင်ရပ်နေသည့် ကောင်းထက်ဇော်ကိုပါ စကားထဲ ဆွဲသွင်းသည်။

"အေး ... အဲဒီအဆင့်တွေမရောက်ခင် သူ့အမေကြီးက နောက်တစ်ခေါက် လာခဲ့ပါဆိုရင်ရောကွာ"

"ဒါဆိုလည်း မရှုံးသေးပါဘူးဗျာ၊ နောက်တစ်ခေါက် သူတို့အိမ်ထဲ ထပ်ဝင်ခွင့်ရသလို အိစက်မွန်နဲ့တွေ့ဖို့ အခွင့်အရေး ထပ်ရတာပေါ့"

"ဟုတ်သားပဲ ကိုနေရ ... မျိုးဇော်တွက်ပြတာ ဘယ်လိုပဲတွေးတွေး အကွက်စေ့တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အခန့်မသင့်ရင်တောင် သူ့ဒို့အိမ်ထဲ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လောက် ဝင်ခွင့်ရမယ့်အခွင့်အရေး၊ လက်လွတ်မခံချင်နဲ့၊ လာ ... မြန်မြန် ဒိုးကြမယ်"

ကောင်းထက်ဇော်က လက်ဆွဲထွက်သည်မို့ သုံးယောက်သား အိစက်မွန်တို့ အိမ်ရှေ့သို့ သွက်သွက်လက်လက် ရွေ့ကြသည်။ မရောက်မီလေးတင် မျိုးဇော်က သတိပေးသလိုလို ဆရာကြီးလုပ်သလိုလိုနှင့် ပြောသေးသည်။

"ဒီမှာ ကိုနေ ... ဟိုရောက်လို့ ခြံဝမှာဘယ်သူနဲ့ပဲတွေ့တွေ့ လိုအပ်တာကို ကျွန်တော်ပဲဖြေရှင်းသွားမယ်၊ အိမ်ထဲရောက်ရောက်ချင်းလည်း ဒီအတိုင်းပဲ ... အိုကေနော် ... "

"အေးပါကွာ ... ဒီခွင်မှာ မင်းက ဒါရိုက်တာပါ"

ခြံဝသို့ရောက်သောအခါ မျိုးဇော်ကပင် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ မကြာလှသောအချိန်အတွင်း ခြံတံခါးဝတွင် အုပ်မှူး၏လက်တိုလက်တောင်း၊ လူယုံတော် သူတူဖြစ်သူ ကိုသန်းအောင်မျက်နှာကြီး ပေါ်လာသည်။ ကိုသန်းအောင်က သူတို့အုပ်စုကိုမြင်သည်နှင့် မျက်နှာထားကို နှစ်ဆတင်းပြစ်ကာ ...

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ... "

"ကျွန်တော်တို့ ဦးလေး ဦးဝင်းလွင်ဦးနဲ့ တွေ့ချင်လို့ပါ၊ အဟီး ..."

"ဘာကိစ္စတွေ့ချင်တာလဲ ... ရှိးရှိးပြော မျက်နှာချိုမသွေးနဲ့"

မျိုးဇော်က ပုံမှန်မျက်နှာထားသို့ ပြောင်းလိုက်ပြီး ...

"ကိုနေက ကန်တော့ချင်တယ်ဆိုလို့ ကျွန်တော်တို့က အဖော်လိုက်လာတာပါ"

မျိုးဇော် ထိုသို့ပြောသည်ကို သန်းအောင်က သဘောပေါက်လွဲသွားသည်။ အကြောင်းတစ်ခုခုကြောင့် အုပ်ချုပ်ရေးမှူးကို လာဘ်ထိုး၍ ကန်တော့မည်ဟု ပြောခြင်းဟုနားလည်ကာ လေသံကိုတော့ အနည်းငယ်လျှော့၍ ...

"ရုံးကိစ္စဆိုရင် ရုံးကိုသွားကြ ... အိမ်ကိုလာတာ ဦးလေးကမကြိုက်ဘူး။ အဲဒီခြံဝမှာစာရေးထားတယ်"

ခြံဝမှာပင် အချိန်တော်တော်ကုန်နေပြီ။ ကြာနေ၍ ဦးဝင်းလွင်ဦးပြန်ရောက်လာလျှင် မိမိတို့ရည်ရွယ်ချက် ပျောက်တော့မည်။ မိမိတို့ ခြံဝမှပင် ကျော်လွန်ခွင့်မရသေး။ မျိုးဇော် အနည်းငယ်ချွေးပုံချင်လာသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်ဇော်က ရှေ့ထွက်လာပြီး ...

"ဒီမှာ ကိုသန်းအောင် ... ကိုနေက ထီပေါက်လို့ရပ်ကွက်ထဲက လူကြီးသူမတွေကို လိုက်ကန်တော့တာဗျ ... လင်စုံမယားဘက် ကန်တော့ရမှာ၊ ရုံးမှာဘယ်လိုသွားကန်တော့လို့ရမှာလဲ"

"ဩော် ... သိဘူးလေကွာ"

"ဦးလေးဦးဝင်းလွင် အိမ်ထဲမှာရှိတယ် မဟုတ်လား"

"ရှိပါ့ဗျား ... မင်းတို့ကန်တော့ချင်တဲ့ လင်မယားနှစ်ယောက်လုံး"

"ဗျာ ... "

သုံးယောက်လုံး နှုတ်မှ 'ဗျာ'သွားသည်၊ သူတို့မျှော်လင့်သည်မှာ ဦးလေး အပြင်ခဏသွားတယ်ကွ၊ ဒေါ်လေးတော့ရှိပါတယ်၊ လာ ... အိမ်ထဲဝင်ပြီး ခဏစောင့်ကြလေကွာ ... " ဆိုသည့်စကား

"ဘာဖြစ်ကြတာလဲကွ ... မင်းတို့က တစ်ခုခုကို အံ့ဩသွားသလို ကြီးပါလား"

"အာ ... မဟုတ်ပါဘူး ကိုသန်းအောင်ကြီးရဲ၊ ကျွန်တော်တို့က ဟိုလေ ... အုပ်ချုပ်ရေးမှူးကို ရုံးကိုများထွက်သွားပြီလား၊ အိမ်မှာမှတွေ့ပါ့ မလားဆိုပြီး စိတ်ပူနေတာ၊ အုပ်ချုပ်ရေးမှူးက ရုံးမှာအရမ်းအလုပ်များတာ မဟုတ်လား ... ဦးလေးဦးဝင်းလွင်ကလည်း ရပ်ကွက်အကျိုး၊ ရပ်ကွက်ကိစ္စ ဆိုရင် တကယ့်အားကျိုးမာန်တက်၊ အပင်ပန်းခံတတ်တဲ့လူမျိုးဆိုတော့လေ၊ အဲဒါ ... အဲလိုမျိုးပါ"

သန်းအောင်က တံခါးကိုဖွင့်ပေးရင်း မျက်နှာပါ ပြုံးရွှင်သွားကာ။

"ဟုတ်တယ်ကွ ... ငါ့ဦးလေးကလေ ရပ်ကွက်အကျိုးဆို မင်းတို့ ပြောသလိုပဲ ... တကယ် ... "

စကားရောဖောရောဖြင့် သူတို့သုံးယောက်လည်း ခြံထဲလိုက်ဝင်လိုက် သည်။ အိမ်အဝင်ဝတွင် တွေ့ရသည်က အိစက်မွန်၏အမေ။

"လာကြကွဲ့ ... ဘာကိစ္စပါလိမ့်"

"ဒီမှာလေ ... အဘဦးချိန်တို့အိမ်မှာ ငှားနေတဲ့ ကိုနေမင်းခန့်က ဦးလေးနဲ့ဒေါ်လေးတို့ကို ကန်တော့ချင်လို့တဲ့"

အုပ်မှူးကတော်မှာ မရှင်းမရှင်းနှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com


"ဩော် ... အေး ... ဝင်ထိုင်ကြပါဦးကွယ် ... ဒါနဲ့ ဘာအတွက် ကန်တော့ကြတာလဲဆိုတာ"

ဧည့်ခန်းတွင် ဝင်ထိုင်ပြီးပြီးချင်း နေမင်းခန့်က ...

"ဒီလိုပါအန်တီ ... ကျွန်တော်က နေမင်းခန့်ပါ၊ ကျွန်တော့်အလုပ်ထဲက သူငယ်ချင်းတွေနဲ့စုပြီး ထိထိုးကြတာ ထီပေါက်လို့လေ၊ အဲဒါ ဘူမိနက်သန့်မှန်တဲ့ ဒီရပ်ကွက်လေးကိုရောက်မှ ကျွန်တော့် ဘဝမှာ ထူးထူးခြားခြားထီပေါက်ရတာမို့ ဒီရပ်ကွက်က လူကြီးသူမတွေကို ပြန်ကန်တော့တာပါ၊ နောက်ပြီး ... တန်ဆောင်တိုင် အကြိုအတွက်လည်း ပါတာပေါ့လေ၊ ကျွန်တော့်အိမ်ရှင် အဘဦးချိန်တို့ လင်မယားကိုတော့ အိမ်ရှင်လည်းဖြစ်၊ အသက်ကြီးသူလည်းဖြစ်လို့ အရင် ကန်တော့ပြီးပါပြီ၊ အခု ... အန်တီတို့ လင်မယားကတော့ ရပ်ကွက်မှာ ဂုဏ် အကြီးဆုံးလည်းဖြစ်လို့ ဒုတိယဦးဆုံး လူကြီးမိဘအမှတ်နဲ့ ကန်တော့မှာပါ"

"ဘာကွ ... နောက်ဆုံးစကားလုံးလေး သေသေချာချာမကြားလိုက်လို့ ပြန်ပြောပြပါဦး ... "

မမျှော်လင့်ဘဲ ခန်းဆီးအကွယ်မှ မျိုးဇော်ပြောသည့် (ဂေါ်ဇီလာ) အုပ်မှူးအသံထွက်ပေါ်လာသဖြင့် သုံးယောက်လုံးသတိအနေအထားသို့ ချိန်းလိုက်ရသည်။ ဘေးဘယ်ညာမှ ကောင်းထက်ဇော်နှင့်မျိုးဇော်တို့ကလည်း နေမင်းခန့်ကို ပြိုင်တူ လက်ကုတ်ကြသည်။

နံယောက်ခထီးလောင်းကြီးကိုယ်တိုင် ဧည့်ခန်းဆက်တီခုံတွင် မိန့်မိန့်ကြီးထိုင်နေပြီမို့ ခုနက တမင်စကားများချင်ယောင်ဆောင်ကာ ကျွံဝင်ခဲ့မိသမျှကိုနေမင်းခန့် အမှားပြင်ဆီင်ချက် အမြန်ထုတ်ရသည်။

"ဩော် ... ဦးလေးက ရပ်ကွက်အုပ်ချုပ်ရေးမှူးဆိုတော့ ဦးလေးတို့ လင်မယားကို ရပ်မိရပ်ဖအနေနဲ့ ဒုတိယဦးဆုံး လာကန်တော့တာပါလို့ ... "

"ဟုတ်တယ်လေ ဦးဝင်းလွင်ရဲ့ ... ခုနက ဒီကလေးပြောတာလည်း ဒီသဘောပါပဲ"

ဦးဝင်းလွင်ဦးက သူ့မိန်းမကို မင်းနှပ်ပါသေးတယ်ဆိုသည့် အမူအရာနှင့် တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ နေမင်းခန့်တို့ဘက်ကို အနည်းငယ် မသိမလည်မျက်နှာနှင့်ကြည့်ကာ ...

"ဩော် ... အေး ... ကောင်းတာပေါ့ကွာ၊ ဒါဆိုလည်း ကန်တော့


www.burmeseclassic.com

www.burmeseclassic.com



ကြလေး မိန်းမ ... လာ ... မင်းလည်း ငါ့ဘေးမှာလာထိုင်"

နေမင်းခန့်တို့သုံးယောက်လည်း ဆက်တီခုံပေါ်မှ ကြမ်းပြင်ပေါ်သို့ ဆင်းထိုင်ကာ ကန်တော့ကြသည်။ ဦးဝင်းလွင်တို့လင်မယားက ဆုပေးသည်။

"အေး ... အခုလိုကျတော့လည်း မင်းတို့က လိမ္မာသိတတ်ကြသားပဲ အခုလို လူ့ဒါန်းကန်တော့ရသော အကျိုးကြောင့် ငါ့တူကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါကင်းပြီး အသက်ရှည်ပါစေဗျား ... "

"အေးကွယ် ... ခုလို အသိတရားရှိရှိနဲ့ လူကြီးမိဘမှန်းသိသိ၊ ရိုရိုသေသေ ကန်တော့ကြတဲ့အတွက် အန်တီကလည်း ဝမ်းသာပါတယ်၊ ငါ့တူကြီး လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေကွယ်"

အိစက်မွှန်အမေ၏ ဆုပေးကို နေမင်းခန့်က ပိုကြိုက်သည်။ ထို့ကြောင့်ပင် အသံကျယ်ကျယ်နှင့် ...

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေခင်ဗျာ ... "

အိမ်အကူ မိန်းကလေးက အအေးသုံးခွက် လာချပေး၍ ညွှတ်ခံသည်။ ဦးဝင်းလွင်က ထိုမိန်းကလေးကို မုန့်ဖိုးသိမ်းနိုင်းလိုက်သည်။

နေမင်းခန့်အတွက်တော့ အိစက်မွှန် ချောင်းကြည့်နေကြောင်းကို ခန်းစည်းစလေး လှစ်ခနဲ လှုပ်ရှားသွားခြင်းဖြင့်သာ စိတ်မှန်းသက်သေ ထင်ရှားခဲ့ရသည်။

***

နောက်တစ်အိမ် ကူးပြောင်းရာ လမ်းတွင် ...

"ဘယ်လိုလဲ မဟာပညာရှိ ကိုမျိုးဇော် ... "

"အဟီး ... ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်လို့ အော်ရမလိုဖြစ်သွားတာပေါ့ဗျာ ... တော်တော်လျှင်တဲ့ ဘိုးတော်ဗျာ၊ ထွက်သွားတာမြင်လိုက်ရဲ့သားနဲ့ ဘယ်အချိန် ပြန်ရောက်လာမှန်းမသိလိုက်ရဘူး"

"ဩော် ... ဦးဝင်းလွင်ပါဆို၊ တခြားလူမှတ်လို့ကွာ၊ အဲဒီလိုပဲ သူ့သမီး အကြီးမကို ထိန်းကွပ်ခဲ့သော ဒီနီးနားဝန်းကျင်က ဘယ်ကောင်ဘယ်လို ရခဲ့လို့လဲ၊ ဒီလိုနဲ့ သူ့စိတ်ကြိုက် ပေးစားလိုက်ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပကွာ ... ဒါပေမဲ့ စိတ်မပျက်ပါနဲ့ကိုနေရာ၊ ခန့်ညား[illegible] လှပ်သွားတာတော့ တွေ့ခဲ့ရပါသေးတယ်"

"အဲဒါကလည်း ခေတ်ပွဲနဲ့ရှုပ်ယှက်သလားမကြွင်းကိုလိုက်လျှော[illegible] မှ မသိတာကွာ"

ဝတီနှစ်ကောင် နေမင်းခန့်ကို သံပြိုင်ဟားလိုက်ကြသည်။

ဦးချစ်ရေး အိမ်ဝသို့အရောက်တွင် မျိုးဇော်က ...

"အချစ်ရေးရေ ... "

အိမ်ထဲမှ ဦးချစ်ရေး ထွက်လာသည်။

"ဘယ်ကောင်လဲကွ ... အသံသေးအသံကြောင်နဲ့ အိမ်ရှေ့မှာ လာအော်နေတာ"

"လူရှိလားသိရအောင်လို့ အသံပေးကြည့်တာပါ ... အဟဲ ... ဒီမှာလေ ကိုနေက ထီပေါက်လို့တဲ့ မုန့်ဖိုးလက်ဆောင်လာပေးတယ်"

"ဪ ... အေး ... အလာကောင်းမို့လို့ပေါ့ကွာ၊ ကျေးဇူးတင်ပါ တယ်ကွာ၊ ကြွတုန်း ထမင်းဝင်စားသွားပါလား"

"ဟုတ်ကဲ့"

မျိုးဇော်ကပြောပြီး အိမ်ထဲဝင်ရန်ပြင်သည်။ နေမင်းခန့်နှင့်ကောင်းထက် ဇော်က အတင်းဆွဲထားရသည်။

"အလကားပြောတာ ဦး ... ဒီကောင် စားလာခဲ့ပြီးသား"

"တော်တော်ရှုနောက်တဲ့ကောင်ကွာ၊ ချက်ထားပြီးသားရှိတာမဟုတ်ဘူး တကယ်ဝင်စားရင်ဒုက္ခဆိုပြီး ငါစိတ်ပူသွားတာ"

"ဟာ ... အဲဆို ... ဦးလေးက ဟန်ဆောင်ပန်ဆောင် ခေါ်တာ ပေါ့"

"အေးပေါ့ကွ"

လေးယောက်သား ဝါးခနဲ ပွဲကျသွားကြသည်။

အောင်စိုးဦးတို့အိမ်ဝင်သောအခါ အောင်စိုးဦးအဖေက အောင်စိုးဦး အမေကို ဇာက်ကြောဆွဲပေးနေသည်နှင့် သွားတိုးသည်။ သူတို့အုပ်စု ဝင်လာတာ မြင်မှ အောင်စိုးဦးအဖေက စာရင်းစာအုပ်ဖွင့်ကာ အလုပ်များချင်ယောင် ဆောင် သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်ဖော်က အကျိုးအကြောင်းပြောကာ မှန့်ဖုံးပေး၍ သုံးယောက်လုံး ထိုင်ကန်တော့လိုက်ကြသည်။ အောင်စိုးဦးအမေက ...

"မောင်နေမင်းခန့်တို့ကတော့ လိမ္မာပါ့ကွယ်၊ အိမ်ကကောင်လေး၊ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဘယ်နေရာမှသုံးမရ၊ အံဝင်ခွင်ကျလည်းမဖြစ်၊ အဲ ... အခုလို လာကန်တော့တာ ဝမ်းသာပါတယ်ကွယ်၊ သား ရှေ့လျှောက်ကြီးပွားတိုးတက်ချမ်းသာပါစေကွယ် ... ရည်ရွယ်တဲ့အတိုင်းလည်း ပေါက်မြောက်အောင်မြင်ပါစေ"

"ဟုတ်ကဲ့"

"အဖေကြီးကလည်း ကလေးတွေကို တစ်ခုခုပေးလိုက်သီးလေ"

"ဘာပေးရမှာလဲ"

"မင်္ဂလာရှိတဲ့ စကားလေးတစ်ခွန်းဖြစ်ဖြစ်ပေါ့ရှင်"

"ဩော် ... အေး ... ကောင်းပါ့ကွာ၊ ငါ့မိန်းမပြောတဲ့အတိုင်းပါပဲ"

"ဟုတ်ကဲ့ပါ"

အားလုံးစိတ်ထဲမှကြိတ်ရယ်ပြီး အမြန်ပြန်ထွက်ခဲ့ကြရသည်။

စာရေးကြီး ဟန်မြတ်မော်တို့အိမ်အရောက်တွင် ...

"စာရေးကြီးအတွက် မုန့်ဖုံးလက်ဆောင်ပါ"

"အေးကွာ ... မင်းတို့သတင်းကြားပြီးပါပြီ၊ မိန်းမရပြီးကတည်းက မုန့်ဖုံးမစားရတာကြာပြီ ... မုန်းစမ်း ... "

မုန့်ဖုံးထံ စာရေးကြီး၏လက်မရောက်မီ ဘယ်အချိန်က အနားရောက်လာမှန်းမသိလိုက်သည့် စာရေးကြီးကတော် မသီ၏လက်က အရင်ရောက်ကာ ဆွဲယူသွားသည်။

"ရှင် ဘာလုပ်တာလဲ ... ဘုရားဆွမ်းတော်အရင်တင်ရမယ်လေ၊ ဝတ်ကြီးကျလှချည်လား၊ ရှင့်ကို အဝတ်ထားတာမဟုတ်ဘူးနော် ... ဗိုက်ကြော နော် ... ဗိုက်ကြော၊ သတိထားပါ ... အမှတ်မရှိရင်တော့ ပြတ်တဲ့အထိ ဆွဲပေးလိုက်မယ် ... ဟင်း ... "

သူမယောက်ျားကို ပြောနေရာမှ နေမင်းခန့်တို့အုပ်စုဘက်လှည့်ကာ ...

"ဒီလိုပဲ ငါ့မောင်တို့ရေ ... ယောက်ျားတစ်ကောင် နွားတစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကိုရောက်နေတော့ အမြဲထိန်းနေရတော့တာပဲကွယ် ... ပြန်ညည်းခံတဲ့ လက်ဖက်လေးလည်း စားကြပါဦး ...''

''နေပါဦး မမသီရ ... သမီးတစ်ကောင် နွားတစ်ထောင်ပဲကြွားမှု ပါတယ်၊ မမသီ ပါးစပ်ထဲရောက်မှပဲ ...''

''မင်းတို့စာရေးကြီးရဲ့ခေတ်မှာ အသစ်ပြောင်းလိုက်ရတဲ့ဆောင်ပုဒ် လေးပေါ့ကွယ် ... သူကလွယ်တာမဟုတ်ဘူး၊ လွှတ်ထားရင်လေ ကန္တာရ ... ဘယ်မှာမှမတွေ့ဘူး ... အလွှတ်ပေးမှာမဟုတ်ဘူး၊ ဒါကြောင့် ... ခဏ ခဏ သတိပေးရင်း မပြတ်ဆွဲပေးရတယ်၊ ဗိုက်ကြောကို ...''

''ဟာကွာ ... မိန်းမကလဲ ...''

စာရေးကြီးက ပြောပြောဆိုဆို အိမ်ခန်းထဲ လစ်သွားသည်။ အခြေအနေကို သဘောပေါက်စွာဖြင့် နေမင်းခန့်တို့အုပ်စု နှုတ်ဆက်ကာ ထွက်ခွာလာခဲ့ကြသည်။ ခြံဝအရောက်တွင် ...

''အား'' ခနဲ ခပ်အုပ်အုပ် ကြိတ်အော်လိုက်သည့် စာရေးကြီး၏ မချိမဆန့် အော်သံကိုကြားလိုက်ရသည့် မျိုးဇော်က မှတ်ချက်ပြုရှာသည်။

''ဩော် ... မိန်းမ ... မိန်းမ ... မရှိမကောင်း ရှိမကောင်း။ မပေါင်းလည်းဝတ် ပေါင်းလည်းပြတ်၏''

နေမင်းခန့်က ...

''ဘာပြတ်တာတုန်းကွ''

''စာရေးကြီး ဗိုက်ကြောပြတ်တာကို ပြောတာပါဗျာ''

ကောင်းထက်ဇော်က စပ်ဖြီးဖြီးဖြင့် ...

''အေး ... အဲဒီလိုပြတ်ချင်လို့ အသည်းအသန်လိုက်ကပ်နေတဲ့လူ ကလည်း ရှိသေးဗျာ''

သူ့ကိုမပြောသယောင် မျက်နှာကို တမင်ခပ်မော့မော့လုပ်ထားသည့် နေမင်းခန့်ကို ကျန်နှစ်ယောက်က ဝိုင်းကြည့်ရယ်လိုက်ကြသည်။

ကပ်တာတတ်ရင် ပြတ်စရာမလိုတာ မင်းတို့သိရမှာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဤရပ်ကွက်၊ ဤလမ်းလေးတွင် နေထိုင်ရင်း နေမင်းခန့်အတွက်က ကောင်းခြင်းတွေ ဆက်တိုက်ရလာသည်။

ဆိုင်တွင် ထီပေါက်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် စားသောက်ပွဲလေး တစ်ခု စီစဉ်ကြသည်။ ညပိုင်း ဆိုင်ပိတ်ချိန်မှ ဆိုင်အတွင်း၌ပင် နေရာဖန်တီး ပြီး ပြင်ပမှ အစားအသောက်များဝယ်ကာ ပွဲကျင်းပကြခြင်းဖြစ်သည်။ တေးသံ သွင်းပိုင်ရှင်ပါ လာရောက်အားပေးသည်။ ထုံးစံအတိုင်း အစားမတိုင်မီ အသောက် ဝိုင်းလေးနှင့်စတင်ကြရာ အရှိန်နည်းနည်းရလာသောအခါ အကြောင်းသိ လုပ်ဖော်ကိုင်ဘက်တစ်ဦးက ံနေမင်းခန့်ကို ဆိုင်တွင် အသင့်ရှိနေသည့် ဂစ်တာ ကို ဆွဲထုတ်လာကာ ပွဲတောင်းသည်။

နေမင်းခန့်က လူကြီးတွေရှိနေသဖြင့် ... ။ ထို့ပြင် သူ့ပညာမှာလည်း မပြည့်ဝသေးသဖြင့် မဆိုချင် ကြိတ်၍ တိုးတိုးတိတ်တိတ် ငြင်းဆန်သည်။ ပွဲ တောင်းသူမှာ အနည်းငယ်လည်း မူးနေပြီမို့ ဘယ်လိုမှ တောင်းပန်၍မရ။

ထို့ကြောင့် ... လူကြီးများဝိုင်းနှင့်ဝေးရာ ခပ်လှမ်းလှမ်းဆိုင်ထောင့် တွင် သူတို့လူငယ်အုပ်စု စုထိုင်ကာ ဂစ်တာတီး၍ သီချင်းပါဆိုပြရသည်။ ပထမ တစ်ပုဒ်ကိုတော့ ခပ်တိုးတိုး၊ ဒုတိယအပုဒ်တွင် အရှိန်လေးတက်လာကာ သံသာ အရှိန်လေးကလည်း မြှင့်ပေးလိုက်သည်မို့ ဂစ်တာသံနှင့် ဆိုသံက ပို၍သာလာ ခဲ့သည်။ ထိုတစ်ခဏ ...



www.burmeseclassic.com

www.burmeseclassic.com



လူကြီးပိုင်းမှ စကားသံတိတ်သွားပြီး တစ်ဆိုင်လုံး ဂစ်တာသံနှင့်သီချင်းသံမှအပ လုံးဝငြိမ်သက်သွားကာ ဂီတသံအောက်တွင် စီးမျောနေကြသည်။ သီချင်းဆုံးသွားသောအခါမှ တစ်ခန်းလုံးငြိမ်သက်နေသည်ကို နေမင်းခန့် သတိပြုမိလိုက်သည်။ ထိုအချိန်မှာ ဆိုင်မန်နေဂျာ သူတို့ထံလျှောက်လာသဖြင့် အပြောခံရတော့မည်ထင်ကာ အနည်းငယ် မျက်နှာပျက်သွားကြသည်။

"နေမင်းခန့်ရဲ့ ဆိုတီးလားကွ"

"ဟုတ်ပါတယ် ဂျာကြီး ... "

"ငါ့ကောင် ဖြစ်သားပဲကွ ... ဒီလောက်ဆိုတတ်မယ်မှန်း မသိခဲ့ရပါလား"

"ကျွန်တော်တို့လည်း ခုမှသိရတာဆရာ၊ ဒါတောင် လင်းထိုက်က ဖွတ်ပွဲတောင်းလို့ ... "

ထိုအခါမှ လင်းထိုက်က ဝင်ပြောသည်။ လင်းထိုက်က ဒီဆိုင်တွင် အလုပ်လုပ်ခွင့်ရရန် စတင်မိတ်ဆက်ပေးခဲ့သူဖြစ်သည်။

"ကျွန်တော်လည်း မနှစ်က တန်ဆောင်တိုင်ပွဲမှာ သူနေတဲ့ရပ်ကွက်နားက စင်တစ်ခုမှာ နေမင်းခန့် ဂစ်တာတီးတာ သီချင်းဆိုတာကို တွေ့ဖူးခဲ့တာ၊ ဂျာကြီးတို့ သတိမထားမိလို့ပါ ... ဆိုင်မှာလည်း လူလစ်ရင် ဒီဂစ်တာနဲ့သီချင်းတစ်ခါတလေ ဆိုတတ်ပါတယ်"

"ဟုတ်လား ... နေမင်းခန့်အသံက Rဇာနည်လိုလို၊ ဇော်ပိုင်လိုလို အသံမျိုးကွ"

"ဟုတ်တယ် ဂျာကြီး ... သူလည်း အဲဒီအဆိုတော်တွေရဲ့သီချင်းတွေဆို ပိုပိုင်တယ်"

နေမင်းခန့် မနေသာတော့ဘဲ ဝင်ပြောရသည်။

"ကျွန်တော်က ရပ်ကွက်ဖျော်ဖြေရေးစင်ပေါ်လောက်သာ တက်ဖူးတဲ့ အပျော်တမ်းသမားသက်သက်ပါ ဂျာကြီးရယ် ... သူတို့ပြောသလောက် မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ နောက်တစ်ပုဒ်လောက် နားထောင်ကြည့်ရအောင်ပေါ့ ... လုပ်စမ်းပါ"

ထိုအချိန်ထိ တစ်ခွန်းမှဝင်မပြောဘဲ ငြိမ်ပြီးနားထောင်နေသည့် တေးသံ



www.burmeseclassic.com

www.burmeseclassic.com



သွင်းပိုင်ရှင်က ဆိုင်နေရျာကို လှမ်းပြောသည်။

"ဒီလိုလုပ်ကွာ ... ကာရာအိုကေစက်တစ်လုံး ဆင်လိုက်၊ အသံကို စနစ်တကျချိန်ပြီး Rဇာနည်သီချင်းတစ်ပုဒ် ဆိုပြခိုင်းကြည့်စမ်းပါ"

ပိုင်ရှင်စကားကြောင့် အားလုံးသွက်လက်စွာလှုပ်ရှားလိုက်ကြရာ တစ်ခဏအတွင်း သီဆိုရန် အသင့်ဖြစ်သွားသည်။

သီဆိုနေချိန်တစ်လျှောက်လုံး လူကြီးများက အဆိုတော်သစ်ရွေးချယ်နေသကဲ့သို့ အာရုံစူးစိုက် နားထောင်နေကြသည်။ သီချင်းပြီးဆုံးသွားသောအခါ အားလုံးနှစ်သက်ဟန် ပြကြသည်။ မန်နေရျာက ...

"အလားအလာရှိတဲ့အသံရှင်ပဲ့ကွ ... ထပ်ကြိုးစားဖို့တော့ လိုဦးမယ် ထင်တယ်"

ပိုင်ရှင်ကလည်း ...

"ငါပြောချင်တာလည်း အဲဒါပဲ ... သွေးတတ်ရင် အရောင်ထွက်လာနိုင်တဲ့ ကျောက်ရိုင်းလေးတစ်ပွင့်ပဲ"

တစ်ဖန် နေမင်းခန့်ဘက်လှည့်ကာ ...

"မင်းကရော ... နိုင်ငံကျော်အဆိုတော်တစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ အဆင့်အထိ မြင့်မြင့်မားမားတွေးထားလား ... "

"ဖြစ်ချင်တာပေါ့ အန်ကယ်ရယ် ... အဲဒီအတွက် ကျွန်တော်ရှင်သန်နေတာပါ၊ ကိုယ်တိုင်ရေးပြီး စုထားတာသီချင်းတော်တော်များများတောင် ရနေပါပြီ ... အဆိုပိုင်းကိုလည်း လေ့ကျင့်လျက်ပါပဲ ... ဒါပေမဲ့ ... အချိန်အတိုင်းအတာတစ်ခုတော့ ယူရဦးမှာပါ"

"အေး ... ကြိုးစားပေါ့ကွာ၊ ဖြစ်လာနိုင်ပါတယ်၊ ဝီရိယကိုတော့ မလျှော့နဲ့ပေါ့၊ ကဲ ... အားလုံးပဲ ငါပြန်တော့မယ်၊ မင်းတို့ဆက်ပြီး စားကြသောက်ကြပေါ့ကွာ"

ပိုင်ရှင်ပြန်သွားပြီးနောက် အားလုံးငြိမ်ပြီး ကျန်နေခဲ့ကြသည်။ ခဏကြာမှ လင်းထိုက်က ...

"ပိုင်ရှင်အန်ကယ်ကြည့်ရတာ တော်တော်သဘောကျနေပုံရတယ်ကွ၊ ငါကတော့ မျှော်လင့်ထားတာ ... သူပဲ စီဒီထုတ်ပေးတော့မယ်လို့ပြောမှာပဲလို့ ငါ့ကောင်ကြီးအတွက် ကြိုပြီးပျော်နေမိတာ၊ ခုတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက လင်းထိုက်ကိုပြုံးကြည့်ရင်း ...

"မင်းတို့လည်း ဒီလောကထဲနေလို့ သိနေကြတာပဲကွာ၊ အသစ်တစ်ယောက်အတွက် ဈေးကွက်အခြေအနေက ဘယ်လိုဆိုတာ၊ ဒါပေမဲ့ ... နေမင်းခန့်လည်း စိတ်မလျှော့ပါနဲ့ကွာ၊ အခုနာမည်ကြီးနေတဲ့ အဆိုတော်တွေလည်း အားလုံးအသစ်ဘဝက လာခဲ့ကြရတာပဲ၊ ကိုယ့်မှာသာ တကယ်အရည်အချင်းရှိရင် ဖြစ်ကိုဖြစ်ရမှာပေါ့ ... ငါတို့လည်း တတ်နိုင်တဲ့ဘက်က ဝိုင်းကူပါ့မယ်၊ ပိုင်ရှင်ခုနကပဲ ပြောခဲ့တယ်မဟုတ်လား ... သွေးတတ်ရင်အရောင်ထွက်မယ်တဲ့"

လုပ်ဖော်ကိုင်ဖက်အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းအားပေးကြသည်။ နေမင်းခန့်က အားလုံးကိုပြုံးပြရင်း ...

"ကျွန်တော် စိတ်မလျှော့ပါဘူးဗျ၊ ဆက်ကြိုးစားမှာပါ၊ ကျွန်တော်က ရေရှည်စီမံကိန်းဆွဲထားသူပါ၊ နောက်ပြီး ဒီတေးသံသွင်းမှာလုပ်နေပြီဆိုတော့ ကျွန်တော်ဝါသနာပါရာ လောကထဲရောက်ပြီ။ ကျွန်တော့်အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေ အများကြီးကိုတွေ့နေရပြီပဲ၊ အခြေအနေ တိုးတက်လာမှာပါဗျ ... အိုကေ ... ကဲ ... အားလုံးပဲ ကျွန်တော်တို့ဝိုင်းကို ဆက်လိုက်ကြရအောင်"

နေမင်းခန့်ကိုယ်တိုင်ကပဲ လက်ခုပ်တီးကာ စားသောက်ကြဖို့ဆော်ဩရင်း အားလုံးကိုစိတ်ပြန်ပြောင်းပေးလိုက်ရသည်။ မန်နေဂျာကလည်း မှတ်ချက်ပြုသည်။

"အေး ... မင်း အဲဒီလိုစိတ်ထားကောင်းတာလေးကို သဘောကျတယ်ကွာ၊ ကဲ ... အားလုံးပဲဟေ့ ... ဘာပဲပြောပြော ဒီနေ့ကတော့ နေမင်းခန့်အတွက် အောင်မြင်မှုလည်းကြောင်းပေါ်ကို စတင်ခြေချဖို့ လမ်းစပွင့်တဲ့နေ့လို့ မှတ်လိုက်ကြတော့"

"အိုကေ ... ဟုတ်တယ် ဂျာကြီး၊ ဟုတ်တယ် ... ကျွန်တော်တို့လည်း အဲဒီစကားကို သဘောကျတယ်"

ပျော်ပျော်ပါးပါး ဆက်လက်စားသောက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ရပ်ကွက်ထဲတွင် ကံကောင်းမှုမှာပို၍ သိသာသည်ဟုထင်သည်။ အကြောင်းမှာ ... သာမန်အခြေအနေတွင် တွေ့ရန်မလွယ်ကူသော အိစက်မွန်ကို မမျှော်လင့်သော အပြောင်းအလဲလေးများ၏ ဖန်တီးပေးလာမှုဖြင့် သူနိုးတွေ့ခွင့် ရလာခဲ့သည်။ အဓိကကတော့ ဦးဝင်းလွင်ဦး ခရီးထွက်သွား၍ပဲ ဖြစ်သည်။

မန္တလေးတွင်နေထိုင်ကြသော ဦးဝင်းလွင်၏မိဘနှစ်ပါးလုံး ပြိုင်တူလိုပင် နာမကျန်းဖြစ်ကြသည့်အတွက် ရပ်ကွက်အလုပ်များကို ဦးချစ်ရေးအား လွှဲအပ်ပြီး မိသားစုစီးပွားရေးလုပ်ငန်းနှင့် သမီးကိုစောင့်ရှောက်ရန် ဇနီးအား လွှဲအပ်ကာ ကတိုက်ကရိုက် ခရီးထွက်သွားရသည်။

ထိုသတင်းကို အပြေးအလွှားသတင်းပေးသူမှာ ကောင်းထက်ဇော်ပင် ဖြစ်သည်။ ထိုကောင်းထက်ဇော်ကပင် ယခင်က အောင်မြင်စွာအသုံးပြုခဲ့သည့် နည်းလမ်းဟောင်းကို ပြန်သုံးရန်အကြံပြုလာသည်။ ထို့ကြောင့် ကောင်းထက်ဇော်ကို အဖော်ခေါ်၍ သတ္တိပြောင်စွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ခြံထဲသို့ ကျူးကျော်ဝင်ရောက်ကြပြန်လေသည်။

ကံအားလျော်စွာပင် နောက်တက်ခြံတံခါးကို သော့ခတ်မထား။ အမှောင်ရိပ်ကျသော အိမ်ခေါင်းရင်းဘက်နံရံတွင် နှစ်ယောက်သား ပြားနေအောင်ကပ်ရင်း အခြေအနေကို စောင့်ကြည့်လေ့လာရသည်။ အိစက်မွန်အခန်းကိုမှော

www.burmeseclassic.com



ကြည့်လိုက်သောအခါ မီးလင်းနေသည်ကို မတွေ့ရ။

အချိန်မကုန်စေရန်အတွက် သရက်ပင်ပေါ် ကြွတက်ပြီး စောင့်နေလိုက်ရန်စိတ်ကူးပြီး သရက်ပင်ဘေး ပြေးကပ်စဉ်မှာပင် အိမ်နောက်ဘက်တံခါး ပွင့်လာသဖြင့် သရက်ပင် ပင်စည်ကိုပြားနေအောင် ကပ်လိုက်ရပြန်သည်။ သို့သော် ...

ထွက်လာသူမှာ အိစက်မွှန်မှ အိစက်မွှန်အစစ်။

နေမင်းခန့် ဝမ်းသာလုံးဆို့သွားသည်။ မီးရောင်အောက်တွင် အိမ်သာဆီသို့ လျှောက်သွားနေသည်ကို တွေ့ရသည်။ မဆင်ရဘဲဝင်လာသည့်ခွင်က လုံးဝကွက်တိ လန်းနေသည်မို့ ... မဆင်မခြင် သတိလက်လွတ် ပြေးထွက်သွားရန် ပြင်စဉ်မှာ ကောင်းထက်ဇော်က သူ့လက်မောင်းကို လှမ်းဆွဲထားသည်။

"ရှူး ... မငမ်းနဲ့လေ အရိုးစုးမယ် ... အခြေအနေကို စောင့်ကြည့်ဦး ... သူ့အမေကြီး နောက်ကလိုက်လာရင် ကွဲခနဲ ဖြစ်သွားမယ်"

သွားချင်စိတ်ကို ချိုးနှိမ်ခြေထောက်ကို အတင်းဘရိတ်အုပ်ပြီး ငြိမ်နေလိုက်သည်။ အိစက်မွှန် ရေအိမ်ထဲဝင်သွားသည်။ မည်သည့်အဖော်မှ နောက်မှကပ်လိုက်လာသည်ကို မတွေ့ရ။ ထို့ကြောင့် ...

နေမင်းခန့် ဘူးစင်ပင်ခြေရင်းကို ပြေးကပ်လိုက်သည်။ ဘူးပင်များ စင်ပေါ်တက်ရန် ထောင်ပေးထားသော ဝါးကပ်ကြားမှ မီးဖိုဘက်သို့ချောင်းကြည့်သည်။ သေချာသွားပြီ ... အိစက်မွှန် တစ်ယောက်တည်းသာ။ ငါးမိနစ်ခန့် အကြာတွင် အိစက်မွှန် ပြန်ထွက်လာသည်။

"ရွှတ် ... ရွှတ် ... မွှန်လေး ... ကိုယ်ပါ ဒီမှာ ... ဒီဘက်မှာ ..."

အသံကြား၍ အိစက်မွှန် ခြေလှမ်းတွန့်သွားသည်။ ဘူးစင်ဘက်ကို စူးစိုက်ကြည့်နေစဉ် နေမင်းခန့် အကွယ်မှ အလင်းရောင်အောက်သို့ ထွက်ရပ်ပြလိုက်သည်။

"ဟင် ... ရှင် ... အရမ်းအတင့်ရဲနေပါလား၊ အိမ်ထဲမှာ မေမေ ရှိတယ်နော်၊ သိသွားရင်တော့ ဒုက္ခပါပဲ ... ပြဿနာတက်တော့မှာပဲ၊ အိမ်မှာ ဖေဖေမရှိလို့ မေမေက မျက်စိဒေါက်ထောက်ကြည့်နေတာ"

"လွမ်းလွန်းလို့ ... အရမ်းအရမ်းကို တွေ့ချင်လွန်းလို့ စွန့်စွန့်စား



www.burmeseclassic.com

www.burmeseclassic.com



စားဝင်ပြီး ရောက်လာရတာပါကွာ၊ လာရတဲ့သူအမောဆို့အောင် အဖွားကြီးအို လေးလို မြည်တွန်တောက်တီးမနေပါနဲ့"

ထိုအခါမှ အိစက်မွှန်က အပြုံးချိုချိုလေးနှင့် မျက်စောင်းဝင့် ရင်း ...

"မွှန်ကတော့ ကြောက်တာပဲသိတာကိုးလို့ ... "

"ဒီနားမှာရပ်နေရင် အိမ်ထဲက တစ်ယောက်ယောက်ထွက်လာတာနဲ့ တန်းတွေ့သွားလိမ့်မယ်၊ လာ ... ဘူးစင်အကွယ်လေးမှာ ခဏရပ်စကားပြော ရအောင်"

အိစက်မွှန်က လည်ကုတ်သားလေးကိုကုတ်ပြီး ခြေဆောင့်ကာ ပြုံးစူ ဟန်ပြသည်။ ထိုသို့ မလိုက်ချင်ဟန်ဖမ်းကာ မူနေရာမှ နေမင်းခန့်က လက် ကမ်းလိုက်တော့လည်း အသာတကြည်ပင် လိုက်လာသည်။ ဘူးစင်အကျော်တွင် နှစ်ဦးသားရပ်တန့်လိုက်သည်။

"မွှန် ... "

"ဟင်"

"အရမ်းချစ်တယ်"

" ... "

"မွှန် ... "

"ရှင် ... ရှင်လို့ ... "

"အရမ်း ... အရမ်းချစ်တယ်လို့"

အိစက်မွှန်က ဘာမှပြန်မပြောသော်လည်း ရွှန်းလဲ့သည့် မျက်ဝန်းရွဲ ကြီးများနှင့် ပြန်မော့ကြည့်နေသည်။ နေမင်းခန့် စိတ်မထိန်းနိုင်တော့၊ ချစ်ရသူ မွှန့်ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ ဖွဖွလေးဖက်ထားလိုက်မိသည်။

"မွှန်လေးရော ... ကိုယ့်ကိုချစ်လားဟင်"

"ဘယ်နှစ်ခါ ပြောရမှာလဲလို့ ... "

"မွှန့်အသံလေးနဲ့ ပြောတာလေး ကြားချင်လို့ပါ"

အိစက်မွှန်က သူ့ရင်ခွင်တွင် မျက်နှာအပ်ရင်း ...

"သိဘူးကွာ ... ရှက်တယ်"

"ရှက်စရာမှမဟုတ်တာ မွှန်လေးရ ... ကိုယ်ချစ်ရသူကို ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတာလေ"

အိစက်မွှန်က ဘာမှပြန်မပြော။ သို့သော်လည်း နေမင်းခန့်ခါးကို တင်းကျပ်စွာ ပြန်ဖက်ထားသည်။

နွေးအိရှိန်းမြသော ချစ်သူ၏ကိုယ်ငွေ့ ...

နှင်းဆီရနံ့ သင်းပျံ့သော ချစ်သူ၏ ကိုယ်ရနံ့ ...

နူးညံ့အိစက်သည့် ချစ်သူ၏အထိအတွေ့တို့ကို နေမင်းခန့် မလွန်ဆန်နိုင်တော့။ သူ့ရင်ခွင်တွင် ကွယ်ဝှက်နေသည့် ချစ်သူ၏မျက်နှာလေးကို ဆွဲယူမော့စေပြီး နဖူးဆံစပ်မှသည် လည်တိုင်အဆုံး ရင်ညွှန့်အစပ် ဆင်စွယ်ရောင်ဖွေးလွှလွှတိုင်အောင် အနမ်းပန်းပွင့်များ ခြွေချမိသည်။ တရစပ် ကြွေကျခဲ့သည်မှာ နေရာအကြားအလပ်မရှိပြီမို့ ရေတွက်ဖို့တောင် မဖြစ်နိုင်။

အိစက်မွှန် နှုတ်ဖျားမှ အပြစ်ဖွဲ့စကားချိုချို မူနွဲ့နွဲ့ကို တိုးတိုးရွတ်ဆိုသော်လည်း ရှန်းဖယ်ခြင်းမပြု။ ပြီး ... ချစ်ရနံ့တို့ ထုံလွှမ်းသော ချစ်ရေအလျှင်ကြောတွင် သက်ငြိမ်အနေအထားဖြင့် နှစ်ဦးသား နစ်မျောသွားကြသည်။

ကြည်နူးချမ်းမြေ့မှုက နေမင်းခန့်ဘဝတွင် ရခဲ့သမျှအားလုံးထက် အဆတစ်ရာမကမို့ ... ထိုအခိုက်အတန့်လေး မပျက်စီးသွားစေရေး သူ့အသက်နှင့်လဲပြီးတား၍ရလျှင်ပင် တားလိုက်ချင်မိသည်။

ပြီး ... ချစ်ရသူကို ပျောက်သွားမှာစိုးသည့်ပမာ တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

ထိုတစ်ခဏတွင် အရာအားလုံးကို မေ့လျော့သွားတော့သည်။ အမှောင်ရိပ်မှ မရအရ ငေးကာကြိတ်ပြီး သွားရည်ကျနေမည့် ကောင်းထက်ဇော်ကိုလည်း သတိမရတော့။ အိစက်မွှန်၏ အမေကြီးထွက်လာမှာကိုလည်း စိတ်မပူတော့။ သူမအဖေကြီး ဦးဝင်းလွင်ဦးကိုယ်တိုင် ရှေ့ကိုရောက်လာလျှင်ပင် မကြောက်တော့။

နှစ်ဦးသားကြား စူပါဂလူးနှင့်ကပ်ထားသလို ခွဲမရ၊ ခွာမရ။ နှစ်ဦးလုံးကလည်းခွဲကြ၊ ခွာကြချင်ပုံ မရဖြစ်နေဆဲတွင် ...

"သမီးရေ ... "

နေမင်းခန့်ရင်ခွင်ထဲမှ အိစက်မွှန်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ထို့နောက် နေမင်းခန့် ရင်ဘတ်ကို တွန်းခွာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ထွက်လာတော့မယ် ... ကို ... သွားတော့နော်"

ပြောပြီး မျက်ဝန်းကြည်ကြည်လေးနှင့် မော့ကြည့်သည်။ နေမင်းခန့်ကလည်း ခေါင်းညိတ်ပြသည်။

"သမီး ဒီမှာမေမေ ... အပြင်မှာရှိပါတယ်"

အိစက်မွန်က ခြေဖျားလေးထောက်ပြီး နေမင်းခန့်ပါးကို ဖျတ်ခနဲ တစ်ချက် လှမ်းနမ်းသည်။

ထို့နောက် ... နေမင်းခန့်ကိုပြန်သွားရန် အသံတိတ် အမူအရာပြပြီး ရင်ဘတ်ကို တွန်းထုတ်သည်။ နေမင်းခန့်လည်း အိမ်ခေါင်းရင်းအမှောင်ရိပ်ကို ပြေးဝင်ကပ်လိုက်သည်။ အိစက်မွန်ကိုယ်တိုင်က ဘူးစင်အောင်ကို ဝင်လိုက်သည်။

"ဒီကလေးမ ... ရေအိမ်တက်တာ ကြာလိုက်တာ"

ပြောပြောဆိုဆို မီးဖိုဆောင်တံခါးဝတွင် အိစက်မွန်အမေ မျက်နှာကြီး ပေါ်လာသည်။

"လာပါပြီ မေမေရဲ့ ... သမီးက ဒီမှာဘူးသီးတွေ လိုက်ရေကြည့်နေတာပါ"

နေမင်းခန့် အိမ်ခေါင်းရင်း အမှောင်ရိပ်ကိုပြေးဝင်စဉ် ငုတ်တုတ်ထိုင်ချောင်းနေသော ကောင်းထက်ဖော်ကို ဝင်ခလုတ်တိုက်ကာ မှောက်လျက်လဲကျသည်။ အသံမထွက်ရဲ အံကြိတ်ခံရသည်။ ရုတ်တရက်မို့ မရှောင်သာလိုက်သည့် ကောင်းထက်ဖော်မှာလည်း မချောင်။ 'အု'ခနဲအသံတိုးတိုးမြည်ပြီး ပက်လက်လန်လဲကျသည်။ နေမင်းခန့်က နာမနေနိုင်အား။ ကောင်းထက်ဖော်ကို အမြန်ဆွဲထူပြီး အိမ်နံရံတွင် ပြန်ကပ်ဝပ်ရပြန်သည်။

"ညကြီးမင်းကြီး ဘာလို့ ဘူးသီးတွေ ရေတွက်နေရတာလဲ သမီးရယ်၊ သမီးတစ်ယောက်တည်း အပြင်ထွက်တာကို စိတ်မချတာ ... နောက်ဆို ကောင်မလေးတွေအဖော်ခေါ်သွား ... ဒါမှမဟုတ် မေမေကိုယ်တိုင်လိုက်မယ်"

"အိမ်သာထွက်ရင်းမို့ တစ်လက်စတည်း ရေလိုက်တာပါမေမေရယ်၊ ဘူးသီးတွေရေထားတော့ ကောင်းတာပေါ့ ... နို့မို့ အရင်တစ်ခါလို ဝင်အခိုးခံရဦးမယ်"

"အမလေး ... ခိုးစမ်းပါစေကွယ်၊ ဘာအဖိုးတန်တာမှတ်လို့၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



သမီးသာ အရေးကြီးတာ၊ ဒီတစ်ခါလာလို့ကတော့ အဲဒီဘူးသီးသူခိုးတွေကို သန်းအောင်တို့အဖွဲ့နဲ့ ဝိုင်းဖမ်းပြီး မွှာရုံရှေ့က စာတိုင်မှာ ကြိုးနဲ့တုပ်ထားရမယ်"

"အောင်မယ် ... ခုမှလေကျယ်နေတယ်၊ သူ့ဘူးသီးလည်း အခိုးခံရပြီးပြီ ... သူ့သမီးလည်း ... အဲ ... အနမ်းခံရပြီးပြီ"

မကျေမနပ် တီးတိုးရေရွတ်သည့် ကောင်းထက်ဇော်ကို အတင်းပါးစပ်လိုက်ပိတ်ရသည်။ ဒါကို နားပါးလှသည့်အဖွားကြီးက ကြားဖြစ်အောင် ကြားသေးသည်။

"ဟဲ့ ... အသံတိုးတိုးကြားသလိုပဲ ... သူ့သမီးဘာဖြစ်တယ်ဆိုလဲ"

"မဟုတ်ပါဘူး မေမေရယ် ... သမီးစိတ်ထဲက ရေရွတ်ရင်းနဲ့ အသံတိုးတိုးထွက်သွားတာပါ၊ သမီးသာဆို အဲဒီဘူးသီးသူခိုးတွေကို မိအောင်ဖမ်းပြီး ခပ်စပ်စပ်လေးတီးဖြစ်တယ်လို့ သိပ်အတင့်ရဲတယ်"

"ဟဲ့ ... ဘယ်လိုဖြစ်နေတာလဲ၊ မိန်းမပျိုလေးတန်မဲ့ ကြိမ်းဝါးနေလိုက်တာ၊ လာ ... အိမ်ထဲဝင်ကြမယ်၊ မနက်မှ အဲဒီဘူးသီးတွေ အကုန်ခူးရောင်းပစ်မယ်"

"အဲဒါပဲကောင်းပါတယ် မေမေရယ်"

အိစက်မွန်က သူမအမေကိုခါးဖက်ရင်း အိမ်ထဲဝင်သည်။ တံခါးဝအရောက်တွင် သူတို့ခိုနေရာ မှောင်ရိပ်သို့တစ်ချက် လှမ်းကြည့်လိုက်သေးသည်။ သူမအမေကြီးကတော့ မသိရှာ။

အိမ်နောက်ဘက်တံခါးပိတ်သွားမှပဲ နှစ်ယောက်သားသက်ပြင်းချနိုင်ကြသည်။

•

"အိစက်မွန်ကတော့ သူ့အဖေအကျင့်အတိုင်းပဲ ... ခွင်ဝင်တာနဲ့ ကောင်းကောင်းထည့်တော့တာပဲ၊ ကဲ ... ကိုနေ ပြန်ကြရအောင်"

"မပြန်ချင်သေးဘူးကွာ ... အိစက်မွန်နဲ့တွေ့ချင်သေးတယ်"

"ခုလေးတင်ပဲ တွေ့ပြီးတယ်ဗျာ၊ ဘယ်လိုများ ဆက်ကြံချင်သေးလို့လဲ"

သူက သရက်ပင်ပေါ်လက်ညှိုးထိုးပြသည်။

"သရက်ပင်ကနေ အိမ်ထဲဝင်ဖို့ ကြံဦးမလို့လား၊ စိတ်ရှေ့လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှာ သံပန်းရှိတယ်''

''မင်းပြန်ချင်ပြန်လေ ... ငါနေခဲ့ဦးမယ်၊ အိစက်မွန်မအိပ်သေးသရွေ့ ငါမှာ တွေ့ခွင့်အတွက် မျှော်လင့်ချက် ရှိသေးတယ်''

''ဒါဆိုလဲ သဘောပဲ ... အုပ်မှူးမရှိဘူးဆိုပြီး သိပ်အတင့်မရဲနဲ့နော်၊ အိမ်ရှေ့မှာ သူ့တူနှစ်ယောက်ကို စောင့်အိပ်ခိုင်းခဲ့တယ်တဲ့ ... လေးသံမြားသံ လည်း နားထောင်၊ ပြေးလမ်းလည်း ကြိုရှာထား''

ပြောပြီး တစ်ယောက်တည်းထားခဲ့ရသည့် နေမင်းခန့်ကို စိတ်မချနိုင်စွာ လှည့်ကြည့် ... လှည့်ကြည့်နှင့် ကောင်းထက်ဖော်တစ်ယောက် နောက်ဖေး လမ်းကြားအမှောင်ထဲ တိုးဝင်ပျောက်ကွယ်သွားသည်။

တစ်ယောက်တည်းကျန်ခဲ့သောအခါ ပတ်ဝန်းကျင်အမှောင်ရိပ်ကိုကြည့် ကာ အလိုလိုစိတ်အားငယ်ချင်လာသည်။ အိစက်မွန်နှင့်တွေ့ရဦးမည်ဆိုသည့် အတွေးက ထိုအားငယ်ချင်စိတ်ကို မျက်ပြယ်စေသည်။ ထို့ပြင် ရင်ခုန်သံပြင်းရှရှ ကို ပြန်လည်အမှတ်ရကာ တမ်းတစေတော့သည်။

ဤသို့ဖြင့် ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးစောင့်မျှော်နေခဲ့ရာ ဆယ် မိနစ်ခန့်အကြာတွင် အိစက်မွန်အခန်း မီးလင်းလာသည်။ သွက်လက်စွာပင် သရက်ပင်ကြီးပေါ်သို့ နေမင်းခန့် တက်လိုက်သည်။ သူမျှော်လင့်သည့်ရင်ထဲက လမင်းကို တွေ့ခွင့်မြင်ခွင့်ရပေပြီ။

ပြတင်းပေါက်တံခါးဖွင့်ပြီး နောက်ဘက်ခြံဝင်းထဲကို လိုက်ကြည့်နေသော အိစက်မွန်က သရက်ပင်ပေါ်တွင် ရုတ်တရက်ပေါ်လာသော သူ့ကိုမြင်ကာ လန့် သွားသည်။ ထို့ကြောင့် ... သူ့ကို မျက်စောင်းထိုးပြီး ခါးထောက်ကာကြည့် သည်။

နေမင်းခန့်က ဘာမှမသိနားမလည်ဟန် မျက်နှာငယ်လေးဖြင့် ...

''ဘာဖြစ်လို့ အဲလိုမျိုး ကြည့်နေရတာလဲဟင် ... ''

အိစက်မွန်က ဘာမှပြန်မဖြေ။ မျက်စောင်းသာ ဆင့်ဆင့်ထိုးနေသည်။

''မွန်လေး ... ချစ်ဆုံးလေး ... အန်တီတို့အောက်ထပ်မှာလား''

''ဟုတ်တယ်''

''အိပ်ကုန်ပြီလား''

''မအိပ်သေးဘူး ... သူခိုးဖမ်းဖို့ စောင့်နေတယ်''

''အဲဒါပြောတာဖြစ်မှာပေါ့ ငှက်မသိတော့ဇရက်ချိုးသင်ဆိုတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘူးသီးနှစ်လုံးတောင် သူများအကူအညီမပါဘဲ အဖြစ်ရှိအောင်မနိုးတတ်တဲ့လူက ဘယ်သူ့သမက် ဖြစ်ချင်နေသေးတာလဲ"

"ဒါကြောင့် ... ခုလည်း မပြန်နိုင်ဖြစ်နေသေးတာပေါ့"

"ဘာကြံစည်နေပြန်တာလဲ"

"မွန်ဆိုတဲ့ ဘူးသီးလေးကို နိုးရဦးမယ်လေ"

"ဒါမျိုးဆို သူသိပ်တတ်တယ်"

"နောက်တာပါကွာ ... ဟိုတစ်ခါ ကိုယ်ယူသွားတဲ့ ဘူးသီးနှစ်လုံးက ချက်မစားဖြစ်ပါဘူး၊ အထဲက အစာတွေထုတ်နေလှမ်းပြီး ဘူးသီးခြောက်လုပ်ထားတယ်၊ ပြီး ... ဆေးပင်နဲ့ လှုပုံလေးတွေဆွဲပြီး တစ်လုံးကို မွန့်လို့နာမည်ပေးလိုက်တယ်၊ နောက်တစ်လုံးကို ကိုလို့ ပေးလိုက်တယ် ... အမှတ်တရပေါ့ ... ကြိုက်လား"

"မကြိုက်ဘူး ... ကိုနဲ့ပေါင်းတဲ့ကောင်တွေမြင်ရင် လောင်လိမ့်မယ်"

"ပါးစပ်ဖွာတဲ့ကောင်တွေကို အသိမပေးပါဘူး"

"ဘယ်သူတွေကို ပေးသိထားလဲ"

"ကောင်းထက်ဇော်နဲ့မျိုးဇော် ... "

"ဖြစ်မှဖြစ်ရလေ ကိုရယ် ... လေပေါကောင်းထက်ဇော်နဲ့ စပီကာမျိုးဇော်ဆိုရင် ဒီရပ်ကွက်တင်မက အနီးအနားက ရပ်ကွက်တွေတောင်သိတယ်"

"တကယ် ... "

"တကယ်ပေါ့ ... ဒါပဲနော် ... ကိုယ့်လူကိုယ်နိုင်အောင်ပိတ်၊ သူတို့က သူရာရည်လေးဝင်ရင် ပိုဆိုးတယ်၊ ဖေဖေသာသိရင်တော့ ပွဲသိမ်းပဲ"

"ဂိုးတူးသည် မဟာ်လာခန်းမပေါ့ ... "

"မနောက်နဲ့ ... တကယ်ပြောတာ၊ နေပါဦး ... ကိုက မွန့်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ချစ်တာလဲ"

"ကို့မှာ ရည်ရွယ်ချက်အနိုင်အမာရှိပါတယ်၊ ကြိုးလည်းကြိုးစားနေပါတယ်"

"အဆိုတော်လုပ်ဖို့ ကြိုးစားနေတယ်ဆို ... ဟုတ်လား ... "

"ဘယ်သူပြောလဲ"

"ရပ်ကွက်ထဲမှာ ဒီလိုပဲ အားလုံးသိနေကြတာ၊ လေပေါတို့တာဆေ"

"ကို အောင်မြင်တဲ့ အဆိုတော်ဖြစ်ရင် မွန့်ကိုလက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘယ်တော့ဖြစ်မှာလဲ"

"ဘာလဲ ... မြန်မြန်ဖြစ်စေချင်နေပြီလား၊ မှန်လေးက ကိုယ်နဲ့အတူ တူနေချင်ပြီပေါ့"

"မဖောက်လာနဲ့ ... စကားကောင်းကောင်းပြော၊ သိချင်လို့မေးကြည့်တာ"

"စီဒီထုတ်ဖို့ အရင်းအနှီးလည်းစုရင်း ပညာစုံအောင် ဖြည့်ဆည်းလေ့ကျင့်နေတာပါ ... လောလောဆယ် ကိုယ့်မှာ အလုပ်နဲ့ပုံမှန်ဝင်ငွေလည်း ရှိပါတယ်၊ ခုလက်ထပ်မယ်ဆိုလဲ ပြဿနာမရှိဘူးနော်"

"တော်ပါ ... ဒါပဲလှည့်လှည့်လာတယ်၊ ဒါနဲ့ ကိုဒ့်အိမ်က ဘယ်မှာလဲ၊ ကိုက ဘာလို့ ဒီမှာတစ်ယောက်တည်း အိမ်လာငှားနေရတာလဲ"

"ကိုဒ့်အိမ်က တောင်ငူမှာ၊ မိဘတွေက အရောင်းအဝယ်သမားတွေပါ၊ အဲဒီအလုပ်ကို ကိုက စိတ်မဝင်စားဘဲ ဂစ်တာပဲတီးချင်တာလေ၊ အဲဒါကြောင့် ရန်ကုန်မှာ လာသောင်တင်နေတာ"

"မိဘတွေအလုပ်ကို စိတ်ဝင်စားလိုက်ရင် ပိုအဆင်ပြေမယ်ထင်တယ်နော်"

"ကိုက ကိုယ့်ဝါသနာကို ဖက်တွယ်ရင်းနဲ့ပဲ အသက်ရှင်ချင်တဲ့လူပါ မှန်ရယ်"

အိစက်မှန် စဉ်းစားတွေဝေဟန်ဖြင့် ငြိမ်သွားသည်။ အတန်ကြာမှ သက်ပြင်းလေး သဲ့သဲ့ရှိုက်ရင်း ...

"ကိုဆိုတဲ့ သီချင်းကို မှန် တစ်ခါမှ မကြားဖူးဘူး"

"မှန် နားထောင်ကြည့်ချင်လို့လား"

"အင်း ... "

"ကို့မှာ ဂစ်တာတစ်လက်တည်းနဲ့ ဆိုတီးလေးသွင်းထားတဲ့ သီချင်းလေးတွေရှိတယ် ... မှန့်ကို သိပ်ချစ်တဲ့အကြောင်း ရေးစပ်ထားတဲ့သီချင်းတောင် မနေ့ကမှ ထပ်သွင်းထားသေးတယ်၊ မှန် နားထောင်ချင်ရင် မနက်ဖြန်မှာ တစ်ယောက်ယောက်နဲ့ ဘယ်သူမှမသိအောင် ပို့ပေးမယ်လေ"

"ပို့ပေးလေ ... မှန် တကယ်နားထောင်ချင်တာပါ"

"ကိုယ့်ချစ်သူမို့ အားပေးချင်တာလား"

"ဒါပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"နောက်လလောက်မှာ စီဒီအကြမ်းလေး တစ်ခုလောက်သွင်းပေးဖို့ မိတ်ဆွေတွေကို အကူအညီတောင်းထားတာရှိတယ်၊ အဲဒါဆို မွန်နားထောင်လို့ ပိုအဆင်ပြေမှာပါ"

"မနက်ဖြန်ပေးမယ့်ဟာလည်း နားထောင်မယ်၊ နောက်လပေးမယ် ဟာလည်း နားထောင်မယ်၊ ကိုဆိုတဲ့ သီချင်းတွေပဲ အကုန်လုံးကို မွန်လေး နားထောင်ပေးရမှာပေါ့ ... ခံစားပေးရမှာပေါ့"

နေမင်းခန့် ရင်ထဲကို အေးမြစွာ စီးဆင်းသွားစေသည့်စကား ...

"မွန်တို့ရပ်ကွက်လေးမှာနေရတာ ကိုတော့သိပ်ပျော်တယ်၊ မွန်နဲ့လည်း ဆုံရတယ်၊ နေရေးထိုင်ရေးလည်း အဆင်ပြေတယ်၊ လမ်းသူလမ်းသားတွေက လည်း ခင်မင်စရာကောင်းတယ် ... မွှောရုံနဲ့ ရာသီပွဲတော်တွေမှာဆိုလည်း တက်ညီလက်ညီ ရှိကြတယ်၊ ဒါကြောင့် ... ကိုလည်း ဒီရပ်ကွက်သားစစ်စစ် လို ကိုယ့်ကိုယ်ကိုယ်ထင်ပြီး ပျော်မွေ့လာတာထင်တယ်"

သူပြောသမျှကို မွန်က ပြုံးမြမြဖြင့် နားထောင်နေသည်။

"နောက်ပြီး ... ဒီရပ်ကွက်ကိုရောက်မှ အဆင်ပြေတဲ့ အလုပ်တစ်ခု ကို ရတယ်၊ အဲဒါကလည်း ကိုယ်ဝါသနာပါရာ တေးဂီတနယ်ပယ်ထဲမှာပဲလေ၊ ထိလည်းပေါက်တယ်၊ နောက်ပြီး ... ချစ်သူဖြစ်ခွင့်ရဖို့ အရမ်းကိုခက်ခဲတဲ့ မွန့်ကိုလည်း ချစ်ခွင့်ရတယ်၊ မွန့်ကို တွေ့ချင်လွန်းလို့ တမ်းတမ်းတတဖြစ်နေ ချိန်မှာဆိုလည်း တစ်နည်းနည်းနဲ့တွေ့ဖို့ အဆင်ပြေသွားတာချည်းပဲ၊ ခုပဲကြည့် လေ ... မွန့်ကို ခုလို တွေ့ခွင့်ရဖို့ ယောက္ခမလောင်းကြီးက ခရီးထွက်သွား ပေးရတယ်၊ ဟုတ်တယ်ဟုတ် ... ဟီး ... "

"အောင်မယ် ... အူမြူးနေသေးတယ်၊ သစ်ပင်ပေါ်က ပြုတ်ကျဦး မယ်"

"ကိုပြောချင်တာက ဒီရပ်ကွက်လေးက ကိုအတွက် ကံကောင်းစေတဲ့ နေရာ၊ အောင်မြေလို့ သတ်မှတ်လိုက်ချင်တာ"

"ကို ... အဲလိုမျိုးဆက်စပ်တွေးပြတော့လဲ ဟုတ်သလိုပဲနော်"

"ဟုတ်သလိုပဲ မဟုတ်ဘူး ... ဟုတ်ကိုဟုတ်တာ မွန်ရ အဲဒါကြောင့် ကိုထုတ်မယ့် ပထမဆုံး စီးရီးနာမည်ကို 'အောင်မြေ' လို့ပေးမှာ၊ အဲဒီနာမည်နဲ့ သီချင်းကို ရှယ်ရေးမှာ ... ခုတောင် အကြမ်းရေးထားပြီးပြီ ဘယ်လိုထဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလား''

''ကောင်းပါတယ် ကိုရယ် ... အခုရှင်းပြရင်းနဲ့တောင် ကိုစိတ်အား ထက်သန်နေလိုက်တာ၊ အဲဒီစိတ်ဓာတ်တွေ မွန့်လေးကိုတောင် ကူးစက်လာ သလိုပဲ၊ ဘာပဲဖြစ်ဖြစ် ကိုကြိုးစားပါ၊ အောင်မြင်မှာပါ ... ဘယ်လိုအခြေအနေ ပဲရောက်ရောက် မွန် အားပေးနေမယ်ဆိုတာယုံ ... ''

''အိုကေ ... မွန့်ရဲ့ဒီစကားလေးတစ်ခွန်းနဲ့တင် ကို့ရဲ့ ပထမဆုံး စီးရီးအောင်မြင်အောင်လုပ်ဖို့ ရောမတွန်းအားကြီးဖြစ်သွားပြီ၊ အဲဒီစီးရီးကို ဒီအောင်မြေရပ်ကွက်မှာနေတုန်းပဲ ထုတ်ဖြစ်အောင်ထုတ်ရမယ်၊ အဲဒီစီးရီးမှာ မွန့်ကိုချစ်တဲ့အကြောင်းတွေ ဖွဲ့နွဲ့ထားတဲ့သီချင်းတွေ အများဆုံးပါစေရမယ် မကောင်းဘူးလား ... ''

''ကောင်းပါတယ်''

''ဒါဆို ... မွန့်ပါးလေးကို သံပန်းနားမှာကပ်ထားလေ၊ ကို ဒီကနေ သံပန်းကိုလှမ်းကိုင်ပြီး မွှေးမွှေးပေးမယ်၊ မကောင်းဘူးလား ... ''

''အဲဒါတော့ မကောင်းဘူး''

ပြောပြီး အိစက်မွန်က ရယ်နေသည်။ ပြီးမှ ...

''သစ်ပင်ပေါ်က ခြေချော်လက်ချော် ပြုတ်ကျပါ့မယ်ကိုရယ်၊ နောက်မှ အကြင်နာပေးတော့ ... ခုတော့ ပြန်လိုက်တော့နော်၊ သန်းခေါင်ကျော်တာ တော်တော်ကြာပြီ''

''မပြန်ချင်ဘူးဖြစ်နေတယ် ... အိမ်ပြန်ရောက်ရင်လည်း အိပ်လို့ရမှာ မဟုတ်ဘူး။ မွန့်ကိုပဲ သတိရနေမှာ''

''အိပ်ပျော်အောင်အိပ်လိုက်ပေါ့ ... ကဲပါ ... အချိန်မရှိတော့ဘူး၊ ပြန်ပါတော့ကွယ် ... မွန့်ကိုချစ်ရင် မွန့်စကားကို နားထောင်ရမယ်လေ''

''အိုကေ ... ဒါဆိုလည်း ပြန်ရတော့မှာပေါ့၊ လောလောဆယ် မွန့် လက်လေး ကို့ဆီ လှမ်းလိုက်စမ်းပါ''

''ကဲ ... ကိုကတော့ ပိုပြီကွယ်''

အိစက်မွန်ထံမှ လှမ်းလာသော လက်ဖဝါးလေးကို သူဖမ်းဆုပ်ကိုင် လိုက်သည်။

''အာ ... ခက်ပြီ၊ ဒီအထိအတွေ့ကြောင့် ပြန်ချင်စိတ်တွေက ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရပြန်ပြီမွန်ရယ် … ဘယ်လိုလုပ်ရပါ့ …"

အိစက်မွန်က ချစ်စဖွယ် မျက်စောင်းဝင့်ရင်း …

"မရစ်ပါနဲ့တော့ကိုရယ် … ကဲ … လက်ကိုပြန်လွှတ်ပါတော့"

နေမင်းခန့်က မလွှတ်ပေး။ အိစက်မွန်ကလည်း အတင်းပြန်ရုန်းသည်။

"လွှတ်တော့လေ … လို့"

"မလွှတ်တော့ဘူး၊ ဒီအတိုင်းပဲ တစ်ညလုံးနေတော့မယ်"

"ဟင် … ခြေသံကြားတယ်၊ မေမေလား မသိဘူး"

သူလန့်ပြီး ဆုပ်ထားသောလက်ကို လျှော့အပေးတွင် မွန်က သူ့လက်လေးပြန်ရုတ်သွားသည်။ မွန် အကြံအဖန်တတ်၍သာ လက်ချမ်းသာရာရတော့သည်။

"လက်တောင် နည်းနည်းနာသွားပြီ၊ ကို ပြန်တော့လို့ မွန့်စကားနား မထောင်ရင် မချစ်တော့ဘူးနော်"

"အိုကေ … အိုကေ … ပြန်ပြီ၊ ဒီတစ်ခါ တကယ်ပြန်ပြီ"

"ဖြည်းဖြည်းလည်းဆင်းနော် … ပြုတ်ကျဦးမယ်"

သစ်ပင်အောက်ရောက်၍ သူမော့ကြည့်လိုက်သောအခါမှ စောင့်ကြည့်နေသည့် မွန်က လက်ကလေးလှုပ်ရမ်းပြကာ ပြတင်းတံခါးကို ပိတ်လိုက်သည်။

နေမင်းခန့် အိမ်ပြန်ရောက်သောအခါ ထင်သည့်အတိုင်းပင် အိပ်မရ။ မွန့်ကိုပေးရန် စီဒီလေးကို လှပစွာ ထုတ်ပိုးလိုက်သည်။

နောက်နေ့ မနက်တွင် အိစက်မွန်ဈေးသွားရာသို့ မယောင်မလည် လိုက်သွားပြီး သူမအဖော်ကောင်မလေးအလစ်တွင် စီဒီကို ဈေးခြင်းထဲထည့်ပေးလိုက်သည်။ မွန်ကလည်း သတိထားမိပြီး လူမမြင်အောင် ဈေးဝယ်ပစ္စည်းများနှင့် ဖုံးကွယ်လိုက်သည်။

အဖော်ကောင်မလေး ဘာမှမသိလိုက်ဘဲ အားလုံးအဆင်ပြေသွားသည်။

ကံ့ဇာတာအထတွင် လုပ်သမျှ ကြံသမျှ အဆင်ပြေနေသည်။ ကံ့ဇာတာအကျတွင်လည်း ထို့နည်းအတူ အဆင်ချောနေပါစေဟုသာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ရပ်ကွက်လေးတွင် ထူးခြားသတင်းတစ်ခု ဖြစ်ပေါ်လာသည်။ သူတို့လမ်းနှစ်လမ်းကို ကွန်ကရစ်လမ်းခင်းရန် ဖြစ်သည်။ မူလလမ်းမှာ ဂဝံလမ်းသာဖြစ်၍ မိုးတွင်းဆိုလျှင် ရွှံ့အိုင် ဗွက်အိုင်များကြောင့် သိုင်းကွက်နင်းပြီးလျှောက်နေရသည်။ ထို့ပြင် ... သူတို့လမ်းနှင့်အနီးပတ်ဝန်းကျင် လမ်းတော်တော်များများမှာ ကွန်ကရစ်လမ်းများခင်းနေကြပြီ။ တစ်ချို့လည်း ခင်းပြီးကြပြီဖြစ်၍ သူတို့လည်း မဖြစ်မနေခင်းရန် လိုအပ်လာခြင်းဖြစ်သည်။

ထုံးစံအတိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးက လမ်းနှစ်လမ်းတွင် နေထိုင်သူအားလုံး တစ်အိမ်တစ်ယောက်(လူကြီးများဖြစ်ရမည်) အစည်းအဝေး မတက်မနေရ ဖိတ်ခေါ်သည်။

"အဟမ်း ... အခုဆိုရင် ကျွန်တော်တို့နှစ်လမ်းကလွဲလို့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ လမ်းတော်တော်များများ ကွန်ကရစ်လမ်းခင်းပြီးကြပြီ၊ ကျွန်တော်တို့ပဲ ကျန်နေသလိုဖြစ်နေတယ်၊ ပြီးတော့ ... ကြာရှည်ခံနိုင်ခံနိုင်မယ့် ကွန်ကရစ်လမ်းကြီးဖြစ်လာရင် ခင်များတို့ ကျွန်တော်တို့ရဲ့ လူနေမှုဘဝ မြင့်လာမယ်၊ အိမ်ဈေး၊ ခြံဈေးတွေလည်း တန်ဖိုးတက်လာမယ်၊ သန့်ရှင်းသပ်ရပ်တဲ့ စံပြရပ်ကွက်လည်း ဖြစ်လာမယ်၊ ဒီတော့ကာ ... အဟမ်း ... အဟမ်း"

အုပ်မှူး စကားဆက်ရန်အခက်ကြုံတိုင်း ချောင်းဟန့်သံကို ရပ်ကွက်သူ ရပ်ကွက်သားများ သည်းခံကြရရှာသည်။ အုပ်မှူးမှာ ချောင်းဟန့်ရင်း

www.burmeseclassic.com



အောင်စိုးဦးကိုလည်း ချောင်းဟန့်ပြီးတိုင်း လှည့်ကြည့်ရသည်။ မဟုတ်လျှင် အရင်တစ်ခါလို ကွမ်းရွက်ပုံ ချောင်းဆိုးပျောက်ဆေးလာပေးမှာ စိုးရသည်လေ။

ပြောရင်းနှင့်ထည့်ဝင်ရမည့် ငွေပမာဏအကြောင်း ရောက်သောအခါ မထည့်နိုင်သူကများပြီး ပူညံ ပူညံ ဖြစ်လာကြသည်။ ထို့ကြောင့် ...

"ကဲ ... ကဲ ... အသံတွေ ခဏရပ်ကြပါဦး။ ကျုပ်စကားပြောပါရစေဦး။ အဟမ်း ... ခုနက အကြမ်းဖျင်းကုန်ကျစရိတ်ကိုပြောပြီးပြီနော်၊ လမ်းသူလမ်းသားများရဲ့ ထည့်ဝင်ငွေနဲ့ ဒီလမ်းတွေမဖြစ်လောက်ဘူးဆိုတာ တွေးမိကြမှာပါ၊ အဲဒီတော့ ... ဘယ်အိမ်က ဘယ်လောက်ထည့်နိုင်မလဲဆိုတာကို အရင်စာရင်းလုပ်ရအောင် ... တတ်နိုင်သလောက် အများဆုံးပါဝင်နိုင်အောင် ကြိုးစားကြဖို့တော့ လိုပါတယ်၊ အဓိကကတော့ ကားရှိတဲ့အိမ်များ သိသိသာသာ ပိုထည့်ရမယ်ဆိုတာတော့ မမေ့ကြစေချင်ပါဘူး ... ဒါပေမဲ့လည်း ... ငွေကတော့ လိုဦးမှာဖြစ်တဲ့အတွက် အဆင်အပြေဆုံးနည်းဖြစ်တဲ့ အလှူခံမဏ္ဍပ် ဖွင့်ပြီး အလှူငွေကောက်ခံရမှာဖြစ်ပါတယ်၊ မနက်ဖြန်မှာပဲ ဓမ္မာရုံရှေ့မှာ အလှူခံမဏ္ဍပ်ထိုးပြီး သဘာက်ခါမှာ စကော်က်ရအောင် ... လူငယ်တွေလုပ်အားပေးဖို့ မမေ့ကြပါနဲ့ ..."

"ဟင်း ... ခိုင်းစရာရှိတော့ တို့လူငယ်တွေကိုသတိရပြီ၊ ... ပြီးတော့ သူပဲတစ်ချိန်လုံး ငါတို့ကို အပြစ်ပြောနေပြီး ..."

"မင်းတို့ကို နတ်ပြည်အရောက်ပို့နေတာပါကွာ၊ မင်းကြားဖူးတယ် မဟုတ်လား ... လမ်းခင်းလို့ သကြားမင်းဖြစ်တဲ့ ဟိုလူတစ်ယောက်အကြောင်း လေ ..."

အောင်စိုးဦးနှင့်ဒီနေမင်းခန့်တို့ အချီအချစကားကို ကျန်ဝိုင်းထိုင်နေကြသည့် လူငယ်အုပ်စုက ငြိမ်နားထောင်နေကြပြီးမှ ... နေမင်းခန့်ကို ပြုံးစိစိ နှင့်ကြည့်ကြသည်။ မတော်ရသေးသည့် ယောက္ခမလောင်းဘက်က ကာကွယ် သည်ဟုဆိုချင်ကြသည့် မျက်နှာပေးများကို မသိယောင်ဆောင်ကာ နေမင်းခန့်က ပါးစပ်ပိတ်၍ ရုပ်တည်နှင့်နေလိုက်သည်။

စိုးလွင်ငြိမ်း၊ နေဝင်းထွန်းနှင့်နေမျိုး၊ ဝေမျိုးတို့ ညီအစ်ကိုက နေမင်း ခန့်ကို မရှေ့ ကောင်းထက်ဇော်နှင့်မျိုးဇော်တို့ဘက် လှည့်ကြပြန်သည်။ တို့နှစ် ကောင်ကလည်း မိမိတို့နှင့်မည်သို့မျှ မပတ်သက်ကြောင်းဆိုသည့်ပုံတိုင်လ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှမြွက်ကြားနေသည့် အုပ်မှူး၏စကားများကိုသာ အထူးစိတ်ဝင်စားနေကြဟန်နေပြရာ ... စိုးလွင်ငြိမ်းကသာ ပါးစပ်လှုပ်ရုံ အသံတိတ်ဆဲပြီး ငြိမ်နေလိုက်သည်။

မည်သို့ပင်ဖြစ်စေ အုပ်မှူးဦးဝင်းလွင်ဦးကတော့ စိတ်ဓာတ်ပြင်းထန်သည်။ ကွန်ကရစ်လမ်းကို မဖြစ်ဖြစ်အောင် ခင်းမည်၊ ငွေမပြည့်လျှင် ဖြစ်နိုင်သည့်နည်းလမ်းမျိုးစုံ သုံး၍ ရှာမည်ဟု။

❀

ဦးဝင်းလွင်ဦး ပြန်ရောက်လာပြီးကတည်းက အိစက်မွန်ကို သွားတွေ့ရန် တော်တော်ခဲယဉ်းသွားတော့သည်။ သရက်ပင်ပေါ်မှ စကားသွားပြောရန်ပင် ဆင်ခြင်နေရသည်။

တစ်ခါတရံ အိစက်မွန်က ခွင်ဖန်ပေးမှတာ တွေ့ခွင့်ရတော့သည်။ အိစက်မွန်က အဖော်ကောင်မလေးများနှင့် မြို့ထဲထွက်ပြီး ဈေးဝယ်ခွင့်ရမည့်ရက်ကို နေမင်းခန့်အား ကြိုတင်အသိပေးထားတတ်သည်။ ထိုအခါ အဖော်ကောင်မလေးများကို အပိုင်စည်းရုံးပြီး သူတို့အား ရုပ်ရှင်ရုံထဲတွင် အစားအသောက်မျိုးစုံနှင့် သွားပို့ထားကာ နေမင်းခန့်နှင့်အိစက်မွန်တို့က နှစ်ယောက်တည်း လျှောက်လည်ကြသည်။ ရုပ်ရှင်တစ်ပွဲစာပြီးချိန်မှ ကောင်မလေးများနှင့် ရုပ်ရှင်ရုံရှေ့တွင် ပြန်ဆုံပြီး ဈေးအမြန်ဝယ်ကာ အိစက်မွန်တို့က အိမ်ပြန်ကြသည်။ နေမင်းခန့်က တေးသံသွင်းဆိုင်သို့ပြန်သည်။ ပုံမှန်ဆိုင်ပိတ်ချိန်မှ ပြန်ပြီး ရပ်ကွက်ထဲသို့ မှင်သေသေဖြင့်ဝင်သည်။

ထို့ကြောင့် ... သူတို့အကြောင်းကို အိစက်မွန်၏အဖော်ကောင်မလေး အုပ်စုလောက်သာ သိကြသည်။ ဦးဝင်းလွင်လည်း မရိပ်မိ။

သို့သော်လည်း ... ဆိုင်တွင်မူ နေမင်းခန့်အတွက် နားရက်ပျောက်သွားသည်။ ခုနောက်ပိုင်း သူတို့ဆိုင်မှာ ပိတ်ရက်မရှိတော့သဖြင့် အလှည့်ကျနားရက်ယူကြရသည်၊ အိစက်မွန်နှင့်အပြင်ထွက် လည်ပတ်သည့်ရက်များအတွက် အစားပြန်ဆင်းပေးရရာ နားရက်ပျောက်သွားရခြင်း ဖြစ်သည်။

နေမင်းခန့်၏ တစ်ကိုယ်တော် စီးရီးထွက်ရန်မှာတော့ ပို၍အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်သွားသည်။ ဆိုင်တွင် စားသောက်ပွဲလုပ်ပြီး နောက်တစ်နေ့တွင် ဆိုင်နောက်ဘက်ရှိ မန်နေဂျာ၏ရုံးခန်းလေးထဲတွင် နေမင်းခန့်နှင့်မန်နေဂျာကို တေးသံသွင်းပိုင်ရှင်က လာတွေ့သည်။

"ကဲ ... နေမင်းခန့် ... မင်းကိုသေချာအောင် ထပ်မေးမယ်၊ ဘယ်လိုအခက်အခဲပဲရှိရှိ အောင်မြင်တဲ့အဆိုတော်တစ်ယောက်ဖြစ်ဖို့ မဖြစ်ဖြစ်အောင် ကြိုးစားမယ်လို့ မင်းဆုံးဖြတ်ထားပြီးတာ သေချာလား"

"သေချာပါတယ် အန်ကယ် ... ကျွန်တော်က စိတ်ဆုံးဖြတ်ပြီးမှ ဘုရင့်နောင်ထုံးနှင့် ဖောင်ဖျက်လာခဲ့သူပါ"

"အိုကေ ... ဒါဆို တာတီး ... မင်းကိုငါခုနက ပြောထားတဲ့အတိုင်းပဲ ... နေမင်းခန့်ကို Vocal Trainer ဆရာခိုင်မြသာဆီ လိုက်အပ်ပေးလိုက်၊ နောက် အတီးပညာနဲ့ပတ်သက်လို့ ဆရာအင်ဒရူးဆီ လိုက်ပို့ပေးလိုက်၊ အဲဒီ ဆရာဆီတော့ ငါဖုန်းဆက်ထားပေးတယ်"

တစ်ဖန် ... နေမင်းခန့်ဘက်လှည့်ကာ ...

"မင်းရဲ့ပင်ကိုယ်အသံကကောင်းပေမယ့် ကိုယ့်အသံကိုယ်ကွန်ထရိုးလုပ်တဲ့ ပညာမှာလိုသေးတယ်ထင်တယ်၊ အဲဒါကို စနစ်တကျ လေ့ကျင့်ရလိမ့်မယ်၊ အတီးပညာကတော့ လိုအပ်သလို မွမ်းမံတဲ့သဘောပဲ၊ သွယ်ဝိုက်တဲ့နည်းနဲ့ လိုအပ်တာမို့ တစ်လက်စတည်း သင်ပေးလိုက်တာ"

"နောက်ပြီး ... တာတီး တေးရေးဆရာ စောခူဆဲနဲ့ ဆရာမြင့်မိုးအောင်တို့ဆီမှာ သီချင်းတွေကြိုအပ်ထားဦး၊ R ခိုင်ဆီမှာလည်း အပ်ဖို့မမေ့နဲ့နော်၊ နေမင်းခန့် ကိုယ်တိုင်ရေးထားတာရှိတယ်ဆိုပေမယ့် ပထမဆုံးစီးရီးမှာ အဲဒီလိုနာမည်ကြီးတေးရေးဆရာတွေရဲ့သီချင်းတွေပါဖို့ သိပ်အရေးကြီးတယ်"

"ကုန်ကျစရိတ်ကို နေမင်းခန့် စိတ်ပူစရာမလိုဘူး၊ မင်းက ငါတို့တေးသံသွင်းရဲ့ စင်တင်တေးသံရှင်ဖြစ်မှာ ... တစ်ခုတော့ရှိတယ်နော်၊ မင်းက မကြိုးစားဘူး၊ ဒါမှမဟုတ် ကြိုးစားအားထုတ်ရက်နဲ့ အဆိုတော်ဖြစ်လောက်တဲ့ အရည်အချင်းမမီဘူးလို့ ထရိန်နာဆရာတွေက ဆုံးဖြတ်ရင်၊ နောက်ပြီး နောက်တစ်ဆင့်မှာ စတူဒီယိုက အသံသွင်းဆရာတွေ ထုတ်လုပ်ရေးမန်နေဂျာတွေက အစမ်းသွင်းတဲ့အဆင့်မှာတင် ခုနလိုမှတ်ချက်မျိုးတွေ ငါ့နားကိုပေါက်လာမယ်ဆိုရင် မင်းကို အဆိုတော်ဖြစ်စေတဲ့ကိစ္စတွေ တိခနဲရပ်ပစ်မှာနော် ... အဲ



www.burmeseclassic.com

www.burmeseclassic.com



အခါကျရင်တော့ ငါ့အပေါ် စိတ်မရှိနဲ့၊ စီးပွားရေးလုပ်တဲ့နေရာမှာ ငါ့စိတ်က ပြတ်သားတယ်"

"အဲ ... ဒါပေမဲ့ ... အားလုံး အားကြိုးမာန်တက် ကြိုးစားကြ လျှက်နဲ့ ပရိသတ် လက်မခံလို့ မအောင်မြင်တာကတော့ မင်းဘာမှစိတ်မပူနဲ့၊ မင်းရဲ့ကြိုးစားအားထုတ်မှုအတွက် ငါက ဂုဏ်ပြုချီးမြှင့်ငွေတောင် ထုတ်ပေးလိုက် ဦးမှာ၊ အဲဒီလို အခြေအနေမျိုးမှာ ငွေကြေးအရ ဆုံးရှုံးသွားလည်း ငါမမှုဘူး၊ မင်းအတွက်က အနည်းဆုံးတော့ ဒီဆိုင်မှာ အလုပ်တစ်နေရာ ရနေမှာပေါ့ကွာ ဟုတ်ပြီနော် ... "

"ဟုတ်ကဲ့ပါ အန်ကယ် ... ကျွန်တော် အရာရာကိုသဘောပေါက်ပါ တယ်၊ ကျွန်တော့်ဘက်က ကြိုးစားအားထုတ်မှုကို လုံးဝမလျော့စေရပါဘူးလို့ ကတိပေးပါတယ်"

ဤသို့ဖြင့် ဆိုင်အလုပ်များကို မလစ်ဟင်းစေရဘဲ၊ ကိုယ်ပိုင်လေ့ကျင့် ရေးပိုင်းကို အသည်းအသန်ပြေးရသည်။ အခွင့်အရေးယူသူ မဖြစ်စေလိုသဖြင့် နားရက်လုံးဝမယူတော့ဘဲ ထရိန်နင်လွတ်သည့်အချိန်များကို ဆိုင်အတွက်သာ ဖြစ်စေခဲ့သည်။ ထို့ကြောင့်လည်း အလုပ်ရှင်၊ မန်နေဂျာနှင့်တကွ လုပ်ဖော်ကိုင် ဘက်များက ငြိုငြင်ခြင်းမရှိဘဲ နေမင်းခန့်ဘဝခရီး ဆက်နိုင်ခဲ့သည်။ ထို့ကြောင့် ပင် ... ။

ရပ်ကွက်အကျိုးဆောင်မှုတွင် လျော့လာသည်။ လမ်းအတွက် အလှူခံ မဏ္ဍပ်ဖွင့်သည်မှာ နှစ်ပတ်ခန့်ရှိသည့်တိုင် နေမင်းခန့် တစ်ရက်မှ မကူညီနိုင် သေး။ ဒီနေ့တော့ ရှားရှားပါးပါး နေ့တစ်ဝက် နားရက်ရသည်မို့ အလှူခံမဏ္ဍပ် ထိုင်ပေးဖြစ်သည်။

ညနေပိုင်းတွင် အလှူခံမဏ္ဍပ်ရှေ့ လမ်းမတစ်ဖက်ခြမ်းတွင် ပါဂျဲရိုး တစ်စီး လာရပ်သည်။ ခဏထိုင်ကာ မဏ္ဍပ်ကိုအကဲခတ်နေပြီး ကားပေါ်မှ အံ့သက်ငါးဆယ်ခန့် အမျိုးသားတစ်ဦးဆင်းလာကာ ဓမ္မာရုံနှင့်မလှမ်းမကမ်း ရှိ လက်ဖက်ရည်ဆိုင်ထဲဝင်သွားသည်။ ငါးမိနစ်ခန့်အကြာတွင် လက်ဖက်ရည် ဆိုင်မှ စားပွဲထိုးလေးတစ်ယောက် နေမင်းခန့်ရှေ့ ရောက်လာသည်။

"ကိုကြီးနေမင်းခန့် ... ကိုကြီးကိုတွေ့ချင်လို့တဲ့ ဦးလေးကြီးတစ် ယောက်ဆိုင်မှာ စောင့်နေတယ်၊ အဲဒါ ... ခေါ်ပေးပါဆိုလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



နေမင်းခန့် လိုက်သွားရာ စောစောက ဆိုင်ထဲဝင်သွားသည့် အန်ကယ်ကို တွေ့ရသည်။

"လာထိုင် ... တစ်ခုခုသောက်ကွာ၊ ငါ့တူက ဒီလမ်းဖြစ်မြောက်ရေးအတွက် လှုပ်ရှားနေတဲ့သူနဲ့တူတယ်၊ အန်ကယ့်နာမည်က ဦးမျိုးဝင်းညွန့်ပါ၊ ဟိုဘက်ရပ်ကွက်တင်နေတာ၊ အန်ကယ့်ကိုတော့ မင်းသိမှာမဟုတ်ပါဘူး"

"ဟုတ်ကဲ့ ... ခုနက အန်ကယ်ပြောတဲ့ လမ်းဖြစ်မြောက်ရေးဆိုတာ တကယ်တမ်းပြောရရင် ကျွန်တော်က အချိန်ပိုင်းပဲ အလှူခံပေးနိုင်တဲ့လူပါ၊ နောက်ပြီး ... ဒီရပ်ကွက်ရဲ့အုပ်ချုပ်ရေးမှူးကလည်း ကျွန်တော်တို့လမ်းထဲတင်နေတာဆိုတော့ လမ်းဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင်က သူပါပဲ ... "

"နေဦးကွ ... အန်ကယ်က လူကြီးတွေကို သိပ်ပတ်သက်ချင်တာ မဟုတ်ဘူး။ ရပ်ကွက်အတွက် အများအကျိုးအတွက် တကယ်အကျိုးဆောင်ချင်တဲ့လူငယ်တွေကိုပဲ ထိတွေ့ဆက်ဆံချင်တာ၊ သူတို့ကိုလုပ်ချင်ကိုင်ချင်အောင် တွန်းအားပေးချင်တာ၊ ကျလူထက် တက်လူမျိုးဆက်သစ်တွေကို မွေးထုတ်ပေးချင်တာ၊ သူတို့ကမှ ရပ်ကွက်အကျိုးကို ရေရှည်လုပ်နိုင်ကြမှာလေ ... လူကြီးတွေကိုတော့ ပစ်ပယ်လို့မရဘူးပေါ့၊ လူကြီးတွေက ဘေးကထိန်းမတ်ပေးရမှာပေါ့"

"ဒါဆို ... အန်ကယ်ခဏလေး စောင့်ပေးပါလား၊ တကယ်လုပ်နိုင်မယ့် လမ်းသားစစ်စစ်တွေ ခေါ်ပေးပါ့မယ်"

ခေါင်းညိတ်ပြလဖြင့် မဏ္ဍပ်တွင်ရှိသည့် ကောင်းထက်ဇော်နှင့်နေဝင်းထွန်းတို့ကို ပြန်ရှင်းပြရသည်။ သူတို့ကလည်း ...

"ကျွန်တော်တို့အုပ်စုထဲမှာ အသက်အကြီးဆုံးက ကိုနေပဲ၊ ကိုနေကသာ ဦးဆောင်ပါ ... အလုပ်များလို့မလုပ်နိုင်လည်း ကိစ္စမရှိဘူး။ ကျန်တာ ကျွန်တော်တို့ဝိုင်းလုပ်သွားမယ်"

"ဟုတ်တယ် ... ကျန်တဲ့လူငယ်တွေလည်း အားလုံးဒီသဘောအတိုင်းဖြစ်မှာပဲ၊ ကိုနေသာ ဦးဆောင်ပါ၊ ငါကအိမ်ငှားလို့မပြောနဲ့ဦး ... အများအကျိုးလုပ်တဲ့နေရာမှာ အိမ်ရှင်အိမ်ငှား မရှိဘူး။ အားလုံးဝိုင်းလုပ်ရမှာပဲ"

သူတို့နှစ်ယောက်ပါလိုက်ပြီး လက်ဖက်ရည်ဆိုင်ရှင် အန်ကယ်နှင့်တွေ့ကြသည်။ အန်ကယ်ဦးမျိုးဝင်းညွန့်ကလည်း ကောင်းထက်ဇော်တို့သဘောထား



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုင်တည်သည်။

"ဲကဲ ... လောလောဆယ် အဲဒီလိုပဲ ဆုံးဖြတ်လိုက်ကြရအောင်၊ အခု အန်ကယ်က မင်းတို့လမ်းတစ်လမ်းစီအတွက် မတည်ငွေ (၁၅)သိန်းစီ ပေါင်း သိန်း(၃၀)လှူမယ်၊ ပြီးတော့ ... လမ်းထဲမှာ တစ်အိမ်တက်ဆင်းရနိုင်သလောက် ပိုက်ဆံကောက်ပေတော့ ... ဒီမတည်ငွေကိုမြင်ရင် လှူချင်သူတွေ များလာပါလိမ့်မယ်ကွာ၊ မင်းတို့ ဒီအလှူခံမဏ္ဍပ်လေးလောက်နဲ့တော့ နှစ်သာ ပေါက်သွားမယ်၊ မပြေလည်းနိုင်ဘူး၊ နောက်ပြီး ... ကုန်ကျစရိတ်နဲ့အချို့ တစ်ဝက်ကိုရအောင် မြို့နယ်စည်ပင်သာယာမှာ တရားဝင် တင်ပြရမယ်၊ အဲဒီ ရုံးကတစ်ဆင့် ရတဲ့အထိ အထက်ကိုအဆင့်ဆင့် အန်ကယ်တင်ပြပေးမယ်၊ အဲဒါ အန်ကယ့်စရိတ်နဲ့အန်ကယ် လိုက်ပေးမှာ ... မင်းတို့က ဒီရပ်ကွက်တွင်း ကိစ္စကို တာဝန်ယူ၊ လူကြီးတွေကို သဘောပေါက်အောင် ပြောပြီးညှိ ..."

သူတို့လမ်းလေးတွေအတွက် အဆင်ပြေတော့မည်မို့ အားလုံးပျော်သွားကြသည်။ သတင်းကြားပြီး အလှူခံမဏ္ဍပ်ကိုရောက်လာကြသည့် လူကြီးလူငယ် အားလုံးကလည်း ဝမ်းသာကြ၊ သဘောကျကြသည်။ နေမင်းခန့်ကိုပင် ဦးဆောင်ရန် တာဝန်ပေးကြသည်။

ထိုအချိန်တွင် လမ်းထဲသို့ ဟိုက်လတ်ဆော့ဖ်တစ်စီး၊ ပရာဒိုတစ်စီး မောင်းဝင်လာသည်။ ထိုကားနှစ်စီးလုံး အုပ်မှူးအိမ်ရှေ့တွင် ရပ်တန့်သွားသည်။

⁂

နေဝင်းထွန်းက သတင်းသစ်ကို သယ်ဆောင်လာသည်။

"အီစက်မွန်တို့အိမ်မှာ မန္တလေးက ဧည့်သည်တွေရောက်နေတယ်၊ အုပ်မှူးရဲ့သူငယ်ချင်း ကျောက်ကုန်သည် မိသားစုတွေလို့ပြောတယ်၊ မန္တလေး နဲ့တရုတ်ပြည် ကူးသန်းနေတဲ့သူတွေတဲ့၊ တော်တော်ချမ်းသာပုံရတယ်နော်၊ ရပ်ကွက်ထဲက ကလေးတွေ သွားအုံကြည့်နေလို့ ကလေးတစ်ယောက်ကို တစ်ထောင်တန် နှစ်ရွက်စီနဲ့ ချောကလက်တစ်တောင့်စီပေးပြီး အိမ်ပြန်နိုင်းတယ်တဲ့"

မျိုးဇော်ကလည်း ...

"တို့အရွယ် လူငယ်နှစ်ယောက်တောင်ပါသေးတယ်၊ တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



တော့ အေးဆေးပဲ ... ကျန်တဲ့တစ်ယောက်က ထောင့်မကျိုးဘူးကွ"

"အိစက်မွန်ကိုရော တွေ့မိသေးလား နေဝင်းထွန်း"

"တွေ့ပါ့ဗျာ ... အလှဆုံးပြင်ပြီး ညှော်သည်တွေကို ညှော်ခံနေတာ မြင်ရပါ့"

ထိုညက နေဝင်းထွန်းတို့ ပြန်သွားကြသည်အထိ နေမင်းခန့် ငိုင်နေမိသည်။ အိပ်မပျော်မယ့်အတူတူ သီချင်းထိုင်ရေးမိသည်။ သို့သော်လည်း ရေးလိုက်၊ ဖျက်လိုက်၊ ပြင်လိုက်၊ မကြိုက်လိုက်နှင့် မနက်မိုးသာလင်းသွားသည် သီချင်းစာသားလှလှ တစ်ပုဒ် မရခဲ့။

ဆိုင်မန်နေဂျာထံ နေမကောင်း၍ မလာနိုင်ကြောင်း ခွင့်တိုင်ရန် ဆုံးဖြတ်ပြီး မိုးလင်းမှ အိပ်ယာဝင်လိုက်မိသည်။ သင်တန်းက ညနေပိုင်းမှမို့ အချိန်ရသေးသည်။

"ကိုနေ ... ကိုနေ ... ဟေ့လူ ကိုနေ ... ထစမ်းပါဦးဗျ"

ဆူညံသံနှင့် အတင်းလှုပ်နှိုးခံလိုက်ရသဖြင့် နေမင်းခန့် လန့်နိုးသွားသည်။ နာရီလှမ်းကြည့်လိုက်ရာ သူအိပ်ပျော်ချိန်မှာ (၂)နာရီခန့်သာ ရှိသေးသည်။ နေဝင်းထွန်း မျက်နှာကို ဝိုးတဝါး မြင်ရသည်။

"ငါ အိပ်ရေးမဝသေးလို့ပါကွာ၊ နောက်မှလာလည်နော် ... "

"ကိုနေ မဟုတ်ဘူးဗျ၊ ခင်ဗျားကို အရေးတကြီးတွေ့ချင်လို့တဲ့"

သူ့မျက်လုံးအစုံက လုံးဝဖွင့်မရ၊ ထို့ကြောင့် ...

"တွေ့ချင်ရင် စောင့်နေလိုက်ကွာ၊ ငါမျက်စိတောင် ဖွင့်မရတော့ဘူး"

"ခင်ဗျားကို တွေ့ချင်တဲ့သူက အိစက်မွန်ဗျ"

"ဟင် ... "

မျက်စိနှစ်လုံးက ချက်ချင်းပွင့်သွားသည်။ လူက ငုတ်တုတ်ထထိုင်သည်။

"ဘယ် ... ဘယ်မှာလဲ မွန် ... "

"ခုမှ ပြုံးတုံးပြုံးတာလုပ်နေတယ်၊ ဒီနာမည်လေးက တော်တော်ပါဝါရှိသားပဲ ... ချက်ချင်း ငုတ်တုတ်ပြုံးကျယ်ဖြစ်သွားတယ်"

"ဟေ့ကောင် နောက်မနေနဲ့ ဘယ်မှာလဲ မွန် ... "

"အဲ ... ဟုတ်သား ... မြန်မြန်သွား ... အရေးကြီးလို့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မမျိုးမျိုးတို့အိမ်မှာ စောင့်နေတယ်''

မျက်နှာ အမြန်သစ်၊ အဝတ်အစားလဲကာ မမျိုးမျိုးတို့အိမ် အမြန်လစ်ရသည်။ အိမ်ရှေ့အရောက်တွင် စပ်စုနေသည့် မျက်ဝန်းများရှိမရှိ တစ်ရာ့ရှစ်ဆယ် ဒီဂရီ လှည့်ပတ်စစ်ဆေးလိုက်ပြီးမှ အိမ်ထဲဝင်လိုက်သည်။ အိမ်ဝတွင် စိတ်စောကာ စောင့်နေသည့် မမျိုးမျိုးက ...

''နင်ကလဲ ကြာလိုက်တာ နေမင်းခန့်ရယ် ... သွား ... သွား ထမင်းစားခန်းမှာ မြန်မြန်သွားတွေ့လိုက်၊ အဖော်ပါလာတဲ့ မိမာကို ငါအိမ်ပေါ်ထပ် ခေါ်သွားမယ်''

ထမင်းစားခန်းထဲဝင်လိုက်သောအခါ စားပွဲပေါ်တွင် မေးလေးထောက်ပြီး ငိုင်မှိုင်နေသော အိစက်မွန်ကို တွေ့လိုက်ရသည်။

''မွန် ... ဘာတွေအရေးကြီးလို့လဲ''

အိစက်မွန်က ထရပ်ပြီး နေမင်းခန့်ကိုဖက်ကာ ငိုသည်။ ရှိုက်၍ ရှိုက်၍ ငိုသည်။

''မွန်လေး ... ဘာဖြစ်လို့လဲ ... ပြောပါဦး၊ ဘာတွေဖြစ်လာလို့လဲ''

အိစက်မွန်က ရှိုက်သံတစ်ဝက် ငိုသံစွက်လျှက်။

''မွန့်ကို ဖေဖေက လက်ထပ်ပေးတော့မယ်တဲ့၊ တစ်ပတ် နှစ်ပတ်အတွင်းမှာတဲ့''

''ဟာ ... မြန်လိုက်တာ''

''ဟုတ်တယ် ... အခုရောက်နေတဲ့ ဧည့်သည်တွေထဲက ကိုအာကာကျော်နဲ့ လက်ထပ်ပေးမှာ''

''ဘာမှကြိုမသိရပါလားကွာ''

''ဖေဖေ မန္တလေးသွားတုန်းက စီစဉ်ခဲ့တာတဲ့လေ၊ မနေ့ညကမှ လူကြီးတွေက စကားပြောကြရင်း မွန့်ကို အသိပေးတယ်၊ ဘယ်လိုလုပ်ကြမလဲဟင်၊ မွန်တော့ ဘာမှမစဉ်းစားတတ်တော့ဘူး။ ကိုကိုချစ်တာပဲ မွန်သိတယ် ... ညကလည်း တစ်ညလုံးငိုနေရတယ်၊ ပြောပါဦး ကိုရယ် ... မွန်တို့ ဘာဆက်လုပ်ကြမလဲဟင်''

''မွန် ... ကိုနဲ့ ခိုးရာလိုက်ရဲလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဖေဖေ့ကိုကြောက်တယ်၊ မေမေကလည်း မွန်မရှိလို့ မဖြစ်ဘူး"

"မွန်မလိုက်ရဲရင် ကိုတို့ဝေးရမှာမွန်ရဲ့ ... မွန် ကိုနဲ့အဝေးခံနိုင်လား"

"ဟင့်အင်း"

"ဒါဆို မွန် ဘာမှစဉ်းစားမနေနဲ့တော့ ... ဒီတစ်နည်းပဲရှိတော့တယ်၊ အမြန်ဆုံး အစီအစဉ်လုပ်ပြီး ဒီညပဲလာခိုးမယ်၊ ညရှစ်နာရီမှာ နောက်ဘက် တံခါးနားမှာ မွန်စောင့်နေ ... ကိုယ်ပြောတာ မွန်လက်ခံရဲ့လား"

မျက်ဝန်းရွဲကြီးများနှင့် မော့်ကြည့်နေရာမှ မွန်က ဖြည်းလေးစွာ ခေါင်း ညိတ်ပြသည်။

"နောက်ဆက်တွဲ ပြဿနာမတက်အောင် အဝတ်အစားကလွဲလို့ ဘာ လက်ဝတ်လက်စားမှ မယူခဲ့နဲ့နော်၊ အခု ... မွန့်စိတ်ကိုအေးအေးထား၊ လူကြီးတွေ မရိပ်မိခင် အိမ်ကိုမြန်မြန်ပြန်လိုက်တော့၊ ပြီး ... ဣန္ဒြေမပျက် ပြန်နေနော် ... ဒီကိစ္စကို ဘယ်သူ့ကိုမှ မတိုင်ပင်နဲ့၊ အသိမပေးနဲ့ ဟုတ်လား"

ပါးစပ်ကပြောရင်း မွန့်မျက်နှာပေါ်မှ မျက်ရည်များကို ပြောင်စင်သည် အထိ သုတ်ပေးရသေးသည်။ ပြီးမှ ... မွန့်ကို ရင်ခွင်တွင်း တင်းကျပ်စွာ ပွေ့ ဖက်အားပေးရင်း ...

"မွန် ... လုံးဝမကြောက်နဲ့နော်၊ ဣန္ဒြေလည်း လုံးဝမပျက်စေနဲ့"

မွန့်နဖူးဝင်းဝင်းလေးကို တစ်ချက်မွှေးကြူရင်း ...

"သွားတော့ မွန် ... "

တို့နှစ်ယောက်ရဲ့ အနာဂတ်ချစ်ခြင်းဟာ တို့နှစ်ယောက်ရဲ့လက်မှာပါပဲ ချစ်သူ။ ဒါကြောင့် ... ဘယ်သူဖျက်ဖျက် (တို့နှစ်ယောက်ကိုယ်တိုင် မဖျက် သရွေ့) ဘယ်လိုမှ မပျက်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အိစက်မွန် အိမ်ရှေ့သို့ ပြန်မရောက်လောက်မီမှာပင် အိမ်ရှေ့ဘက်မှ လူသံတွေ ကြားရသည်။ အိမ်ပေါ်ထပ်မှ ပြေးဆင်းလာသည့် မမျိုးမျိုးနှင့်မိမာတို့ကြောင့် အိမ်ရှေ့တွင် ရောက်လာသူများမှာ မည်သူတွေဖြစ်နိုင်ကြောင်း ခန့်မှန်းမိလိုက်သည်။ နေမင်းခန့် ရင်မှာ ဆူဝေလိုက်မောသွားတော့သည်။

တစ်ဆက်တည်း ... နောက်ဖေးပေါက်မှ ပတ်ဝင်လာသော ကိုသန်းအောင်ကို တွေ့လိုက်ရသည်။

"ဘယ်လိုလဲ မျိုးမျိုး ... နင့်အကျင့်က ခုထိမပျောက်နိုင်သေးပါလား။ ဘယ်မှာလဲ ငါ့သမီး ..."

အိမ်ပေါ်ထပ်တက်သည့် လှေကားခြေရင်းတွင် ခုချိန်ထိ ကြောင်တောင်တောင်ရပ်နေသည့် အိစက်မွန်အနားသို့ နေမင်းခန့် အမြန်လျှောက်သွားလိုက်ပြီး သူမလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ အိမ်ရှေ့သို့ ထွက်ရပ်လိုက်သည်။

အိစက်မွန်မှာ သူမအဖေကိုတွေ့မှ ကြောက်လန့်တကြားနှင့် ငိုချလိုက်သည်။ ဒေါသတကြီးနှင့် ဆူပူကြိမ်းမောင်းမည်ဟု မျှော်လင့်ထားသော ဦးဝင်းလွင်ဦးမှာ တည်ငြိမ်စွာ လှမ်းကြည့်နေသည်ကိုသာ တွေ့ရသည်။

"သမီး မငိုနဲ့ ... ဖေဖေ နားလည်တယ်၊ ဒီကိစ္စမျိုးက အိမ်မှာ ရောက်နေတဲ့ဧည့်သည်တွေနားကို ပေါက်သွားလို့မဖြစ်ဘူး၊ အခု သမီးတို့ကိစ္စကို ပြေလည်အောင် ဖေဖေ ဆွေးနွေးမှာ ..."

ဦးဝင်းလွင်ဦးက လေပြေလေးနှင့်ဝင်လာသဖြင့် နေမင်းခန့် ကျောချမ်း

www.burmeseclassic.com



သွားသည်။ ဦးချစ်ရေးက ဦးဝင်းလွင်နောက်မှ အေးစက်စက်မျက်ဝန်းများနှင့် လှမ်းကြည့်နေသည်။ ဦးဝင်းလွင်ကပင် ...

"မိမာ ... သမီးကို အိမ်ပြန်ခေါ်သွား၊ မျိုးမျိုးပါ ငါ့သမီးကို အိမ်လိုက်ပို့ပေးလိုက်"

အိစက်မွန်က ငိုသံစွက်လျက် ...

"ဖေဖေ ... သမီးတို့ကို ... "

သူမ စကားမဆုံးမီ ဦးဝင်းလွင်က ခေါင်းညိတ်ပြပြီး ...

"ဖေဖေ သမီးတို့ကို အတင်းမခွဲပါဘူး။ သမီးနဲ့မောင်နေမင်းခန့်ရဲ့ ရေးရေးကို အေးအေးဆေးဆေး ဆွေးနွေးမှာပါ၊ ကဲ ... သမီး မျက်ရည်တွေ စင်အောင် သုတ်ပစ်လိုက်၊ အိမ်ပေါ်ကို အငိုမျက်နှာနဲ့မတက်နဲ့နော်၊ ကြွေ မပျက် ပြန်တက် ... ဖေဖေ့ကို မျက်နှာပျက်အောင် မလုပ်နဲ့နော်"

အိစက်မွန် စိတ်ချလက်ချ ဖြစ်သွားဟန်တူသည်။ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်ပင် နေမင်းခန့်ကို အားယူ၍ ပြုံးပြသည်။ နေမင်းခန့်ကလည်း ကြိုးစားပြီး ပြန်ပြုံးပြလိုက်သည်။ အိစက်မွန်ကပင် ...

"ဖေဖေက ပြောတဲ့အတိုင်းလုပ်တတ်တဲ့သူပါ၊ ဖေဖေ့ပြောစကားကို နားထောင်လိုက်ရအောင်နော် ... ကျွန်မ အိမ်ပြန်လိုက်သွားတော့မယ်၊ ဖေဖေနဲ့ ပြေလည်အောင်သာ ကို ဆွေးနွေးလိုက်ပါနော်"

သူ ခေါင်းညိတ်ပြကာ သူမလက်ကို လွှတ်ပေးလိုက်သည်။ မမျိုးမျိုး က သူမကို တွဲခေါ်သွားသည်။

မမျိုးမျိုးတို့အိမ်ဧည့်ခန်းတွင် ဦးဝင်းလွင်ဦး၊ ဦးချစ်ရေး၊ ကိုသန်းအောင် နှင့် နေမင်းခန့်တို့သာ ကျန်ခဲ့သည်။

လှည့်ကြည့် လှည့်ကြည့်နှင့်ပါသွားသော အိစက်မွန်၏ ပုံရိပ်လေး ပျောက်ကွယ်သွားသည်နှင့် ဦးချစ်ရေးက ...

"မင်းအနေနဲ့ မလုပ်သင့် မလုပ်ထိုက်တာကိုလုပ်မိတာပဲ နေမင်းခန့် တို့က မင်းကို ရိုးအေးတယ်ထင်ခဲ့တာ"

"အခု ကျွန်တော်တို့ဖြစ်ပျက်နေတာတွေနဲ့ ဦးလေးပြောတဲ့အချက် နှင့် ချက်လုံးက လုံးဝအံမဝင်ဘူးလို့ ကျွန်တော်ကတော့ထင်တယ်"

နေမင်းခန့်ကလည်း ညစ်နေပြီမို့ ပြန်ခံပက်မိတော့သည်။ ဦးဝင်းလွင် ဦး လှည့်ကြည့်လာသဖြင့် ဆက်ပြောရန် အရှိန်ယူနေသည့် ဦးချစ်ရေး ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်သွားသည်။

"မောင်နေမင်းခန့်ကို ဦးပြောချင်တာက သမီးမှာ မကြာခင်လက်ထပ်ရတော့မယ့်သူ ရှိနေတယ်"

"ကျွန်တော် သိပါတယ်ဦး ... "

"သိနေရက်နဲ့ ဘာဖြစ်လို့ ဒီအခြေအနေအထိ ဖန်တီးရတာလဲ"

"ကျွန်တော် သိတယ်ဆိုတာက လွန်ခဲ့တဲ့ မိနစ်ပိုင်းကမှပါ၊ ဒါပေမဲ့ ဦးသိစေချင်တာက ကျွန်တော်နဲ့ဦးသမီးက တကယ့်မေတ္တာစစ်နဲ့မြတ်နိုးတွယ်တာနေခဲ့ကြသူတွေပါ"

"ဦး ပြောပြမယ် ... သမီးပျောက်လို့ လိုက်ရှာနေတုန်းမှာ မင်းတို့ဒီအိမ်မှာလို့ သိလိုက်ရတဲ့အခါ တော်တော်ဒေါသထွက်မိတယ်၊ အဲဒီအချိန်က စိတ်နဲ့သာဆိုရင် မင်းကို ဦးဒုက္ခပေးဖြစ်မလားဘဲ၊ ခုတော့ ... ဒေါသကိုဖြေလို့ ရသင့်သလောက်ရသွားပါပြီ၊ ကဲ ... မင်းနဲ့ဦးသမီးရဲ့ ရှေ့ရေးကိုစပြီးဆွေးနွေးရအောင် ... "

"ဟုတ်ကဲ့ ... ပြောပါ ဦး ... "

"မင်းအနေနဲ့ သမီးကို ဘယ်လောက်တင်တောင်းနိုင်သလဲ"

နေမင်းခန့် ခဏတာငြိမ်သွားသည်။ မိဘတွေကို အားမကိုးချင်။

ထို့ကြောင့် ...

"လောလောဆယ်တော့ ကျွန်တော်တင်တောင်းနိုင်တာ နှစ်ခုပဲရှိပါတယ်၊ အဲဒါက မွန်းအပေါ်မှာထားတဲ့ ကျွန်တော့်အချစ်နဲ့ မွန်နဲ့ပတ်သက်တဲ့ကျွန်တော့်ရဲ့ သစ္စာတရားပါ ... "

"အေး ... မောင်နေမင်းခန့်လည်း မငယ်တော့တဲ့အရွယ်မို့ ပြောရမယ်ဆိုရင် အဲဒီချစ်တာတွေ၊ သစ္စာတွေက စိတ်ကူးယဉ်ဘဝမှာပဲ နားဝင်ချိုတာပါကွာ၊ လက်တွေ့ဘဝ အိမ်ထောင်ရေးမှာ အဲဒါတွေက ထမင်းမဖြစ်ဘူး၊ ဗိုက်မဝဘူး ... "

သူ ပြန်မပြောနိုင်မီ ဦးဝင်းလွင်က စကားဆက်သည်။

"သမီးကို အခုဦးတို့ လက်ထပ်ပေးမယ့်မောင်အာကာကျော်က ဦးတို့ကျေနပ်အောင်၊ ပြီးတော့ မယုံနိုင်လောက်အောင် တင်တောင်းနိုင်တယ်၊ ဘယ်လောက်အတိုင်းအတာနဲ့ တင်တောင်းခဲ့တယ်ထင်လဲ ... "

သူက မဖြေ။ ဆက်သာပြောပါတော့ဆိုသည့် အဓိပ္ပာယ်နှင့်မျက်ခွံတစ်ချက် လှန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ရပ်ကွက်မှာ လိုအပ်နေတဲ့ လမ်းခင်းစရိတ်ကုန်ကျငွေအားလုံးကို တာဝန်ယူတယ်၊ ဆွမ်းလောင်းရုံလေးကိုလည်း ပြန်ဖျက်ပြီး မွှာရုံလို ထည်ထည် ဝါဝါပြန်ဆောက်ပေးဖို့ တာဝန်ယူတယ်၊ ဦးငွေမမက်ပါဘူး ... ဒါပေမဲ့ ... အခုလောလောဆယ်မှာပဲ လမ်းအတွက် တော်တော်စိတ်ဆင်းရဲနေရတယ်၊ ဒီတော့ ... ရပ်ကွက်အတွက်မို့ ဦး ငွေမက်ရတော့မယ်"

"မွန့်ဆန္ဒကိုတော့ ဦးထည့်မစဉ်းစားတော့ဘူးလား"

"သိပ်စဉ်းစားတာပေါ့ ... စဉ်းစားလွန်းလို့ ငါ့သမီးဘဝတစ်လျှောက်လုံး မတောင့်မတ၊ မကြောင့်မကြ ခံနေရမယ့်ဘဝကို ပေးစွမ်းနိုင်မယ့် မောင်အာကာကျော်ကို ရွေးချယ်ရတာ"

"ကျွန်တော်လည်း ချမ်းချမ်းသာသာ မထားနိုင်ပေမယ့် တဲအိုပျက်မှာ ထမင်းရည်အတူတူ လျက်ရတဲ့ဘဝထက်တော့သာအောင် ထားနိုင်ပါတယ်၊ နှစ်ကိုယ်တူ ချစ်ရည်မျှတဲ့ဘဝမို့ နှစ်ဦးကြားမှာ လေစိမ်းတွေတိုက်မှာမဟုတ်တဲ့ အတွက် ထာဝရနွေးထွေးမှုတွေနဲ့ သာယာနေမှာပါ"

"မင်းရဲ့လျှောက်လဲချက်က သင့်ပါတယ်၊ ဒါပေမဲ့ ... ဦးတို့လို မိဘအတွက်ကတော့ လက်တွေ့ဘဝ သာယာမှုပေးစွမ်းနိုင်တဲ့သူဘက်ကို အလေးသာတာမဆန်းပါဘူးကွာ"

"မွန့်အနေနဲ့ စည်းစိမ်တွေခံစားပြီး တစ်သက်လုံးစိတ်ဆင်းရဲနေမှာကို ဦးကြည့်ရက်လား ... မနှစ်သက်သူကို ဘေးမှာထားပြီး ချစ်ရသူကို တမ်းတနေရမှာလေ"

"လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက မောင်အာကာကျော်ရဲ့ခါတ်ပုံကိုပြပြီး၊ ဒါ ... သမီးနဲ့လက်ထပ်ပေးမယ့်သူ၊ မန္တလေးက သမီးသဘောကျရဲ့လား၊ သမီးသဘောတူရင် သမီးဓါတ်ပုံလည်း ပြန်ပို့ပေးလိုက်မယ်ဆိုပြီး တို့မိသားစုအတွင်းမှာ ပွင့်လင်းခဲ့ပြီးသား ... အဲဒီတုန်းက ဖေဖေတို့သဘောအတိုင်းပါလို့ ခေါင်းညိတ်ခဲ့တယ်၊ ဟော ... အခု မကြာခင် ကာလလေးမှာ၊ မင်းတကြားကိုရောက်လာပြီး မင်းနဲ့ချစ်သူဖြစ်သွားကြတယ်၊ အဲဒီအခါမှ သမီးတသူ ပထမလက်ခံသဘောတူခဲ့တဲ့၊ ပြီးတော့ ... အိမ်ပေါ်တောင်ရောက်နေပြီဖြစ်တဲ့ မောင်အာကာကျော်ကို လုံးဝခေါင်းထဲမထည့်တော့ဘဲ မင်းမှမင်းဖြစ်သွားတယ်၊ အဲဒီတော့ ... ဦးဆိုလိုတာက မင်းမရှိခင်က ချောမွေ့ဖြောင့်တန်းနေတဲ့ လမ်းကြောင်းလေးဟာ ... မင်းရှိလာတော့မှ သွေဖယ်သွားတယ်ဆိုတော့ မင်းမရှိတော့ရင် ဒီလမ်းလေး အရင်လိုပြန်ဖြစ်သွားမှာသေချာနေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ... သမီးအတွက် သမီးမိဘတွေအတွက်၊ ပြီးတော့ ... မင်းကိုယ်တိုင်လည်း သံယောဇဉ်ကြီးလှပါတယ်ဆိုတဲ့ ဒီရပ်ကွက်လေးအတွက် မောင်နေမင်းခန့်အနေနဲ့ သမီးနဲ့ဝေးရာ၊ ဆက်သွယ်လို့မရနိုင်တော့မယ့်နေရာကို ရှောင်ထွက်သွားပေးပါလို့ ဦးမေတ္တာရပ်ခံချင်တယ်"

"ဦးက သိပ်အတ္တဆန်တယ်၊ ဦးဆန္ဒတွေ ပြည့်ဝစေဖို့ သမီးတစ်ယောက်လုံးကိုလည်း ထိုးလဲရဲတယ်နော်"

"ပြောပြီးပါပကောကွာ ... သမီးကိုယ်တိုင် မှုလကသဘောတူထားတဲ့ကိစ္စပါလို့၊ ကဲ ... မင်းပြောသလို ထိုးလဲတယ်ဆိုရင်ရော တကယ်တမ်း ငါ့အနေနဲ့ ပြန်ရလာမှာက ဆွမ်းလောင်းရုံလေးနဲ့ လမ်းလေးတွေပါပဲ"

"အဲဒီလမ်းအတွက် ကျွန်တော်လည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ လုပ်နေတာပါပဲ၊ အချိန်အတိုင်းအတာတစ်ခု စောင့်လိုက်ရင် ဖြစ်လာမှာပါ"

"ဘယ်တော့လဲ ... မင်းဟာက ဆောက်ဖြစ်မှ ကျောင်းဒကာပါကွာ၊ ဦးက မျက်မြင်လက်တွေ့ကိုပဲ စဉ်းစားလက်ခံတာပါ၊ မင်းလည်းလက်တွေ့ကျကျ စဉ်းစားကြည့်စမ်းပါ၊ မင်းအနေနဲ့ရော ဒီရပ်ကွက်လေးကောင်းစားရေးအတွက် မင်းရဲ့နှလုံးသားလေးတစ်ခုကို ထိုးမလဲနိုင်ဘူးလား၊ ဦးက မင်းပြောသလိုပဲ ရပ်ကွက်လေး ကောင်းစားရေးအတွက် သမီးဘဝတစ်ခုလုံးနဲ့ ထိုးလဲလိုက်တယ် ပဲထားပါတော့၊ ဘယ်သူက လဲချင်မှာလဲကွ၊ သမီးက ဦးတို့ရင်ခွင်မှာ တစ်ဦးတည်းကျန်တဲ့သမီးပါ၊ အဲဒါ ... ဦးတို့ရဲ့ ဘဝတစ်ခုလုံးထိုးပေးလိုက်ရတာနဲ့ အတူတူပဲကွ၊ ဦးတို့ရဲ့ ရင်သွေးစစ်စစ်ပါကွာ ... မင်း အဲဒီလောက်အထိ လေးလေးနက်နက် တွေးမိရဲ့လား"

အက်ကွဲတုန်ယင်နေသောစကားကို မျက်ရည်ဝဲလျှက်ပြောနေသည့် ဦးဝင်းလွင်ဦးကိုကြည့်ရင်း နေမင်းခန့်ပါ အလိုလိုဝမ်းနည်းစိတ်ဝင်လာသည်။

အိစက်မွန်ကို တင့်တောင်းတင့်တယ် ထားနိုင်ဖို့ ငွေကြေး၊ ရပ်ကွက်လေးအတွက် ကွန်ကရစ်လမ်းဖြစ်မြောက်ရေး ရပ်ကွက်သူရပ်ကွက်သားများ၏ မျက်နှာ၊ မျက်ရည်ရစ်ဝဲနေသည့် ဦးဝင်းလွင်ဦးရဲ့မျက်နှာ၊ အိစက်မွန် ... ရပ်ကွက်လေး ... ။

နေမင်းခန့်အတွေးထဲတွင် ရစ်ပတ်ရှုပ်ထွေးနေသည်။ အတော်ကြာမှ သူစကား စပြောနိုင်သည်။

"ကျွန်တော် အိစက်မွန်ကိုချစ်တယ်၊ သိပ်သိပ်ချစ်တယ် ... အသက်မကချစ်ပါတယ်၊ သူ့ကို ဘယ်လိုအကြောင်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါဘူး။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ ... ''

ပင့်သက်ကိုရှိုက်ကာ မနည်းအားယူရင်း ...

''ကျွန်တော် စဉ်းစားပါ့မယ်''

တစ်နေ့လုံး အခန်းတံခါးပိတ်ကာ တစ်ယောက်တည်း စဉ်းစားသည်။

တစ်ညလုံး တစ်ရေးမှ အိပ်မပျော်၊ ထိုင်လိုက် ထလိုက်နှင့်သာ မိုးစင်စင်လင်းသည်အထိ စဉ်းစားသည်။

နောက်တစ်နေ့ ... မနက်ပိုင်းတစ်ခုလုံး အခန်းတံခါးပိတ်ကာ စဉ်းစားခန်းဝင်မိပြန်သည်။ မည်သို့မျှ အဖြေမပေါ်။ ဆုံးဖြတ်ချက် မချနိုင်။

ထိုအချိန်တွင် ရပ်ကွက်ထဲမှ သူငယ်ချင်းများရောက်လာပြီး တံခါးခေါက်ကြသည်။

''ကိုနေ ... မနေ့က ခင်ဗျားအရမ်းခံစားနေရမယ်ဆိုတာသိလို့ တံခါး လာမခေါက်ကြတာပါဗျာ၊ ဒီနေ့တော့ အားပေးဖို့ပဲဖြစ်ဖြစ်၊ အကြံဉာဏ် ပေးဖို့ပဲဖြစ်ဖြစ် ကျွန်တော်တို့ကို တံခါးဖွင့်ပေးပါ''

''ဟုတ်တယ်ကိုနေ ... ခင်ဗျား ဘာမှမစားဘဲနေမှာစိုးလို့ ကျွန်တော် တို့စားစရာတစ်ချို့ ဝယ်လာတယ်၊ ခဏတော့ ဖွင့်ပေးပါဗျာ''

ကောင်းထက်ဇော်၏ အသံနောက်တွင် မျိုးဇော်၏ အသံပါ ကပ်ပါလာသည်။ သူ မဖွင့်ပေးမချင်း ပေကပ်နေကာ ဖွင့်ခိုင်းနေမည့်သူများမို့ နေမင်းခန့် တံခါး ထဖွင့်ပေးလိုက်သည်။

အားလုံးက စိတ်မကောင်းသော မျက်ဝန်းများနှင့် သူ့ကိုငိုင်းကြည့်နေကြသည်။ နေမျိုးက အားလုံးမျက်နှာမသာမယာနှင့် တိတ်ဆိတ်နေမှုကို စတင်ဖြိုခွဲသည်။

''ကျွန်တော်က ကိုနေ့အခန်းမှာ ပုလင်းတွေနဲ့ ပလဲနေမယ်လို့ထင်တာ''

''ထင်စရာလားကွ ... ပုလင်းနဲ့ဖြေစရာ ဘာအကန့်မှမရှိဘဲနဲ့''

''ဒါက ကိုနေများ အသည်းကွဲနေမလားလို့ ... ''

''ဘာမှ အသည်းကွဲစရာမလိုဘူး၊ ဖြေရှင်းလို့ရတဲ့ နည်းလမ်းတွေ အများကြီးရှိတယ် ... သင့်မသင့်ဘဲ စဉ်းစားရမှာ၊ ဟုတ်တယ်မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ကိုနေ ...''

နေမျိုးတို့ ညီအစ်ကို၏ အချီအချစကားကို ကောင်းထက်ဇော်က ဖြတ်ပြောသည်။

''ကိုနေ့ကို ဦးဝင်းလွင်ဦး ဘာတွေပြောလိုက်လဲ ကျွန်တော်တို့သိရတော့လည်း အကောင်းအဆိုး အကြံပေးလို့ရတာပေါ့''

''ဘာရယ်မဟုတ်ပါဘူးကွာ''

ပေရှည်နေမည်စိုးသဖြင့် ပြီးစလွယ်ဖြေလိုက်ခြင်း ဖြစ်သည်။ လေးနက်သော စကားများသာ ဆွေးနွေးခဲ့ကြခြင်းဖြစ်သဖြင့်လည်း ပြန်မပြောပြလိုခြင်းဖြစ်သည်။ တချို့စကားများမှာ ကာယကံရှင်မှလွဲ၍ တစ်မ်းလူများမသိသင့်ဟု သူယူဆမိသည်။ ဦးချစ်ရေးနှင့် ကိုသန်းအောင်တို့ရှေ့ ဆွေးနွေးမိသည်ပင် ဦးဝင်းလွင်ဦးကိုယ်တိုင်က ခေါ်လာ၍သာ။ သူ့အလိုဖြင့် ပေးမသိချင်။

''ဒေါ်အိတုန်သွားတို့တာဗျ၊ တော်တော်အကျင့်မကောင်းတဲ့မိန်းမကြီး။ သူ့ကြောင့် တစ်ရပ်ကွက်လုံး ကိုနေတို့အကြောင်းတွေ ပျံ့ကုန်ပြီ၊ ညွှံသည်တွေနားကို မရောက်သေးတာ ကံကောင်းတာ''

''အေး ... အဲဒီအခါကျရင်လည်း ပြောတဲ့လူကို အုပ်မှူးက လျှာထွက်အောင် လည်ပင်းညှစ်မှာ''

နေဝင်းထွန်းနှင့်စိုးလွင်မြင့် စကားကို ကောင်းထက်ဇော်ကလည်း ထောက်ခံသည်။

''အေး ... အဲဒီအကျိုးဆက်ပဲဖြစ်မယ်၊ အခု လမ်းထဲမှာအုပ်စုနှစ်ခုကွဲနေပြီ၊ တစ်ဖွဲ့က အိစက်မွန်ကို သူဌေးသားနဲ့ လက်ထပ်စေချင်တယ်၊ ဒါမှ သူဌေးက လမ်းအတွက် ပိုက်ဆံအပုံလိုက်ထည့်ရင် သူတို့ထည့်စရာမလိုဘဲနဲ့ လမ်းကို ကွန်ကရစ်ခင်းဖြစ်သွားမယ်လေ ... ကျွန်တော့်အဖွဲ့ကတော့ ကိုနေ့ဘက်ကပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုနေက ကျွန်တော်တို့ရပ်ကွက်သူ ရပ်ကွက်သားတွေနဲ့ တစ်သားတည်းဖြစ်နေတာ သူတို့အဖို့ ကိုနေက ကျွန်တော်တို့လမ်းသား၊ ရပ်ကွက်သားပဲ၊ အဲဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တဲ့သဘောပေါ့၊ အိစက်မွန်ကို ကိုနေနဲ့ပဲ သဘောတူကြတယ်၊ လမ်းခင်းဖို့ကိစ္စကလည်း ကိုနေနဲ့ ကျွန်တော်တို့အဖွဲ့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားနေကြတာပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ထိုက်သင့်တဲ့အချိန်ရောက်ရင် လိုအပ်တဲ့ငွေကို ဝိုင်းဝန်းထည့်ဝင်ငွေနဲ့ လမ်းခင်းဖြစ်မှာပဲလို့ မျှော်လင့်ကြတယ် ... အချိန် အနေးနဲ့အမြန်ပဲကွာမယ်လို့ ထင်ကြတယ်ပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



မျိုးဇော်ကလည်း ဝင်ပြောသည်။

''ဟုတ်တယ်ဗျ ... အဲဒီနှစ်ဖွဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ရန်ဖြစ်ကြတယ်၊ ကိုနေနဲ့ အိစက်မွန်တို့ကိစ္စကို အထာလေးတွေနဲ့ပြောပြီး ရန်ဖြစ်ကြတာပေါ့၊ ကျယ်ကျယ်ဖြစ်ရင်တော့ အုပ်မှူးသိမှာစိုးရသလို ညည့်သည့်တွေ အထာပေါက်သွားမှာလည်း စိုးရတယ်လေဗျာ ...''

''ကိုနေ ... ငိုင်မနေနဲ့၊ ခိုးသာပြေးဗျာ ... ကျွန်တော်တို့ ကူညီမယ်''

''ဟုတ်တယ် ကိုနေ ... ဒီလိုမှမလုပ်ရင် သူဌေးသားလက်ထဲပါသွားလိမ့်မယ်''

''ပြောသာပြောရတယ်၊ ခုချိန်မှာလုပ်ရကိုင်ရ တော်တော်ခက်သွားပြီကွ၊ အုပ်မှူးက သူ့သမီးကို မျက်စိဒေါက်ထောက်ကြည့်နေလောက်ပြီ''

အောင်စိုးဦးနှင့်စိုးလွင်ငြိမ်းစကားကို နေဝင်းထွန်းက ...

''လွယ်ပါတယ်ကွာ ... ကောင်းထက်ဇော်တစ်ယောက်လုံးရှိတာပဲ၊ အိစက်မွန်သာ လိုက်ချင်စိတ်ရှိဖို့ပဲလိုတယ်''

မျိုးဇော်ကလည်း ...

''သူတို့သာ ခိုးပြေးဖြစ်ရင်တော့ ... တို့တစ်ဖွဲ့လုံး ခေါင်းကျိန်းပြီသာမှတ်ပေတော့ ... ဒါပေမဲ့လည်း ... ခိုးသာပြေးပါဗျာ၊ နောက်ပိုင်းကိစ္စ ဘာမှစိတ်မပူနဲ့၊ ကျွန်တော်တို့တာသာ ကြည့်ဖြေရှင်းမယ်''

''ကိုနေ ... အခု ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ''

အတန်ကြာမှ ကောင်းထက်ဇော် အမေးနှင့်မဆိုင်လှသော စကားကို နေမင်းခန့် ပြန်ပြောသည်။

''တကယ်တော့ ထည့်စဉ်းစားစရာ၊ ငါမနေ့ကမှ သိခဲ့ရတဲ့ အချက်တစ်ခုရှိနေတယ်ကွ ... အဲဒါက ... အခုပေးစားမယ့် သူဌေးသားနဲ့အိစက်မွန်ကို ပေးစားမယ့်အကြောင်း သူ့မိဘတွေပြောတုန်းက ဖေဖေတို့သဘောပါဆိုပြီး အိစက်မွန်က လက်ခံခဲ့တယ်တဲ့ ... ငါ့ကိုပြောတော့ သူ့ကို အဲဒီလူနဲ့ပေးစားမယ့်အကြောင်း ... ဟိုတစ်နေ့ကမှ သိရတာပါတဲ့၊ သူ ငါ့ကိုဘာကြောင့်လိမ်ရသလဲမသိဘူးကွာ ... အဲဒီတစ်ချက်တည်းနဲ့ ငါက ဦးချစ်ရေးတို့ ဦးဝင်းလှတို့အမြင်မှာ လူဆိုးလုံးလုံးဖြစ်ရတာပေါ့ကွာ''

''နေဦး ကိုနေ ... အဲဒီ အိစက်မွန်က သဘောတူလက်ခံခဲ့ပါတယ်ဆိုတဲ့စကားကို ဘယ်သူကပြောတာလဲ ... အုပ်မှူးကလား ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... "

"ခုချိန်မှာ အုပ်မှူးအတွက် သူ့သမီးကိစ္စက သွေးဆိပ်ငယ်ထိပ်တက်နေတာလေ၊ ဒီချိန်မှာ သူ့စကားကို အကြွင်းမဲ့ ယုံကြည်ဖို့တော့ ခက်လိမ့်မယ်၊ သူ့ဘက်ကိုယ့်ဘက် အခြေအတင် ဆွေးနွေးရတဲ့အချိန်မဟုတ်လား။ တခြားအချိန်တွေမှာတော့ အဲဒီလိုမျိုး မယုံရဘူးလို့ မဆိုလိုဘူးနော်"

"အေးပါကွာ ... အဲဒါလည်း ထည့်စဉ်းစားစရာတစ်ချက်ပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ်ပါဗျာ၊ ခုချိန်မှာ အိစက်မွန်က ကိုနေ့ဘက်မှာ အတိအကျပါ၊ ကိုနေ လာခိုးလို့ကတော့ အခြေအနေပေးတာနဲ့ အိစက်မွန်လိုက်မှာပဲလို့ ကျွန်တော် ယုံတယ် ... "

"အေးပါကွာ ... ဘာလုပ်သင့်တယ်ဆိုတာ ငါစဉ်းစားတုန်းပါပဲ၊ လိုအပ်ရင် မင်းတို့အကူအညီကို ငါယူမှာပါ"

မရေရာသည့် အဆုံးသတ်စကားအတွက် အားလုံး အားမလိုအားမရ ငိုင်းကြည့်နေကြသည်။

အိစက်မွန်ကို ချစ်သည်။

ဒီသူငယ်ချင်းတွေကို ချစ်သည်။

ဒီရပ်ကွက်လေးကိုလည်း ချစ်သည်။

သူ ဘာလုပ်သင့်ပါသလဲ အဖြေကတော့ ခပ်ရေးရေးပေါ်နေပြီမို့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ည နှစ်နာရီထိုးသောအခါ နေမင်းခန့် အိပ်ယာမှထလိုက်သည်။ ကြိုတင်သိမ်းဆည်းထားသော ပစ္စည်းများ ထည့်ထားသည့်အိတ်နှင့် ဂစ်တာကို ကောက်လွယ်လိုက်သည်။ အခန်းထဲမှ မထွက်ခွာမီ တစ်နှစ်ကျော် နေထိုင်ခဲ့သည့် အိမ်ခန်းလေးကို သံယောဇဉ်မပြတ်နိုင်စွာ လှည့်ပတ်ကြည့်မိသည်။

ခုတင်ဘေးရှိ စားပွဲပေါ်တွင် အမှတ်တရ ဘူးသီးခြောက် နှစ်လုံးကို တင်ထားခဲ့သည်။ ထိုဘူးခြောက်များအောက်တွင် ကောင်းထက်ဇော်နှင့်မျိုးဇော်တို့အတွက် စာရေးပေးထားခဲ့သည်။ ထိုစာထဲတွင် လမ်းကိစ္စ အကူအညီပေးမည့် အန်ကယ်ဦးမျိုးဝင်းညွန့်၏လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့်တကွ အဆင်ပြေပါက ဆက်လက်ဆောင်ရွက်ရမည့် အစီစဉ် အသေးစိတ်ကို ရေးပေးထားခဲ့သည်။

အန်ကယ်ဦးမျိုးဝင်းညွန့်မှာ နိုင်ငံခြားတွင် နှစ်ရှည်လများ ငွေကြေးရှာဖွေစုဆောင်းခဲ့ပြီးမှ မြန်မာပြည်ကိုပြန်လာကာ အခြေချနေထိုင်သည့် တစ်ကိုယ်တည်းသမားမို့ အပူအပင်ကင်းစွာ မိမိတို့ကိစ္စအားဖြစ်မြောက်သည်အထိ အကူအညီပေးမည်ဟု ယုံကြည်သည်။

အိမ်တံခါးကို ပိတ်၍သော့ခတ်လိုက်ပြီး အိတ်ထဲမှ သီချင်းစာရွက်နှင့်တိတ်ကိုထုတ်၍ အိမ်တံခါးတွင် ဖွဲမြဲစွာကပ်လိုက်သည်။ သူ့စီးရီးထုတ်မည့်တွင် ဤရုပ်ကွက်လေးအကြောင်းကို ဂုဏ်တင်ရေးဖွဲ့ခဲ့သော ဤ'အောင်မြင့်ဆေး သီချင်းကို အမိက သီဆိုခဲ့မှန်းသိသာစေရန် သီချင်းစာရွက် လက်ရေးမူကို

www.burmeseclassic.com



ကပ်ထားခဲ့ခြင်းဖြစ်သည်။ မိုးလင်းချိန်၌ သူ့အခန်းဝကို သူငယ်ချင်းတစ်ယောက်ယောက်ရောက်လာခဲ့လျှင် ဖွင့်ဖတ်ယူသိမ်းဆည်းသွားပါလိမ့်မည်။

သူ ထွက်သွားတော့မည်။

သူ့အတွက်ကြောင့် ချစ်သူသည် မိဘရင်ကို ခြေစုန်ကန်ပြီး မရေရာသော ဝတွင် ဆင်းရဲဒုက္ခခံရင်း သိမ်ငယ်နေရမည့်ဘဝမျိုး မရောက်ရှိစေလိုပါ။

သူ့အတွက်ကြောင့် ဤရပ်ကွက်သူ ရပ်ကွက်သားများ စိတ်ဝမ်းမကွဲစေလိုပါ။

သူ့အတွက်ကြောင့် တစ်ပါးသူပေးလှူလာမည့် ကွန်ကရစ်လမ်းလေးများ မဖြစ်မြောက်မည်ကို မကြုံတွေ့စေလိုပါ။

သူ့နှလုံးသားအလိုဆန္ဒထက် ပိုမိုအလေးထားရမည့် လက်တွေ့ဘဝကို သိစေ မြင်စေခဲ့သည့် လမ်းဟောင်းလေးအတိုင်း သူတစ်ယောက်တည်း တိတ်ဆိတ်စွာ လျှောက်လှမ်းခဲ့သည်။

လမ်းထိပ်ဘက်မှထွက်လျှင် ဆွမ်းလောင်းရုံကို ဖြတ်သွားရလိမ့်မည်။ ဆွမ်းလှည့်ကျနေသော သူငယ်ချင်းတစ်ဦးဦးက သူ့ကိုမြင်ပြီး အတင်းလိုက်တားနိုင်သည်။ ထို့ကြောင့် တခြားထိပ်ဘက်မှ လှည့်ထွက်လိုက်သည်။

သူ့ချစ်သောရပ်ကွက်လေးထဲမှ မိသားစုဝင်များမှာ အပူအပင်ကင်းစွာ အိပ်မောကျနေကြလေပြီ။ ထို့အတူ ... သူ့ရင်နှင့်အမျှ မြတ်နိုးရသော ချစ်သူသည်လည်း ခဏတာပဲဖြစ်ဖြစ် အပူအပင်မဲ့စွာ အိပ်မောကျကောင်းကျနေပါလိမ့်မည်။ နှစ်သက်ကြည်သာ အိပ်စက်အနားယူနေနိုင်စေကြောင်း ရပ်ထဲမှ ဆုတောင်းပေးမိသည်။

တစ်ဖက်လမ်းသွယ်ထိပ်ရှိ အမှောင်ရိပ်နားသို့ ရောက်ခါနီးတွင် ...

နောက်မှပြေးလိုက်လာသော ခြေသံကိုကြားလိုက်ရသည်။ သူလှည့်ကြည့်လိုက်သောအခါ ကောင်းထက်ဇော် ဖြစ်နေသည်။ မျှော်တွေနှင့် ကောင်းထက်ဇော်က မောဟိုက်သံတစ်ဝက်နှင့် ...

"တော်သေးတာပေါ့ဗျာ ... လိုက်မီပေလို့ ကိုနေ့အိမ်ကိုရောက်တော့ သော့ခတ်ထားတာတွေ့တယ်၊ ဒါနဲ့ ဒီဘက်ကိုထွက်သွားမှာပဲလို့တွေးပြီး လိုက်လာခဲ့တာ၊ တန်းတိုးတာပဲ"

"ငါသွားမှ အားလုံးအတွက် အဆင်ပြေမှာပါ ကောင်းထက်ဇော်ရာ"

"သွားရမယ်လေ ... ဒါပေမဲ့ ... ခင်ဗျားတစ်ယောက်တည်းတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ... အခု ခင်ဗျားမလုပ်ရဲတဲ့ ... ပြီးတော့ လုပ်ချင်နေခဲ့တဲ့အလုပ်ကို ကျွန်တော် စွန့်စားပြီးလုပ်လာခဲ့ပြီ ဟိုမှာလာနေတာ ဘယ်သူလဲကြည့်လိုက်"

"နေမင်းခန့် လှမ်းကြည့်လိုက်သောအခါ အိတ်တစ်လုံးကိုလွယ်ထားသည့် မိမာကိုလက်တွဲကာ အပြန်လှမ်းလာနေသည့် အိစက်မွန်ကို တွေ့လိုက်ရသည်။ ပေနှစ်ဆယ်ခန့်အရောက်တွင် အိစက်မွန်က သူ့ထံသို့ ပြေးဝင်လာသည်။

အနီးရောက်သည်နှင့် သူဆီးကြိုပွေ့ဖက်ထားလိုက်ရသည်။ သူ့ရင်ခွင်ကိုဝင်ကာ တင်းကျပ်စွာပွေ့ဖက်ထားသည့် မွန့်ကိုယ်လေးမှာ ကြောက်ရွံ့မှုကြောင့်လား၊ မောဟိုက်မှုကြောင့်လားမသိ သိသိသာသာ တုန်ယင်နေသည်။

ခဏကြာမှ မွန့်ထံမှ ဗလုံးဗထွေးနှင့်စကားသံတချို့ ထွက်လာသည်။

"မွန့်ရင်ကို အဆုံးစွန်အထိ ဖွင့်ပြခဲ့ရဲသားနဲ့ကိုကိုရယ် ... ကိုကိုမို့ မွန့်ကိုထားခဲ့ဖို့ ကြံစည်စိတ်ကူးရက်တယ်"

နေမင်းခန့်ကလည်း မွန့်ဆံနွယ်များကို သူ့ပါးနှင့်ပွတ်သပ်ရင်း ကြားလေသွေးရင်တောင် လွတ်ထွက်သွားမှာစိုးသည့်အလား မွန့်ကိုတင်းကျပ်စွာ ပွေ့ဖက်ထားရာမှ ...

"အဲဒီလို မဟုတ်ပါဘူးမွန့်ရယ် ... အခုလောလောဆယ် အလုပ်သင့်ဆုံးဖြစ်မယ်လို့ ထင်တာနဲ့ ..."

"မဟုတ်ဘူး ... မဟုတ်ဘူး ... မွန်မပါဘဲနဲ့ ကိုကို ဒီနေရာကတစ်ဖဝါးမှခွာဖို့ မစဉ်းစားပါနဲ့တော့၊ မွန်ကတော့ ဝေလည်းအတူ ကြွေလည်းအတူ ဘဝမျိုးကိုပဲကြိုက်တယ်၊ မွန်မလိုက်ရရင် ကိုကိုလက်ကိုတွဲပြီး မွန့်မိဘတွေအပါအဝင်၊ ဖေဖေ့ညီသည်ဆွေရော၊ တစ်ရပ်ကွက်လုံးကိုပါ မွန်တို့ရင်ဆိုင်ကြမယ်"

ကောင်းထက်ဇော်ကလည်း ...

"ဘာမှစဉ်းစားမနေပါနဲ့တော့ ကိုနေရာ ... ဒီနေရာရောက်မှတော့ ခေါ်သာသွားပါတော့၊ ကြာနေရင် ဦးဝင်းလွင်နဲ့အဖွဲ့ လိုက်လာမှာစိုးရတယ်"

ဦးဝင်းလွင်ဆိုသည့် စကားကြောင့် သူ့ရင်ခွင်မှ မွန့်ကိုယ်လေးလှုပ်ရှားလာပြန်သည်။ သူလည်း မတူးတော့။ အခြေအနေက တွန်းပို့လာပြီဖြစ်သဖြင့် ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။ မိမာလက်ထဲမှ မွန့်အဝတ်အိတ်ကိုလှမ်းယူလိုက်သည့်အချိန်မှာပင် ...

"ဘယ်ကိုမှထွက်သွားဖို့ မကြိုးစားပါနဲ့တော့ကွာ"

"ဟင် ... အစ်ကိုသန်းအောင်"

ဟုတ်ပါသည်။ ကိုသန်းအောင်အသံပါ။ နေမင်းခန့်က မွန့်လက်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းဆုပ်ကိုင်ရင်း နောက်ကိုလှည့်လိုက်သောအခါ ကိုသန်းအောင်၊ ဦးချစ်ရေးတို့နှင့်အတူ မွန်နှင့်လက်ထပ်ပေးစားမည်ဆိုသည့် မွန့်ခင်ပွန်းလောင်းကိုပါ လမ်းမိုးရောင်အောက်တွင် တွေ့ရသည်။ ဦးချစ်ရေးကလည်း ...

"မင်းတစ်ယောက်တည်း ထွက်သွားမယ်ဆိုရင်တော့ စဉ်းစားလက်ခံနိုင်ပေမယ့် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အိစက်မွန်ကို ခေါ်မသွားနိုင်အောင် ငါတို့ တားရလိမ့်မယ်"

ထိုအချိန်မှာပင် သူတို့နောက်ကျောဘက်မှ ခြေသံများနှင့်အတူ ...

"မိုက်လိုက်တာ သမီးရယ် ... တစ်သက်လုံး ဒီအဖေ အမေမျက်နှာကို ရပ်ကွက်ထဲမှာ ပြမရတော့အောင် လုပ်ထားခဲ့တာလား"

အိစက်မွန့်အမေ၏အသံ။ သူတို့နှစ်ယောက် နောက်ဘက်သို့ပြန်လှည့်ရပြန်သည်။ အိစက်မွန့်မိဘနှစ်ယောက်ကို ငြေ့သည်လူကြီးနှင့်အတူ ရင်ဆိုင်လိုက်ရသည်။

ထိုအချိန်တွင် အိစက်မွန်တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်နေလေပြီ။ မထူးစိတ်ကို မွေးပြီးပြီမို့ နေမင်းခန့်အတွက် ထူးပြီး မတုန်လှုပ်တော့။ သာမန်အခြေအနေထက်ပင် စိတ်ကပို၍တည်ငြိမ်နေသေးသည်။ ခေါင်းအေးအေးထားပြီး ပြေးလမ်းကို တွက်ချက်လိုက်သည်။

တည့်တည့်ဆက်ပြေးလျှင် လူကြီးများဘက်မှ အလွယ်တကူရှောင်ကွင်းပြေး၍ လွတ်နိုင်မည်ဖြစ်သော်လည်း ပြေးလမ်းကျယ်၍နောက်မှ ကိုသန်းအောင်နှင့်အဖွဲ့ အချိန်တိုအတွင်း မီလာနိုင်သည်။ လမ်းညာဘက်ခြမ်းတွင် လမ်းကြားတစ်ခုရှိသည်။ ထိုလမ်းကြားမှာ လူနှစ်ယောက် ယှဉ်တွဲလျှောက်သာရုံသာ ကျယ်သည်။

ထို့ကြောင့် ထိုလမ်းကြားကို ရွေးချယ်လိုက်သည်။ အဝတ်အိတ်(၂)လုံးနှင့် ဂစ်တာကိုပါ ထားခဲ့ရတော့မည်။ လူလွတ်ပြေးမှသာ လွတ်နိုင်ပေမည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ထိုပစ္စည်းများကို လမ်းကြားအဝင်ဝရောက်မှ ချထားခဲ့ရန် စိတ်ကူးရလိုက်သည်။ ဒါမှ နောက်မှလိုက်လာသူများအတွက် ပြေးလမ်းအဟန့်အတား ဖြစ်ပေလိမ့်မည်။

ပထမလမ်းကြားထိပ်တွင် ရောက်နေသည့် ကောင်းထက်ဇော်အား ထိုလမ်းကြားမှ ပြေးမည်ဖြစ်ကြောင်း မျက်ရိပ်မျက်ကဲ ပြလိုက်သည်။ နောက်မှ ကိုသန်းအောင်တို့အဖွဲ့အား တတ်နိုင်သရွေ့ တားဆီးထားရန်လည်း အမူအရာ ပြလိုက်သည်။ ကောင်းထက်ဇော် သဘောပေါက်မပေါက်တော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းခန့် လက်တစ်ဖက်က အိစက်မွန်လက်ကို တင်းတင်းဆုပ်ကာ လမ်းကြားကို မျက်စပစ်၍ ခေါင်းညိတ်ပြလိုက်သည်။ မွန်ကလည်းပြန်၍ခေါင်းညိတ်ပြသည်။

သူတို့နှစ်ဦး စတင်ပြေးထွက်ရန် အားယူလိုက်ကြသည်။ ထိုအချိန်မှာပင် ...

နေမင်းခန့် ဦးခေါင်းနောက်ပိုင်းဆီမှ ပူခနဲ ခံစားလိုက်ရသည်။ လည်ဂုတ်ပေါ်သို့ ပူနွေးသည့်အရည်များ စီးကျလာသည်။ ထို့အတူ နာကျင်မှုဝေဒနာကြောင့် သူ ... အားခနဲ အော်လိုက်မိသည်။ ထိုတစ်ခဏ၌ ...

နေမင်းခန့် လန့်နိုးလာသည်။

အလန့်တကြားနှင့် နာရီကိုလှမ်းကြည့်မိရာ ညနှစ်နာရီထိုးတော့မည်။ စိတ်ပင်ပန်းမှုနှင့် ရက်ဆက်အိပ်ရေးပျက်မှုများကြောင့် သူ(၂)နာရီခန့် အိပ်ပျော်သွားခဲ့သည်။ ဒါဆို ...

ခုနကအဖြစ်အပျက်မှာ ခဏတာအိပ်ပျော်စဉ်အတွင်း အိပ်မက်မက်ခြင်းမျှသာပေါ့။ မည်သို့ပင်ဆိုစေ ... သူ့စိတ်တွင် ပြင်ဆင်ဆုံးဖြတ်ပြီးသည့်အတိုင်း ...

အိပ်မက်ထဲကအတိုင်းပင် သူအိမ်မှ ထွက်သွားခဲ့သည်။

သို့သော် ...

အိပ်မက်ထဲမှအတိုင်း ကောင်းထက်ဇော် ပေါ်မလာခဲ့ပါ။

ထို့ပြင် ...

အိစက်မွန်သည်လည်းကောင်း၊ အခြားသူအားလုံးသည်လည်းကောင်း ပေါ်မလာခဲ့ကြပါ။ ထို့ကြောင့် ...

သူ၏ 'အောင်မြေ' ဆိုသည့် စီးရီးကို အောင်မြေတွင် အခြေတည်ခဲ့သော်လည်း အောင်မြေမဟုတ်သည့် သင့်ရာနေရာကို အခြေပြု၍ အောင်မြင်ပြီးမြောက်သည်အထိ အကောင်ထည်ဖော်ရန် သူကိုယ်ပိုင်ခံယူထားသည့် အောင်မြေအချုပ်မှ ထွက်ခွာလာခဲ့တော့သည်။ အောင်မြင်သူဘဝရောက်မှသာ အောင်မြေကို ပြန်လာတော့မည်ဟုသာ။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒီနေ့မနက် နေမင်းခန့် အိပ်ယာမှထသည့်အခါ ထူးထူးခြားခြားစိတ်လက်ပေါ့ပါးနေသလို ခံစားရသည်။ ဘရိတ်ဖတ်စ်ကို ခပ်ဝေးဝေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စားရန်ရည်ရွယ်၍ အပြင်ထွက်ရန်ပြင်ဆင်သည်။

အဆိုရှင်ဘဝဖြင့် ဆယ်ပွဲခန့်စင်ပေါ်တွင် ဖျော်ဖြေခဲ့ပြီးဖြစ်သဖြင့်၎င်း၊ သူ၏ပထမဆုံးစီးရီးထွက်ကာစဖြစ်၍၎င်း၊ အပြင်ထွက်လျှင် တတ်နိုင်သလောက်ရုပ်ဖျက်၍ထွက်ရန် မန်နေဂျာကမှာထားသည်။ သူ့အတွက်မှာတော့ မလိုအပ်ဟုထင်သော်လည်း လူကြီးစကား မပယ်ရှားလိုသဖြင့် ဆံပင်တုအရှည်ကြီးစွပ်ကာ နေကာမျက်မှန်ခပ်ကြီးကြီးတစ်ခုဝတ်ဆင်လျက် လမ်းပေါ်ထွက်ကာ ကားငှားလိုက်သည်။

သူ၏ 'ရှိုင်းနေမင်း' အနုပညာအမည်ဖြင့် ပထမဆုံးစီးရီးထွက်သည်မှာ နှစ်ပတ်နီးပါးရှိပြီဖြစ်သော်လည်း စီဒီအဝယ်မလိုက်သေး။ ထုတ်လုပ်သူသူ၏တေးသံသွင်းပိုင်ရှင်ကလည်း စီဒီအဝယ်လိုက်လာမှ ဗွီစီဒီဆက်ရိုက်ရန်စီစဉ်ထားသည်မို့ အားမလိုအားမရနှင့် စောင့်နေရတော့သည်။ မနေ့ကမှ ဆိုင်တွင်စီဒီ အနည်းငယ်ရောင်းရသည်။

အလုံဘက်ရောက်သောအခါ လူစည်ကားသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် အငှားယာဉ်ကိုရပ်နိုင်းပြီး လက်ဖက်ရည်သောက်မုန့်စားရန်ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

လက်ဖက်ရည်ဆိုင်ထဲတွင် သူ၏'အောင်မြေ' စီဒီကိုဖွင့်ထားသည်မဲ။ သူ့ရင်တွင် ထိတ်ခနဲဖြစ်သွားသည်။ မုန့်နှင့်လက်ဖက်ရည်မှာကာ ကိုယ့်သီချင်း ကိုယ် အရသာခံနားထောင်မိသည်။

ထုတ်လုပ်သူကတော့ အထူးအားစိုက်ပါသည်။ စီဒီမထွက်မီကပင် ကြော်ငြာအားကို ပုံအောသုံးသည်။ သတင်းစာ၊ ဂျာနယ်၊ FM လိုင်းများတွင် ကြော်ငြာထည့်သည်။ ဝေါလ်ရှို၊ ဗွီနိုင်း၊ ပိုစတာ၊ ဘောလ်ဘုတ် ကြော်ငြာများ လုပ်သည်။ နာမည်ကြီးအဆိုတော်များ၏ Stage Show ပွဲများတွင် ကြားညှပ်သီဆို စေသည်။ စာနယ်ဇင်း ရှင်းလင်းမိတ်ဆက်ပွဲလုပ်ပေးသည်။ စီဒီ စဖြန့်သည့်နေ့ တွင် နာမည်ရအဆိုတော်အချို့နှင့်အတူ ဒဂုံစင်တာ၌ လက်မှတ်ရေးထိုးရောင်းချ ပွဲစီစဉ်ပေးသည်။ သို့သော်လည်း မနေ့ကအထိရောင်းအားက သိသိသာသာ မလိုက်သေး။ ယခုကဲ့သို့ လူစည်ကားရာနေရာတွင် သူ့စီဒီကိုဖွင့်ထားသည်ဆို တော့ အနည်းငယ် အားတက်သွားသည်။ ထို့ပြင် ...

အနီးရှိစားပွဲဝိုင်းမှ လူငယ်နှစ်ဦးပြောစကားကြောင့် ပို၍အားတက်ရ သည်။

"မင်းအခုဖွင့်ထားတဲ့ ရှိုင်းနေမင်းရဲ့သီချင်းတွေ ကြိုက်လား၊ ကိုယ်ပိုင် သံစဉ်များပေမယ့် မိုက်တယ်နော်"

"အေး ... ကြိုက်ပါတယ်၊ ငါတို့အတန်းက သူငယ်ချင်းတွေလည်း ကြိုက်ကြတယ်"

"ဒါဆို အဲဒီငတိ စီးရီးပေါက်ပြီထင်တယ်ကွ၊ ငါသိသလောက်တော့ အခုဟာက ပထမဆုံးစီးရီးနော် ... တကယ့်လူသစ်တန်းပဲ"

"အသစ်ဖြစ်ဖြစ် အဟောင်းဖြစ်ဖြစ် ပရိသတ်ကတော့ကောင်းရင် အားပေးကြတာပါပဲကွာ"

"ဝေါရှိုထဲကအတိုင်းဆိုရင်တော့ ကိုယ့်လူ ရုပ်ကလည်း ခေသူမဟုတ် ထဲမှာ ပါတယ်ကွ ... ဗီစီဒီထွက်ရင်တော့ ကျောင်းက ဆတ်စလူးစိန်တို့အုပ်စု နိုက်ကြဦးမယ် ... သဲသဲလှုပ်ကြဦးမယ်"

"ဟား ... ဟား ... ဟား ... မနာလိုမရှိပါနဲ့ကွာ သူ့ချီးခြံ သူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်လုံးရှိ ကျန်လူငယ်ဝိုင်းများကို နေမင်းခန့် အကဲခတ်ကြည့်ရာ သူ့သီချင်းကိုသာ အာရုံရောက်နေကြကြောင်း သတိထားမိသည်။ ထို့ကြောင့် ကျေနပ်သွားသည်ဆိုင်ရှင်းပြီး မလှမ်းမကမ်းရှိ တခြားလက်ဖက်ရည်ဆိုင်ရှေ့သို့ လျှောက်သွားလိုက်သည်။ ထိုဆိုင်တွင်လည်း သူ့သီချင်းများ ဖွင့်ထားသည်ကို သတိထားမိသည်။

ထို့ကြောင့် အငှားကားတစ်စီးတားပြီး လမ်းမကြီးများတစ်လျှောက် မောင်းခိုင်းကာ လက်ဖက်ရည်ဆိုင်ကြီးကြီးတွေ့တိုင်း ရပ်ခိုင်း၍ စူးစမ်းမိသည်။ ဆယ်ဆိုင်တွင် ရှစ်ဆိုင်က သူ့သီချင်းဖွင့်ထားသည်။ တစ်ဆိုင်က တခြားသီချင်း ဖွင့်သည်။ ကျန်တစ်ဆိုင်က ဘာမှမဖွင့်။ ကြည့်မြင်တိုင်ဘက်တွင်လည်း ထိုနည်းလည်းကောင်းပင်။

ထို့ကြောင့် အငှားယာဉ်ကို ပြန်လှည့်ခိုင်းပြီး မိမိတေးသံသွင်းဆိုင်သို့သာ ဦးတည်လိုက်သည်။ ဒီအချိန်လောက်ဆိုလျှင် ဆိုင်သို့ ဂျာကြီးရောက်နေလောက်ပြီ။ ရှေ့ဆက်ပြီး ဘာလုပ်ရမည်ဆိုတာ ဂျာကြီးအစီစဉ်ဆွဲနိုင်အောင် မျက်မြင်အခြေအနေများကို သူပြောပြမှ ဖြစ်တော့မည်။ ဆိုင်သို့ သုတ်မြန်မြန်ရောက်လိုဇောသာ ထက်သန်နေတော့သည်။ ဆိုင်ရှေ့သို့ရောက်သောအခါ ...

အရောင်းကောင်တာရှေ့တွင် ကတ်စတန်မှာ အစိတ်သုံးဆယ်ခန့် ပြုတိုးနေသည်ကို တွေ့ရသည်။ အရောင်းစာရေးနှစ်ယောက်သာ ရောက်သေး၍ထင်သည်။ မန်နေဂျာပါ ကောင်တာနောက် ဝင်ရပ်နေသည်ကို တွေ့ရသည်။

နေမင်းခန့်က ဂျာကြီးကို မြင်မြင်ချင်း အားရဝမ်းသာလက်မြှောက်ပြကာ ...

"ဂျာကြီး ... ကျွန်တော် ... "

သူနှင့်တစ်ပြိုင်တည်း ဂျာကြီးကလည်း လက်မြှောက်ပြကာ ...

"နေမင်းခန့်ရေ ... မြန်မြန်ဝင်လာပါဦးဟ ... ကူရောင်းစမ်းပါဦး"

ဟုတ်ပါသည်။ ကောင်တာနောက်ကိုရောက်သည်နှင့် ရောင်းရသည့်မှာ လက်မလည်။ ချွေးပါပျံတော့သည်။ အများဆုံးရောင်းရသည်မှာ နေမင်းခန့်၏ စီဒီ။ တချို့က ဆိုင်ကိုရောက်ရင်း နေမင်းခန့် စီဒီဝယ်ပြီး မပြန်သေးဘဲ တခြားစီဒီများကိုလည်းကြည့်ကာ ကြိုက်ရာထပ်မံဝယ်ယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလည် ထမင်းစားချိန်ရောက်သောအခါ ဝယ်ယူသူအင်အားက ပြန်တိုးလာသဖြင့် အလှည့်နှင့်အမြန်စားကြရသည်။ ညနေ (၃)နာရီကျော်မှသာ အဝယ်ပါးသွားတော့သည်။

သတင်းကြားပြီး နေ့လည် ဆယ့်နှစ်နာရီကျော်တွင် ဆိုင်သို့ရောက်လာသည့် တေးသံသွင်းပိုင်ရှင်မှာ ကျေနပ်မဆုံးတော့။ သူက စီးပွားရေးသမားပီသစွာ အကွက်ဆန်းထွင်တတ်သည်။ နေမင်းခန့်ရှေ့တွင် ဆယ်ကျော်သက်ကောင်မလေးတစ်အုပ် စီဒီ လာဝယ်နေသည့်အချိန်တွင် ...

"ဒီမှာ ဂျာကြီးရေ ... "

နေမင်းခန့်နှင့်မန်နေဂျာတို့ အသံပြုရာ ပိုင်ရှင်ထံ လှမ်းကြည့်မိကြသည်။ ပိုင်ရှင်က သူတို့နှစ်ယောက်လုံးကို မသိမသာ မျက်စိမှိတ်ပြပြီး ...

"တို့ဆိုင်မှာ ရှိုးနေမင်းလည်း ခဏရောက်နေတယ်မဟုတ်လား။ ဒီဆိုင်ရောက်အောင်လာပြီး အားပေးတဲ့ကာစတန်မာတွေ လာရကျိုးနပ်သွားအောင် ဆန္ဒရှိတဲ့သူတွေအတွက် အဆိုတော်ကိုယ်တိုင် စီဒီပေါ်မှာ လက်မှတ်ထိုးပေးတဲ့ အစီစဉ်လေး လုပ်ပေးလိုက်ပါလား"

ဂျာကြီးက နေမင်းခန့်ကို လက်ကုတ်သည်။ ထို့ကြောင့် နေမင်းခန့်သည်း သူ့စံမြန်းရာထပ်ခိုးပေါ်သို့ ပြန်လစ်ရတော့သည်။ ဆိုင်ပိုင်ရှင်က ဂျာကြီးကို ဆက်ပြောနေသည်။

"ဒီဘက်ခြမ်းမှာ စားပွဲတစ်လုံးစီစဉ်ပြီး။ လက်မှတ်ထိုးပေးစေချင်တဲ့ သူတွေ ဒီဘက်ကိုလွှတ်လိုက်ပေါ့၊ ဒါနဲ့ ... တို့မှာ ဝေါလ်ရှိ နည်းနည်းကျန်သေးတယ်မဟုတ်လား၊ လိုချင်တဲ့သူရှိရင် ကျန်သလောက်လေးထဲက ဝေပေးလိုက်ရအောင်"

နေမင်းခန့်ကတော့ ဆိုင်ထပ်ခိုးပေါ်တက်ပြီး ဆံပင်တုချွတ်၊ မျက်မှန်ချွတ်ကာ အဝတ်အစားအမြန်လဲလိုက်သည်။ ဆံပင်ကို အသင့်အတင့်ကြည့်ကောင်းစေရန် ဖြင့်လိုက်ကာ အောက်သို့ပြန်ဆင်းပြီး ဂျာကြီးပြင်ပေးထားသည့် စားပွဲတွင် ဝင်ထိုင်၍ လက်မှတ်ထိုးပေးရသည်။

"သမီးကို အရင်ထိုးပေး ကိုကြီး ... သမီးအရင်ရောက်တာ"

"သမီးလည်း အတူတူရောက်တာပါနော် ... သမီးကိုအရင်ထိုးပေး"

"သမီးကတော့ စီဒီရော ဝေါလ်ရှိရောယူမှာ၊ နှစ်မျိုးလုံးပေါ်မှာထိုးပေး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သမီးတို့ကိုလည်း ရွှေစင့်လိုပဲ နှစ်မျိုးလုံးပေါ်မှာထိုးပေး"

"ကိုကြီး ဒီထက်မက အောင်မြင်ပါစေ၊ ဗီစီဒီထွက်ရင်လည်း သမီးတို့က အားပေးဦးမှာ၊ နောက်ထပ် ... နောက်ထပ် ထွက်သမျှလည်း အားပေးနေမှာ"

"သမီးတို့ကတော့ ကိုကြီးအဆိုတော်လုပ်သမျှ ထွက်သမျှ အားပေးနေမှာ"

"ကိုကြီး အိမ်မပြန်သွားနဲ့ဦးနော် ... သမီးသူငယ်ချင်းတွေကို ဖုန်းဆက်ထားတယ် ... သူတို့လည်း လာကြမှာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ သမီးသူငယ်ချင်းတွေလည်း လာကြဦးမှာ"

ဆယ်ကျော်သက်တစ်အုပ်နှင့် ကျွက်ကျွက်ညံကာ နေမင်းခန့် ချွေးပျံနေရတော့သည်။ ညနေစောင်းမှ နားရသည်။ ထိုအခါမှ အားလုံးအတွက် မန်နေဂျာမှာတိုက်သည့် လက်ဖက်ရည်ကို သောက်ခွင့်ရသည်။ ဝယ်သူရှင်းချိန်တွင် ဆိုင်ရှင်မှ ...

"ကဲ ... ဂျာကြီးတာတီးရေ ... ဒီအတိုင်းဆို နောက်ထပ်သုံးလေးရက်တော့ ဒီပုံစံအတိုင်း ရောင်းနေရဦးမှာပဲ၊ ဒီနေ့ပဲ နယ်အော်ဒါတွေလည်း စဝင်လာပြီ၊ ထပ်ဝင်ဦးမှာပဲ ... အဲဒီတော့ စီဒီတွေ ထပ်မှာဖို့လုပ်တော့"

"ကျွန်တော်ပဲ အခုပြေးလိုက်မယ်လေ"

"နေပါ ... နေပါ နေမင်းခန့်ရယ်၊ ဒီနေ့ကစပြီး အဲဒီအလုပ်တွေ မင်းလုပ်လို့မဖြစ်တော့ဘူး။ အရောင်းကောင်တာလည်းထိုင်လို့ မဖြစ်တော့ဘူး၊ မင်းက ဗီစီဒီရိုက်ဖို့ ပြင်ဆင်ရဦးမယ်၊ ကျန်တဲ့ထုတ်လုပ်ရေးပိုင်း။ ရောင်းချရေးပိုင်းကို ရှိတဲ့လူနဲ့ ဂျာကြီး သူ့ဘာသာစီစဉ်လိမ့်မယ် ... နောက်ပြီး အခန်းကိစ္စ ပြောရဦးမယ်"

"အဲ ... ကျွန်တော်နေဖို့အခန်းဆိုရင်တော့ ကျွန်တော်က ဒီထပ်ခိုးအခန်းလေးကခွာရင် ရပ်ကွက်လေးထဲက အခန်းကိုပဲ ပြောင်းနေချင်တာ"

"အေးပါ ... လောလောဆယ်တော့ ငါငှားပေးထားတဲ့အခန်းကို မင်း မဖြစ်မနေပြောင်းမှဖြစ်တော့မယ်၊ စောစောကလို ဖိန့်ဖိန့်ခွင်တွေ၊ ရုပ်ရှင်ပြောင်း ရုပ်လွှဲခွင်တွေက ခဏခဏဆင်လို့ ဘယ်လိုမှအဆင်မပြေနိုင်ဘူး"

"စောစောကတော့ နေမင်းခန့် ဒီမှာအဆင်သင့်ရှိနေလို့ပိုအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



သွားတာဗျ''

''အေးပါကွာ ... ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ရှေ့ကို ငါကြိုမြင်ပြီး ခါပြီ၊ ပြောင်းကိုပြောင်းမှဖြစ်မယ်၊ နောက် ... မင်းရုပ်ကွက်လေးထဲကိုပြောင်း လို့ အဆင်ပြေတဲ့အခါကျရင် ထပ်ပြောင်းပေါ့''

''ဟုတ်ကဲ့ပါ အန်ကယ် ... ဒီညနေပဲ အန်ကယ်စီစဉ်ပေးတဲ့အခန်း ကို ကျွန်တော် ပြောင်းပါ့မယ်''

''ရှေ့ဆက် ဂျာကြီးကတော့ အလုပ်များဦးမှာပဲ၊ ဗိစိဒီအတွက် စီစဉ် ရမယ်၊ နောက် ... စီးရီးတစ်ခုအတွက် စီစဉ်ရမယ်၊ အဲ ... ခုလောလော ဆယ် နက်ဖြန်မှာပဲ နေမင်းခန့်ကို ဟင်းနံ့ဖုန်းတစ်လုံးဝယ်ပေးလိုက်၊ ကားမောင်း သင်တန်းကိုလည်း အပ်ပေးလိုက်ဦး''

ရှေ့ဆက်များမည့် အလုပ်များအတွက် ခုကတည်းက ကြိုမောနေရ သည်။ သို့သော်လည်း ... ဒီနေ့မှစ၍ ရယ်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် ... ရင်မောရခြင်းမဟုတ်ဘဲ၊ ရယ်မောရခြင်းအစစ်ကို နေမင်းခန့်ကို တစ်ဆိုင်လုံး ပိုင်ဆိုင်ခွင့်ရပြီ ဖြစ်သည်။

***

ညတုန်းက သီချင်းအသစ်တစ်ပုဒ် သံစဉ်ရှာထည့်သည်မှာ အဆင် မပြေနိုင် ညဉ့်နက်သွားသည်။ တစ်နေကုန်လည်း ဂျာကြီး၏အကွက်စေ့လှသော အစီအစဉ်ဇယားအောက်တွင် လူမှာအသည်းအသန် လှုပ်ရှားရသည်။ ထို့ကြောင့် အိပ်ပျော်သွားသည်မှာ မနက်(၉)နာရီခွဲအထိ မနိုး။ ဆက်တိုက်မြည်နေသည့် လူခေါ်ဘဲလ်ကြောင့် တံခါးဖွင့်လိုက်ရာ ...

''ဟာ ... မျိုးဇော် ... ကောင်းထက်ဇော်''

''ဟုတ်ပါတယ်ဗျာ ... ကျွန်တော်တို့ပါ၊ ကိုနေရဲ့ ဒီအခန်းလိပ်စာလေး ရဖို့ ကျွန်တော်တို့မှာ ကိုနေ့ဆိုင်က လူတွေကို နည်းမျိုးစုံနဲ့တောင်းပန်တိုးလျှို ခဲ့ရတယ်''

''ဝါသနာရှင်နဲ့ဂျာနယ်လစ်တွေ ရောက်ရောက်လာပြီး တိုင်းအစီအစဉ် ဇယားတွေ ခဏခဏ ကမောက်ကမဖြစ်ရလွန်းလို့ပါကွာ၊ ထားပါကွာ ...



www.burmeseclassic.com

www.burmeseclassic.com



အခုရောက်လာပြီပဲ၊ မင်းတို့အဆင်ပြေကြတယ် မဟုတ်လား၊ ကွန်ကရစ်လမ်းတွေရော ခင်းပြီးပြီလား"

"အဲဒါတွေ တဖြည်းဖြည်းချင်း ရှင်းပြမယ်၊ အခု ကိုနေ ကျွန်တော်တို့နဲ့လိုက်ခဲ့စေချင်တယ်၊ ကိုနေ့ဘဝမှာ အရေးအကြီးဆုံးဆိုတဲ့ ကိစ္စတောင် အခု ကျွန်တော်တို့ခေါ်တဲ့ကိစ္စလောက် အရေးမကြီးဘူးလို့ သဘောထားပြီး လိုက်ခဲ့စေချင်တယ်"

"ငါက အောင်မြင်တဲ့ဘဝရောက်မှ ရပ်ကွက်လေးထဲကိုပြန်ဝင်ချင်တာ"

"နားစမ်းပါဗျာ ... ခုလည်း ကိုနေ့မှာ ထိုက်သင့်တဲ့အောင်မြင်မှု ရနေပြီပဲ၊ အဟဲ ... ပြောရဦးမယ်၊ ဦးစိန်ချိုးဖူး လက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ အချိန်တိုင်းမှာ ဖွင့်နေတဲ့သီချင်းက ကိုနေ့သီချင်းဗျ၊ ခုဆို ... ကိုနေက ကျွန်တော်တို့ရပ်ကွက်ထဲမှာတော့ တကယ့်ရုပ်စတားပဲ၊ လမ်းကိစ္စလည်းကိုနေ့ ကြောင့်ဆိုပြီး ကျေးဇူးတင်နေကြတာ"

"ကဲဗျာ ... ကိုနေ ကျွန်တော်တို့ကိုဒီတစ်ရက်ပဲ အချိန်ပေးပြီး ကျွန်တော်တို့ခေါ်တဲ့ဆီ လိုက်ခဲ့ပေး၊ ပြီးမှ မကျေနပ်လည်း ကျွန်တော်တို့ကို ကြိုက်သလို ဆုံးမတော့၊ ခုတော့ ... ဒိုးကြမယ်၊ မြန်မြန်အဝတ်အစားလဲ"

လမ်းထိပ်လက်ဖက်ရည်ဆိုင်ရှေ့အရောက်တွင် မျိုးဇော်ပြောသည့် အတိုင်း သူ့သီချင်းဖွင့်ထားသည်ကို ကြားရသည်။ ဆွမ်းလောင်းဓမ္မာရုံလေးကို ကြည့်လိုက်ရာ ယခင်အတိုင်းဟောင်းနွမ်းလျက်၊ ကွန်ကရစ်လမ်းကြီးကတော့ ရှင်းသန့်ခန့်ထည်လျက်။ အိစက်မွန်တို့အိမ်ရှေ့ကို အငှားကားဖြတ်စဉ် လှမ်း မကြည့်မိအောင် သူကြိုးစားထိန်းချုပ်လိုက်ရသည်။ တစ်ချိန်လုံး သူ့ကိုအကဲခတ် လာသည့် လာခေါ်သူ ငတိနှစ်ကောင်က သူ့အမူအရာကိုကြည့်ပြီး ပြုံးစိစိလုပ် နေကြသည်။

အဘချိန်တို့အိမ်ရှေ့အရောက်တွင် ကားရပ်ခိုင်းပြီး သုံးယောက်သား အိမ်ထဲသို့ ဝင်ကြသည်။ လမ်းတွင် သူတို့နှစ်ယောက်ပြောပြချက်အရ နေမင်းခန့် နေခဲ့သည့်အခန်းမှာ ခုချိန်ထိ သူ့အခန်းအဖြစ် ရှိနေဆဲဖြစ်သည်။

"အဘချိန်ကို ကိုနေပေးခဲ့တဲ့ အိမ်ငှားခက တစ်နှစ်စာကျေပြီတယ် ဗျာ၊ အဲဒါပြည့်သွားတော့ ကျွန်တော်တို့ပဲ အစီအစဉ်လုပ်ပြီး တစ်လချင်း ငှားခ ကို ဆက်ပေးထားတယ်"

www.burmeseclassic.com


အိမ်ဝအရောက်တွင် မျိုးဇော်က ...

"ကောင်းထက်ဇော် မင်းရဲ့တိုင်မင်က ကွက်တိမိရဲ့လား"

ကောင်းထက်ဇော်က လက်မှနာရီကိုငုံ့ကြည့်ပြီး လက်မထောင်ပြသည်။

အိမ်ထဲကိုဝင်လိုက်ရာ သန့်ရှင်းသပ်ရပ်နေသည့် သူ့အခန်းကို သတိမူမိလိုက်သည်။ ပြတင်းပေါက်ခန်းဆီးများ အသစ်လဲထားသည်။ ကျန်ခဲ့သည့် သူ့ပစ္စည်းများ စာအုပ်များ အစီအရီ၊ အိပ်ရာမှာခင်းလျှက်သားနှင့် အဖုံးအုပ်ထားသည်။ စဉ်ဆက်မပြတ် လူနေနေသည့်အတိုင်း။

ထိုအခိုက် အိမ်ပေါ်ထပ်လှေကားထိပ်မှ စကားပြောသံကြားရသည်။

"အဘ ... အိမ်ရှေ့တံခါးကို သမီးပြန်စေ့ထားခဲ့မယ်နော်"

နေမင်းခန့် နားထဲတွင် ကျင်ခနဲ ခံစားလိုက်ရသည်။ မွန့်အသံ ... အိစက်မွန် ... သူချစ်ရသူ၊ အဲ ... ချစ်ခဲ့ရသူ မွန်လေးရဲ့အသံစစ်စစ်။ ခုတော့လည်း စိမ်းသက်ရပေတော့မည်။

ကောင်းထက်ဇော်က နေမင်းခန့်အနားကပ်လာကာ ...

"အိစက်မွန်က ကိုနေ့ကို စောင့်နေဆဲပဲ၊ အရင်လို လှနေဆဲ ... ပြီးတော့ ... အဟဲ ... ကိုနေသိထားခဲ့တဲ့ 'အော်'အတိုင်းပဲ၊ ခင်ဗျားဘက်ကသာ မဖောက်ပြန်သေးဘူးဆိုရင် ဆက်လှုပ်ရှားတော့၊ ကျွန်တော်တို့လစ်တော့မယ်"

ကောင်းထက်ဇော်စကားအဆုံးတွင် သူ့ရင်ခုန်နှုန်းက အဆမတန်မြင့်တက်သွားသဖြင့် ကိုယ့်ရင်ဘတ်ကိုယ် လက်နှင့်ဖိလိုက်ရသေးသည်။ ကြည့်နေရင်း ... လှေကားပေါ်မှ မွန့်ကိုယ်လေး တစ်ဆင့်ပြီးတစ်ဆင့်ပေါ်လာသည်။ အိစက်မွန် မျက်နှာလေး ပေါ်လာသည်နှင့် ...

"မွန် ... မွန်လေး ... "

"ဟင် ... "

လှေကားရင်းတွင် ရပ်လျှက် မွန်က ဘာမှပြန်မပြော။ ပေကျစ်ကျစ်မှိုင်ကြည့်နေသည်။ မွန့်မျက်နှာလေးအနည်းငယ် ချောင်သွားသည်ကိုသနားကြင်နာစွာဖြင့် သူလည်းငေးကြည့်နေမိရာ စကားတစ်ခွန်းမှ ဆက်မပြောဖြစ်။ အတန်ကြာမှ မွန့်လက်လေးကို ဆွဲကိုင်မိရာ အိစက်မွန်က သူ့ကိုအထိမခံ၊ ... သတ်ကို ဆတ်ခနဲ ပုတ်ထုတ်ပစ်သည်။ နေမင်းခန့် အသာအယာပြုံးလိုက်ကာ ...

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ မွန်ရယ် ... သတ်သတ်ထိမခံပါလား။ ကိုလေ ... မွန်ချစ်ခဲ့တဲ့ ကိုကိုလေ ... ခု မွန့်ဆီကို ပြန်လာတာလေ"

မွန်ကမလှုပ်၊ မျက်နှာကို တစ်ဖက်လွှဲထားသည်။

"တစ်ခုခုပြန်ပြောပါဦး မွန်ရယ် ... ဘာလို့ငြိမ်နေရတာလဲလို့"

အိစက်မွန်က ငြိမ်သက်ဆဲ။ နေမင်းခန့်က မွန်လက်လေးကို ထပ်မံဆွဲယူလိုက်သည်။ ဒီတစ်ကြိမ်တွင် မွန်က မရုန်းတော့။ သို့သော် ... မွန့်မျက်ဝန်းမှ မျက်ရည်ပေါက်ကြီးများ စီးကျလာသည်။ နေမင်းခန့်က အိစက်မွန်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့သည်။

မွန်က သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုသည်။ ငိုရင်း သူ့ရင်ဘတ်ကိုထုသည်။ ထုရင်း သူ့ကိုပြောသည်။

"ရှင် မကောင်းဘူး။ ကျွန်မကိုထားခဲ့ရက်တယ် ... ကျွန်မ ရှင်နဲ့လိုက်ခဲ့မှဖြစ်မယ်ဆိုတာ နားမလည်ဘူးမဟုတ်လား၊ ကျွန်မကိုထားခဲ့တယ်၊ ရှင် သိပ်ရက်စက်တယ် ... မုန်းတယ်၊ ရှင့်ကိုမုန်းတယ် ... ရှင့်မျက်နှာကို ဒီတစ်သက် မကြည့်ချင်တော့လောက်အောင်ကို မုန်းတယ်၊ ဘာလို့ပြန်လာတာလဲ၊ ပြန်မလာဘဲ တစ်သက်လုံး ထွက်သွားပါတော့လား"

မွန် ကျောလေးကိုသပ်ကာ နှစ်သိမ့်ရုံမှတစ်ပါး မွန်ပြောလိုရာ၊ ရင်ဖွင့်လိုရာကို ခွင့်ပြုပေးထားလိုက်သည်။

ပြော၍ အားရသွား၍လား၊ မောသွား၍လားမသိ။ အတန်ကြာမှ မွန်က ငြိမ်သွားသည်။ ထိုအခါမှ နေမင်းခန့်က မွန့်ပါးပြင်ပေါ်မှ မျက်ရည်စများကို တို့သုတ်ပေးရင်း နှုတ်မှလည်း တဖွဖွ ချော့ရသည်။

"အဲဒီအချိန်က ကိုကိုအဖို့ ထွက်သွားတဲ့နည်းကလွဲလို့ တခြားမရှိတာ လူတိုင်းသိပါတယ်ကွာ၊ အားလုံးကောင်းဖို့အတွက် ... ပြီးတော့ ... ကိုကို သိပ်မြတ်နိုးရတဲ့ ယောဒီမွန်လေးတစ်ဘဝစာ ကောင်းစားဖို့အတွက် အစိက ဦးစားပေး စဉ်းစားခဲ့တာ မွန်သိမှာပေါ့"

သူ့ရင်ခွင်ထဲမှ မွန်က မျက်ဝန်းရွဲကြီးများနှင့် သူ့မျက်နှာကို မော့ကြည့်နေသည်။

"သိဘူး ... မွန်ကတော့ ... မွန့်ကိုတစ်ယောက်တည်းထားခဲ့တဲ့ ယောဒီကိုကို လူဆိုးကြီးကို လုံးဝမကျေနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ပါတော့ မွန်လေးရယ် ... မွန်ချစ်တဲ့ကိုကို ပြန်ရောက်လာပြီပဲ၊ နောက်ဆို ... ဘယ်လိုအကြောင်းပဲရှိရှိ ဘယ်သူပဲခွဲခွဲ မွန့်ကို ကိုကို လုံးဝ မထားခဲ့တော့ဘူး"

ပြောရင်း မွန့်မျက်နှာလေးအနှံ့ အနမ်းပွင့်တို့ အဆက်မပြတ် ခြွေချမိသည်။

"လာပါ မျိုးဇော်ရာ၊ သွားစို့ ... အဆင်ပြေသွားပါပြီ၊ အဆင်ပြေတာမှ Love Scene က သိပ်ကိုအရှိန်တက်လာတော့မှာ၊ လာ ... ငါတို့ရှိမနေသင့်တော့ဘူး၊ သွားမှ ... "

မွန်က နေမင်းခန့်ရင်ကို တွန်းခွာရင်း ...

"အပြင်က လူသံကြားသလိုပဲ"

"အလိုက်ကမ်းဆိုးမသိတဲ့ နှစ်ကောင်ပါ၊ ခုမှတော့ ရှောင်မနေပါနဲ့တော့ကွာ ... ဝင်လာခဲ့တော့"

"ဟင် ... ကိုကိုကလည်း ဘာမှန်းလဲမသိဘူး"

အိစက်မွန်က ရှက်ပြီး နေမင်းခန့် ပခုံးစွန်းနှင့် သူမမျက်နှာကို ကွယ်ဝှက်နေသည်။

အထဲဝင်လာသည့် ကောင်းထက်ဇော်က မြင်ကာရယ်လျှက် ...

"ရှက်မနေပါနဲ့တော့ မိမွန်ရယ် ... တစ်ရပ်ကွက်လုံးလည်းသိပြီးမှပဲ၊ ဒီမှာကိုနေ ... ခင်ဗျားရဲ့အခန်း ဒီအနေအထားအထိ သန့်ရှင်းသပ်ရပ်တောက်ပြောင်နေတာ ဘယ်သူလုပ်ပေးတာမှတ်လဲ၊ ပြီးတော့ ... ကိုနေတံခါးမှာကပ်ထားခဲ့တဲ့ သီချင်းစာရွက်ကို ဘယ်သူသိမ်းထားလဲသိလား ... "

နေမင်းခန့်က အိစက်မွန်ကို လှမ်းကြည့်လိုက်သည်။ သူမမျက်နှာ ရှက်သွေးဖြင့် ရဲရဲစိုသွားသည်။ ရှက်ပြုံးလေးလည်း ပြုံးနေသည်မို့ သူ ... ဆတ်ခနဲ ဆွဲဖက်ပစ်လိုက်ပြန်သည်။

"အဲဒါ မွန်လေးပေါ့ ... "

"အဲဒါအမှန်ပေါ့ ကိုနေရာ ... ဒါနဲ့စကားမစပ် ခဏလေး ... ခဏလေးပါ ... တစ်တွာအကွာလောက်ခွာပြီး နေပေးကြပါလား၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နှစ်ယောက်လုံးက လူပျိုလေးတွေလေ"

မျိုးဇော် စကားဆုံးသည်နှင့် 'အောင်မယ်' ဆိုသည့် ကောင်းထက်အော



www.burmeseclassic.com

www.burmeseclassic.com



အိစက်မွှန် ခေါင်းအုံးနှင့်ကောက်ပေါက်သည်ကို ခံလိုက်ရသည်။ အားလုံးဝိုင်းရယ်မိကြတော့သည်။ ကောင်းထက်ဇော်ကလည်း ...

"အခုမှ ရယ်နိုင်ကြတာပါဗျာ ... ပြောရဦးမယ်၊ ဒီအခန်းခ ဆက်ပေးထားခဲ့တဲ့အထဲမှာ အိစက်မွှန်ပိုက်ဆံလည်းပါတယ်၊ အဲဒီပိုက်ဆံစုတုန်းကလည်း မိမွှန်မျက်ရည်ကျရသေးတယ်"

"ဟုတ်လား ... "ဟု ငုံ့ပေးရင်း မွှန့်ကို သူတိုးဖက်ထားလိုက်သည်။

"ဟုတ်တယ် ကိုနေ ... ဒီလမ်းခင်းဖြစ်တော့လည်း မိမွှန်ငိုရပြန်တာပဲ ... ဒီလမ်းက ကိုနေ့ စထားခဲ့တဲ့ ဦးမျိုးဝင်းညွန့်ရဲ့ အစီအစဉ်နဲ့ ခင်းဖြစ်ခဲ့တာလေ၊ ဒီလိုဗျာ ... အိစက်မွှန်နဲ့ပေးစားမယ့် ကိုအာကာကျော်တို့သားအဖကို မှောင်ခိုကျောက်အရောင်းအဝယ်အမှုနဲ့ လာဆွဲတော့ ဦးဝင်းလွင်ဦးရဲ့ အစီစဉ် အကုန်ပျက်ရော၊ အဲဒီအချိန်မှာ ဦးမျိုးဝင်းညွန့်ဘက်က စည်ပင်က ထည့်ဝင်ငွေကိစ္စ အဆင်ပြေလာတာနဲ့ အတော်ပဲဖြစ်သွားတာ၊ လိုငွေကိုတော့ ကျွန်တော်တို့ပဲ ရပ်ကွက်ထဲ လိုက်ကောက်ရတာပေါ့"

မျိုးဇော်ကလည်း ...

"ဆွမ်းလောင်းရုံလေးတော့ ပြန်ပြင်ဆောက်ဖို့ ကျန်သေးတာပေါ့ဗျာ"

"တဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ကွာ၊ ငါကလည်း ငွေရေးကြေးရေးအရ အောင်မြင်တဲ့အဆိုတော်ဘဝ မရောက်သေးလို့ပါ ... နောက်လလောက်ဆိုရင်တော့ စီဒီထွက်နိုင်မှာပါ၊ အဲဒီအခါ အခုသီချင်း စီဒီလိုပဲ ရောင်းရရင်တော့ အိုကေပါပြီ ... "

"ထားပါဗျာ၊ ဆွမ်းလောင်းရုံကတော့ ရေရှည်စီမံကိန်း ထားလိုက်ပါတော့ ... ကိုနေက ဒီရပ်ကွက်ကို ဘယ်တော့ပြောင်းလာဖြစ်မှာလဲ"

"အခုပဲလေ ... "

"တကယ် ... "

အိစက်မွှန် မျက်နှာလေး ပြုံးချိုရွှင်မြူးသွားကာ အသံလေးပါလွှင်လွှင်လေး ဖြစ်သွားသည်။

"တကယ်ပေါ့ မွှန် .. မွှန်လေးနဲ့ဒီလိုတွေ့နေရမှတော့ ကိုကို ဘယ်လိုလုပ် မြို့ထဲကို ဘာ့မှာလဲ ... "

နေမင်းခန့်က ပြောပြောဆိုဆို အိစက်မွှန် နဖူးကို နမ်းရှုံ့ပြင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိစက်မွန်က လက်နှင့်ကာထားကာ မျိုးဇော်တို့ဘက်ကို မျက်စပစ်ပြသည်။

"ကိုကိုရေ ... အဲ ... မျိုးဇော်ရေ ... ငါတို့ ဒီတစ်ခါတော့ တကယ်လစ်မှဟ"

ပြောပြောဆိုဆို နှစ်ယောက်သား ပြေးထွက်သွားကြသည်။

သူတို့ထွက်သွားသည်နှင့် နေမင်းခန့် ရင်ခွင်ထဲသို့ အိစက်မွန်ရောက်သွားတော့သည်။ အတန်ကြာမှ ...

"နည်းနည်းလျှော့ပါဦး ကိုကိုရာ ... မောလာပြီ"

သူ လျှော့ပေးမှ သူ့ရင်ခွင်တွင် မှီနွဲ့ရင်း ...

"ကိုကို ဒီနေ့ပဲ တကယ်ပြောင်းလာပြီလား"

"အင်းလေ ... ဟိုကပစ္စည်းတွေကိုတော့ ဖြည်းဖြည်းချင်းပဲ သယ်ယူတော့မယ်"

"အဲဒါဆိုရင် ... ကိုကို့အတွက် ထမင်းဟင်းကို အိမ်ကနိုးလစ်လစ်လာပြီး မွန်လာချက်ကျွေးမယ် ... မေမေ့ကိုတော့ အသိပေးထားရမှာပေါ့"

"မွန့်မေမေကရော ခွင့်ပြုပါ့မလား"

"ဟိုလူတွေ ပြဿနာတက်တုန်းက မွန်ကရုက်လို့၊ ဖေဖေနဲ့မေမေကလည်း ရပ်ကွက်ကို မျက်နှာပူလို့ အိမ်ထဲက အိမ်ပြင်မထွက်ရဲတော့ဘူး။ အဲဒီအချိန်မှာ မေမေက ရှင့်ကြောင့် ကျွန်မသမီးလေး မျက်ရည်နဲ့မျက်ခွက် မစဲရတာ ... သူချစ်တဲ့မောင်နေမင်းခန့်နဲ့သာ ပေးစားလိုက်ရင် ခုလိုအရှက်တကွဲအကျိုးနည်းတော့ ဖြစ်မှာမဟုတ်ဘူးလို့ ပြောသေးတာ ... ဒါကြောင့် ကိုကို့ကို လွမ်းတိုင်း ကိုကို့အခန်းကိုလာ၊ ပြီးရင် ... သန့်ရှင်းရေးလုပ်၊ မေမေ သိတာပဲ ဘာမှမပြောတော့ဘူး ... မွန်ကလည်း ကိုကို့ကို လွမ်းတိုင်း မျက်ရည်တရွှဲရွှဲဆိုတော့လေ ..."

သူ ... မွန့်ကို တင်းကျပ်စွာပြန်ဖက်ရင်း ...

"စိတ်ချ ... မွန်နဲ့ကိုကို ဘယ်တော့မှမခွဲတော့ဘူး။ ပြီးတော့ ... ရှေ့လျှောက် ကိုကို့ကြောင့် မွန်လေး ဘယ်တော့မှ မျက်ရည်မကျစေရဘူး ကတိပေးပါတယ်ကွာ"

ထိုအချိန်တွင် နေမင်းခန့်အိတ်ထဲမှ ဟန်းဖုန်းမှ ခေါ်သံမြည်လာသည်။ ကြည့်လိုက်ရာ ... ဂျာကြီးထံမှ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ ဂျာကြီး ...”

“နေမင်းခန့် ... ဗီစီဒီအတွက် အက်တင်လေ့ကျင့်ရမယ်လို့ ပြောထားတယ်လေ ... အခန်းကိုသွားခေါ်တော့ မင်းမရှိဘူးတဲ့၊ အခုဘယ်နေရာကို ရောက်နေလဲ ငါကားလွှတ်လိုက်မယ်”

“...”

အိစက်မွန်ပါ သိစေချင်သဖြင့် စပီကာဖွင့်ထားရာ သူမဖြစ်မနေသွားရမည်မှန်း သူမ သဘောပေါက်သွားသည်။

သူမက သူ့ကို ဘယ်လိုလဲဟူသော သဘောနှင့် ပြုံးစစကြည့်သည်။

သူမက ပန်းသာ ပြန်တွန့်ပြလိုက်နိုင်တော့သည်။

ချစ်များရှင်

www.burmeseclassic.com